မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

အကျိုးစီးပွားဖြစ်ထွန်းနိုင်

မိမိရရှိထားသော ဥစ္စာပစ္စည်းတို့သည်လည်းကောင်း၊ သဒ္ဓါတရားတို့သည်လည်းကောင်း ပိုင်ဆိုင်ထားရုံ၊ မိမိနှင့် အတူရှိရုံမျှနှင့် အကျိုးမရှိချေ။ ယင်းတို့ကို အသုံးပြု၍ ကုသိုလ်ကောင်းမှု အမျိုးမျိုးကို ပြုလုပ်နိုင်ခြင်းသည်သာလျှင် အကျိုးစီးပွားဖြစ်ထွန်းနိုင်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၃)

၁၃၈၁ ခုနှစ်၊ တော်သလင်းလဆန်း ၄ ရက် ၂၀၁၉ ခုနှစ်၊ စက်တင်ဘာ ၂ ရက်၊ တနင်္လာနေ့ အတွဲ (၅၈)၊ အမှတ် (၃၃၇)

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ်၌ ဇလုံတောင်အပန်းဖြေ ဆင်စခန်းဖွင့်လှစ်

ဗန်းမောက်မြို့နယ် ဇလုံတောင်အပန်းဖြေစခန်းဖွင့်ပွဲတွင် လာရောက်ကြသူများ ဆင်အစာကျွေးနေမှုကို တွေ့ရစဉ်။ ဓာတ်ပုံ- နီတိုး

ဗန်းမောက် စက်တင်ဘာ ၁

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ် ဇလုံတောင်ခြေရင်းတွင်ဖွင့်လှစ်ထားရှိမည့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန မြန်မာ့သစ်လုပ်ငန်း၏ ၂၂ ခုမြောက် ဇလုံတောင် အပန်းဖြေဆင်စခန်းကို စက်တင်ဘာ ၁ ရက် နံနက် ၁၀ နာရီက ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဇလုံတောင်အပန်းဖြေဆင်စခန်းကို စစ်ကိုင်းတိုင်းဒေသကြီး ချင်းတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဦးလာလ်ထောင်ထန်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခင်မောင်ရီနှင့် မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစောဂျွန်ရွှေဘတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ ဖွင့်ပွဲတက်ရောက်သော ဧည့်ပရိသတ်များက အမှတ်တရသစ်ပင်များ စိုက်ပျိုးကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီး ဦးလာလ်ထောင်ထန်းက အမှာစကားပြောကြားရာတွင် စစ်ကိုင်းတိုင်းဒေသကြီးသည် မြန်မာနိုင်ငံ၌ သစ်တောဖုံးလွှမ်းမှုဧရိယာအများဆုံးဖြစ်ပြီး သဘာဝခရီးသွားလုပ်ငန်းအတွက် စိတ်ဝင်စားစရာနေရာ များစွာရှိကြောင်း၊ ထို့ပြင် ငှက်မျိုးစိတ်များ၊

စာမျက်နှာ ၅ ကော်လံ ၃ ◆

မြေငလျင်လှုပ်ခတ်ခဲ့မှုကြောင့် ရေလှောင်တမံနှင့် ဆက်စပ်ရေအား အဆောက်အအုံများ ပျက်စီးမှုမရှိ

နေပြည်တော် စက်တင်ဘာ ၁

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့၏ အနောက်မြောက်ဘက် ၁၄ မိုင်ခန့်အကွာကို ဗဟိုပြု၍ ယမန်နေ့ ည ၉ နာရီ ၃၉ မိနစ်ခန့်က အင်အားရစ်ချ်တာစကေး ၆ ဒသမ ၀ အဆင့်ရှိ မြေငလျင်လှုပ်ခတ်ခဲ့မှုဖြစ်ပေါ်ခဲ့သော်လည်း ငလျင်ဗဟိုချက်အနီးတစ်ဝိုက်ရှိ ရေလှောင်တမံနှင့် ဆက်စပ်ရေအား အဆောက်အအုံများ ပျက်စီးမှုတစ်စုံတစ်ရာမရှိကြောင်း သိရသည်။ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူများအနေဖြင့် ငလျင်ဗဟိုချက်အနီးတစ်ဝိုက်ရှိ ကာဘိုးရေလွှဲဆည်၊ ကိုးပင်ရေလှောင်တမံ၊ သဖန်းဆိပ်ရေလှောင်တမံ၊ ကင်းတပ်ရေလွှဲတမံနှင့် အခြားရေလှောင်တမံများကို အချိန်နှင့်တစ်ပြေးညီ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း။

ကနဦး ကွင်းဆင်းစစ်ဆေးမှုများအရ ရေလှောင်တမံ၊ ရေလွှဲဆည်နှင့် ဆက်စပ်ရေအား အဆောက်အအုံများ ထိခိုက်ပျက်စီးမှု တစ်စုံတစ်ရာမရှိဘဲ အသေးစိတ်စစ်ဆေးမှုများ ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ထူးခြားမှုများရှိပါက ပြည်သူများသို့ အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနမှ သတင်းရရှိသည်။

သတင်းစဉ်

ကနီမြို့နယ်၌ ကျေးရွာပေါင်း ၈၈ ရွာတွင် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်း ၁၃ မျိုးဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်မည်

စာ » ၁၉

နိုင်ငံတစ်ဝန်းရှိ ရေပိုလွှဲမှ ရေကျော်နေသည့် ရေလှောင်တမံ ၃၇ ခု စာရင်း

စာ » ၁၁

KBZ BANK

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

ပညာရှိကြပါမှ သတ္တိရှိကြပါမှ

ပညာဆိုသည်၏ အနှစ်သာရမှာ အမှားနှင့်အမှန်ကို ခွဲခြားနားလည်နိုင်ခြင်းဖြစ်သည်။ မည်သည်က မှားပြီး မည်သည်က မှန်သလဲ၊ သို့မဟုတ် မည်သည်ကမည်မျှမှန်ကာ မည်သည်က မည်မျှမှားနေသလဲ ဆိုသည်ကို ခွဲခြမ်းစိတ်ဖြာစိစစ်ပြီး အကဲဖြတ်နိုင်ရန်မှာ ပညာဉာဏ် အမြော်အမြင်ပေါ်တွင် များစွာတည်ပါသည်။

အထူးသဖြင့် ယနေ့ကာလလို ကျယ်ပြန့်သည့် လူမှုဆက်ဆံရေးဖြင့် ရှင်သန်နေထိုင်ကြရသည့် ခေတ်သစ်လူမှုအဖွဲ့အစည်းတွင် ဤဟာမှား၍ ဤသည်မှန်၏ဟု စည်းမျဉ်းထူထူသားကာ သတ်မှတ်ပြောဆိုရန် ခက်ခဲနေပြီဖြစ်ရာ ပို၍ ပညာဉာဏ်ရင့်သန်ကြရန် လိုပါသည်။

ထို့ကြောင့် အမှားအမှန် ထင်ထင်ရှားရှားကွဲပြားသော ကိစ္စရပ်များတွင် ခွဲခြားဆုံးဖြတ်ရန်ခက်ခဲမည် မဟုတ်သော်လည်း အမှားနှင့်အမှန် ထွေးရောယှက်တင်ရှိနေတတ်သော နယ်ပယ်များတွင် ရင့်ကျက်မှု မြော်မြင်ဉာဏ်ကြီးမှုတို့ဖြင့် ပြည့်စုံသော ပညာဉာဏ်ကို လိုအပ်မည်ဖြစ်ပါသည်။ ထို့ကြောင့်ပင် ပညာရေးစနစ်တွင် စဉ်းစားတွေးခေါ်မှု၊ မြော်မြင်ချိန်ဆမှုတို့ပါဝင်ရန် အဓိကထား ဦးတည်ရခြင်းဖြစ်ပါသည်။

ခေတ်သစ်တွင် ပညာတတ်များ၊ လူစွမ်းလူစရှိသူများဖြစ်ရန်မှာ အကြောင်းအရာတစ်ခု၊ သတင်းတစ်ခု သိရသည်နှင့် ထိုသတင်း ထိုအကြောင်းအရာသည် အမှန်တကယ် ဟုတ်မဟုတ်၊ ဟုတ်သည် ဆိုလျှင်လည်း ဘက်စုံထောင့်စုံက အမြင်သဘောထားများကို ဆန်းစစ်ရန် လိုအပ်သည့်ခေတ်ဖြစ်လာသည်။

ယခုသိ၊ ယခုယုံကြည်၊ ယခုကောက်ချက်ချ၊ ယခုအစီအစဉ်ဆွဲ လုပ်လို့မရသကဲ့သို့ နောက်ကျမှသိ၊ နောက်ကျမှအမီလိုက်ရဆိုလျှင်လည်း မသင့်တော် ဖြစ်ချေမည်။ သို့ဖြစ်လေရာ အချိန်တိုအတွင်းမှာ ဆန်းစစ်နိုင်ဖို့၊ အကဲဖြတ်နိုင်ဖို့၊ ကောက်ချက်ချနိုင်ဖို့၊ တစ်စုံတစ်ခု တုံ့ပြန်ဖို့လိုလျှင် တုံ့ပြန်နိုင်ဖို့ စသည်စသည်တို့အတွက် အသိမြော်မြင်မှုနှင့် ဉာဏ်ပညာတို့ မလွဲမသွေ လိုအပ်လာပြီ ဖြစ်ပေသည်။ မှား၏၊ မှန်၏၊ သင့်၏၊ မသင့်၏ သမိုင်းကြောင်းက မည်သို့ရှိကာ မည်သို့သော ရလဒ်များဖြစ်ခဲ့၏၊ မည်သည့်ဆိုးကျိုးများကို ရရှိနိုင်၏ စသည်ဖြင့် ဘက်စုံထောင့်စုံက အကဲဖြတ်ရန်လိုအပ်ပါမည်။

ထိုထိုဤဤသော အမှားများ၊ အမှန်များကို သို့မဟုတ် ပြုပြင်ပြောင်းလဲစရာရှိသည်များ ဆက်လက်တိုးမြှင့်ဆောင်ရွက်ရန်ရှိသည်များကို နားလည်သဘောပေါက်မှသာလျှင် ပြောင်းလဲတိုးတက်ရေးခရီးကို ထိထိရောက်ရောက် လျှောက်လှမ်းနိုင်မည်ဖြစ်ပါသည်။

ထို့ကြောင့်ပင် ခေတ်ပြောင်းစနစ်ပြောင်း အစစပြောင်းလဲတိုးတက်ကြဖို့ရာဆိုလျှင် အစဉ်အဆက်က မှားမှားယွင်းယွင်းလုပ်ခဲ့သည်များကို ပြင်ဆင်ပြုပြင်ရန်လိုအပ်သလို၊ အနာဂတ်တိုးတက် ဖွံ့ဖြိုးမှုအတွက် အပြောင်းအလဲပြုလုပ်ရန်၊ အသစ်လိုအပ်သည်တို့ကို တီထွင်ဖန်တီးနိုင်ဖို့ ကြိုးစားကြရန်လည်း လိုအပ်ပါမည်။

အဆိုပါ ပြောင်းလဲမှုများ၏သော့ချက်မှာ ဘာကိုပြုပြင်ပြောင်းလဲကြမလဲဆိုသည်ကို နားလည်သဘောပေါက်ခြင်းနှင့် ပြောင်းလဲဖို့ လိုအပ်သည်တို့ကို ရှုမြင်ရာတွင် ရဲရဲဝံ့ဝံ့သတ္တိရှိရှိ မြင်ရဲကြရန်၊ ထိုသို့သိမြင်ပြီးနောက် အဟောင်းကမ္ဘာထဲတွင် ဖက်တွယ်မနေဘဲ ပြုပြင်ပြောင်းလဲရန် လိုအပ်သည်တို့ကို ရဲရဲဝံ့ဝံ့သတ္တိရှိရှိ ရင်ဆိုင်ကာ အားထုတ်ကြိုးပမ်းခြင်းတို့ ဖြစ်ပါမည်။

အမှားများကို ရဲရဲရှုမြင်ကာ ပြောင်းလဲကြရပါမည်။ ကိုယ်ကျိုးရှာမှု အမှားဖြစ်စေ၊ ဥပဒေအမှားဖြစ်စေ၊ အလုပ်အကိုင် အစီအမံအမှားတို့ ဖြစ်စေ အမှားကို အမှားမှန်း ပညာဖြင့်မြော်မြင် သိမြင်ကြပြီး အမှန်ကို ပြင်ဆင်ပြောင်းလဲ အလုပ်လုပ်ကြရန် လိုပါမည်။ အမှားကို အမှားဟူ၍ သေသေချာချာသိရှိဝန်ခံပြီး အမှန်ကို ပြောင်းလဲဝံ့သည့် သတ္တိကသာလျှင် ခေတ်စနစ်ပြောင်းလဲတိုးတက်မှုဆီသို့ သယ်ယူသွားလိမ့်မည်တည်း။ ။

ရန်ကုန်ဗုဒ္ဓတက္ကသိုလ်သို့ ဆိုလာအချပ် ၆၀ လှူဒါန်း

ရန်ကုန် စက်တင်ဘာ ၁

ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် သာစုအနောက်ရပ်ကွက် နတ်စင်လမ်းနှင့် ကမ်းနားလမ်းထောင့်ရှိ ရန်ကုန်ဗုဒ္ဓတက္ကသိုလ် စာသင်ခန်းများတွင် အသုံးပြုနိုင်ရန်အတွက် ဩဂုတ် ၃၀ ရက်က Yannan New Rural Construction and Development Association (YNRCD) and Seraphim Solar System Co.,Ltd မှ President Mr. Chen Jian က ငွေကျပ်သိန်း ၁၂၀၀ တန်ဖိုးရှိ လျှပ်စစ်ဓာတ်အားဆိုလာပြားအချပ် ၆၀ လှူဒါန်းပွဲကို ယင်းကျောင်းတိုက်အတွင်းရှိ ပညာ့ဗိမာန်သုံးထပ်ကျောင်းဆောင်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်ဗုဒ္ဓတက္ကသိုလ်ပါမောက္ခချုပ် ဆရာတော် ဘဒ္ဒန္တဝိမလနှင့် သံဃာတော်များက အလှူရှင်များနှင့် ညှော် ပရိသတ်အပေါင်းအား ကျေးဇူးတင်ဝမ်းမြောက်ကြောင်း ဩဝါဒကထာ မိန့်ကြားသည်။ ဆက်လက်၍ လှူဒါန်းရခြင်းအကြောင်းကို အလှူရှင် Mr. Chen Jian က လျှောက်ထားပေးခဲ့သည်။

ထို့နောက် အလှူရှင်က ဆိုလာပြားများကို ပေးအပ်လှူဒါန်းရာ ဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ဂုဏ်ပြုချီးမြှင့်ပေးခဲ့သည်။

ရန်ကုန်ဗုဒ္ဓတက္ကသိုလ်တွင် အသုံးပြုရန် ဆိုလာပြားများ လှူဒါန်းပေးအပ်စဉ်။

ယင်းဆိုလာပြားများကို တရုတ်နိုင်ငံရှိ အဆိုပါကုမ္ပဏီမှ ထုတ်လုပ်ခြင်းဖြစ်ပြီး ကျောင်းအတွက် ၁၅ ကီလိုဝပ်အထိ အသုံးပြုနိုင်ကာ အာမခံအားဖြင့် ၂၅ နှစ် သက်တမ်းရှည်ကြာစွာ အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

တင်ဝင်းလေး(ကြည့်မြင်တိုင်)

ဂျီတီအိုင်ပညာရေးခရီး (၁၂၅)နှစ်မြောက် ကျင်းပရေး အကြိုညှိနှိုင်းစည်းဝေး

ရန်ကုန် စက်တင်ဘာ ၁

ဂျီတီအိုင်ပညာရေးခရီး(၁၂၅)နှစ်မြောက် ကျင်းပနိုင်ရေးအတွက် ဂျီတီအိုင် ကျောင်းပေါင်းစုံ အကြိုညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၃၁ ရက်က အင်းစိန်မြို့နယ် ရွာမအရှေ့ရပ်ကွက် အင်းစိန်ဂျီတီအိုင်ကျောင်းဝင်းအတွင်းရှိ(ဆာကူရာ-အင်းစိန်ခန်းမ)၌ ကျင်းပသည်။

ထိန်းသိမ်းစောင့်ရှောက်

အစည်းအဝေးတွင် ဂျီတီအိုင် အသင်းဥက္ကဋ္ဌ ဦးငြိမ်းအောင်၊ ဒုဥက္ကဋ္ဌ ဦးကျော်ကျော်စိုးနှင့် အတွင်းရေးမှူး ဦးကြည်လင်းတို့က ဂျီတီအိုင်ပညာရေးခရီး (၁၂၅)နှစ်မြောက် အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် စည်းရုံးလှုံ့ဆော်ရေး၊ စိတ်ဓာတ်မြင့်မားစွာထားရေးနှင့် တန်ဖိုးမြှင့်တင်ရေး၊ အစဉ်အလာကြီးမားခဲ့သည့် ဂျီတီအိုင်ပုံရိပ် မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ကြရေး စသည့်ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

သဘောတူဆုံးဖြတ်

ဆက်လက်၍ ချောက်၊ အင်းစိန်၊ မန္တလေး၊ ကသာ၊ ပြည်၊ မော်လမြိုင်၊ မိတ္ထီလာ၊ ဟင်္သာတ၊ တောင်ငူ၊ မုံရွာ၊ မအူပင်၊ ရေနံချောင်း၊ သန်လျင်စသည့် ဂျီတီအိုင်ကျောင်းများမှ ကိုယ်စားလှယ် ကျောင်းသားဟောင်းများက လက်ရှိ ဂျီတီအိုင်ပညာသင်ကြားနေကြသည့် မျိုးဆက်သစ်ကျောင်းသား ကျောင်းသူများ ဂျီတီအိုင်ပညာရေးခရီး(၁၂၅)နှစ်မြောက် အခမ်းအနားတွင် တက်ညီလက်ညီ ပါဝင်ဆောင်ရွက်ကြရေး၊ အာဆီယံအတွင်းဂျီတီအိုင်အခန်းကဏ္ဍ ပါဝင်ဖြစ်ပေါ်လာရေးနှင့် သိုက်သိုက်ဝန်းဝန်း၊ စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ် ကျင်းပနိုင်ရေးတို့ကို အလေးထားတင်ပြ ဆွေးနွေးကြသည်။ ဂျီတီအိုင်ပညာရေးခရီး (၁၂၅)နှစ်မြောက် အခမ်းအနားကို ဂျီတီအိုင် ကျောင်းပေါင်းစုံ ကျောင်းသား ကျောင်းသူဟောင်းများ ပူးပေါင်းကာ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလကုန်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်လာသူ ကိုယ်စားလှယ်အားလုံးက သဘောတူဆုံးဖြတ်ချက်ချမှတ်ခဲ့ကြသည်။

ဉာဏ်လင်း

ဂျီတီအိုင်ပညာရေးခရီး (၁၂၅)နှစ်မြောက် ကျင်းပနိုင်ရေး အကြိုညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။

မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်

နေပြည်တော် စက်တင်ဘာ ၁

မြန်မာ့ပင်လယ်ပြင်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင်မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၂ ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

ထာဝရငြိမ်းချမ်းရေးစေတီတော်အတွက် အလှူငွေ ပေးအပ်လှူဒါန်းပွဲကျင်းပ

မန္တလေး စက်တင်ဘာ ၁

ထာဝရငြိမ်းချမ်းရေးစေတီတော်အတွက် အလှူငွေ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ၆၂ လမ်းရှိ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (မန္တလေး) မဟာဘွဲ့နှင်းသဘင်ခန်းမ၌ ယနေ့မွန်းလွဲ ၁ နာရီတွင် ကျင်းပရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့်ဇနီး၊ တာဝန်ရှိသူများ၊ အလှူရှင်များ တက်ရောက်ကြသည်။

ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်

ရှေးဦးစွာ ဆရာတော်ဘဒ္ဒန္တဥတ္တမ (သဒ္ဓမ္မဇောတိကဓဇ) မနောသုခကာရီ ကျောင်းဆရာတော်က ဩဝါဒကထာ ချီးမြှင့်၍ ပြည်ထောင်စုဝန်ကြီးထံ အလှူငွေ ကျပ်သိန်း ၂၀ လှူဒါန်းသည်။ ထို့နောက် အလှူရှင် ဦးမြင့်အောင်+ဒေါ်မြင့်မြင့်ရီ (အောင်မြင့်မိုရ်ဟိုတယ်) မိသားစုက အလှူငွေကျပ်သိန်း ၃၀၀၊ ဦးမင်းနိုင်စိုး (ခ)ဦးညွန့်မင်းထွန်း+ဒေါ်ဝိုင်းဝါ (ဂုဏ်ရှိန် မြန်မာကုမ္ပဏီ)မိသားစုနှင့် ဦးကျော်နိုင်+ဒေါ်သန်းသန်းနွယ် (သမီး)မအိမ့်ချစ် မိသားစုတို့က အလှူငွေကျပ်သိန်း ၂၅၀ စီ၊ သီဟသုဓမ္မသိင်္ဂီ ဒေါ်မြသိန်း (မြဝတီအထည်ရောင်းဝယ်ရေးလုပ်ငန်း) မိသားစုက အလှူတော်ငွေကျပ်သိန်း ၁၅၀၊ ဦးစန်းမောင်+ ဒေါ်ခင်စန်း (ရှမ်းရွှေတောင်ရှူးရှဲ လက်ဖက်နှင့် နှစ်ပြန်ကြော်လုပ်ငန်း)မိသားစု၊ ဦးရန်အောင်+ သီဟသုဓမ္မသိင်္ဂီ ဒေါ်ရင်ရွှင် (New Star Gems & Jewellery) မိသားစု၊ ဒေါ်ခင်အုန်းမြင့် (သမာဓိအာမခံရွှေဆိုင်)၊ အောင်စိုးမိုးလျှပ်စစ်ပစ္စည်းအမျိုးမျိုးရောင်းဝယ်ရေးနှင့် အောင်စိုးမိုးအထည်ဆိုင်မိသားစု၊ ဦးဝင်းဖေမြင့်+ ဒေါ်မြမြသန်း(မြတံခွန်နှင့် အောင်သန်းဆုပင်ရင်း ထီရောင်းဝယ်ရေး) မိသားစု၊ သားငယ်လေးမောင်ထက် အောင်ရှိုင်းအားရည်စူး၍ ဦးမိုးကျော်(ခ) ဦးကျော်ထင်+ ဒေါ်ခင်အုန်း (ထုံးဘုရင်ကျော်ထင် အသင့်ကွမ်းစားထုံးလုပ်ငန်း) မိသားစု၊ ဦးကျော်သန်းဇော် +ဒေါ်အေးအေးမြင့်မိသားစု၊ ဦးဝင်းအောင်+ဒေါ်မြင့်မြင့်ခင်(မြင့်မြင့်ခင်ထိုးမုန့် လမုန့်သီးစုံလုပ်ငန်း) မိသားစုတို့က အလှူငွေကျပ်သိန်း ၁၀၀ စီနှင့် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ပြည်ထောင်စုဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် မန္တလေးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူးတို့က လက်ခံရယူ၍ အလှူရှင်တို့အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို အလှူရှင် ဦးမြင့်အောင်+ဒေါ်မြင့်မြင့်ရီ (အောင်မြင့်မိုရ်ဟိုတယ်) မိသားစု၏ လှူဒါန်းငွေကို လက်ခံစဉ်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ကျေးဇူးတင် ဝမ်းမြောက်စကား ပြောကြားသည်။

နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) မဟာဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပပြုလုပ်သော တတိယအကြိမ်မြောက် အလှူငွေ ပေးအပ်လှူဒါန်းပွဲ အခမ်းအနား၌ အလှူရှင် ၄၃ ဦးတို့က စုစုပေါင်းလှူဒါန်းငွေကျပ် ၂၅၅၃၁၀၀၀၀ ကို လှူဒါန်းခဲ့ကြောင်း သိရသည်။

တင်မောင်(မန်းကိုယ်ပွား)

ပုဂ္ဂလိကကဏ္ဍ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရနှင့်ပုဂ္ဂလိကကဏ္ဍ ပူးပေါင်းဆောင်ရွက်မည့်အစီအစဉ်များချမှတ်ခြင်း နှီးနှောဖလှယ်ပွဲကျင်းပ

နေပြည်တော် စက်တင်ဘာ ၁

ပုဂ္ဂလိကကဏ္ဍ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရနှင့် ပုဂ္ဂလိက ကဏ္ဍပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များချမှတ်ခြင်း နှီးနှောဖလှယ်ပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် မုံရွာမြို့ ဝင်းယူနတီဟိုတယ်၌ ကျင်းပသည်။

သက်မွေးပညာသင်တန်းများဖွင့်

နှီးနှောဖလှယ်ပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက နှီးနှောဖလှယ်ပွဲကို ပုဂ္ဂလိကကဏ္ဍ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍ ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များ ချမှတ်နိုင်ရေး၊ ဒေသတွင်းလုပ်ငန်းများတွင် လိုအပ်လျက်ရှိသော လက်တွေ့ကျွမ်းကျင်မှု (Soft Skill, Hard Skill) လိုအပ်ချက်များဖော်ထုတ်နိုင်ရေး၊ ဒေသမှ တောင်းဆိုမှု အများဆုံးဖြစ်သည့် သင်တန်းအမျိုးအစားတစ်မျိုး စတင်ဖွင့်လှစ်နိုင်ရေး၊ ဖွင့်လှစ်မည့်သင်တန်းများကို ရေရှည်တည်တံ့ဖွံ့ဖြိုးနိုင်မည့် အစီအစဉ်များ ဖော်ထုတ်နိုင်ရေးတို့ကို ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးကဏ္ဍ (Technical and Vocational Education and Training-TVET) ကို တာဝန်ယူ၍ ပုဂ္ဂလိကကဏ္ဍလူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ပေးနေပါကြောင်း၊ ပညာရေးဝန်ကြီးဌာနသည် အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းများနှင့် အစိုးရနည်းပညာအထက်တန်းကျောင်းများတွင် ပုံမှန်အင်ဂျင်နီယာ သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိသကဲ့သို့ ချက်ချင်းအလုပ်အကိုင်ရရှိရေးအတွက် အထောက်အကူပြုစေမည့် ဒေသနှင့်ကိုက်ညီသော ကာလတို သက်မွေးပညာသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါကြောင်း။

ညှိနှိုင်းအဖြေရှာခြင်းများလုပ်ဆောင်

ယခုကဲ့သို့ သင်တန်းများ ဖွင့်လှစ်၍ လူငယ်များ ကျွမ်းကျင်မှုပြည့်ဝစွာဖြင့် ချက်ချင်း အလုပ်အကိုင်ရရှိရေးအတွက် အခွင့်အလမ်း ပေးနိုင်ခဲ့ပါကြောင်း၊ ဝန်ကြီး ဌာနအနေဖြင့် TVET ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေပါကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် အခြေခံလိုအပ်ချက်၊ စိန်ခေါ်မှုများ၊ အခက်အခဲများနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စရပ်များကို ဖော်ထုတ်သိရှိနိုင်ရေးအတွက် စီးပွားရေးအချက်အချာ ဒေသဖြစ်သည့် ရန်ကုန်၊ မန္တလေး၊ မကွေး၊ ပုသိမ်၊ လားရှိုးနှင့် မော်လမြိုင်စသည့် မြို့ကြီးများရှိ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ညှိနှိုင်းအဖြေရှာခြင်းများ လုပ်ဆောင်နိုင်ရန် ယခုကဲ့သို့ နှီးနှောဖလှယ်ပွဲကို ကျင်းပပြုလုပ်ခြင်း ဖြစ်ပါကြောင်း၊ နှီးနှောဖလှယ်ပွဲ၏ ရည်မှန်းချက်များ အောင်မြင်ရေးအတွက် ညီညီညွတ်ညွတ် ဝိုင်းဝန်းဆွေးနွေး ဆောင်ရွက်ပေးကြရန်နှင့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဘက်ဘက်က ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားရန် လိုကြောင်း ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး ပုဂ္ဂလိကကဏ္ဍ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရနှင့်ပုဂ္ဂလိကကဏ္ဍ ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များ ချမှတ်ခြင်းနှီးနှောဖလှယ်ပွဲတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က တိုင်းဒေသကြီးအတွင်း ဆောင်ရွက်လျက်ရှိသည့် ပညာရေးကဏ္ဍများနှင့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍပူးပေါင်းဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာ မျိုးသက်၊ စစ်ကိုင်းတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ ဦးမျိုးမင်းကျော်သီဟနှင့် တွဲဖက်အထွေထွေအတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ်တို့က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားကြပြီး နှီးနှောဖလှယ်ပွဲကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပသည်။

ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး

ပြည်ထောင်စုဝန်ကြီးသည် ယနေ့ နံနက် ၈ နာရီခွဲတွင် မုံရွာတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသော အမျိုးသားမူဝါဒကော်မရှင်၊ ပါမောက္ခချုပ်များ ကော်မတီအတွေ့အကြုံရှင်းလင်းပွဲသို့တက်ရောက်၍ အဆင့်မြင့်ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များအခြေခံကာ ရေတို၊ ရေရှည် စီမံကိန်းလုပ်ငန်းများပြုစုပြီး အသုံးချသုတေသန၊ သင်ကြားသင်ယူရေး နည်းလမ်းများ၊ လက်တွေ့အကျိုးပြုဘွဲ့သင်တန်းများ၊ စီမံခန့်ခွဲရေးနှင့် အရည်အသွေး အာမခံမှုပြည့်ဝရေးတို့ အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် ကျောင်းသားသမဂ္ဂများ၊ ဆရာသမဂ္ဂများနှင့် ပါမောက္ခချုပ်၊ ဆရာဆရာမများ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာ ဇော်ဝင်းက အမှာစကားပြောကြားပြီး ပါမောက္ခချုပ်များကော်မတီဥက္ကဋ္ဌ ဒေါက်တာ ဇော်ဝေစိုးက ဆွေးနွေးပွဲနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကာ အတွေ့အကြုံရှင်းလင်းပွဲအား အစီအစဉ်အတိုင်း ဆက်လက်ကျင်းပသည်။

တက်ရောက်

အဆိုပါ ဆွေးနွေးပွဲသို့ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များမှပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ (ဌာနမှူး)များ၊ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ ဆရာဆရာမများ၊ ဌာနမှူးများ၊ ဆရာသမဂ္ဂကိုယ်စားလှယ်၊ ကျောင်းသားသမဂ္ဂ ကိုယ်စားလှယ်များနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

သတင်းစဉ်

အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ သင်တန်းဆင်း

လားရှိုး စက်တင်ဘာ ၁

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန လားရှိုးခရိုင်ရုံး၏ ကွပ်ကဲမှုအောက်ရှိ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း(လားရှိုးမြို့)၌ ဖွင့်လှစ်ခဲ့သော အခြေခံအိမ်တွင်းမှုသင်တန်း အမှတ်စဉ်(၈၀) နှင့် အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ်(၅၂)တို့၏ သင်တန်းဆင်းပွဲကို စက်တင်ဘာ ၁ ရက်က အဆိုပါသင်တန်းကျောင်းခန်းမ၌ ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအာကာလင်းက အမှာစကားပြောကြားပြီး ပြည်နယ် ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးမှူး ဦးအောင်ထွဋ်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က သင်တန်းများမှ ထူးချွန်သူများအား ထူးချွန်ဆုများ ပေးအပ်ကာ အမျိုးသမီး အိမ်တွင်းမှုသင်တန်းကျောင်း ကျောင်းအုပ်ကြီးက သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်ခဲ့သည်။ ပြီးစီးခဲ့သော အခြေခံအိမ်တွင်းမှုသင်တန်းတွင် သင်တန်းသူ ၇၄ ဦးနှင့် အဆင့်မြင့်စက်ချုပ်သင်တန်းတွင် သင်တန်းသူ ၃၆ ဦး တက်ရောက်သင်ကြားခဲ့ပြီး သင်တန်းကာလ ရက်သတ္တ ၁၄ ပတ်ကြာ စာတွေ့လက်တွေ့သင်ကြားပေးခဲ့ကြောင်း သိရသည်။

အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း(လားရှိုးမြို့)၌ ဖွင့်လှစ်သည့် သင်တန်းများတွင် အမျိုးသမီးငယ်များအား သင်ထောက်ကူပစ္စည်း အစုံအလင်ထောက်ပံ့ပြီး စာတွေ့လက်တွေ့စရိတ်ငြိမ်းသင်ကြားပေးလျက်ရှိသလို သင်တန်းပြီးဆုံးပါကလည်း တစ်နိုင်တစ်ပိုင် လုပ်ကိုင်ရန် အပ်ချုပ်စက်များကို အရစ်ကျစနစ်ဖြင့် ရောင်းချပေးလျက်ရှိကြောင်း၊ သင်တန်းကျောင်းအနေဖြင့် ယနေ့အချိန်အထိ အခြေခံအိမ်တွင်းမှုသင်တန်း ပြီးဆုံးသူ ၃၇၉၅ ဦး၊ အဆင့်မြင့်စက်ချုပ်သင်တန်းပြီးဆုံးသူ ၈၀၆ ဦး စုစုပေါင်း ၄၆၀၁ ဦးကို မွေးထုတ်ပေးနိုင်ခဲ့ပြီး ၎င်းတို့ထဲမှ ၂၃၅၄ ဦးသည် သင်တန်းမှ သင်ကြားပေးလိုက်သည့် ပညာရပ်များဖြင့် ကိုယ်ပိုင်အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်နေကြပြီဖြစ်ကြောင်း သိရသည်။

ဟန်ဌေး(လားရှိုး)

ထားဝယ်မြို့၌ ရှေ့ဦးအရွယ်ကလေးသူငယ်များ စနစ်တကျ ဖွံ့ဖြိုးတိုးတက်စေရေး ဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၁

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ယမန်နေ့ မွန်းလွဲပိုင်းက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ မြို့တော်ခန်းမ၌ မူလတန်းကြိုကျောင်းများ၊ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းများနှင့် မိခင်ဝိုင်းများရှိ ကလေးငယ်များ၏ မိဘများ၊ ဆရာ ဆရာမများ၊ အုပ်ထိန်းသူများနှင့်တွေ့ဆုံ၍ ရှေ့ဦးအရွယ်ကလေးသူငယ်များ စနစ်တကျ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆွေးနွေးမှုများ ပြုလုပ်သည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ထားဝယ်မြို့၌ ကလေးငယ်များ၏ မိဘများ၊ ဆရာ ဆရာမများ၊ အုပ်ထိန်းသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

ရင်းနှီးမြှုပ်နှံမှုတစ်ခု

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်အောင် စွမ်းရည်ပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်များရရှိရန်အတွက် ရင်းနှီးမြှုပ်နှံမှုတစ်ခုအဖြစ် အသက် (၈)နှစ်အရွယ်အထိ ရှေ့ဦးအရွယ်ကလေးသူငယ်များ ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နည်းလမ်းများဖြင့် ပြုစုလေ့ကျင့်ပေးရမည် ဖြစ်ကြောင်း၊ လူမှုဝန်ထမ်းဦးစီးဌာနသည် ဆက်စပ်ဝန်ကြီးဌာနများ၊ လူမှုအဖွဲ့အစည်းများ၊ ပရဟိတအဖွဲ့များ၊ ပြည်သူများနှင့်ပူးပေါင်း၍ တာဝန်ယူ အကောင်အထည်ဖော်ဆောင်ရွက်ပေးနေပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် နေ့ကလေးထိန်းကျောင်းများနှင့် မူလတန်းကြိုကျောင်းများကို ဦးစားပေးကဏ္ဍဖြင့် မျှတအောင် ဖွင့်လှစ်ပေးလျက်ရှိပြီး တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် တစ်ပြိုင်တည်း ပြည့်စုံလုံလောက်အောင် ဖွင့်လှစ်ပေးနိုင်ရန် အကန့်အသတ်များရှိပါကြောင်း၊ ထို့ကြောင့် ရှေ့ဦးအရွယ်ကလေးသူငယ် ပြုစုစောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဆရာဖြစ်သင်တန်းများဖွင့်၍ စနစ်တကျ သင်ကြားပေးလျက်ရှိကြောင်း၊ ရှေ့ဦးအရွယ်ကလေးသူငယ် ပြုစုစောင့်ရှောက်ရေးတွင် မိခင်ဝိုင်းများ၊ ကလေးထိန်းဌာနများနှင့် မူလတန်းကြိုကျောင်းများသာမက နေအိမ်များတွင် မိဘများနှင့် မိသားစုဝင်များကပါ ကိုယ်ဝန်ဆောင်မိခင်နှင့် နို့တိုက်မိခင် အာဟာရအရေးကြီးပုံ၊ ရှေ့ဦးအရွယ်ကလေးသူငယ်များ ဦးနှောက်ဖွံ့ဖြိုးမှုနှင့် ကိုယ်ခန္ဓာ ပုံမှန်ကြီးထွားခြင်း ရှိ၊ မရှိကို မိမိတို့ကိုယ်တိုင်စောင့်ကြည့်ပြီး ပုံမှန်ဖွံ့ဖြိုးတိုးတက်မှု မရှိပါက သက်ဆိုင်ရာကျွမ်းကျင်သူများနှင့် အချိန်မီစစ်ဆေးမှုခံယူသင့်ကြောင်း၊ ကလေးငယ်များ၏ ဦးနှောက်ဖွံ့ဖြိုးမှုသည် အသက်(၃)နှစ်အတွင်း အကောင်းဆုံးဖြစ်ပြီး ဘဝတစ်လျှောက် သင်ကြား၊ သင်ယူမှု အကောင်းဆုံးရရှိရန် အသက်(၈)နှစ်အတွင်း နည်းစနစ်မှန်စွာဖြင့် လေ့ကျင့်နိုင်မှုအပေါ် မူတည်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ရှင်းလင်းဖြေကြား

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တက်ရောက်လာကြသူများ၏ မေးမြန်းမှုများကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြပြီး ထားဝယ်မြို့နယ်အတွင်း အသစ်ဖွင့်လှစ်မည့် မိခင်ဝိုင်း ငါးဝိုင်းအတွက် ထောက်ပံ့ငွေကျပ် ၁၈၂၈၀၀၀ ပေးအပ်၍ ကလေးငယ်များအား အမှိုက်ကို စနစ်တကျ စွန့်ပစ်မှုအလေ့အကျင့်ရရှိအောင် သရုပ်ပြလေ့ကျင့်ပေးခြင်းနှင့် ကစားစရာနှင့် အာဟာရမုန့်များ ပေးဝေသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ရေကြီးရေလျှံမှုတွင် အသုံးပြုနိုင်မည့် ဖိုက်ဘာ စက်လှေငါးစင်းအတွက် ငွေကျပ် ၉၇ ဒသမ ၅ သိန်းကို တာဝန်ရှိသူများထံ ပေးအပ်သည်။ **သတင်းစဉ်**

မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ အောင်မိုးညို၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်နှင့် ကယားပြည်နယ် ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုတို့ ကယားပြည်နယ်ရှိ ဒေသခံတိုင်းရင်းသားများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

ကယားပြည်နယ်အတွင်း ခရီးသွားလုပ်ငန်း အကောင်အထည်ဖော်နေသော နေရာများသို့ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ကရင်ပြည်နယ်ဝန်ကြီးချုပ်တို့ လာရောက်လေ့လာ

လွိုင်ကော် စက်တင်ဘာ ၁

ကယားပြည်နယ်အတွင်း ခရီးသွားလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်နေသော အထင်ကရနေရာများဖြစ်သည့် လွိုင်ကော်မြို့ရှိ တောင်ကွဲစေတီတော်၊ ထီးစဲခါးရေတံခွန်၊ ဒီးမော့ဆိုမြို့နယ်ရှိ ပန်ပက်ကျေးရွာနှင့် ငွေတောင်ဆည်တို့အား မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ အောင်မိုးညို၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်နှင့် တာဝန်ရှိသူများက ယနေ့ နံနက်ပိုင်းတွင် လာရောက်လေ့လာခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ကရင်ပြည်နယ် ဝန်ကြီးချုပ်နှင့်အတူ ကယားပြည်နယ် ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ ပြည်နယ် စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဘော့စ်ကို၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးညီညီမင်းခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် လူထုအခြေပြုခရီးသွားလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်နေသော ဒီးမော့ဆိုမြို့နယ် ပန်ပက်ကျေးရွာသို့ သွားရောက်ကာ ကယန်းတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု၊ ရိုးရာအရောင်းဆိုင်များကို လေ့လာခဲ့ကြသည်။

ထို့နောက် တိုင်းဒေသကြီး / ပြည်နယ်ဝန်ကြီးချုပ်များသည် ငွေတောင်ဆည်သို့ ရောက်ရှိပြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးက ငွေတောင်ဆည်နှင့်စပ်လျဉ်း၍ ရေသိုလှောင်ထားရှိမှု၊ လယ်မြေအတွင်း ရေပေးဝေမှုနှင့် ခရီးသွားပြည်သူများ လာရောက်လည်ပတ်မှု အခြေအနေများကို ရှင်းလင်းတင်ပြကာ သိရှိလိုသည်များကို မေးမြန်းခဲ့ကြသည်။

ဆက်လက်၍ လွိုင်ကော်မြို့ သီရိမင်္ဂလာတောင်တော် (တောင်ကွဲစေတီတော်)သို့ သွားရောက်ဖူးမြော်ကြည်ညိုပြီး စေတီတော်အတွက် ပန်း၊ ရေချမ်း၊ ဆီမီး ကပ်လှူပူဇော်နိုင်ရန် အလှူတော်ငွေများကပ်လှူကာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ကရင်ပြည်နယ် ဝန်ကြီးချုပ်တို့အား စေတီတော်ဂေါပက တာဝန်ရှိသူများက အမှတ်တရ လက်ဆောင်များ ပြန်လည်ပေးအပ်ခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီး / ပြည်နယ် ဝန်ကြီးချုပ်များနှင့် အဖွဲ့သည် ထီးစဲခါး ရေတံခွန်သို့ ဆက်လက်သွားရောက်လေ့လာခဲ့ကြောင်း သိရသည်။

ကယားပြည်နယ်သည် ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အရှိန်အဟုန်မြှင့် အကောင်အထည်ဖော်ဆောင်ရွက်နေသော ပြည်နယ်တစ်ခုဖြစ်ပြီး ပြည်တွင်းပြည်ပ ခရီးသွားပြည်သူများ နှစ်စဉ် လာရောက်လည်ပတ်လျက်ရှိသည်။ **ရီရယ်(ဒီးမော့ဆို)**

ကျောင်းပြင်ပ အလယ်တန်းပညာရေး ဆရာ ဆရာမများ ဗဟိုအဆင့် နည်းပြသင်တန်းဖွင့်ပွဲကျင်းပ ကျောင်းပြင်ပ ပညာရေးအတွက် အလှူငွေများလှူဒါန်း

နေပြည်တော် စက်တင်ဘာ ၁

၂၀၁၉-၂၀၂၀ ပညာသင်နှစ် (ပထမနှစ်ဝက်) ကျောင်းပြင်ပ အလယ်တန်းပညာရေး ဆရာ ဆရာမများ ဗဟိုအဆင့် နည်းပြသင်တန်းဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ်ရှိ အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ပညာရေးဝန်ကြီးဌာန ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန့်ဇင်ထွန်းက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ စာတတ်မြောက်ရေး အထောက်အကူပြုပြင်မဌာန ဒုတိယဥက္ကဋ္ဌ ဒေါက်တာတင်ညိုက လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားကာ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်မှ ဒေါ်ခင်တိုးယဉ်က အလှူရှင်များကိုယ်စား လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ကျောင်းပြင်ပ မူလတန်းနှင့် အလယ်တန်းပညာရေးအတွက် နှစ်စဉ်ပုံမှန် အလှူရှင် ဦးစိန်ဝမ်း၊ ဒေါ်မဉ္ဇူထွန်း မိသားစုက ၂၀၁၉-၂၀၂၀ ပညာသင်နှစ်အတွက် ငွေကျပ် သိန်း ၁၀၀ လှူဒါန်းသည်။

အဆိုပါ နည်းပြသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၅၂ ဦး တက်ရောက်၍ သင်တန်းကို စက်တင်ဘာ ၉ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ပြီး အသက်မွေးဝမ်းကျောင်းပညာရပ်အဖြစ် သတင်းအချက်အလက် နည်းပညာ (ICT) ဘာသာရပ်ကို မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်၏အကူအညီဖြင့် ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ MICT Park ကနောင်ခန်းမတွင် သင်ကြားပေးမည် ဖြစ်သည်။

ကျောင်းပြင်ပ အလယ်တန်းပညာရေး အစီအစဉ်ကို ၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အထိ ဒလ၊ မြစ်ကြီးနား၊ လွိုင်ကော်၊ စစ်တွေ၊ လှိုင်သာယာ၊ ကျိုက်ထို၊ မြဝတီ (မဲဆောက်)နှင့် ဟသ္သာတမြို့နယ် ရှစ်မြို့နယ်တို့တွင် အခြေစိုက်စခန်း ၁၄ ခု ဖွင့်လှစ်ပြီး ဆောင်ရွက်ခဲ့ပြီး ကျောင်းသား ကျောင်းသူ ၂၀၀ တက်ရောက်ခဲ့ရာ ၁၉၆ ဦး အောင်မြင်၍ ၎င်းတို့အနက် ၁၀၈ ဦးသည် အခြေခံပညာအထက်တန်းအဆင့်သို့ ဆက်လက်တက်ရောက်ကာ ၁၃ ဦးမှာ အသက်မွေးသင်တန်းကျောင်းများသို့ တက်ရောက်ကြသည်။

၂၀၁၉-၂၀၂၀ မှ ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အထိ ဒုတိယအကြိမ် ကျောင်းပြင်ပ အလယ်တန်းပညာရေးအစီအစဉ်ကို စက်တင်ဘာ ၁၃ ရက်မှစတင်၍ ဒလ၊ ဝိုင်းမော်၊ လွိုင်ကော်၊ စစ်တွေ၊ လှိုင်သာယာ၊ ဘီးလင်း၊ မြဝတီ (မဲဆောက်)နှင့် ဟသ္သာတမြို့နယ်များရှိ အခြေစိုက်စခန်း ၁၃ ခုတွင် ဖွင့်လှစ်သင်ကြားမည်ဖြစ်သည်။

ယခု ဒုတိယအကြိမ် ကျောင်းပြင်ပ အလယ်တန်းပညာရေး အစီအစဉ်တွင် နောက်ခံပညာအရည်အချင်းအရ စတုတ္ထတန်းနှင့် ကျောင်းပြင်ပ မူလတန်းပညာရေး အစီအစဉ်တွင်အောင်မြင်ခဲ့ပါက Level-1 ၌ စတင်လက်ခံသင်ကြားပြီး သုံးနှစ်ပြီးဆုံးလျှင် ပဉ္စမတန်းအောင်မြင်ပြီး ကျောင်းထွက်သူများအား Level-2 ၌ စတင်လက်ခံသင်ကြားကာ တစ်နှစ်ပြီးဆုံးအောင်မြင်ပါက အခြေခံပညာ အလယ်တန်းအဆင့် ပြီးမြောက်မည်ဖြစ်ကြောင်း သိရှိရသည်။ **သတင်းစဉ်**

မုတ်သုံလေ အားကောင်းနေမည်

နေပြည်တော် စက်တင်ဘာ ၁

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေ အားကောင်းနေမည်။ **မိုး/ဇလ**

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး တနင်္သာရီမြို့နယ်အတွင်း ရေဘေးသင့်ပြည်သူများအား ကူညီထောက်ပံ့ အားပေးမှုများဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၁

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်မောင်တို့သည် ယနေ့တွင် မြိတ်ခရိုင် တနင်္သာရီမြို့နယ်ရှိ ရေဘေးသင့်ပြည်သူများအတွက် ကူညီထောက်ပံ့မှုများနှင့် တနင်္သာရီတိုင်းဒေသကြီးအတွင်း ရေနစ်မြုပ်သွားသော စိုက်ပျိုးသီးနှံများအတွက် အထောက်အပံ့များ ပေးအပ်ကြသည်။

ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြိတ်ခရိုင် တနင်္သာရီမြို့ မြို့နယ်ခန်းမရှိ ယာယီရေဘေးကယ်ဆယ်ရေးစခန်း၌ ရေဘေးသင့်ပြည်သူများအား အားပေးစကား ပြောကြားပြီး သက်တမ်းတိုမျိုးစပါးအတွက် ထောက်ပံ့ငွေကျပ် ၆၀ ဒသမ ၆၉ သန်း၊ ဖိုက်ဘာစက်လှေငါးစင်းအတွက် ကျပ် ၉၇ ဒသမ ၅ သိန်း၊ ရေဘေးသင့်ပြည်သူ ၄၃၈ ဦးအတွက် ဆန်ရိက္ခာဖိုးငွေကျပ် ၉၁၉၈၀၀၊ အသက်ဆုံးရှုံးသွားသော တပ်မတော်သားတစ်ဦးအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ ထောက်ပံ့ငွေကျပ်နှစ်သိန်း၊ ကျောင်းသား ကျောင်းသူများအတွက် ကျောင်းဝတ်စုံများနှင့် ကလေးငယ်များအတွက် အာဟာရမုန့်များ၊ ကစားစရာအရုပ်များ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကန်ကြီး ဘုန်းကြီးကျောင်းနှင့် ချောင်းကြီး ဘုန်းကြီးကျောင်းတို့၌ ဖွင့်လှစ်ထားသော ယာယီရေဘေးရှောင်စခန်းများရှိ ရေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးစကား ပြောကြားပြီး စားနပ်ရိက္ခာများ ထောက်ပံ့ခြင်းနှင့် ကလေးငယ်များအား အာဟာရမုန့်များ၊ ကစားစရာအရုပ်များပေးဝေသည်။ ထို့နောက် ကျောင်းတိုက်ဆရာတော်များအား ဖူးမြော်၍ အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ယာယီရေဘေးကယ်ဆယ်ရေး စခန်းများ၌ ရေဘေးသင့်ပြည်သူများအား တွေ့ဆုံ၍ အားပေးစကား ပြောကြားရာတွင် တနင်္သာရီမြို့နယ်၌ ရေကြီးမှုများ နှစ်စဉ်ဖြစ်ပွားလျက်ရှိရာ အသက်ဆုံးရှုံးမှု မရှိစေရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးသည် အရေးကြီးပါကြောင်း၊ ကလေးငယ်များ၊ ကျောင်းသား ကျောင်းသူများကိုလည်း ရေဘေးဆောင်ရန်၊ ရှောင်ရန်နှင့် လိုက်နာရန်အချက်များကို အသိပညာပေးထားရန် လိုအပ်ကြောင်း၊ ယာယီနေထိုင်စဉ်ကာလအတွင်း စားနပ်ရိက္ခာများအတွက် ထောက်ပံ့ပေးမည်ဖြစ်ကြောင်း၊ ဆောင်ရွက်ရန်ရှိသည်များကို ပြည်သူများထံမှ အကြံဉာဏ်များရယူလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တနင်္သာရီမြို့ မီးသတ်ဦးစီးဌာနတွင် ဖွင့်လှစ်ထားသော ကွပ်ကဲရေးစခန်းသို့ရောက်ရှိပြီး ဆန်ရိက္ခာများ၊ လှူဒါန်းပစ္စည်းများ စနစ်တကျထောက်ပံ့နိုင်ရေး ပေါင်းစပ်ညှိနှိုင်းခဲ့သည်။

တနင်္သာရီမြစ် ရေကြီးရေလျှံမှုကြောင့် ပြည်သူများ နှစ်စဉ် ရေဘေးဒဏ်ခံနေရသောကြောင့် ၂၀၁၄ ခုနှစ်တွင် မြစ်ရေကြီးမှုမှ ကာကွယ်ရန် တာဖို့ခြင်း၊ ရေတံခါးနှစ်ခု တည်ဆောက်ခြင်း၊ ရေစုပ်စက်ကြီးနှစ်လုံးဖြင့် ရေစုပ်ထုတ်ခြင်းများကို ဆောင်ရွက်ထားရှိပြီး ဖြစ်သော်လည်း ယခုအခါ ရေတံခါးမှ ရေမထုတ်နိုင်ခြင်း၊ မြို့အတွင်းစီးဝင်နေသော မိုးရေများနှင့် ရေတံခါးမလုံတော့သည့်အတွက် ကာလကြာ ရေကြီးမှုဒဏ်ကို ခံစားနေရကြောင်း၊ ထိုမြစ်ရေကြီးရေလျှံမှုနှင့် မြို့တွင်းရေကြီးမှုဒဏ်ကို လျှော့ချနိုင်ရေးအတွက် ရေတံခါးများ ပြန်လည်ပြုပြင်ခြင်း၊ မြို့ပတ်တာနှင့် ရေနုတ်မြောင်းများ ပြုပြင်ခြင်းနှင့် တနင်္သာရီမြစ်ကြောင်း တိုင်းတာစစ်ဆေးခြင်းလုပ်ငန်းများအတွက် အစီအမံများ ဆက်လက်ဆောင်ရွက်ရန် လိုအပ်လျက်ရှိရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ကြီးကြပ်မှုဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရန် စီစဉ်လျက်ရှိသည်။

တနင်္သာရီတိုင်းဒေသကြီးအတွင်း လတ်တလော ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ပြီး စိုက်ပျိုးလယ်မြေများ ရေလွှမ်းပျက်စီးခဲ့ခြင်းကြောင့် အချိန်မီ စပါးများ ပြန်လည်စိုက်ပျိုးနိုင်ရန် လိုအပ်လျက်ရှိပြီး ပြန်လည်စိုက်ပျိုးနိုင်မည့် လယ်ဧက ၆၀၆၉ ဧကရှိရာ တာဝန်ရှိဌာနဆိုင်ရာများနှင့် တိုင်းဒေသကြီးအစိုးရ၏ အတည်ပြုချက်အရ အရေးပေါ်လိုအပ်သော သက်တမ်းတိုမျိုးစပါးများ ဝယ်ယူအသုံးပြုနိုင်ရန် ဘေးသင့်ဒေသများ အမြန်ပြန်လည်ထူထောင်ရေး ပေါင်းစပ်ညှိနှိုင်းမှုအဖွဲ့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီရန်ပုံငွေမှ ထောက်ပံ့ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး တနင်္သာရီမြို့နယ်ရှိ ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ငွေများ ပေးအပ်စဉ်။ သတင်းစဉ်

Information Center စစ်ကိုင်းမြို့တွင် တည်ဆောက်မည်

စစ်ကိုင်း စက်တင်ဘာ ၁

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့အဝင် ကျော်ထက်ကွေ့လမ်းဆုံအနီးတွင် Information Center တည်ဆောက်သွားမည်ဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စည်ပင်သာယာရေးကော်မတီမှ သိရသည်။

ထို့သို့ Information Center တည်ဆောက်ရန်အတွက် ဩဂုတ် ၃၁ ရက် နံနက်ပိုင်းက စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့် တိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးစိုးဦး၊ စစ်ကိုင်းခရိုင်၊ မြို့နယ် သက်ဆိုင်ရာဌာနဆိုင်ရာများမှ တာဝန်ရှိသူများသည် တည်ဆောက်မည့်မြေနေရာအား ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း စစ်ကိုင်းမြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းနိုင်က ပြောသည်။

ခရီးသွားမြှင့်တင်ရေးကို အကောင်အထည်ဖော်

"Information Center ကို စစ်ကိုင်းမြို့အဝင် ကျော်ထက်ကွေ့လမ်းဆုံအနီး ပြုလုပ်ဖို့ ယာယီအားဖြင့် ရွေးချယ်ထားတယ်။ ခရီးသွားမြှင့်တင်ရေးကို အကောင်အထည်ဖော်တဲ့ဟာက နံပါတ် ၁ ဦးစားပေးပေါ့။ စစ်ကိုင်းတိုင်းဒေသကြီးမှာ ခရီးသွားမြှင့်တင်ရေးအတွက် ဇုန်ခြောက်ဇုန်ကို အကောင်အထည်ဖော် ဆောင်ရွက်ထားတယ်။ အဲဒီဇုန်ခြောက်ဇုန်မှာရှိတဲ့ တန်ခိုးကြီးဘုရားတွေ၊ ရှေးဟောင်းသမိုင်းဝင်အဆောက်အဦတွေ၊ အထင်ကရနေရာတွေ၊ ဒေသတွေရဲ့ စီးပွားရေး၊ လူမှုရေး၊ စိုက်ပျိုးရေး အဲဒီအချက်အလက်တွေပေါ့။ တိုင်းဒေသကြီးတစ်ခုလုံးရဲ့ အချက်အလက်တွေကို စစ်ကိုင်းတိုင်းဒေသကြီးရဲ့ ဝင်ပေါက်ဖြစ်တဲ့ စစ်ကိုင်းမှာ Information Center ဝင်ပြီးကြည့်လိုက်တာနဲ့ ဘယ်ဒေသမှာ ဘာတွေရှိတယ်၊ ဘာတွေလေ့လာလို့ရတယ်၊ အဲဒါကို အဓိက အကောင်အထည်ဖော်တာပါ"ဟု ၎င်းက ဆက်လက်ပြောသည်။

ခွင့်ပြုချက်ရရှိက အကောင်အထည်ဖော်ဆောင်ရွက်မည်

အဆိုပါ Information Center တည်ဆောက်ရန်အတွက် လုပ်ဆောင်မည့် အစီအမံများကို ယခုတစ်ပတ်အတွင်း တိုင်းဒေသကြီးအစိုးရအဖွဲ့ထံ တင်ပြသွားမည်ဖြစ်ပြီး ခွင့်ပြုချက်ရရှိပါက ယခုလအတွင်း အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စစ်ကိုင်းမြို့နယ်စည်ပင်သာယာရေးကော်မတီမှ သိရသည်။

ခိုင်ဇေယျ

◆ *ရှေ့ဖုံးမှ*

တောရိုင်းတိရစ္ဆာန်မျိုးစုံ၊ လိပ်ပြာမျိုးစုံနှင့် ရောဝတီလင်းပိုင်စသည့် လေ့လာစရာများစွာရှိကြောင်း၊ အဆိုပါ သယံဇာတများကို စူးစမ်းလေ့လာဖော်ထုတ်ပြီး သဘာဝအခြေခံခရီးသွားလုပ်ငန်းများ တိုးမြှင့်ဖော်ထုတ်ရန် လိုအပ်ကြောင်း ပြောကြားသည်။

မြန်မာ့သစ်လုပ်ငန်းအနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း သစ်ထုတ်လုပ်မှုလုပ်ငန်းများ ပြန်လည်ဆောင်ရွက်သည့်အခါ သစ်တောဦးစီးဌာန၏ ခွင့်ပြုချက်ဖြစ်သော နှစ်စဉ်ထွက်ရှိနိုင်မှု၏ သုံးပုံတစ်ပုံကိုသာ ထုတ်လုပ်လျက်ရှိကြောင်း သိရသည်။ ထိုသို့သစ်ထုတ်လုပ်မှု လျှော့ချခြင်းအပြင် ဆင်များကို ဆင်ထိန်းသိမ်းရေးအခြေပြု ခရီးသွားလုပ်ငန်းများ တိုးမြှင့်ဖော်ဆောင်လျက်ရှိပြီး စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှာပင် အင်းတော်မြို့နယ်ရှိ နတ်ပေါက်ဆင်စခန်း၊ မော်လိုက်မြို့နယ်ရှိ ပျားစွဲဆင်စခန်း၊ မုံရွာမြို့နယ်ရှိ ဗောဓိတစ်ထောင် ဆင်ထိန်းသိမ်းရေးစခန်းနှင့် ယခုဖွင့်လှစ်သည့် ဇလုံတောင် အပန်းဖြေဆင်စခန်းအပါအဝင် ဆင်စခန်းလေးခုရှိလာပြီဖြစ်ကြောင်း သိရသည်။

ဆင်စခန်းများ ဖွင့်လှစ်မှုကြောင့် ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များ ဝင်ရောက်လာမည် ဖြစ်သည့်အတွက် ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာနိုင်မည်ဖြစ်သည်။ အဆိုပါဇလုံတောင်အပန်းဖြေဆင်စခန်းမှာ ဇလုံတောင်ခြေရင်းတွင် ဖွင့်လှစ်ထားသည့်အတွက် ဇလုံတောင်ဘုရားဖူးဧည့်သည်များ ဝင်ရောက်လည်ပတ်အပန်းဖြေနိုင်ကြမည်ဖြစ်သည်။ ယင်းဆင်စခန်းသည် သဘာဝကိုအခြေခံဆင်စခန်းတစ်ခုဖြစ်သည့်အတွက် ခရီးသွားဧည့်သည်များအနေဖြင့် ဆင်များ၏ သဘာဝကို လေ့လာနိုင်သည့်အပြင် တောတောင်ရေမြေသဘာဝရှုခင်းများကိုလည်း ကြည့်ရှုခံစားနိုင်ကြမည်ဖြစ်သည်။

မောင်မောင်ထိန်(ကျောက်ပန်းတောင်း)

ဇလုံတောင်အပန်းဖြေစခန်းကို ချင်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးလာလ်ထောင်ထန်း၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခင်မောင်ရီနှင့် မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစောဂျွန်ရွှေဘတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ ဓာတ်ပုံ-မောင်မောင်ထိန်(ကျောက်ပန်းတောင်း)

အပြုသဘော ဦးဆောင်တတ်ပါစေ

ကောင်းမွန်

"မိမိ၏ လက်အောက်ငယ်သား အဖွဲ့ဝင်များ၊ ဝန်ထမ်းများအနေဖြင့် ၎င်းတို့ကို ပေးအပ်လိုက်သည့် တာဝန်များအား ကျေပွန်စွာ ထမ်းဆောင်ကြလိမ့်မည်ဟု ယုံကြည်မှုပြသခြင်းဖြင့် ၎င်းတို့ အရည်အသွေး ပိုမိုတိုးတက်ကောင်းမွန်စေရန် ဦးဆောင်မှုပေးပါ။"

လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲမှုနှင့်ပတ်သက်၍ နားလည်တတ်ကျွမ်းသူများ၊ သင်ကြားပို့ချသူများ၊ စိတ်ပညာရှင်များက ခေါင်းဆောင်တစ်ဦး (သို့မဟုတ်) မန်နေဂျာတစ်ဦးအနေဖြင့် ၎င်းတို့လက်အောက် ဝန်ထမ်းများ၊ အဖွဲ့ဝင်များ၏ စွမ်းဆောင်ချက်အပေါ် မျှော်လင့်ထားရှိမှုနှင့်ဆက်စပ်သည့် လွှမ်းမိုးမှုစွမ်းပကား အားကောင်းစွာ အသိအမှတ်ပြုထားကြသည်။

ခေါင်းဆောင်တစ်ဦး (သို့မဟုတ်) မန်နေဂျာတစ်ဦးက ၎င်း၏ လက်အောက်ငယ်သားများ၊ ဝန်ထမ်းများအပေါ် ဆက်ဆံမှုသည် ၎င်းတို့၏ လုပ်ငန်းအကောင်အထည်ဖော်မှု၊ လုပ်ဆောင်ချက်များအပေါ် များစွာအဆုံးအဖြတ်ပေးတတ်သည်။ ခေါင်းဆောင်တစ်ဦး (သို့မဟုတ်) မန်နေဂျာတစ်ဦးက ၎င်း၏ လက်အောက်ငယ်သားများ၊ ဝန်ထမ်းများအပေါ် မြင့်မားသည့် မျှော်လင့်ချက်ထားရှိပါက ၎င်းတို့၏ ထုတ်လုပ်မှုစွမ်းအားသည် ပိုမိုတိုးမြင့်လာဖွယ်ရှိသည်။ အခြားတစ်ဖက်၌ ခေါင်းဆောင်တစ်ဦး (သို့မဟုတ်) မန်နေဂျာတစ်ဦးက ၎င်း၏ လက်အောက်ငယ်သားများ၊ ဝန်ထမ်းများအပေါ် မျှော်လင့်ချက် မြင့်မြင့်မားမား မထားပါက ၎င်းတို့၏ ထုတ်လုပ်နိုင်စွမ်း နည်းပါး၊ လျော့ပါးနိုင်သည့် အလားအလာရှိပါသည်။

တစ်နည်းအားဖြင့် လက်အောက်ငယ်သားများ၊ လက်အောက်ဝန်ထမ်းများသည် ၎င်းတို့၏ ခေါင်းဆောင်ဖြစ်သူက ၎င်းတို့၏ အရည်အသွေးအပေါ် လက်ခံထားရှိမှုအတိုင်း လုပ်ငန်းများကို အကောင်အထည်ဖော်တတ်သည့် သဘောရှိသည်။ ယင်းကို "ပစ်ဂ်မယ်လီယန်" အကျိုးသက်ရောက်မှုဟု ဆိုကြသည်။

"ပစ်ဂ်မယ်လီယန်" အကျိုးသက်ရောက်မှု

ဂရိဒဏ္ဍာရီ၌ "ပစ်ဂ်မယ်လီယန်"မှာ ဆိုက်ပရပ်ဘုရင်တစ်ပါးဖြစ်ပြီး ပန်းပုပညာကျွမ်းကျင်သူတစ်ဦးလည်း ဖြစ်သည်။ ၎င်းအတွက် စံပြအမျိုးသမီးတစ်ဦး၏ပုံကို ဆင်စွယ်မှ ထုဆစ်ဖန်တီးခဲ့ရာ ရလဒ်အနေဖြင့် "ဂါလက်တီယာ"ကို ထုလုပ်ပြီးနောက် ယင်းအပေါ် မေတ္တာသက်ဝင်ခဲ့ရာ "ပစ်ဂ်မယ်လီယန်"၏ ဆုတောင်းမှုကြောင့် လူအဖြစ်သို့ ရောက်ရှိခဲ့သည်ဟု ဒဏ္ဍာရီအဆိုရှိခဲ့သည်။

"ပစ်ဂ်မယ်လီယန်" အကျိုးသက်ရောက်မှုသည် အမှန်စင်စစ် အိုင်းရစ်ဇာတ်ညွှန်းဆရာ ဂျော့ချ် ဘားနတ်ရှော၏ အကျော်ကြားဆုံး ပြဇာတ်တစ်ခုဖြစ်သည့် "ပစ်ဂ်မယ်လီယန်" အမည်ရှိသည့် ပြဇာတ်ကိုအစွဲပြု၍ ယင်းအမည်ကို ရရှိခဲ့ခြင်းဖြစ်သည်။ ယင်းဇာတ်လမ်း၌ ဘာသာစကားအများအပြား ကျွမ်းကျင်သည့် ပါမောက္ခ ဟင်နရီဟစ်ဂင်း ဆိုသူသည် သူငယ်ချင်းဖြစ်သူ ဗိုလ်မှူးကြီးပစ်ကားရင်းနှင့် အလောင်းအစားတစ်ရပ်အနေဖြင့် မင်္ဂလာအခမ်းအနားများ၌ ပန်းအလှုဆင်သည့် သာမန်မိန်းကလေးတစ်ဦးဖြစ်သူ အယ်လီဇာ ဒူးလစ်တဲလ်အား သူမ၏ အပြောအဆို၊ အမူအရာများကို ပြောင်းလဲပေးခြင်းဖြင့် မှူးမတ်မျိုးနွယ်ဝင် အမျိုးသမီးတစ်ဦးကဲ့သို့ အသွင်ပြောင်းလဲစေရန် အလောင်းအစားပြုခဲ့သည်။

အယ်လီဇာအတွက် အရေးအကြီးဆုံး အပြောင်းအလဲမှာ ဗိုလ်မှူးကြီးပစ်ကားရင်းကဲ့သို့ ပုဂ္ဂိုလ်များက သူ့အပေါ် လေးလေးစားစား ကြင်ကြင်နာနာ ဆက်ဆံခြင်းဖြင့် မိမိကိုယ်ကို ယုံကြည်မှု မြင့်မားလာခြင်းဖြစ်သည်။ ပြဇာတ်၏ နောက်ဆုံးအပိုင်း၌ အယ်လီဇာက ဗိုလ်မှူးကြီးပစ်ကားရင်းအား ပြောကြားချက်တွင် "ပစ်ဂ်မယ်လီယန်" အကျိုးသက်ရောက်မှုအပေါ် ထင်ဟပ်ဖော်ပြလျက်ရှိသည်-

"(မှူးမတ်မျိုးနွယ်ဝင်) အမျိုးသမီးတစ်ဦးနှင့် သာမန်မိန်းကလေးတစ်ဦးတို့အကြား ခြားနားချက်မှာ သူ၏ ပြုမူဆက်ဆံမှုမဟုတ်ဘဲ သူ့အပေါ် ဆက်ဆံမှုသာဖြစ်သည်။ ဗိုလ်မှူးကြီးပစ်ကားရင်းအနေဖြင့် သူ(အယ်လီဇာ)အား ဂုဏ်သရေရှိ အမျိုးသမီးတစ်ဦးကဲ့သို့ အစဉ်အမြဲ ဆက်ဆံသည့်အလျောက် ၎င်းအနေဖြင့် ဗိုလ်မှူးကြီးပစ်ကားရင်းအတွက် ဂုဏ်သရေရှိ အမျိုးသမီးတစ်ဦးပင် ဖြစ်တော့သည်။ သို့ရာတွင် ပါမောက္ခဟစ်ဂင်းက ၎င်းအား သာမန်အမျိုးသမီးငယ်တစ်ဦးအနေဖြင့်သာ ဆက်ဆံသည့်အလျောက် ၎င်းအနေဖြင့် ပါမောက္ခဟစ်ဂင်းအတွက် သာမန်အမျိုးသမီးငယ်တစ်ဦးသာ အစဉ်ရပ်တည်နေမည် ဖြစ်သည်။"

> **"ကောင်းမွန်သည့် ခေါင်းဆောင်များ၊ မန်နေဂျာများအနေဖြင့် လက်အောက်ငယ်သား ဝန်ထမ်းများနှင့်ပတ်သက်၍ အရေးနိမ့်မှု၊ ရှုံးနိမ့်မှုကို မည်သည့်အခါမျှ ကြိုတင်မှန်းဆထားခြင်း မပြုကြပေ။ အခက်အခဲရှိမည်ဆိုပါက အခက်အခဲကို ကြိုတင်သိရှိအောင် အသိပေးထားပြီး အသေအချာပြင်ဆင်ထားခြင်းဖြင့် အခက်အခဲကို ကျော်လွှားနိုင်မည်ဖြစ်ကြောင်း လှုံ့ဆော်ပေးလေ့ရှိသည်။ ၎င်းတို့၏ လက်အောက်ငယ်သားဝန်ထမ်းများအပေါ် ပြစ်တင်ဝေဖန်သည့် ဆွေးနွေးမှုများ၌ မည်သည့်အခါမျှ ပါဝင်ခြင်းမပြုတတ်ဘဲ လက်အောက်ငယ်သားများအကြား မြင့်မားသည့် မျှော်မှန်းချက်ထားရှိတတ်ရန် လေ့ကျင့်လှုံ့ဆော်ပေးတတ်သည်"**

မျှော်တလင့်လင့်

နာမည်ကျော်အသက်အာမခံကုမ္ပဏီ၏ လေ့လာချက်တစ်ခုအရ အာမခံကုမ္ပဏီ၏ အေးဂျင့်အသစ်များသည် မူလကမည်သို့ပင်စွမ်းဆောင်ရည်ရှိစေကာမူ နာမည်ကြီးအာမခံကုမ္ပဏီများရှိ အေးဂျင့်အသစ်များသည် သာမန်ကုမ္ပဏီများ၊ ကုမ္ပဏီငယ်လေးများရှိ အေးဂျင့်အသစ်များထက် လုပ်ဆောင်ချက် ပိုမိုမြင့်မားလေ့ရှိကြောင်း တွေ့ရှိရပါသည်။

အဆိုပါလေ့လာဆန်းစစ်ချက်၌ ကုမ္ပဏီ၏ အတော်ဆုံးအေးဂျင့်ခြောက်ဦးတို့ကို အတော်ဆုံးမန်နေဂျာ၏ ဦးဆောင်မှုအောက်၌လည်းကောင်း၊ သာမန်အဆင့် အေးဂျင့်ခြောက်ဦးတို့ကို သာမန်အဆင့် မန်နေဂျာ၏ ဦးဆောင်မှုအောက်၌လည်းကောင်း၊ သာမန်အဆင့်ပင် စွမ်းဆောင်နိုင်ခြင်းမရှိသည့် အေးဂျင့် ခြောက်ဦးတို့ကို စွမ်းဆောင်ရည်နိမ့်သည့် မန်နေဂျာ၏ လက်အောက်၌လည်းကောင်း အသီးသီးလုပ်ကိုင်ခွင့်ပြုခဲ့သည်။ ရလဒ်အနေဖြင့် အတော်ဆုံးအေးဂျင့် ခြောက်ဦးပါဝင်သည့် အုပ်စုသည် ကုမ္ပဏီတစ်ခုလုံးမှရရှိသည့် အာမခံပရီမီယမ်များ၏ သုံးပုံနှစ်ပုံအထိ ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ကြကြောင်း တွေ့ရှိရပါသည်။

ကုမ္ပဏီအတွင်း ဝန်ထမ်းများက အတော်ဆုံးအေးဂျင့်များ ပါဝင်သည့်အုပ်စုကို ယင်းတို့၏ မြင့်မားသည့် လုပ်ဖော်ကိုင်ဖက်စိတ်ဓာတ်၊ ညီညွတ်မှုတို့ကြောင့် "ဆူပါဝန်ထမ်းများ"အဖြစ် ရည်ညွှန်းလာကြသည်။ နှစ်၏ ပထမသုံးလကုန်လွန်ချိန်တွင် အဆိုပါအုပ်စု၏ လုပ်ငန်းဆောင်ရွက်ချက်သည် တစ်နှစ်ပတ်လုံးအတွက် ရည်မှန်းချက်၏ ၄၀ ရာခိုင်နှုန်းကို ကျော်လွန်ခဲ့သည်။ ဆူပါအေးဂျင့်များ၏ စွမ်းဆောင်မှုသည် ယင်းတို့ကို ဦးဆောင်သည့် အတော်ဆုံးမန်နေဂျာ၏ မျှော်မှန်းထားချက်ကို ပြည့်မီခဲ့ပြီး တစ်ချိန်တည်းတွင် အခြားသောအုပ်စုမှ အေးဂျင့်များသည် စွမ်းဆောင်ရည်နိမ့်ကျသည့် မန်နေဂျာမှ ခန့်မှန်းထားသည့်အတိုင်း ကုမ္ပဏီမှ နုတ်ထွက်သွားကြကြောင်း တွေ့ရှိရပါသည်။

အကောင်းဆုံးအုပ်စု၏ မန်နေဂျာအနေဖြင့် သာမန်စွမ်းဆောင်ရည်ရှိသည့် မန်နေဂျာတို့နှင့် ကွာခြားချက်မှာ ပိုမိုမြင့်မားသည့် ယုံကြည်ချက်ရှိပြီး ဝန်ထမ်းရွေးချယ်ခြင်း၊ လေ့ကျင့်ပေးခြင်း၊ တက်ကြွစွာလုပ်ဆောင်ရန် လှုံ့ဆော်ခြင်းတို့တွင် မှန်ကန်သည့် သဘောထားအမြင်ရှိခြင်း၊ ဝန်ထမ်းများကို ပိုမိုမြင့်မားသည့် စွမ်းဆောင်ရည်ရရှိစေရန် လမ်းညွှန်ပေးနိုင်သည့် အရည်အချင်းရှိခြင်းပင် ဖြစ်သည်။ အကောင်းဆုံးအုပ်စုမှ မန်နေဂျာ၏ အပြုသဘောဆောင်သည့် သဘောထားအမြင်က ၎င်း၏အုပ်စုဝင်များအပေါ် အကျိုးသက်ရောက်ပြီး အဆိုပါအုပ်စုဝင် ဝန်ထမ်းများက ၎င်းတို့အနေဖြင့်လည်း လုပ်ဆောင်နိုင်စွမ်းရှိသည်ဟု မန်နေဂျာမှ ယုံကြည်ထားသည့်အတိုင်း လုပ်ငန်းရည်မှန်းချက်များကို အကောင်အထည်ဖော်ရန် တွန်းအားဖြစ်စေကြောင်း စိစစ်တွေ့ရှိရပါသည်။

မိမိ၏ ဝန်ထမ်းများအပေါ် ယုံကြည်ပါ

ခေါင်းဆောင်များ၊ မန်နေဂျာများအနေဖြင့် လုပ်ငန်းအတွေ့အကြုံ ပိုမိုများပြားလေ့ရှိသည့်အလျောက် ယင်းတို့ထက် ပိုမိုငယ်ရွယ်သည့် လက်အောက်ငယ်သား ဝန်ထမ်းများအပေါ် သိသာနက်ရှိုင်းသည့် အကျိုးသက်ရောက်မှုရှိတတ်သည်။ ကောင်းမွန်သည့် ခေါင်းဆောင်များ၊ မန်နေဂျာများအနေဖြင့် လက်အောက်ငယ်သား ဝန်ထမ်းများနှင့်ပတ်သက်၍ အရေးနိမ့်မှု၊ ရှုံးနိမ့်မှုကို မည်သည့်အခါမျှ ကြိုတင်မှန်းဆထားခြင်း မပြုကြပေ။ အခက်အခဲရှိမည်ဆိုပါက အခက်အခဲကို ကြိုတင်သိရှိအောင် အသိပေးထားပြီး အသေအချာ ပြင်ဆင်ထားခြင်းဖြင့် အခက်အခဲကို ကျော်လွှားနိုင်မည်ဖြစ်ကြောင်း လှုံ့ဆော်ပေးလေ့ရှိသည်။ ၎င်းတို့၏ လက်အောက်ငယ်သားဝန်ထမ်းများအပေါ် ပြစ်တင်ဝေဖန်သည့် ဆွေးနွေးမှုများ၌ မည်သည့်အခါမျှ ပါဝင်ခြင်းမပြုတတ်ဘဲ လက်အောက်ငယ်သားများအကြား မြင့်မားသည့်မျှော်မှန်းချက် ထားရှိတတ်ရန် လေ့ကျင့်လှုံ့ဆော်ပေးတတ်သည်။ လက်အောက်ငယ်သား ဝန်ထမ်းများအနေဖြင့် မိမိတို့ကိုယ်ကိုယုံကြည်မှု တဖြည်းဖြည်း ဖြစ်ပေါ်လာသည်နှင့် အမျှ အနာဂတ်တွင် အောင်မြင်မည့် ဝန်ထမ်းများအဖြစ် မိမိတို့ကိုယ်ကို ရှုမြင်လာတတ်သည်။ ၎င်းတို့ ခေါင်းဆောင်၊ မန်နေဂျာ၏ မျှော်မှန်းချက်များနှင့်အတူ ဝန်ထမ်းများ၏ ကိုယ်ပိုင်ရည်မှန်းချက်များကို လက်တွေ့အကောင်အထည်ဖော်လာနိုင်ကြသည်။

ဘွဲ့ရလူငယ်တစ်ဦးအပေါ် လုပ်ငန်းခွင်၌ ပထမဦးဆုံးကြုံတွေ့ရသည့် ခေါင်းဆောင်၊ မန်နေဂျာ၏ သြဇာသက်ရောက်မှုများစွာရှိသည့်အလျောက် အဆိုပါခေါင်းဆောင်၊ မန်နေဂျာက ဘွဲ့ရလူငယ်ကို တိုးတက်မှုရှိစေရန် လိုလိုလားလား လုပ်ဆောင်ပေးခြင်းမရှိပါက ဘွဲ့ရလူငယ်အနေဖြင့် ၎င်း၏စွမ်းဆောင်နိုင်ရည်စံနှုန်းကို နိမ့်ချသတ်မှတ်လိမ့်မည်။ ရလဒ်အနေဖြင့် မိမိကိုယ်ကိုလေးစားမှု လျော့နည်းလာပြီး ဆန့်ကျင်ဘက်သဘောထားအမြင်တို့ ဖြစ်ပေါ်လာတတ်ပါသည်။

သို့ဖြစ်၍ ခေါင်းဆောင်၊ မန်နေဂျာတို့သည် လုပ်ငန်းအဖွဲ့အစည်း၊ ကုမ္ပဏီတို့၏ ထုတ်လုပ်မှုစွမ်းအားနှင့်ပတ်သက်၍ အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်ကြပါသည်။ စာဖတ်သူအနေဖြင့် ခေါင်းဆောင်တစ်ဦး၊ မန်နေဂျာတစ်ဦးဆိုပါက မိမိ၏ လက်အောက်ငယ်သား၊ ဝန်ထမ်းများအပေါ် အပြုသဘောဆောင်သည့် ပုံရိပ်ဖြစ်ပေါ်စေရန် တိုက်တွန်းလှုံ့ဆော်သင့်သည်။ လက်အောက်ငယ်သား၊ ဝန်ထမ်းများအနေဖြင့်လည်း သင်၏ မျှော်မှန်းချက်ပြည့်ဝအောင် မလွဲမသွေ ကြိုးပမ်းအားထုတ်ကြမည်ဖြစ်သည်။ ။

နမ့်ခမ်းမြို့နယ်၌ (၄၇) ကြိမ်မြောက် တအာင်းစာပေနေ့ ကျင်းပ

နမ့်ခမ်း စက်တင်ဘာ ၁

မူဆယ်ခရိုင် နမ့်ခမ်းမြို့ရှိ ကျားဖြူခန်းမ၌ ဩဂုတ် ၃၀ ရက်က နမ့်ခမ်းမြို့နယ် တအာင်း(ပလောင်) စာပေနှင့်ယဉ်ကျေးမှု ကော်မတီက ဦးဆောင်၍ စီစဉ်ကျင်းပသည့် (၄၇) ကြိမ်မြောက် တအာင်းစာပေနေ့ကျင်းပသည်။

နမ့်ခမ်းမြို့နယ် တအာင်းစာပေနှင့် ယဉ်ကျေးမှုကော်မတီက ဦးဆောင်၍ တအာင်း(ပလောင်) လူမျိုးတို့၏ စာပေ ဖြစ်မြောက်ရန်အတွက် တအာင်းစာပေမူများ တညီတညွတ် အတည်ပြုခဲ့ သည့် ဩဂုတ် ၃၀ ရက်ကို တအာင်းစာပေနေ့အဖြစ် သတ်မှတ်ပြီး တအာင်းစာပေနေ့အခမ်းအနား ကျင်းပသည်မှာ ၂၀၁၉ ခုနှစ်တွင် (၄၇) ကြိမ်မြောက် ကျင်းပနိုင်ခဲ့သည်။ ထို့အတူ နမ့်ခမ်း မြို့နယ်အတွင်းရှိ တအာင်း(ပလောင်) လူမျိုးတို့၏ မျိုးဆက်သစ်လူငယ်များ ပညာရေးပိုမိုမြင့်မားလာစေရေးအတွက် မြေတောင်မြှောက်ပေးသည့်အနေဖြင့် တအာင်းစာပေ ထူးချွန်သူများ၊ တက္ကသိုလ်ဝင်တန်းအောင်နှင့် ဘွဲ့ရရှိသူများကို ပညာရည်ချွန်ဆု ပေးအပ်ခဲ့သည်မှာ အကြိမ် (၃၀) မြောက်ရှိပြီး နှစ်စဉ်မပျက် ဖြစ်မြောက်အောင် စီစဉ်ကျင်းပနိုင်ခဲ့သည်။ **(ယာပုံ)**

ဆိုင်ထွန်း (နမ့်ခမ်း)

ရှားတောမြို့၌ မြို့နယ်ဥပဒေရုံးသစ် ဖွင့်လှစ်

ရှားတော စက်တင်ဘာ ၁

ကယားပြည်နယ် ရှားတောမြို့နယ်တွင် မြို့နယ်ဥပဒေရုံးသစ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ပြည်ထောင်စုရှေ့နေချုပ်ရုံး ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်၊ ပြည်နယ်ဥပဒေချုပ် ဦးစိုင်းကျော်ဇံနှင့် တာဝန်ရှိသူများ တက်ရောက်ဖွင့်လှစ်ခဲ့သည်။

အခမ်းအနားတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ဒုတိယရှေ့နေချုပ်က အမှာစကားကြားပြီး ထူးဝေလင်းကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးရန်နိုင်က ရုံးဆောက်လုပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကာ ရုံးအဆောက်အအုံနှင့် ပတ်သက်သည့် စာရွက်စာတမ်းများအား ပြည်နယ်ဥပဒေအရာရှိ ဒေါ်လွင်လွင်သန်းထံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

ယင်းအခမ်းအနားကို ပြည်ထောင်စုရှေ့နေချုပ်ရုံး ဒုတိယရှေ့နေချုပ်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဒေါ်ခင်ချိုအုန်း၊ ကယားပြည်နယ် ဥပဒေအရာရှိ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

ထွန်းအောင်(ပြန်/ဆက်)

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ

ရန်ကုန် စက်တင်ဘာ ၁

တီမောလက်စ်တေဒီမိုကရက်တစ်သမ္မတနိုင်ငံ၏ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ နှစ်(၂၀) ပြည့် အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ခဲ့သည့် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ဩဂုတ် ၃၁ ရက် မွန်းလွဲပိုင်းက တီမောလက်စ်တေဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒီလီမြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာပြီး အင်ဒိုနီးရှားနိုင်ငံ ဘာလီမြို့နှင့် စင်ကာပူနိုင်ငံတို့မှတစ်ဆင့် လေကြောင်းခရီးဖြင့် ဆက်လက်ထွက်ခွာခဲ့ရာ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါသွားသော ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်လည်း အတူပြန်လည်ရောက်ရှိသည်။ **(ယာပုံ)**

သတင်းစဉ်

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ငလျင်ကြောင့် ရွှေဘိုခရိုင်အတွင်းရှိ မြို့နယ်များသို့ ပျက်စီးဆုံးရှုံးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ထောက်ပံ့ငွေများပေးအပ်

ရွှေဘို စက်တင်ဘာ ၁

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီးအတွင်းရေးမှူး၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ယနေ့ မွန်းလွဲပိုင်းက ရွှေဘိုခရိုင်အတွင်းရှိ ရေဦး၊ ခင်ဦး၊ ရွှေဘိုစသည့် မြို့နယ်များမှ ရပ်ကွက်ကျေးရွာများ၌ ဩဂုတ် ၃၁ ရက် ည ၉ နာရီ ၃၉ မိနစ်က လှုပ်ခတ်ခဲ့သည့်ငလျင်ကြောင့် ပျက်စီးဆုံးရှုံးမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မွန်းလွဲ ၁ နာရီတွင် ရေဦးမြို့သို့ ရောက်ရှိပြီး ငလျင်ကြောင့် ရေဦးမြို့နယ်အတွင်း အောင်မင်္ဂလာရပ်ကွက်ရှိ ဆုတောင်းပြည့်ဘုရား ပတ်လည်တွင် အက်ကွဲမှုများဖြစ်ပေါ်နေမှု အခြေအနေနှင့် ကျောင်းဆောင်သစ် မျက်နှာကြက် ပြိုကျမှုအခြေအနေ၊ ဗိုလ်အောင်ဇေယျ ရပ်ကွက်ရှိ ထန်းတပင်ကျောင်းတိုက် စေတီလေးဖက်လေးတန် အက်ကွဲမှုအခြေအနေ၊ မဲအိုးကျေးရွာ ဖောင်တော်ဦးဘုရားစိန်ဖူးတော်မြေခ၊ ခေါင်းလောင်းရစ်အက်ကွဲမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေး၍ ဆရာတော်များအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ပြီး ရှေးဟောင်းဘုရားစေတီပုထိုး ပျက်စီးဆုံးရှုံးမှုများကို အကြီးစားပြင်ဆင်မှု ရရှိအောင် သက်ဆိုင်ရာ တာဝန်ရှိသူများအား ပူးပေါင်းဆောင်ရွက်ကြရန် မှာကြားခဲ့သည်။ ထို့နောက် ရေဦးမြို့ ပြည်သူ့ဆေးရုံတွင် ငလျင်ကြောင့် ထိခိုက်ဒဏ်ရာရ၍ တက်ရောက်ဆေးကုသနေသူ ခင်ဦးမြို့နယ် ပျဉ်ထောင်ကျေးရွာရှိ ဒေါ်ခင်နွဲ့အား သွားရောက်ကြည့်ရှုအားပေးပြီး ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

ဆက်လက်၍ မွန်းလွဲ ၃ နာရီခန့်တွင် ခင်ဦးမြို့နယ် သာဝတ္ထိကျေးရွာရှိ ရှေးဟောင်းစေတီတော်များ၊ ဖောင်းတော်ရစ်ကွာကျနေမှုများ၊ သာဂရကျေးရွာ ဘုန်းတော်ကြီးကျောင်း စေတီထီးတော်မြေခနေမှုနှင့် ခင်ဦးမြို့ အခြေခံပညာအထက်တန်းကျောင်း နှစ်ထပ်ဆောင်ကွဲအက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး**(ဝဲပုံ)** တိုင်းဒေသကြီးဝန်ကြီးချုပ်က ရှေးဟောင်းစေတီများကို ရှေးဟောင်းသုတေသနအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ရန် မှာကြားခဲ့သည်။

ခင်ဦးမြို့နယ်တွင် ငလျင်လှုပ်ခတ်မှုကြောင့် ရပ်ကွက် နှစ်ရပ်ကွက်၊ ကျေးရွာ ၃၇ ရွာရှိ စေတီ ၈၂ ဆူ၊ ဘုန်းတော်ကြီးကျောင်း ငါးကျောင်း၊ နေအိမ် ၁၁ အိမ်၊ ဆေးခန်းနှစ်ခန်းနှင့် အခြား ၁၃ ခု ပျက်စီးခဲ့ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

ထို့နောက် ရွှေဘိုမြို့နယ်အတွင်း ပိတ္တောကျေးရွာအနီးရှိ အစိုးရနည်းပညာကောလိပ်(ရွှေဘို) အစည်းအဝေးခန်းမ မျက်နှာကြက်နှင့် လေ့ခါးခွင်မျက်နှာကြက် ပြိုကျမှုအခြေအနေနှင့် ရွှေဘိုမြို့ အမှတ်(၆)ရပ်ကွက်ရှိ ချမ်းသာကြီးမြတ်စွာဘုရား ထီးတော်ယိုင်၊ (တနင်္ဂနွေထောင့်ရှိ) ပိန္နဲတိုင်ယိုင်၊ အရံစေတီတစ်ဆူစိန်ဖူးတော်မြေခမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး အကြီးစားပြင်ဆင်မှုရရှိအောင် တာဝန်ရှိသူများအား ပူးပေါင်းဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

ထွန်းကိုကို(ယင်းမာပင်)
စိုးဝေအောင်(ခင်ဦး)

ကျိုက်မရောမှ ရေဘေးသင့် အိမ်ထောင်စုများအတွက် ထိုင်းနိုင်ငံ ADDA ဖိနပ်ကုမ္ပဏီက ထောက်ပံ့လှူဒါန်း

ကျိုက်မရော စက်တင်ဘာ ၁

မော်လမြိုင်ခရိုင် ကျိုက်မရောမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် ထိုင်းနိုင်ငံ ADDA ဖိနပ်ကုမ္ပဏီမှ ဖိနပ် အရန် ၅၀၀ နှင့်အတူ အခြားထောက်ပံ့ပစ္စည်းမျိုးစုံကို ဩဂုတ် ၃၁ ရက်က ကျိုက်မရောမြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ ရေဘေးကွပ်ကဲရေးရုံးသို့ လာရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

လှူဒါန်းသည့် ပစ္စည်းများကို ရေဘေးကွပ်ကဲရေးရုံးမှ တာဝန်ရှိသူများက လက်ခံရယူပြီး ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်မျိုးမြင့်က အလှူရှင်များထံ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

အဆိုပါ ADDA ကုမ္ပဏီမှ လာရောက်လှူဒါန်းသော ဖိနပ်များနှင့် အခြားပစ္စည်းများကို ရေကြီးခဲ့သော ကျေးရွာများမှ ပြည်သူများထံသို့ ဆက်လက်ဖြန့်ဝေ ပေးသွားမည်ဖြစ်ကြောင်း ရေဘေးကွပ်ကဲရေးရုံး တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

ချိုမြတ်မြတ်ထွေး(ကျိုက်မရော)

မြန်မာ့ခရီးသွားဘဏ် မန္တလေး (၂၇ လမ်း) ဘဏ်ခွဲသစ်ဖွင့်

မန္တလေး စက်တင်ဘာ ၁

မြန်မာ့ခရီးသွားဘဏ် မန္တလေးဘဏ်ခွဲသစ် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီက ချမ်းအေးသာစံမြို့နယ် ၈၁ လမ်းနှင့် ၈၂ လမ်းကြား၊ ၂၇ လမ်းရှိ(၂၇ လမ်း) ဘဏ်ခွဲသစ်တွင် ကျင်းပသည်။

တက်ရောက်

ဖွင့်ပွဲအခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦး၊ မန္တလေးတိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြတ်သူ၊ မြန်မာ့ခရီးသွားဘဏ်ဥက္ကဋ္ဌ ဦးရန်ဝင်းနှင့်တာဝန်ရှိသူများ၊ ခရီးသွားလုပ်ငန်းဆောင်ရွက်နေသူများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြတ်သူက မြန်မာ့ခရီးသွားဘဏ်ဖွင့်လှစ်ခြင်းအတွက် ဂုဏ်ပြုစကားပြောကြားပြီး မြန်မာ့ခရီးသွားဘဏ်ဥက္ကဋ္ဌ ဦးရန်ဝင်းက ဘဏ်သမိုင်းကြောင်းနှင့် ရည်မှန်းချက်များကို ရှင်းလင်းပြောကြားသည်။

မြန်မာ့ခရီးသွားဘဏ်ကို မြန်မာပြည်၏ ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေး၊ မြန်မာ့ခရီးသွားဘဏ်မှ အထောက်အကူပြုနိုင်ရန်၊ မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ငန်းများတွင် တစ်တပ်တစ်အား ဘဏ်လုပ်ငန်းဖြင့် အထောက်အကူပြုနိုင်ရန်၊ ခရီးသွားလုပ်ငန်းများတွင် ဖြစ်စေ၊ ဟိုတယ်လုပ်ငန်းများတွင်ဖြစ်စေ၊ SMEs လုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်လာအောင် အထောက်အကူများ ပေးသွားနိုင်ရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာ့ခရီးသွားဘဏ် မန္တလေး (၂၇ လမ်း)ဘဏ်ခွဲသစ်ကို လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦး၊ တိုင်းဒေသကြီး ဝန်ကြီး ဦးမြတ်သူနှင့် မြန်မာ့ခရီးသွားဘဏ်မှ တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး **(ယာပုံ)** ဘဏ်ခွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ခြင်းနှင့် အမွှေးနံ့သာများ ပက်ဖျန်းပေးခဲ့ကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့် ဒုတိယဝန်ကြီး ဦးစိုးအောင် ရွှေဘိုခရိုင်အတွင်း ငလျင်လှုပ်သည့်ဒေသများသို့သွားရောက်၍ လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၁

ဩဂုတ် ၃၁ ရက် ည ၉ နာရီ ၃၉ မိနစ်က ရွှေဘိုမြို့၏ အနောက်မြောက်ဘက် ၁၄ မိုင်ခန့်အကွာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၆ ဒသမ ၀ ဖြင့် လှုပ်ခတ်ခဲ့သော ငလျင်ဒဏ်ကြောင့် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်အတွင်းရှိ ရွှေဘိုမြို့နယ်၊ ခင်ဦးမြို့နယ်၊ ရေဦးမြို့နယ်အတွင်း ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည်။

အဆိုပါပျက်စီးဆုံးရှုံးမှုများနှင့် ပတ်သက်ပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးနိုင်ရန်အတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်သည် ယနေ့ မွန်းလွဲပိုင်းက ရွှေဘိုနည်းပညာတက္ကသိုလ်သို့ရောက်ရှိကာ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့်အတူ ပျက်စီးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် ရွှေဘိုခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဧည့်ရိပ်သာတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးသန်း၊ ခရိုင်နှင့် မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဝင်များနှင့် ပြင်ဆင်ဆောင်ရွက်ရန် လိုအပ်သည့် အစီအမံများကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌတို့နှင့်အတူ ဒုတိယဝန်ကြီးသည် ရွှေဘိုမြို့ချမ်းသာကြီးဘုရား ထီးတော်တိမ်းစောင်းမှု အခြေအနေကို သွားရောက်ကြည့်ရှုခဲ့ကြကြောင်း**(ယာပုံ)**နှင့် ဒုတိယဝန်ကြီးသည် ရေဦးမြို့နှင့် ခင်ဦးမြို့များရှိ ပျက်စီးမှုအခြေအနေများကိုလည်း သွားရောက်ကြည့်ရှုမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



ရန်ကုန်မြစ်အတွင်း ထူးကဲဒီရေမြင့်တက်မှုကြောင့် ဒလမြို့ရှိ မြေနိမ့်ပိုင်းရပ်ကွက်များ၌ ဒီရေဝင်ရောက်

ရန်ကုန် စက်တင်ဘာ ၁

ရန်ကုန်မြစ်အတွင်း ယနေ့ ညနေပိုင်းက ထူးကဲဒီရေ ဆက်လက်မြင့်တက်လာမှုကြောင့် ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်၌ မြစ်၊ ချောင်းကမ်းပါးများ၊ ပန်းဆိုးတန်း၊ ဒလ ကူးတို့ ရေယာဉ်ဆိပ်၊ စက်တပ်သမ္ဗန် ကူးတို့ဆိပ်တို့၌ ရေပြည့်ရေလျှံခြင်းဖြစ်ပေါ်ပြီး မြေနိမ့်ပိုင်းနေထိုင်ကြသော ရပ်ကွက်များအတွင်း အမြင့်တစ်ပေခွဲခန့် မြစ်ရေဝင်ခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**

ထူးကဲဒီရေ ဝင်ရောက်မှုကြောင့် မြေနိမ့်ပိုင်းရပ်ကွက်အချို့နှင့် မြစ်ချောင်းဘေးရပ်ကွက်၌ ရေပြည့်ရေလျှံခြင်း ဖြစ်ပေါ်ခဲ့ပြီး၊ ရပ်ကွက်အတွင်းရှိ လမ်းမများတွင် အမြင့်တစ်ပေခွဲခန့် ဒီရေဝင်ရောက်မှုဖြစ်ပွားခဲ့ကြောင်း၊ မြေနိမ့်ပိုင်းနေထိုင်ကြသော နေအိမ်များအတွင်း ရေဝင်ရောက်မှုများရှိခဲ့ကြောင်း၊ ယမန်နေ့ကထက် ဒီရေဝင်ရောက်မှု ပို၍များလာကြောင်း မြို့မ(၁)ရပ်ကွက်နေ ဒေသခံတစ်ဦးက ပြောသည်။

မြို့မ(၁)ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးဝင်းလှိုင်က ဝါတွင်းကာလအတွင်း မြစ်ချောင်းများ၌ ရေပြည့်ရေလျှံခြင်း ဖြစ်ပေါ်လျက်ရှိကြောင်း၊ ယမန်နေ့ထက် ယနေ့ ညနေပိုင်းတွင် ဒီရေဝင်မှုပို၍များလာကြောင်း၊ အန္တရာယ်များလောက်သည့်အထိ ဒီရေတက်တာမျိုး မရှိကြောင်း ပြောသည်။ ထို့အတူ အုံ့ကြီးအရှေ့ရပ်ကွက်၌ ဗလကျော်ထင်လမ်း၊ ကမ်းနားလမ်း၊ ဗိုလ်တေဇလမ်း၊ အောင်သပြေလမ်းနှင့် ဗိုလ်အောင်ကျော်လမ်းမများအပေါ် ရေကျော်မှုများ ထပ်မံဖြစ်ပွားခဲ့ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးကျော်မျိုးအောင်ထံမှ သိရသည်။

ထူးကဲဒီရေမြစ်တက်မှုကြောင့် မြစ်ချောင်းများအနီးရှိ မြေနိမ့်ပိုင်းရပ်ကွက်များဖြစ်သည့် သမ္မတကမ်းခြေရပ်ကွက်၊ အုံ့ကြီးအရှေ့ရပ်ကွက်၊ မြို့မ(၁)ရပ်ကွက်၊ မြို့မ(၂)ရပ်ကွက်၊ မြို့မ(၃)ရပ်ကွက်၊ အောင်မင်္ဂလာရပ်ကွက်တို့၌ လမ်းသွယ်နှင့် လမ်းမကြီး၊ ကမ်းနားလမ်းတစ်လျှောက် လမ်းမအပေါ် အမြင့်တစ်ပေခွဲခန့် ရေကျော်ခဲ့ပြီး ညနေ ၆ နာရီ မိနစ် ၄၀ ခန့်တွင် ဒီရေပြန်လည်ကျဆင်းသွားခဲ့ကြောင်း သိရသည်။

နှစ်စဉ်မိုးရာသီကာလ ဝါဆို/ဝါခေါင်လများ၌ လပြည့်၊ လကွယ်ရက်များတွင် ပင်လယ်ဒီရေနှင့်အတူ ရန်ကုန်မြစ်ရေမှာ မြင့်တက်လာလျက်ရှိပြီး မြို့တွင်းရှိ ချောင်းများ၏ ရေထုတ်မြောင်းများ ရေဆွဲအားကောင်းမွန်ခြင်းနှင့် ပင်လယ်ဒီရေအတက်အကျ မှန်ကန်ခြင်းတို့ကြောင့် ရေမှာအမြဲစီးဆင်းလျက်ရှိသည်။ ထူးကဲဒီရေသည် လပြည့်၊ လကွယ်ရက်များတွင် တက်လေ့ရှိပြီး ပင်လယ်ကမ်းစပ်နှင့် နီးသောဒေသများတွင် ပုံမှန်ဒီရေတက်ကာ တစ်နှစ်လျှင် နှစ်ကြိမ်၊ သုံးကြိမ်ခန့် ထူးကဲဒီရေတက်ခြင်း ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။ **သတင်းနှင့်ဓာတ်ပုံ နိုင်လင်းကျော်(ဒလ)**

ငလျင်ကြောင့် ထိခိုက်ပျက်စီးမှုများကို စာရင်းကောက်ယူ၍ ကူညီမှုများပေးမည်

ကသာ စက်တင်ဘာ ၁

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ငလျင်ကြောင့် ထိခိုက်ပျက်စီးသွားသည့် လူနေအဆောက်အဦများကို စာရင်းကောက်ယူ၍ ကူညီမှုများပေးသွားမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ သိရသည်။

"ငလျင်ကြောင့် ထိခိုက်ပျက်စီးမှုတွေ သိရဖို့ ခုတော့ ကွင်းဆင်းစစ်ဆေးတာတွေ လုပ်နေတယ်။ ထိခိုက်ပျက်စီးမှုတွေကတော့ များတယ်။ ထိခိုက်ခဲ့တဲ့ လူနေအဆောက်အဦတွေနဲ့ ဘာသာရေးနဲ့ဆိုင်တဲ့ ဘုန်းကြီးကျောင်း စတဲ့ ဘာသာရေးကျောင်းတွေကို ကူညီထောက်ပံ့သွားမယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးစဝီလီဖရန့်က ပြောသည်။

ငလျင်လှုပ်ခတ်မှုကြောင့် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘို၊ ခင်ဦး၊ ရေဦး စသည့် မြို့နယ်များတွင် ဘုရားစေတီများ အက်ကွဲ၍ စိန်ဖူးတော်ကြွေကျခြင်း၊ ဘုန်းကြီးကျောင်းများတွင် အုတ်နံရံအက်ကွဲခြင်းနှင့် အဆောက်အဦ အမြောက်အမြား ထိခိုက်ခြင်းတို့ ဖြစ်ပေါ်ခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဩဂုတ် ၃၁ ရက် ည ၉ နာရီ ၃၉ မိနစ် ၂၂ စက္ကန့်အချိန်က လှုပ်ခတ်ခဲ့သည့် ငလျင်၏အရှိန်ကြောင့် အခြားမြို့များတွင်လည်း ငလျင်လှုပ်ခတ်မှုဖြစ်ပေါ်ခဲ့ပြီး အင်အားမပြင်းထန်သည့် နောက်ဆက်တွဲငလျင်များလည်း လှုပ်ခတ်ခဲ့ကြောင်း မိုးလေဝသနှင့် ဇလဗေဒဆိုင်ရာညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။ **လူအောင်(ကသာ)**

မယ်စဲ့မြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပွား

မယ်စဲ့ စက်တင်ဘာ ၁

ကယားပြည်နယ် မယ်စဲ့မြို့နယ်တွင် ယမန်နေ့ နံနက် ၁ နာရီခွဲမှစ၍ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဟွေနကော့ချောင်း၊ ဟွေစိုင်းချောင်း၊ ဟွေနလူးချောင်း၊ ဟွေခေါက်ခယ်ချောင်းများတွင် တောင်ကျ ရေစီးဆင်းပြီး မယ်စဲ့ချောင်းရေစီးရေလျှံကာနေအိမ်များ၊ လယ်များ ရေနစ်မြုပ် ခြင်း၊ ကားလမ်းရေလွှမ်းခြင်း၊ သစ်ပင်လဲကျခြင်းနှင့် တံတားတစ်စင်း ရေတိုက်စားမှုကြောင့် ချဉ်းကပ်လမ်း ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

အဆိုပါ မိုးသည်းထန်စွာရွာမှုကြောင့် ဟိုစဲ့ကျေးရွာ၊ တောင်ပိုင်းရပ်ကွက်၊ မြောက်ပိုင်းရပ်ကွက်၊ ဝမ်ကန်ကျေးရွာ၊ နမ့်မန်းကျေးရွာရှိလယ်များ ရေနစ်မြုပ်ခြင်း၊ တောင်ပိုင်းရပ်ကွက်ရှိ လူနေအိမ်များအတွင်း ရေဝင်ခြင်း၊ မယ်စဲ့ချောင်းတစ်ဖက်ကမ်းရှိ လယ်တဲတွင် ညအိပ်နေသော ဦးမြအောင်မှာ ချောင်းရေကြီး

လာသဖြင့် ရေလွတ်ရာသို့ သွားလာမရတော့ဘဲ ပိတ်မိနေသဖြင့် မီးသတ်တပ်ဖွဲ့ဝင်များက သွားရောက်ကယ်ဆယ်ခြင်း**(အပေါ်ပုံ)**နှင့် ရေနစ်မြုပ်နေသော နေအိမ်အတွင်းမှ ဆိုင်ကယ်၊ ပစ္စည်းများ၊ လူနှင့် တိရစ္ဆာန်များကို ရေလွတ်ရာသို့ ပြောင်းရွှေ့ခြင်း အစရှိသည့် ကယ်ဆယ်ရေးလုပ်ငန်းများကို မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ဌေးဝင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ဆောင်ရွက်ခဲ့သည်။

ဟွေနလူးချောင်းရေကြီးမှုကြောင့် မယ်စဲ့-ဟိုစဲ့ကားလမ်းပေါ် ရေလွှမ်းမိုးကာ သွားလာမှု ယာယီပြတ်တောက်ခဲ့ပြီး မယ်စဲ့-ဝမ်ကန် ကားလမ်းပေါ်တွင် ရေလွှမ်းမိုးခြင်းနှင့် သစ်ပင်လဲကျခြင်း၊ မယ်စဲ့-နမ့်မန်း-ဘီပီ(၁၃)လမ်း သံကူကွန်ကရစ်တံတား ချဉ်းကပ်လမ်း ရေတိုက်စားမှုကြောင့် ၁၀ ပေခန့် ပျက်စီးခြင်းတို့ ဖြစ်ပေါ်ခဲ့ရာ အဆိုပါဖြစ်စဉ်ကြောင့် လူနှင့်တိရစ္ဆာန် ပျက်စီးမှုမရှိကြောင်း သိရသည်။ **ဝတ်ရည်(ပြန်/ဆက်)**

ဒေးစွန်ပါတောင်ပြိုကျသည့်အစိတ်အပိုင်း ပြန်လည်ပြင်ဆင်နေမှု ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း ကြည့်ရှု

ပဲခူး စက်တင်ဘာ ၁

ပဲခူးမြို့နယ် ဘုရားကလေးကျေးရွာ၌ ဩဂုတ် ၁၁ ရက် နံနက်ပိုင်းက မိုးသည်းထန်စွာရွာမှုကြောင့် သမိုင်းဝင်ဒေးစွန်ပါတောင်ခြေရှိ မာန်လျှော့တောင် ပေ ၆၀၀ ခန့် ပြိုကျသွားရာ ပြန်လည်ပြင်ဆင်မှုအခြေအနေများကို ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း သည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဩဂုတ် ၃၁ ရက် မွန်းလွဲပိုင်းက သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့အား သမိုင်းဝင်ဆုတောင်းပြည့် ဒေးစွန်ပါ စေတီတော်မြတ်ကြီး၏ ဂေါပကဥက္ကဋ္ဌ ဦးသန်းနိုင်က တောင်ပြိုကျမှုအခြေအနေ၊ ပြန်လည်ဆောင်ရွက်နေမှု အခြေအနေ၊ ပိုင်များ ရိုက်သွင်းထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးချုပ်က လုပ်ငန်းဆောင်ရွက်ရာတွင် စနစ်တကျ ခိုင်ခံ့မှုရှိအောင် ကျွမ်းကျင်ပညာရှင်များနှင့် သေချာစွာတွက်ချက်ပြီး စမ်းသပ်ဆောင်ရွက်ကြရန်၊ ဒေးစွန်ပါစေတီတည်ရှိရာ တောင်တန်းသည် စိမ်းလန်းစိုပြည်စွာ တည်ရှိနေခြင်းကြောင့် ဘုရားဖူးလာပြည်သူများ လာရောက်ဖူးမြော်ခြင်းအပြင် အပန်းဖြေစရာနေရာတစ်ခုအဖြစ် ဆောင်ရွက်နိုင်အောင် စေတီတော်ကြီး၏ ဂေါပကအဖွဲ့ တာဝန်ရှိသူများက စနစ်တကျဆောင်ရွက်ကျရန် လိုကြောင်း မှာကြားပြီး တောင်ပြိုကျမှုနေရာတွင် ပိုင်တိုင်များ ရိုက်သွင်းစိုက်ထူခြင်း ပြန်လည်ဆောင်ရွက်နေသည့် လုပ်ငန်းခွင်အား ကြည့်ရှုစစ်ဆေးခဲ့သည်။ **(ယာပုံ)**

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဒေးစွန်ပါ တောင်ပေါ်သို့ တက်ရောက်ပြီး သမိုင်းဝင်ဆုတောင်းပြည့် ဒေးစွန်ပါ စေတီတော်မြတ်ကြီးအား ဖူးမြော်၍ စေတီတော်မြတ်ကြီး ဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ဂေါပကအဖွဲ့ထံ အလှူငွေကျပ်ငါးသိန်း လှူဒါန်းခဲ့ကြောင်း သိရသည်။

ဟိန်းထက်(ပဲခူး)

မြို့နယ်အချို့တွင် မိုးအဆက်မပြတ်ရွာမှုကြောင့် ရေကြီးရေလျှံကာ နေအိမ်အဆောက်အအုံများပျက်စီး

ဇီးကုန်း

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ဇီးကုန်းမြို့နယ်နှင့် နတ်တလင်းမြို့နယ်တို့တွင် ဩဂုတ် ၃၁ ရက်က မိုးအဆက်မပြတ်ရွာမှုကြောင့် ဘော်ဘင်ဆည်နှင့် တောင်ညိုဆည် ရေပိုလွှဲရေများနှင့် တောင်ကျရေ၊ ကွင်းဆက်ရေများ စီးဝင်သဖြင့် စက်တင်ဘာ ၁ ရက် နံနက်ပိုင်းတွင် ဇီးကုန်းမြို့နယ်ရှိ ရပ်ကွက်၊ ကျေးရွာအုပ်စုများရှိ နေအိမ်များအတွင်းသို့ ရေများ ဝင်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ရေများဝင်မှုကြောင့် ဇီးကုန်းမြို့နယ်တွင် ကျေးရွာအုပ်စု ရှစ်အုပ်စုရှိ ကျေးရွာ ၂၀ ရွာနှင့် ရပ်ကွက်သုံးခုတို့တွင် စုစုပေါင်းနေအိမ် ၁၄၃၄ လုံး၌ ရေသုံးပေခန့် ဝင်လျက်ရှိပြီး အခြေခံပညာမူလတန်းကျောင်း ၁၄ ကျောင်းနှင့် အ.လ.က(ခွဲ)ကျောင်း သုံးကျောင်းကို ယာယီပိတ်ထားကြောင်း ပညာရေးမှူးရုံးမှ သိရသည်။ ရေဝင်မှုကြောင့် လူနှင့် တိရစ္ဆာန်များ သေကျေပျက်စီးမှုမရှိကြောင်းနှင့် နေအိမ်များ ရေဝင်ပြီး ထမင်းချက်ပြုတ်၍ မရသော အိမ်ထောင်စုဝင်များသို့ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများနှင့် အလှူရှင်များက ထမင်းထုပ်များ စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဆက်လက်၍ မွန်းလွဲ ၂ နာရီခန့်က မိုးအဆက်မပြတ်ရွာသွန်းပြီး ဝက်ကော်ချောင်းနှင့် စမ်းရွာချောင်းတို့မှ ချောင်းရေများလျှံတက်၍ လူနေအိမ်များ၊ လမ်းများပေါ်သို့ ရေများ ထပ်မံဝင်ခဲ့သည်။ အမှတ်(၃) ရပ်ကွက်တွင် အိမ်ခြေ ၁၅၃ လုံး၊ အမှတ်(၂)ရပ်ကွက်တွင် အိမ်ခြေ ၃၉ လုံး၊ တောင်ပို့ သာယာကျေးရွာအုပ်စုတွင် အိမ်ခြေ ၂၀ လုံး၊ ချောင်းကမ်း ကျေးရွာအုပ်စုတွင် အိမ်ခြေ ၁၉ လုံး၊ သရက်တပင်ကျေးရွာ အုပ်စုတွင် အိမ်ခြေ ၂၁၆ လုံး၊ ကန္တလီကျေးရွာအုပ်စုတွင် အိမ်ခြေ ၁၂၀ တို့၌ ရေများ ထပ်မံဝင်လျက်ရှိပြီး ကျေးရွာအုပ်စု ခုနစ်အုပ်စုရှိ လယ်ဧက ၁၃၈၀ တို့ကို ရေများလွှမ်းခဲ့သည်။ ထို့အပြင် ရန်ကုန်-ပြည်ကား လမ်းမကြီး မိုင်တိုင် အမှတ် (၁၂၈/၂)နှင့် (၁၂၈/၃)ကြား ကားလမ်းမပေါ်၌

ဇီးကုန်းမြို့နယ်တွင် မိုးအဆက်မပြတ်ရွာမှုကြောင့် နေအိမ်များအတွင်း ရေဝင်နေစဉ်။

ရေများဖြတ်သန်းစီးဆင်းလျက်ရှိသည်။

နေအိမ်အတွင်း ရေဝင်၍ နေထိုင်ရန် အခက်အခဲရှိသူများ အဆင်ပြေစေရန်အတွက် အမှတ်(၄)ရပ်ကွက်ရှိ မြို့နယ်ခန်းမတွင် သဘာဝဘေးယာယီကယ်ဆယ်ရေးစခန်းကို ဖွင့်လှစ်ထားရှိရာ အိမ်ထောင်စု ၈၅ စုမှ လူဦးရေ ၃၄၈ ဦး ယာယီပြောင်းရွှေ့နေထိုင်လျက်ရှိပြီး အဆိုပါ ပြောင်းရွှေ့နေထိုင်သူများ၏ နေထိုင်စားသောက်ရေးကိစ္စရပ်များကို မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီနှင့် အလှူရှင်များက စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အပြင် အမှတ်(၁)ရပ်ကွက် သံပုရာကုန်လမ်းထိပ်တွင် နေထိုင်သော ဦးထွန်းမင်းဆိုသူမှာ ရပ်ကွက်အတွင်း ရေလျှံသည့် နေရာများကို လှည့်လည်သွားလာရင်းချော်လဲ၍ ရေနစ် သေဆုံးခဲ့သည်။

မြို့နယ်(ပြန်/ဆက်)

ရေတာရှည်

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် မိုးအဆက်မပြတ်ရွာမှုကြောင့် သိုင်းချောင်းနှင့် ဆွာချောင်းတို့ ရေလျှံပြီး စစ်တောင်းမြစ်ရေ မြင့်တက်မှုကြောင့် နေအိမ်တစ်လုံး ရေနောက်မျောပါ၍ နေအိမ်နှစ်လုံး အရေးပေါ်ရွှေ့ပြောင်းရကာ ကျေးရွာအများအပြား ရေများဝင်ခဲ့ကြောင်း သိရသည်။

ဩဂုတ် ၃၁ ရက်တွင် ဆွာချောင်းအထက်ပိုင်း ပဲခူးရိုးမ သစ်တောကြိုးဝိုင်းဒေသများတွင် မိုးအဆက်မပြတ်ရွာခဲ့၍ သိုင်းချောင်းရေကြီးကာ စက်တင်ဘာ ၁ ရက် နံနက် ၆ နာရီခန့်က သာဂရ-ကိုးပင်ရိုးမဖြတ်ကျော် ကားလမ်း ၉ မိုင်ကျေးရွာတွင် လူနေအိမ်နှစ်လုံး အရေးပေါ်ပြောင်းရွှေ့ခဲ့ရပြီး ၁၀ မိုင်ကျေးရွာတွင် ထရံကာ၊ သက်ကယ်မိုးနေအိမ်တစ်လုံး ရေစီးနောက်မျောပါ၍ လူနေအိမ်တစ်လုံး အရေးပေါ်ပြောင်းရွှေ့ခဲ့ရသည်။ ၁၀ မိုင်ကျေးရွာရှိ ဖိုးကျားအပန်းဖြေဆင်စခန်းရှိ သိုင်းချောင်းပေါ်ဖြတ်၍ တည်ဆောက်ထားသည့် ပေ ၁၂၀ ခန့်အရှည်ရှိ ကြိုးတံတားသည် ပေ ၂၀ ခန့် ပြတ်ပါသွားခဲ့ပြီး အခြားအဆောက်အအုံအချို့ ထိခိုက်ပျက်စီးသွားခဲ့ကြောင်း သိရသည်။

ထို့အတူ ဆွာချောင်းရေသည် နံနက် ၄ နာရီခန့်က ချောင်းနံဘေးတစ်လျှောက်ရှိ ကျေးရွာများသို့ တစ်ပေခန့် ဝင်ခဲ့ကာ ဆွာမြို့တောင်ပိုင်း အမှတ် ၂ ရပ်ကွက် ရန်ကုန်-မန္တလေး ကားလမ်းတစ်လျှောက်ရှိ စိုက်ပျိုးပြီး စပါးခင်းများကို ရေများ ဖုံးလွှမ်းခဲ့ပြီး ဆွာမြို့ ငါးကြီးကွေ့အုပ်စု ထောက်ကြန့်ကွင်းကျေးရွာနှင့် ချောင်းတစ်ဖက်ကမ်းရှိ ရေနီးကျေးရွာတို့ကို ဆက်သွယ်ထားသည့် ကွန်ကရစ်လမ်း၌ အမြင့်လေးပေခန့် ရေကျော်လျက်ရှိသည့်အတွက် ဆိုင်ကယ်နှင့် မော်တော်ယာဉ်များ ဖြတ်သန်းသွားလာနိုင်ခြင်း မရှိတော့ကြောင်း သိရသည်။ သိုင်းချောင်းသည် ဆွာချောင်းအတွင်းသို့ ပေါင်းစီးဆင်း၍ စစ်တောင်းမြစ်အတွင်းသို့ ငါးကြီးကွေ့အရှေ့ဘက်၌ စစ်တောင်းမြစ်အတွင်းသို့ စီးဝင်ခဲ့သဖြင့် စစ်တောင်းမြစ်အောက်ပိုင်းရှိ ဆွာရွာမ၊ သောင်ကြီး၊ ရွှေကဇောင်း၊ ကွမ်းအုံကျေးရွာတို့တွင် ရေအမြင့် လေးပေခန့် ဝင်လျက်ရှိကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူးရုံး၏ မှတ်တမ်းများအရ သိရသည်။

ရေကြီးရေလျှံမှု ဖြစ်ပွားသည့်ဒေသများသို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်ကျော်နှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုခဲ့ကြပြီး လိုအပ်ချက်များရှိပါက အမြန်ဆုံးတုံ့ပြန်ဆောင်ရွက်နိုင်ရန် အစီအစဉ်များကို ဒေသခံများနှင့် ဆွေးနွေးခဲ့ပြီး စစ်တောင်းမြစ်အောက်ပိုင်းဒေသများဖြစ်သည့် တောင်ငူ၊ ကျောက်ကြီး၊ ရွှေကျင်၊ မဒေါက် ဒေသများတွင် မြစ်ရေကြီးခြင်း ရုတ်တရက်ဖြစ်ပေါ်နိုင်၍ သတိပြုသင့်ကြောင်း ပြောကြားခဲ့သည်။

သန်းလွင်

ရွှေတောင်

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့နယ်တွင် ဩဂုတ် ၃၁ ရက်က မိုးသည်းထန်စွာရွာမှုကြောင့် ကြာနီကန် ရပ်ကွက်နှင့် မင်းကွန်းကျေးရွာအုပ်စုအတွင်းရှိ အိမ်ထောင်စု ၆၁ စု ရေဝင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

မိုးသည်းထန်စွာရွာမှုကြောင့် တောင်ကျရေများ စီးဆင်းမှုဖြစ်ပွားကာ ကြာနီကန်ရပ်ကွက်အတွင်းရှိ အိမ်ထောင်စု ၄၄ စု လူဦးရေ ၁၈၁ ဦးနှင့် မင်းကွန်းကျေးရွာအုပ်စုအတွင်းရှိ အိမ်ထောင်စု ၁၇ စု လူဦးရေ ၇၆ ဦး စုစုပေါင်း ၂၅၇ ဦး အိမ်ထောင်စု ၆၁ စုတို့ ရေဝင်မှုဖြစ်ခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ပူးပေါင်း၍ ယာယီပြောင်းရွှေ့နေထိုင်ရန် လိုအပ်သူများကို ပြောင်းရွှေ့နေထိုင်နိုင်ရေးနှင့် ထောက်ပံ့ကူညီမှုများ ရရှိစေရေး ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြပြီး လူနှင့် တိရစ္ဆာန်များ တစ်စုံတစ်ရာ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

ကိုကိုမင်း(ပြန်/ဆက်)

စလင်း

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်တွင် ယမန်နေ့ညက မိုးရွာသွန်းမှုကြောင့် မင်းဘူး-စလင်း-ဆင်ဖြူကျွန်း-တညောင် ကားလမ်းမပေါ်ရှိ ဆင်ဖြူကျွန်းမြို့အနောက်ဘက် ချောင်းဖြူကျေးရွာအုပ်စု ချောင်းဖြူကျေးရွာရှိ ဆုတ်လေဦး ဘုရားသုံးဆူစေတီအနီး ကားလမ်းမပေါ်၊ ရှင်ပင်ဖောင်တော်ဦးဘုရားအနီး ဖောင်တော်ဦးချောင်းရေကျော်နှင့် ကန်တော်ကျေးရွာအုပ်စု ကန်တော်ကျေးရွာချောင်းရေကျော်တို့တွင် ကားလမ်းမပေါ်သို့ ချောင်းရေလျှံတက်ခဲ့ကြောင်း သိရသည်။

အဆိုပါနေရာများသို့ ကျေးရွာအုပ်ချုပ်ရေးမှူး၏ ဆက်သွယ်သတင်းပေးချက်အရ ဆင်ဖြူကျွန်းနယ်မြေရဲစခန်းမှ ဒုရဲအုပ်ကျော်မျိုးဇော် ဦးစီးသော ရဲတပ်ဖွဲ့ဝင်များနှင့် ဆင်ဖြူကျွန်းမီးသတ်စခန်းမှ တပ်ကြပ်ကြီးထွန်းဇော်ဝင်း ဦးစီးသော တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ခရီးသွားပြည်သူများအား ဘေးအန္တရာယ်မဖြစ်ပေါ်စေရေး ယာဉ်ကြီး၊ ယာဉ်ငယ်များကို အသိပေးခြင်းနှင့် ဖြတ်သန်းသွားမှုကို ခေတ္တပိတ်ထားကာ ချောင်းရေပြန်လည်ကျဆင်းသွားချိန်မှသာ သွားလာစေပြီး ခရီးသွားလာရေးအဆင်ပြေစေရန် ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

စိုးမိုးသူ(စလင်း)

ရေတာရှည်မြို့နယ်တွင် မိုးအဆက်မပြတ်ရွာမှုကြောင့် လမ်းများပေါ်တွင် ရေများဝင်ရောက်နေစဉ်။

ရေစကြိုမြို့ရှိ ရှင်မတောင်သစ်တောကြိုးဝိုင်းတွင် သနပ်ခါးမျိုးရင်း အပင် ၁၀၀၀ စိုက်ပျိုးပွဲ ကျင်းပ

ရှင်မတောင်သစ်တောကြိုးဝိုင်းတွင် ရှင်မတောင်သနပ်ခါးမျိုးရင်းပင်များ စိုက်ပျိုးကြစဉ်။

ရေစကြို စက်တင်ဘာ ၁
မကွေးတိုင်းဒေသကြီး ရေစကြိုမြို့ရှိ နာမည်ကျော်ရှင်မတောင်သနပ်ခါးထွက်ရှိရာ ရှင်မတောင်သစ်တောကြိုးဝိုင်းအတွင်း၌ ရှင်မတောင်သနပ်ခါးမျိုးရင်း အပင် ၁၀၀၀ စိုက်ပျိုးပွဲကို ဩဂုတ် ၃၁ ရက်က ကျင်းပခဲ့သည်။

ထိုသို့ ရှင်မတောင်ခြေတွင် သနပ်ခါးအပင် ၁၀၀၀ စိုက်ပျိုးခြင်းကို ရွှေသုန္ဒရီသနပ်ခါးကုမ္ပဏီ၊ Helvetas Myanmar organization၊ မြန်မာနိုင်ငံသစ်ပင်ချစ်သူများအသင်း၊ ရှင်မတောင်ဒေသစိမ်းလန်းစိုပြည်ရေးအဖွဲ့၊ မြန်မာနိုင်ငံ သနပ်ခါးစိုက်ပျိုးထုတ်လုပ်ရောင်းချသူများအသင်း၊ ရေစကြိုမြို့နယ်ရှင်မတောင်သနပ်ခါးအသင်း၊ ပခုက္ကူခရိုင် ရှင်မတောင်သနပ်ခါးအသင်း၊ ရေစကြိုမြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနတို့နှင့် ဒေသခံများပူးပေါင်းကာ ရှင်မတောင်သစ်တောကြိုးဝိုင်းအတွင်း စိုက်ပျိုးခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ၌ ရေစကြို၊ မြိုင်၊ မုံရွာ၊ ရွှေဘို၊ အရာတော်စသည့်ဒေသများသည် သနပ်ခါးပင်များကို စီးပွားဖြစ်စိုက်ပျိုးရောင်းချကြသော ဒေသများဖြစ်ကြသည်။ အဆိုပါဒေသများထဲတွင် ရေစကြိုမြို့နယ်ရှိ ရှင်မတောင်တစ်ဝိုက်မှ ထွက်သောသနပ်ခါးပင်များမှာ အောက်ခံမြေ ကျောက်သားများကြားမှ ထိုးထွက်ပေါက်သော အပင်များဖြစ်သဖြင့် အခြားဒေသထွက်သနပ်ခါးပင်များထက် ပိုမိုကျစ်လျစ်သေးငယ်ကာ အပွေးထူပြီး အနံ့မွှေးကြိုင်သည်ဟု သိရသည်။ ယခင်က ရှင်မတောင်တောင်ပေါ်တွင် သနပ်ခါးပင်များမှာ အလေ့ကျပေါက်ရောက်ခဲ့သော်လည်း ယခု အခါ အလေ့ကျပေါက်ပင်မှာ အလွန်ရှားပါးသွားပြီဖြစ်သောကြောင့် ဒေသမျိုးရင်း မျိုးစိတ်မပျောက်စေရန် မူလပေါက်ရောက်ရာနေရာတွင် ယခုကဲ့သို့ ပြန်လည်စိုက်ပျိုးခြင်းဖြစ်ကြောင်း သိရသည်။

ရှင်မတောင်သစ်တောကြိုးဝိုင်းအတွင်း သနပ်ခါးပင်ရေ ၁၀၀၀ ကို နေရာနှစ်နေရာခွဲကာ စိုက်ပျိုးခြင်းဖြစ်ပြီး ကျွဲ၊ နွား၊ သိုး၊ ဆိတ်များ မဝင်ရောက်အောင် အထူးကြပ်မတ်ထိန်းသိမ်းသွားမည်ဖြစ်ကြောင်း မြို့နယ်အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကျော်မိုးထံမှ သိရသည်။

ရေစကြိုမြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနသည် ရှင်မတောင်သစ်တောကြိုးဝိုင်းအတွင်း ဇီဝမျိုးစိတ်မျိုးကွဲများ မပျောက်ပျက်စေရန် နှစ်ရှည်စီမံကိန်းများချမှတ်ကာ ဆောင်ရွက်လျက်ရှိသည်။

အိမွန်ဆွေ (ရေစကြို)

မြောက်ဦးမြို့၌ မီးဘေးလုံခြုံရေးနှင့် လျှင်ဘေးအန္တရာယ်အသိပညာပေး သရုပ်ပြ

မြောက်ဦး စက်တင်ဘာ ၁
ရခိုင်ပြည်နယ် မြောက်ဦးမြို့ အလယ်ဈေးရပ်ကွက် အမက(မူလွန်)စာသင်ကျောင်းတွင် စာသင်ကျောင်းအခြေပြု မီးဘေးလုံခြုံရေးအသိပညာပေးဟောပြောခြင်း၊ လျှင်ဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောခြင်း၊ လျှင်ဘေးအန္တရာယ်သရုပ်ပြလေ့ကျင့်ခြင်းနှင့် မီးငြိမ်းသတ်ရေး လက်တွေ့သရုပ်ပြခြင်းများကို ဩဂုတ်လ နောက်ဆုံးပတ်က အဆိုပါကျောင်းခန်းမ၌ ဆောင်ရွက်ခဲ့သည်။

မြို့နယ်မီးသတ်ဦးစီးမှူး ဦးစံထွန်းက ကျောင်းသား ကျောင်းသူများကို မီးဘေးကြိုတင်ကာကွယ်ရေး၊ မီးငြိမ်းသတ်ရေး၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာများနှင့် ပတ်သက်ပြီး ဆောင်ရန်၊ ရှောင်ရန်များအားလည်းကောင်း၊ လျှင်လှုပ်ပါက ကြိုတင်ပြင်ဆင်မည့်အချက်များအားလည်းကောင်း ဟောပြောပြီး သရုပ်ပြလေ့ကျင့်မှုများကို ဆောင်ရွက်သည်။

သရုပ်ပြလေ့ကျင့်မှုကို မြို့နယ်မီးသတ်ဦးစီးအရာရှိဦးဆောင်ကာ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ဆေးဘူးအသုံးပြုကာ မီးငြိမ်းသတ်ခြင်းများ၊ လျှင်သရုပ်ပြလှုပ်ရှားမှုများဖြစ်သော (ဝပ်၊ ကာ၊ ထိုင်) ပုံစံများဖြင့် လက်တွေ့သရုပ်ပြဆောင်ရွက်ခဲ့ကြောင်း သိရသည်။ အဆိုပါဟောပြောပွဲနှင့် သရုပ်ပြပွဲသို့ ကျောင်းသားကျောင်းသူ ၁၅၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)

ကျောင်းသားတစ်ဦး မီးငြိမ်းသတ်မှု လက်တွေ့လေ့ကျင့်စဉ်။

စုပေါင်းလှူဒါန်းသည့် သောက်သုံးရေစက်ရေတွင်းနှင့် ရေကန်ဖွင့်ပွဲ တောင်ငူ၌ကျင်းပ

တောင်ငူ စက်တင်ဘာ ၁
ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ (၁၂) ရပ်ကွက်ရှိပြည်သူများ အသုံးပြုနိုင်ရန် တောင်ငူမြို့ ကေတုပရဟိတအသင်းမှ ဦးစီး၍ စေတနာရှင်၊ အလှူရှင်များ စုပေါင်းလှူဒါန်းခဲ့ကြသော ငွေကျပ်သိန်း ၁၆၀ ခန့် တန်ဖိုးရှိ ဂါလန် ၁၁၀၀၀ ဆံ့ သောက်သုံးရေကန်နှင့် စက်ရေတွင်းဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁ ရက် နံနက် ၁၀ နာရီက အဆိုပါ (၁၂) ရပ်ကွက်ရှိ ဇေတဝန်ကျောင်း အရှေ့မုခ်အနီးရှိ သောက်သုံးရေကန် တည်ရှိရာ နေရာတွင် ကျင်းပရာ တောင်ငူမြို့နယ် အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်း၊ အလှူရှင်များကိုယ်စားကေတုပရဟိတအသင်း ဥက္ကဋ္ဌ ဦးကြယ်နီ(ခ)ဦးအောင်လင်းနှင့် (၁၂)ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဦးတို့က အမှာစကားပြောကြားကြပြီး အလှူရှင်များနှင့် ဧည့်သည်တော်များက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (အပေါ်ယာပုံ)

ဆက်လက်၍ အလှူရှင်များနှင့် ဦးစီးဆောင်ရွက်ခဲ့ကြသူများကို ဂုဏ်ပြုမှတ်တမ်းလွှာ၊ အထိမ်းအမှတ်အလံများကို မြို့မိမြို့ဖနှင့် ဌာနဆိုင်ရာများက ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

တောင်ငူမြို့ (၁၂)ရပ်ကွက်နှင့် ပတ်ဝန်းကျင်ရှိ ပြည်သူများသည် လွန်ခဲ့သော နှစ်ပေါင်း ၂၀ ခန့်ကတည်းက နှစ်စဉ် ရေရှားပါးမှုဒဏ်ကို ခံခဲ့ကြရာမှ ယခုစက်ရေတွင်းနှင့် သောက်သုံးရေကန် ရရှိခဲ့ကြ၍ အထူးကျေးဇူးတင်ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။ **ဝ၄ရ**

နေရာကွက် မိုးကြီးနိုင်

နေပြည်တော် စက်တင်ဘာ ၁
စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်တွင် ဒေသအလိုက်နှင့် တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ **မိုး/ဇလ**



ငပြေမကျေးရွာ ဒုတိယအကြိမ်ရေကြီးနစ်မြုပ်၍ အခြေခံပညာကျောင်းအချို့ ယာယီပြန်ပိတ်ထား

ကျိုက်မရော စက်တင်ဘာ ၁
မိုးအဆက်မပြတ်ရွာသွန်း၍ အတ္တရံမြစ်ရေ ဒုတိယအကြိမ်မြင့်တက်လာသဖြင့် မြစ်ကမ်းနားဘေးရှိ ငပြေမကျေးရွာသို့ မြစ်ရေများလျှံတက်လာပြီး လူနေ အိမ်များ၊ အထကခွဲကျောင်းနှင့် လူမှုကယ်ဆယ်ရေးရုံးများအတွင်းသို့ ယမန်နေ့ မွန်းလွဲပိုင်းက စတင်ဝင်ရောက်နစ်မြုပ်လာသဖြင့် အဆိုပါကျေးရွာရှိ စာသင်ကျောင်းအချို့ယာယီပြန်ပိတ်ထားရကြောင်း၊ ကမ်းနားလမ်းပိုင်းရှိ အိမ်များအတွင်းသို့ မြစ်ရေများ ဒုတိယအကြိမ်ထပ်မံဝင်ရောက်လာပြီး ဒေသခံများကုန်းမြင့်ရာ အဆောက်အအုံများသို့ ပြန်လည်ပြောင်းရွှေ့နေထိုင်ရန်အတွက် သက်ဆိုင်ရာမှစီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း နှင့် အဆိုပါကျေးရွာနှင့် နီးစပ်လျက်ရှိသောကြခတ်ကုန်း၊ လမုခိုမိကသစ်ကျေးရွာများတွင်လည်း ရေများစတင်နစ်မြုပ်လျက်ရှိ၍ မော်လမြိုင်မြို့ လူမှုကယ်ဆယ်ရေးအသင်းများက သွားရောက်ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ချိုမြတ်မြတ်ထွေး (ကျိုက်မရော)

ကြေးနီချောင်းတံတားပေါ်တွင် ယာဉ်များ အန္တရာယ်ကင်းစွာ ဖြတ်သန်းသွားလာနိုင်ပြီ

အောင်လံ စက်တင်ဘာ ၁

မကွေးတိုင်းဒေသကြီး အောင်လံမြို့ မြောက်ဘက် မိုးကောင်းကျေးရွာအနီး ပြည်-မန္တလေး လမ်းမကြီးပေါ်ရှိ ကြေးနီချောင်းတံတား၏ အလယ်ဒေါက်တိုင် မျောပါပျက်စီးမှုကြောင့် တန်ချိန်နှစ်ဆယ်အောက် မော်တော်ယာဉ်များကိုသာ ဖြတ်သန်းမောင်းနှင်ခွင့်ပြုထားခဲ့သည်။

ယခုအခါတွင် တံတားအလယ်ဒေါက်တိုင်ကို တံတားအထူးအဖွဲ့ တည်ဆောက်ရေး(၃)မှ ယာယီ ဒေါက်တိုင်အဖြစ် ပြင်ဆင်ဆောင်ရွက်ပြီးဖြစ်သဖြင့် စက်တင်ဘာ ၁ ရက် နံနက်ပိုင်းမှစတင်၍ မော်တော်ယာဉ်ကြီးများကို ၃၆ တန်အထိ စမ်းသပ်မောင်းနှင်စေခဲ့ရာ တံတား၏ဝန်ခံနိုင်ရည်ကို စိတ်ချရပြီဖြစ်သဖြင့် ယာဉ်ကြီး၊ ယာဉ်ငယ်များအားလုံးတို့ကို ဖြတ်သန်းမောင်းနှင်ခွင့်ပြုလိုက်ပြီဖြစ်ကြောင်း လမ်းဦးစီးဌာနမှ သိရသည်။ **သိန်းလွင်(အောင်လံ)**

ကြေးနီချောင်းတံတားပေါ်မှ ကုန်တင်ယာဉ်များ ဖြတ်သန်းနေမှုကို တွေ့ရစဉ်။

ငဖဲမြို့နယ်ရှိ မန်းချောင်းရေလှောင်တမံကို ၂၄ နာရီပတ်လုံး စောင့်ကြပ်ကြည့်ရှုပေးနေ

ငဖဲ စက်တင်ဘာ ၁

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ်အတွင်းရှိ မန်းချောင်းရေလှောင်တမံသည် စက်တင်ဘာ ၁ ရက် နံနက် ၆ နာရီက ရေပိုလွှဲမှ ရေအမြင့် တစ်ပေ ကျော်ကျလျက်ရှိကြောင်း သိရသည်။

ပြီးခဲ့သည့် ၁၀ ရက်အတွင်းရွာသည့် မိုးရေချိန် ၇ ဒသမ ၁၁ လက်မရှိခဲ့ပြီး ဆည်ရေအမြင့် ၀ ဒသမ ၂၀ ပေခန့်သာ တိုးလာခဲ့သည့်အတွက် ၂၄ နာရီ မျက်ခြည်မပြတ် ရေကင်းများချထားပြီး စောင့်ရှောက်ပေးလျက်ရှိကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

ယနေ့မှစ၍ နောက်ဆယ်ရက်အတွင်း မိုးများထပ်ရွာမည်ဆိုလျှင်လည်း ရေကျော်ရန် အမြင့် လေးပေခန့် လိုအပ်လျက်ရှိပြီး နောက်ထပ်စီးဝင်လာမည့် တောင်ကျရေဧက ပေ ၄၈၀ ခန့်ကို ထပ်မံလက်ခံသိုလှောင်နိုင်ကြောင်း သိရသည်။ မျက်မြင်စစ်ဆေးမှုအရ တမံနှင့် ဆက်စပ်အဆောက်အဦများ ကြံ့ခိုင်ကောင်းမွန်ပြီး ထူးခြားမှုရှိပါက အချိန်နှင့်တစ်ပြေးညီသတင်းပေးပို့၍ အရေးပေါ်အခြေအနေကြိုတင်စီမံခန့်ခွဲမှုစီမံချက်အရ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

ကျော်ဌေး(ညောင်ဦး)

နိုင်ငံတစ်ဝန်းရှိ ရေပိုလျှံမှ ရေကျော်နေသည့် ရေလှောင်တမံ ၃၇ ခု စာရင်း

(၁-၉-၂၀၁၉)ရက်နေ့ ရေပိုလွှဲမှ ရေကျော်သည့် ရေလှောင်တမံများ

(၀၆း၀၀)နာရီ ရေအမှတ်

စဉ်	ဆည်အမည်	တည်နေရာ (ခရိုင်/မြို့နယ်)	ကန်ရေပြည့်(ပေ) ကန်ရေသေ(ပေ)	ရေလှောင်ပမာဏ (ဧကပေ)	ရေအနက်(ပေ)	ရေလှောင်ပမာဏ (ဧကပေ)	မိုးရေချိန် (လက်မ)	ရေပိုလွှဲမှ ရေကျော်အမြင့်(ပေ)
		ကရင်ပြည်နယ်						
၁	ရေဘုတ်ရေလှောင်တမံ	ဘားအံခရိုင်/	၃၆	၂၈၇၇၄	၃၇.၄၅	၃၂၁၉၆	၁.၇၃	၁.၄၅
		လှိုင်းဘွဲ့မြို့	၁၉	၂၃၇၆				
		ချင်းပြည်နယ်						
၂	လိုင်ဗားရေလှောင်တမံ	ဖလမ်းခရိုင်/	၆၈.၈၀	၁၈၈၁	၆၉.၁၀	၁၉၀၂	၀.၈၈	၀.၃၀
		ဖလမ်းမြို့	၂၆	၁၀၃				
		စစ်ကိုင်းတိုင်းဒေသကြီး						
၃	ရာဇဂြိုဟ်ရေလှောင်တမံ	ကလေးခရိုင်/	၁၄၅	၅၂၀၀၀	၁၄၆.၄၀	၅၃၃၃၀	၀.၁၇	၁.၄၀
		ကလေးမြို့	၈၅	၈၀၀၀				
		ပဲခူးတိုင်းဒေသကြီး(အရှေ့)						
၄	ပသိရေလှောင်တမံ	တောင်ငူခရိုင်/	၈၀	၃၀၅၀၀	၈၀.၁၀	၃၀၅၉၅	၁.၉၀	၀.၁၀
		တောင်ငူမြို့	၂၅.၆	၁၅၀၅				
၅	ရေသိုးရေလှောင်တမံ	တောင်ငူခရိုင်/	၅၀	၁၅၅၀၀	၅၂.၃၀	၁၈၉၁၆	၂.၇၁	၂.၃၀
		အုတ်တွင်းမြို့	၂၂.၈၅	၇၂၅				
၆	မင်းရဲရေလှောင်တမံ	တောင်ငူခရိုင်/	၃၈	၂၃၅၀	၃၈.၈၀	၂၄၃၀	၂.၅၀	၀.၈၀
		အုတ်တွင်းမြို့	၂၅	၅၀၀				
၇	ငမြွေရေလှောင်တမံ	တောင်ငူခရိုင်/	၄၆	၂၃၈၀	၄၆.၅၀	၂၄၅၀	၁.၅၀	၀.၅၀
		ဖြူးမြို့	၂၇.၅	၃၅၀				
၈	ဖြူးချောင်းရေလှောင်တမံ	တောင်ငူခရိုင်/	၂၁၉	၆၃၂၅၃၃	၂၂၄.၃၀	၇၁၄၉၁၅	၃.၆၀	၅.၃၀
		ဖြူးမြို့	၁၁၆.၆	၂၉၉၄၉				
၉	ဘောနီရေလှောင်တမံ	ပဲခူးခရိုင်/	၇၃	၃၅၂၀၀	၇၄.၂၀	၃၇၁၂၀	၂.၅၉	၁.၂၀
		ဒိုက်ဦးမြို့	၃၃	၂၄၀၀				
၁၀	ပျဉ်ပုံကြီးရေလှောင်တမံ	ပဲခူးခရိုင်/	၄၀	၁၁၁၃၀	၄၁.၆၀	၁၁၆၈၅	၁.၃၅	၁.၆၀
		ဒိုက်ဦးမြို့	၈	၁၄၂၈				
၁၁	မဇင်းရေလှောင်တမံ	ပဲခူးခရိုင်/	၅၂	၂၆၁၈၆	၅၂.၈၀	၂၇၃၁၇	၀.၅၃	၀.၈၀
		ပဲခူးမြို့	၂၅	၂၄၇၆				
၁၂	ဇလက်ထော်ရေလှောင်တမံ	ပဲခူးခရိုင်/	၃၉.၅	၁၈၉၁၂	၄၀.၂၀	၁၉၆၆၈	၀.၅၅	၀.၇၀
		ပဲခူးမြို့	၁၂.၅	၇၅၀				
၁၃	ရွှေပြည်(၃)ရေလှောင်တမံ	ပဲခူးခရိုင်/	၂၈	၃၇၀၀	၂၈.၄၀	၃၈၈၀	၀.၆၀	၀.၄၀
		ပဲခူးမြို့	၈	၄၀				
		ပဲခူးတိုင်းဒေသကြီး(အနောက်)						
၁၄	တောင်ညိုရေလှောင်တမံ	သာယာဝတီခရိုင်/	၉၅	၂၁၀၀၀၀	၉၈.၅၀	၂၄၀၃၄၃	၉.၄၀	၃.၅၀
		နတ္တလင်းမြို့	၅၇.၅	၂၁၉၅၀				
၁၅	ဘော်ဘင်ရေလှောင်တမံ (၂)	သာယာဝတီခရိုင်/	၁၀၀	၂၆၅၈၈	၁၀၂.၂၀	၂၈၇၄၄	၀.၅၈	၂.၂၀
	(ဘော်ဘင်ချောင်း)	ဇီးကုန်းမြို့	၆၅	၅၈၄၂				
၁၆	သဲကောရေလှောင်တမံ	သာယာဝတီခရိုင်/	၆၆	၅၂၅၀၀	၆၆.၆၀	၅၆၁၀၀	၀.၂၄	၀.၆၀
		လက်ပံတန်းမြို့	၄၀	၄၁၂၀				
		မကွေးတိုင်းဒေသကြီး						
၁၇	မြစ်သာရေလှောင်တမံ	ဂန့်ဂေါခရိုင်/	၁၈၅	၃၇၇၆၀၀	၁၈၇.၀၀	၃၉၀၇၆၀	၁.၉၅	၂.၀၀
		ဂန့်ဂေါမြို့	၁၃၅	၁၅၂၉၁၅				
၁၈	ဝန်ချောင်း(ကဗွန်းမ)	ပခုက္ကူခရိုင်/	၄၀	၁၆၆၇	၄၁.၀၀	၁၇၇၇	-	၁.၀၀
	ရေလှောင်တမံ	ဆိပ်ဖြူမြို့	၁၁	၄၀				
၁၉	မုန်းချောင်းရေလှောင်တမံ	မင်းဘူးခရိုင်/	၁၄၀	၆၂၀၉၀၀	၁၄၂.၀၀	၆၄၂၀၄၀	၀.၉၄	၂.၀၀
		စေတုတ္တရာမြို့	၆၀	၉၂၅၀၀				
၂၀	မန်းချောင်းရေလှောင်တမံ	မင်းဘူးခရိုင်/	၁၂၀	၁၂၀၀၀၀	၁၂၁.၀၀	၁၂၄၀၀၀	၂.၂၉	၁.၀၀
		ငဖဲမြို့	၆၀	၁၀၅၀၀				
၂၁	ကြီးအုံကြီးဝရေလှောင်တမံ	မင်းဘူးခရိုင်/	၁၂၃.၅	၃၀၂၇၀၀	၁၂၇.၁၀	၃၃၆၅၄၀	၀.၁၂	၃.၆၀
		ပွင့်ဖြူ	၅၆	၂၄၃၇၂				
၂၂	ပဒဲရေလှောင်တမံ	သရက်ခရိုင်/	၁၀၅	၃၂၈၉၀	၁၀၇.၇၀	၃၆၅၀၃	၁.၀၀	၂.၇၀
		အောင်လံမြို့	၇၈	၈၉၃၀				
		မန္တလေးတိုင်းဒေသကြီး						
၂၃	လွန်ငင်ရေလှောင်တမံ	မိတ္ထီလာခရိုင်/	၂၈.၅	၄၃၄	၃၀.၀၀	၅၄၄	-	၁.၅၀
		မိတ္ထီလာမြို့	၂၄	၂၀၇				
၂၄	ချောင်းကောက်ရေလှောင်တမံ	ရမည်းသင်းခရိုင်/	၆၅.၅	၁၃၆၅၀	၆၇.၀၀	၁၄၇၅၀	၀.၇၅	၁.၅၀
		ပျော်ဘွယ်မြို့	၅၄	၅၀၀၀				
		မွန်ပြည်နယ်						
၂၅	ဝါးပါးရေလှောင်တမံ	သထုံခရိုင်/	၆၁	၄၁၅၀	၆၁.၅၀	၄၂၂၈	၃.၃၀	၀.၅၀
		သထုံမြို့	၁၇	၁၇၃				
၂၆	ကတိုက်ရေလှောင်တမံ	သထုံခရိုင်/	၁၂၃	၅၄၀၉၂	၁၂၄.၄၀	၅၅၄၂၃	၄.၄၆	၁.၄၀
		ပေါင်မြို့	၂၆	၁၁၇၅				
၂၇	ရွှေနတ်တောင်ရေလှောင်တမံ	မော်လမြိုင်ခရိုင်/	၇၄	၅၂၅၀	၇၅.၄၅	၅၅၀၇	၆.၃၅	၁.၄၅
		မော်လမြိုင်မြို့	၃၄	၉၁၀				
၂၈	အဇင်းရေလှောင်တမံ	မော်လမြိုင်ခရိုင်/	၈၂.၈	၁၅၄၂၇	၈၃.၅၀	၁၅၇၇၈	၆.၃၀	၀.၇၀
		မုဒုံမြို့	၂၅.၅	၁၂၆				
		ရခိုင်ပြည်နယ်						
၂၉	ပြိုင်းချောင်းရေလှောင်တမံ	မြောက်ဦးခရိုင်/	၉၆	၂၅၂၀၅	၉၆.၂၀	၂၅၃၀၅	၀.၂၀	၀.၂၀
		ကျောက်တော်မြို့	၂၆	၁၀၅၄				
၃၀	ဂရင်ဂျိုင်ရေလှောင်တမံ	မြောက်ဦးခရိုင်/	၂၆	၆၅	၂၆.၁၀	၆၅.၂၀	-	၀.၁၀
		မင်းပြားမြို့	၁၂	၅				
၃၁	ကြက်တက်ရေလှောင်တမံ	မြောက်ဦးခရိုင်/	၃၀	၁၂၀	၃၀.၂၀	၁၂၃	-	၀.၂၀
		မင်းပြားမြို့	၁၀	၉				
၃၂	ရှောက်ချောင်းရေလှောင်တမံ	မြောက်ဦးခရိုင်/	၄၃	၁၁၄၀	၄၃.၈၀	၁၁၉၀	၃.၈၀	၀.၈၀
		ကျောက်တော်မြို့	၁၇	၁၂၀				
၃၃	တမန်းဒူးရေလှောင်တမံ	မြောက်ဦးခရိုင်/	၃၄.၇၅	၆၇၈	၃၄.၈၅	၆၈၂	-	၀.၁၀
		မြေပုံမြို့	၁၁.၇၅	၇၅				
		ရန်ကုန်တိုင်းဒေသကြီး						
၃၄	ငမိုးရိပ်ရေလှောင်တမံ	ရန်ကုန်(မြောက်ပိုင်း)ခရိုင်/	၆၂	၁၈၀၀၀၀	၆၂.၈၀	၁၈၆၄၀၀	၀.၃၇	၀.၈၀
		လှည်းကူးမြို့	၃၆	၁၂၀၀၀				
၃၅	ဘန့်ဘွေးကုန်းရေလှောင်တမံ	ရန်ကုန်(တောင်ပိုင်း)ခရိုင်/	၁၃	၁၇၃၅	၁၃.၅၀	၁၈၄၅	၁.၆၀	၀.၅၀
		ကျောက်တန်းမြို့	၂.၅၀	၁၅၀				
၃၆	ဇာမဏီအင်းရေလှောင်တမံ	ရန်ကုန်(တောင်ပိုင်း)ခရိုင်/	၁၂	၅၃၆၄	၁၂.၃၀	၅၅၇၆	၁.၇၅	၀.၃၀
		သန်လျင်မြို့	၂	၃၂၆				
		ဧရာဝတီတိုင်းဒေသကြီး						
၃၇	ကညင်ရေလှောင်တမံ	ဟင်္သာတခရိုင်/	၁၇၄	၁၄၅၀၀၀	၁၇၄.၂၀	၁၄၅၃၇၈	၀.၄၀	၀.၂၀
		အင်္ဂပူမြို့	၈၆	၂၆၈၈၀				

ရန်ကုန်မြို့၏ ပထမဆုံးအကြိမ် Offline ဂိမ်းပြိုင်ပွဲကြီးတွင် ကစားသမား ၃၀၀ ဝင်ရောက်ယှဉ်ပြိုင်

ရန်ကုန် စက်တင်ဘာ ၁

မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ် Offline ဂိမ်းပြိုင်ပွဲကြီးဖြစ်သည့် Pubg Mobile King of the Hill ပြိုင်ပွဲကို ယနေ့မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ Junction Square ၌ ကျင်းပရာ **(ယာပုံ)** ကစားသမား ၃၀၀ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ အဆိုပါ ဂိမ်းပြိုင်ပွဲကြီး၌ ပွဲစဉ်ပေါင်း ငါးပွဲပါဝင်ခဲ့ပြီး ပွဲစဉ်တစ်ပွဲစီတွင် ကစားသမား ၆၀ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ယင်းပွဲစဉ်တစ်ပွဲစီတွင် အနိုင်ရရှိသူ Chicken Dinner Winner တစ်ဦးနှင့် Kill အများဆုံးရရှိသူ Best kill တစ်ဦးစီ ရွေးချယ်ခဲ့ပြီး အနိုင်ရရှိသူများအား တစ်ဦးလျှင် ဒေါ်လာ ၁၀၀ စီ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

"ယခုအချိန်က ကမ္ဘာတစ်လွှားမှာ E.Sports ဂိမ်းတွေ ရေပန်းစားနေပါတယ်။ အရှေ့တောင်အာရှမှာ E.Sports ဂိမ်းတွေပိုအားပေးကစားကြပြီး မြန်မာနိုင်ငံမှာလည်း တကယ်ကို စိတ်အားထက်သန်ပြီး အောင်မြင်နိုင်ချေ အလားအလာရှိတဲ့ လူငယ်ကစားသမားတွေအများကြီး တွေ့ရပါတယ်။ ဒါ့ကြောင့် မြန်မာနိုင်ငံမှာ E.Sports ကဏ္ဍ ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်လာစေဖို့နဲ့ မြန်မာE.Sports ကစားသမားတွေ အရှေ့တောင်အာရှအပြင် နိုင်ငံတကာအဆင့်ပြိုင်ပွဲတွေအထိ ပါဝင်ယှဉ်ပြိုင်နိုင်ဖို့ ရည်ရွယ်ကျင်းပတာ ဖြစ်ပါတယ်" ဟု Pubg Mobile မှ Aman Kumar က ပြောသည်။ အဆိုပါ Offline ဂိမ်းပြိုင်ပွဲကြီးဖြစ်သည့် Pubg Mobile King of the Hill ပြိုင်ပွဲကို တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းနှင့်ဓာတ်ပုံ-အာကာစိုး

ကျိုက်ထို၌ဖွင့်လှစ်ထားသည့် ယာယီရေဘေးရှောင်စခန်းအား ပြန်လည်ပိတ်သိမ်း

ကျိုက်ထို စက်တင်ဘာ ၁

ကျိုက်ထိုမြို့နယ်တွင် ဩဂုတ် ၃၁ ရက်က မိုးသည်းထန်စွာရွာ၍ တောင်ကျရေစီးဆင်းပြီး မြစ်ရေမြင့်တက်မှုကြောင့် မြေနိမ့်ပိုင်းနေ ပြည်သူများနေထိုင်သည့် ရပ်ကွက်များအတွင်း ရေမြင့်တက်မှုဖြစ်ပေါ်ခဲ့ရာ ပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းနိုင်ရန် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်ဆောင်နှင့်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲဝင်းထိုက်တို့က ယာယီရေဘေးရှောင်စခန်းကို ဖွင့်လှစ်၍ ကူညီစောင့်ရှောက်ပေးသည်။

အဆိုပါ ရေဘေးရှောင်စခန်းရှိ ပြည်သူများမှာ ရပ်ကွက်အတွင်း ဝင်ရောက်နေသည့် ရေများ ပြန်လည်ကျဆင်းခဲ့မှုကြောင့် စက်တင်ဘာ ၁ ရက် ညနေ ၅နာရီခန့်တွင် မိမိတို့နေအိမ်များသို့ ပြန်ကြရာ ကျိုက်ထိုမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးသီဟအောင်၊ ဇေယျာမွန်ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမြသောင်းတို့က မော်တော်ယာဉ်များနှင့် လိုက်လံပို့ဆောင်ပေးပြီး ရေဘေးရှောင် ယာယီစခန်းအား ပိတ်သိမ်းခဲ့ကြောင်း သိရသည်။ **ဝင်းမောင်(ကျိုက်ထို)**

မကွေးတိုင်းဒေသကြီး ခြင်းလုံးဆပ်ကော်မတီနှင့် မကွေးပညာရေးကောလိပ်တို့ ပူးပေါင်းကျင်းပသည့် ခြင်းလုံးဒိုင်နည်းပြ (ဆင့်ပွား) သင်တန်းဆင်းပွဲကို ဩဂုတ် ၃၀ ရက်နံနက်က မကွေးပညာရေးကောလိပ်ပညာဝိမာန်၌ ကျင်းပရာ မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစိုးနိုင်က သင်တန်းသားတစ်ဦးအား သင်တန်းဆင်းလက်မှတ် ပေးအပ်ချီးမြှင့်စဉ်။ (အဆိုပါ သင်တန်းတွင် ခြင်းလုံးဥပဒေ နည်းဥပဒေများအား ဒိုင်ချုပ် ဦးသိန်းဟန်က ပို့ချပေးပြီး သင်တန်းကို ဩဂုတ် ၂၄ ရက်မှ ၃၀ရက်အထိ ပြုလုပ်ခဲ့ပြီး သင်တန်းသား သင်တန်းသူ ၁၀၀ ခန့် တက်ရောက်ခဲ့သည်။) အေကေလင်း

၂၀၁၉ ဂေါက်သီးစည်းမျဉ်းသင်တန်း တောင်ကြီးမြို့၌ ဖွင့်လှစ်

ရန်ကုန် စက်တင်ဘာ ၁

မြန်မာနိုင်ငံ ဂေါက်သီးအားကစားဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နှင့် R&A တို့ ပူးပေါင်းဖွင့်လှစ်သော R&A Level-1 Rules Seminar 2019 ကို ယနေ့နံနက်ပိုင်းက တောင်ကြီးမြို့ တောင်ကြီးဂေါက်ကလပ်၌ ဖွင့်လှစ်ရာ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် နာယက ဗိုလ်ချုပ် ဇာနည်ဝင်း (ငြိမ်း) နှင့် ဂေါက်သီးစည်းမျဉ်းကော်မတီဥက္ကဋ္ဌ ဒေါက်တာမြင့်ဦးနှင့် သင်တန်းပို့ချမည့်နည်းပြများ၊ သင်တန်းသူ သင်တန်းသားများ တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် နာယက ဗိုလ်ချုပ်ဇာနည်ဝင်း (ငြိမ်း)နှင့် တောင်ကြီးဂေါက်ကလပ်ဥက္ကဋ္ဌ ဦးစိုင်းကျော်ကျော်လှိုင်တို့က အမှာစကား ပြောကြားကြသည်။ ယင်းနောက် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် နာယက က တောင်ကြီးဂေါက်ကလပ်သို့ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ရာ တောင်ကြီးဂေါက်ကလပ်ဥက္ကဋ္ဌ ဦးစိုင်းကျော်ကျော်လှိုင်က လက်ခံရယူပြီး **(ဝဲပုံ)** မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်သို့ အမှတ်တရလက်ဆောင် ပြန်လည်ပေးအပ်ရာ နာယက က လက်ခံရယူသည်။ သင်တန်းသို့ ဂေါက်သီးအားကစား စိတ်ပါဝင်စားသူ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၆၁ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

ဖိုးသော်ဇင် ၊ ဓာတ်ပုံ-ဂေါက်သီးအဖွဲ့ချုပ်

ကရင်ပြည်နယ်အားကစားနှင့်ကာယပညာကော်မတီ၊ ပြည်နယ်စက်ဘီးကော်မတီ၊ မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်၊ Hpa-An Rider Club နှင့် GTM Bike Shop Joy Trading Co.,Ltd တို့ ပူးပေါင်း၍ ကြာအင်းတောင်တက်ဖိတ်ခေါ် စက်ဘီးစီးပြိုင်ပွဲကို စက်တင်ဘာ ၁ ရက် နံနက် ၈ နာရီက ဘားအံမြို့ ဗိုလ်ချုပ်လမ်း၊ ဇွဲကပင်ပလာဇာရှေ့၌ ကျင်းပစဉ်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

◆ *ကျောဖုံးမှ*

◆ ကျောဖုံးမှ

ကို သိရှိထားပြီးဖြစ်ပါလိမ့်မယ်။ အခုလို လာရောက်သင်ကြားခွင့်ရတဲ့အတွက် မြန်မာနိုင်ငံမှာ စပါးပရိသတ်တွေ တိုးတက်လာမယ်လို့ ထင်ပါတယ်" ဟု နည်းပြ အန်တန်ဘလက်ဝုဒ်က ပြောသည်။

ကမ္ဘာကျော် ဘောလုံးသမားဟောင်းများ၊ နာမည်ကြီးကလပ်အသင်းများမှ နည်းပြဆရာများ၊ အဖွဲ့အစည်းများ၏ အစီအစဉ်အရလည်းကောင်း၊ တစ်ဦးချင်းအစီအစဉ်အရ လည်းကောင်း မြန်မာနိုင်ငံသို့ လာရောက်၍ လူငယ်ကစားသမားများအား ဘောလုံးအခြေခံနည်းစနစ်များ သင်ကြားပေးလျက်ရှိပြီး ယခု စပါးအသင်းနည်းပြဆရာများ၏ ခရီးစဉ်ကို AIA က စီစဉ်ပေးခဲ့ခြင်းဖြစ်သည်။ **ညီမြတ်သော်တာ**

နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

အဲဗာတန်အသင်း အနိုင်ရရှိခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ် ၄

ပရီမီယာလိဂ်ပွဲစဉ် ၄ အဖြစ် စက်တင်ဘာ ၁ ရက်ညပိုင်းက အဲဗာတန်နှင့် ဝုဖ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ အဲဗာတန်အသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ အဲဗာတန်အသင်းအတွက် ဦးဆောင်ဂိုးကို ပွဲကစားချိန် ငါးမိနစ်တွင် ရစ်ချတ်လီဆန်က သွင်းယူပေးခဲ့ပြီး ဝုဖ်အသင်းအတွက် ချေပဂိုးကို ရိုမန် ဆာအိစ်က သွင်းယူပေးခဲ့သည်။ ပွဲချိန် ၁၂ မိနစ်တွင် အဲဗာတန်အသင်းအတွက် အီယိုဘီက သွင်းယူပေးခဲ့၍ ပထမပိုင်းပွဲချိန်အတွင်း အဲဗာတန်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် ဦးဆောင်ထားနိုင်ခဲ့သည်။ ဒုတိယပိုင်းပွဲချိန် ၇၅ မိနစ်အရောက်တွင် ဝုဖ်အသင်းအတွက် ဒုတိယချေပဂိုးကို ရာအူး ဂျေမီနက်ဇ်က သွင်းယူပေးခဲ့၍ တစ်ဖက်နှစ်ဂိုးစီ သရေကျနေခဲ့သည်။ အဲဗာတန်အသင်းအတွက် အနိုင်သေချာစေမည့် ဂိုးကိုတော့ ရစ်ချတ်လီဆန်က မိနစ် ၈၀ အရောက်တွင် သွင်းယူပေးနိုင်ခဲ့သည်။ ထို့နောက် တစ်ဖက်နှင့်တစ်ဖက် ဂိုးထပ်မံသွင်းယူနိုင်ခြင်းမရှိသောကြောင့် အဲဗာတန်အသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ဂျူဗင်တပ်စ်အသင်း နာပိုလီအသင်းကို အနိုင်ရရှိခဲ့သည့် စီးရီးအေပွဲစဉ် ၂

စက်တင်ဘာ ၁ ရက် နံနက်ပိုင်းက အီတလီစီးရီးအေပွဲစဉ် ၂ ၏ စိတ်ဝင်စားမှုအများဆုံးပွဲစဉ်ဖြစ်သည့် ဂျူဗင်တပ်စ်နှင့် နာပိုလီအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဂျူဗင်တပ်စ်အသင်းက လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ဆာရီ၏ ဂျူဗင်တပ်စ်အသင်းသည် ဒန်နီလို၊ ဟီဂူအင်၊ စီရော်နယ်ဒိုတို့၏ သွင်းဂိုးများဖြင့် နာပိုလီအသင်းအပေါ် ဂိုးပြတ်ဦးဆောင်ထားနိုင်ခဲ့သော်လည်း မာနိုလက်၊ လိုဇာနို၊ လော်ရန်ဇိုတို့၏ သွင်းဂိုးများကို ဆက်တိုက်ခွင့်ပြုပေးခဲ့ရသည်။ နာပိုလီအသင်းမှ ကော်လီ ဘာလီက ပွဲချိန် မိနစ် ၉၀ အရောက်တွင် ဒိုင်ဘာလာ၏ အလွတ်တည်ကန်ဘောကို ဖြတ်ထုတ်ရာမှ ကိုယ့်ဂိုးကိုသွင်းမိခဲ့၍ ဂျူဗင်တပ်စ်တို့ လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ဂျူဗင်တပ်စ်အသင်းသည် စီးရီးအေတွင် နှစ်ပွဲကစား နှစ်ပွဲနိုင် ရမှတ်ခြောက်မှတ်ဖြင့် အမှတ်ပေးဇယားကို ဦးဆောင်လျက်ရှိနေသည်။

လီရှိုင်းဆာနေးကို ဘိုင်ယန်မြူးနစ်အသင်း ခေါ်ယူရန် ဆန္ဒရှိနေသေး

ဘိုင်ယန်မြူးနစ်အသင်းသည် မန်စီးတီးအသင်းမှ လီရှိုင်းဆာနေးကို ခေါ်ယူရန် ဆန္ဒရှိနေသေးကြောင်း မေရာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ ၎င်းသည် ဒဏ်ရာပြဿနာကြောင့် အနားယူနေရသူလည်းဖြစ်သည်။

ဖိုဒင်ကို ခေါ်ယူရန် ရိန်းဂျားနှင့် ရိုးမားအသင်း စုံစမ်းမှုများပြုလုပ်

ရိန်းဂျားနှင့် ရိုးမားအသင်းသည် မန်စီးတီးအသင်းမှ အင်္ဂလန် ယူ-၂၁ ကွင်းလယ်ကစားသမား ဖီးလ် ဖိုဒင် (၁၉နှစ်) ကို အငှားခေါ်ယူရန် စုံစမ်းမှုများပြုလုပ်လိုက်ကြောင်း မေရာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ဒေါ့မွန်အသင်း ဘွန်ဒက်စ်လီဂါပွဲစဉ် ၃ တွင် အံ့အားသင့်ဖွယ်ရှုံးနိမ့်ခဲ့

ဒေါ့မွန်အသင်းအသင်းသည် ဘွန်ဒက်စ်လီဂါပွဲစဉ် ၃ တွင် ယူနီယံဘာလင်အသင်းကို အံ့အားသင့်ဖွယ် သုံးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။ ဘောလုံးပိုင်ဆိုင်မှုအပိုင်းတွင် ဒေါ့မွန်အသင်းက အသာစီးရရှိခဲ့သော်လည်း အဆုံးသတ်ပိုင်းသေချာခဲ့သည့် ဘာလင်အသင်းက အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ဘိုင်ယန်မြူးနစ်အသင်းက မိန့်ဇ်အသင်းကို ခြောက်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ **အောင်ဇော်**

မြိတ်ခရိုင်၌ ဩဂုတ်လအတွင်း သဘာဝဘေးကြောင့် နေအိမ် ၁၁၂ လုံးပျက်စီးကာ လေးဦးသေဆုံးပြီး နှစ်ဦးထိခိုက်ခဲ့

မြိတ် စက်တင်ဘာ ၁

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်အတွင်းရှိ မြို့နယ်လေးခုတွင် ဩဂုတ်လအတွင်း မိုးသည်းထန်စွာရွာ၍ လေပြင်းများ တိုက်ခတ်ခြင်း၊ ရေကြီးနစ်မြုပ်ခြင်း၊ မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်ခဲ့သောကြောင့် ကျေးရွာပေါင်း ၅၂ ရွာမှ လူနေအိမ် ၁၁၂ လုံး ပြိုကျပျက်စီးခဲ့ကာ လူလေးဦး သေဆုံးပြီး လူနှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း မြိတ်ခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ သိရသည်။

မြိတ်မြို့နယ်တွင် လေဘေးနှင့် ရေဘေးကြောင့် လူနေအိမ် ခြောက်လုံး၊ မြေပြိုမှုကြောင့် လူနေအိမ် ၁၇ လုံး၊ ပုလောမြို့နယ်တွင် လေဘေး၊ ရေဘေးကြောင့် နေအိမ် ၁၇ လုံး၊ မြေပြိုကျမှုကြောင့်လူနေအိမ် ၁၂ လုံး ပျက်စီးပြီး လူတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

အလားတူ တနင်္သာရီမြို့နယ်တွင် မိုးသည်းထန်စွာရွာ၍ လေပြင်းများ တိုက်ခတ်မှုကြောင့် လူနေအိမ် သုံးလုံး ပြိုကျပျက်စီးကာ လူနှစ်ဦး ရေနစ်သေဆုံးခဲ့သည်။ ကျွန်းစုမြို့နယ်တွင် ရေဘေးနှင့်လေပြင်းများ တိုက်ခတ်မှုကြောင့် လူနေအိမ် ၃၀ နှင့် မြေပြိုမှုကြောင့် လူနေအိမ် ၂၅ လုံး ပျက်စီးခဲ့ကြောင်းနှင့် လူနှစ်ဦးသေဆုံးကာ လူတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဩဂုတ် ၁ ရက်မှ ဩဂုတ် ၃၀ ရက်အထိ မြိတ်ခရိုင်အတွင်း သဘာဝဘေးအန္တရာယ်ဖြစ်စဉ်များကြောင့် ယာယီပြောင်းရွှေ့နေထိုင်သည့် အိမ်ခြေပေါင်း ၃၀၁ လုံးမှ အိမ်ထောင်စု ၁၃၃၆ စု လူဦးရေစုစုပေါင်း ၉၄၀၅ ဦး ရင်ဆိုင်ကြုံတွေ့ခဲ့ရကြောင်းနှင့် ဘေးသင့်ပြည်သူများအား မြိတ်ခရိုင် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာနမှ တာဝန်ရှိသူများက စုစုပေါင်း ထောက်ပံ့ငွေကျပ် ၁၃၃၁ ဒသမ ၆ သိန်းနှင့် ကယ်ဆယ်ရေးပစ္စည်းများကို ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

မြင့်ဦး(မြိတ်)

မြိတ်မြို့နယ်အတွင်း ရေကြီးမှုကြောင့် ရပ်ကွက်များအတွင်း ရေနစ်မြုပ်မှုကို တွေ့ရစဉ်။

မြန်မာ့ရုပ်မြင်သံကြား

၂-၉-၂၀၁၉ (တနင်္လာနေ့)

နံနက်ပိုင်း

- ၆:၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၀၀ - Breakfast News
- ၇:၄၀ - MRTV Travelogue
- ၈:၁၅ - မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ
- ၉:၁၅ - BBC Click
- ၁၀:၃၀ - မုန်တိုင်းအတွက် ဘာတွေပြင်ဆင်ထားနိုင်မလဲ
- ၁၁:၃၅ - မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်
- ၁၃:၂၀ - "သက်ငယ်မုဒိမ်းမှုနှင့် ပတ်သက်သည့်သိကောင်းစရာ ဆွေးနွေးချက်များ"
- ၁၅:၀၀ - နိုင်ငံခြားဇာတ်လမ်းတွဲ "အေးအတူပူအမျှ" (အပိုင်း-၂၉)

ညပိုင်း

- ၁၇:၂၀ - ကျန်းမာရေးအတွက် တိုင်းရင်းဆေးပညာအစီအစဉ် "တုပ်ကွေးရောဂါနှင့် တိုင်းရင်းဆေးပညာ"
- ၁၇:၅၅ - သဘာဝဘေးအန္တရာယ် ကြိုတင်သတိရှိကြပါစို့ (ရေဘေးအန္တရာယ်)
- ၁၈:၃၀ - မြန်မာနိုင်ငံ လူကုန်ကူးခံရသူများအတွက် အခွင့်အရေးနှင့် ပြစ်မှုတရားစီရင်ရေးလုပ်ထုံးလုပ်နည်းများ
- ၁၉:၂၀ - နိုင်ငံခြားဇာတ်လမ်းတွဲ "ခန်းဆောင်နီအိပ်မက်" (၄)
- ၂၀:၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၀:၃၀ - ငလျင်ဘေးဒဏ်ရင်ဆိုင်တုံ့ပြန်နိုင်ဖို့ ကြိုတင်ပြင်ဆင်ကာကွယ်ကြပါစို့ (ကျောင်းစာသင်ခန်း)
- ၂၀:၃၅ - "စက်မှုဖွံ့ဖြိုးပြည့်အကျိုး" (အမှတ်(၃၆)အကြီးစားစက်ရုံ (ကျောက်ဆည်)(မုန့်စက်ရုံ))
- "မြန်မာမျိုးဆက်သစ် အစီအစဉ်"(ကိုမောင်မောင်စိုးနှင့်တွေ့ဆုံခြင်း
- Save The Library Application)
- "မျိုးစေ့"

ရေပူနှင့် မရမ်းချောင် စစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးစစ်ဆေးဆောင်ရွက်လျက်ရှိ

နေပြည်တော် စက်တင်ဘာ ၁

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဩဂုတ် ၃၁ ရက်တွင် မန္တလေး-မူဆယ်ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၁၇၀၊ သွင်းကုန် ၆၁ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် သွင်းကုန် ၂၅၅ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၃၁ ရက်တွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုတစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၀ ဒသမ ၁၃ သန်းတန်ဖိုးရှိ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Lipo(10 Pkgs)အား တွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသော Lipo များ။

ရွှေဘိုမြို့တွင် သမီးရည်းစားစုံတွဲထံမှ ခြိမ်းခြောက် လုယက်သူများအား ဖမ်းမိ

ရွှေဘို စက်တင်ဘာ ၁

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့တွင် ဩဂုတ် ၂၁ ရက် ညနေ ၅ နာရီခွဲက စကားပြောနေသော သမီးရည်းစားစုံတွဲကို ဓားဖြင့်ထောက်၍ ခြိမ်းခြောက်ကာ ဆိုင်ကယ်၊ လက်ကိုင်ဖုန်းနှင့် ရွှေလက်စွပ်များအား လုယက်သူလေးဦးကို ဩဂုတ်လ နောက်ဆုံးပတ်က ဖမ်းဆီးရမိသဖြင့် အရေးယူထားကြောင်း ရွှေဘိုမြို့မ ရဲစခန်းမှူး ဒုရဲမှူး သိန်းဆန်းဦးထံမှ သိရသည်။

ဩဂုတ် ၃၀ ရက် နံနက် ၈ နာရီက ရွှေဘိုမြို့မရဲစခန်းတွင် ဖွင့်လှစ်ထားသောအမှုမှ ကျော်ဇင်ကို၊ မိုးစက်တင်၊ ဘီဆန်းနှင့် ကျော်ဇင်လတ်တို့ကို စစ်ဆေးရာ ဩဂုတ် ၂၁ ရက် ညနေ ၅ နာရီခွဲက ရွှေဘိုမြို့ အမှတ်(၁၀) ရပ်ကွက်ရှိ စာသင်ကျောင်းအနီး စကားပြောနေသော သမီးရည်းစားစုံတွဲထံမှ ဆိုင်ကယ်တစ်စီး၊ ဖုန်းနှစ်လုံးနှင့် ရွှေလက်စွပ်တစ်ကွင်းတို့ကို ခြိမ်းခြောက်လုယက်ခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

အမှုဖွင့်ထား

ထို့ကြောင့် အမှုမှ လုယက်မှုကျူးလွန်သူများဖြစ်သည့် စဉ့်ကူးမြို့နယ် ကျည်တောက်ပေါက်ကျေးရွာနေသူများဖြစ်သည့် ကျော်ဇင်ကို (၂၀ နှစ်)၊ ကျော်ဇင်လတ်(၁၉နှစ်)၊ ရွှေဘိုမြို့ အမှတ်(၂) ရပ်ကွက်နေ မိုးစက်တင် (၂၂နှစ်)နှင့် စဉ့်ကူးမြို့နယ် ကျောက်ချောင်းကျေးရွာနေ ဘီဆန်း (၁၉ နှစ်)တို့ လေးဦးကို အမှုဖွင့်ထားသည်။

ထို့ပြင် အခင်းဖြစ်စဉ်က ပါဆုံးသွားသည့် ဆိုင်ကယ်မှာကျည်တောက်ပေါက်ကျေးရွာနေ အရှည်ကြီး(ခ)စန်းမြင့်ထွန်းထံ ငွေကျပ်ရှစ်သိန်းဖြင့် ရောင်းချထားကြောင်းပေါ်ပေါက်သဖြင့် သွားရောက်သိမ်းဆည်းစဉ် ဆိုင်ကယ်အား အပ်နှံခြင်းမရှိဘဲ တိမ်းရှောင်ထွက်ပြေးခဲ့သဖြင့် အရှည်ကြီး(ခ)စန်းမြင့်ထွန်းအား ရွှေဘိုမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

မိုးသောက်(ရွှေဘို)

မင်းလှ၌ အရက်သောက်စားရင်း ရန်ဖြစ်ကာ လူတစ်ဦးသေဆုံး

မင်းလှ စက်တင်ဘာ ၁

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် ဟိုင်းရှူးကျေးရွာတွင် ဩဂုတ် ၃၁ ရက် ည ၇ နာရီခန့်က တစ်ရွာတည်းသားချင်း အရက်အတူတူသောက်ပြီး စကားများရန်ဖြစ်ရာ လူတစ်ဦးသေဆုံးခဲ့ကြောင်း မင်းလှမြို့မရဲစခန်းမှ သိရသည်။

ဟိုင်းရှူးကျေးရွာအနောက်ဘက် လယ်တဲပိုင်ရှင် သန်းဦးနှင့် တစ်ရွာတည်းနေ ကုလားမင်းတို့ အရက်အတူသောက်နေစဉ် တစ်ဦးနှင့်တစ်ဦး စနောက်ရာမှ ရန်ဖြစ်ရာ သန်းဦးက ကုလားမင်းကို ဓားဖြင့်ခုတ်သတ်ပြီး ထွက်ပြေးတိမ်းရှောင်သွားကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မင်းလှမြို့မရဲစခန်းက အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပေါက်စ (မင်းလှ)

သက်ငယ်မုဒိမ်းမှုကြိုတင်ကာကွယ်ရေး အသိပညာပေး

တွံတေး

တွံတေးမြို့မရဲစခန်းမှ ရဲအုပ်ဇင်ဗိုလ်ပိုင်သည် တွံတေးမြို့နယ် (၁၉)မိုင် တာကုန်းကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)တွင် ဩဂုတ် ၃၁ ရက်က ကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းဌေးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူ ၁၃၀ တို့ကို သက်ငယ်မုဒိမ်းမှုနှင့် အကြမ်းဖက်မှုကြိုတင်ကာကွယ်ရေးအတွက် အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

သန်းဝင်း(သန်လျင်)

ဖားကန့်

ကချင်ပြည်နယ် ဖားကန့်မြို့နယ်၌ ဆိပ်မူကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတွင် ဩဂုတ် ၃၁ ရက်က မှုခင်းကျဆင်းရေးဟောပြောပွဲကျင်းပရာ ဖားကန့်မြို့မရဲစခန်းမှူး ဒုရဲမှူးမင်းဇော်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ၊ ဆိပ်မူရဲကင်းမှူး ရဲအုပ်အွမ်နိန်က ပြစ်မှု၊ ပြစ်ဒဏ်များ၊ မူးယစ်တပ်ဖွဲ့စု(၃)မှ ရဲအုပ်နေလင်းက မူးယစ်ဆေးဝါးသုံးစွဲခြင်း ဆိုးကျိုးများနှင့် ပြစ်မှု ပြစ်ဒဏ်များ၊ ဒုရဲအုပ်ဝင်းယုက သက်ငယ်မုဒိမ်းမှု ကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြောခဲ့ကြပြီး ကျောင်းအုပ်ဆရာမကြီး၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား မှုခင်းပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

စိုးနိုင်ဦး (ဖားကန့်)

လယ်ဝေးမြို့နယ် သာဝတ္တိနယ်မြေရဲစခန်းမှ ခေတ္တစခန်းမှူး ဒုရဲအုပ် မျိုးသက်ဦး ဩဂုတ် ၂၉ ရက်က ပန်းတင်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ဒေသခံပြည်သူများအား သက်ငယ်မုဒိမ်းမှုမဖြစ်ပွားစေရေးနှင့် လူကုန်ကူးမှုအကြောင်း သိကောင်းစရာများ ဟောပြောစဉ်။

ကိုကိုရှုပ(နေပြည်တော်)

တက္ကဆက်ပြည်နယ်တွင် သေနတ်ပစ်ခတ်မှုကြောင့် လူ ၇ဦးသေဆုံးပြီး ၂၁ ဦးဒဏ်ရာရ

တက္ကဆက် စက်တင်ဘာ ၁

အမေရိကန်စာပို့ယာဉ်ကို သေနတ်သမားတစ်ဦးအပိုင်စီးပြီး ဩဂုတ် ၃၁ ရက်က တက္ကဆက်ပြည်နယ်တွင် တွေ့ရာလူများကို ပစ်ခတ်ခြင်းများပြုလုပ်ခဲ့ရာ လူ ၇ဦးထက်မနည်းသေဆုံးပြီး လူများစွာ ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

သေနတ်သမားမှာ အသက် ၃၀ ဝန်းကျင် လူဖြူတစ်ဦးဖြစ်ကြောင်း ရဲများက အတည်ပြုခဲ့သည်။ သို့သော် ၎င်း၏ အမည်နှင့် တက္ကဆက်ပြည်နယ် အနောက်ပိုင်းရှိ မဒ်လန်းနှင့် အိုဒက်ဆာတို့တွင် ပစ်ခတ်မှုများ ကျူးလွန်ခဲ့သည်ကိုမူ မသိရသေးပေ။

လွန်ခဲ့သည့် တစ်လခန့်က တက္ကဆက်ပြည်နယ် အယ်ပက်ဆိုမြို့တွင် သေနတ် ပစ်ခတ်မှုကြောင့် လူ ၂၂ ဦး သေဆုံးခဲ့ပြီး လတ်တလောဖြစ်ပွားနေသော သေနတ်ပစ်ခတ်မှုများကြောင့် အမေရိကန်တွင် လက်နက်ထိန်းချုပ်ရေးအတွက် တောင်းဆိုမှုများ ဖြစ်ပေါ်လျက်ရှိသည်။

သေနတ်ဖြင့် ပစ်ခတ်မှုကြောင့် ရဲသုံးဦးလည်း ဒဏ်ရာရရှိခဲ့ကြောင်း အိုဒက်ဆာမြို့ ရဲချုပ် မိုက်ကယ်ဂျာ့က ပြောသည်။ သေနတ်သမားက အိုဒက်ဆာမြို့၌ ကားမောင်းပြီး တွေ့ရာလူများကို ပစ်ခတ်မှုများ ပြုလုပ်ခဲ့ကြောင်း အိုဒက်ဆာ ရဲဌာနက သတင်းပို့ထားသည်။ "ကျွန်တော်တို့ ဒီလိုပစ်ခတ်မှုတွေကို အဆုံးသတ်ဖို့လိုအပ်လာပြီ " ဟု တက္ကဆက်လွှတ်တော်အမတ် ဘီတိုအိုရော့ကီက တွစ်တာပေါ်တွင် ရေးသားခဲ့သည်။

ဇူလိုင်လနှောင်းပိုင်းတွင် သေနတ်ပစ်ခတ်မှုကြောင့် လူအစုလိုက် သေဆုံးမှုများ ဖြစ်ပေါ်ခဲ့ပြီးနောက် အမေရိကန်သမ္မတ ထရမ့်က လက်နက်ဝယ်ယူသူ၏ နောက်ခံရာဇဝင်အား စုံစမ်းမည့်အချက်ကို ထောက်ခံခဲ့သည်။

လက်နက်ထိန်းချုပ်မှုနှင့်ပတ်သက်၍ သမ္မတ၏ ရပ်တည်ချက်မှာ အရေးပါလှသည်။

ရီပတ်ဗလစ်ကန်များကြီးစိုးသော လွှတ်တော်တွင် လက်နက်ကိုင်ဆောင်ခွင့်ကို ထောက်ခံသူများ၏ မဲအား အလေးထားသည့်အတွက် သမ္မတ၏ ထောက်ခံမှုမပါလျှင် လက်နက်ထိန်းချုပ်ရေးဥပဒေကို လုပ်ဆောင်နိုင်လိမ့်မည် မဟုတ်ပေ။ **အေအက်ဖ်ပီ**



သေနတ်ပစ်ခတ်မှုကြောင့် ဒဏ်ရာရသူများ တက်ရောက်ကုသနေသည့် ဆေးရုံ။

အာဖဂန်မြောက်ပိုင်း ကန့်ဒက်မြို့ကို တာလီဘန်များ တိုက်ခိုက်

ကဘူးလ် စက်တင်ဘာ ၁

အာဖဂန်နစ္စတန်နိုင်ငံမြောက်ပိုင်း ကန့်ဒက်မြို့တွင် တာလီဘန်တို့က တိုက်ခိုက်မှုများ ဆက်တိုက်ပြုလုပ်ခဲ့ရာ အရပ်သားများအပါအဝင်လူ ၁၈ ဦး အသတ်ခံခဲ့ရကြောင်း သိရသည်။

ဩဂုတ် ၃၁ ရက်က တာလီဘန်များနှင့် အာဖဂန် လုံခြုံရေးတပ်ဖွဲ့ဝင်များကြား တိုက်ပွဲများဖြစ်ပွားရာ လူ ရှစ်ဦးသေဆုံးပြီး ၅၀ ဒဏ်ရာရရှိခဲ့ပြီး တာလီဘန် ၃၀ ခန့် သေဆုံးခဲ့သည်။

ကန့်ဒက်မြို့ရှိ မြို့တွင်းရင်ပြင်တွင် တာလီဘန်များက အသေခံဗုံးခွဲမှုများ ပြုလုပ်ခဲ့ရာ လူ ၁၀ ဦး ထက်မနည်းသေဆုံးခဲ့သည်။ တာလီဘန်များသည် အစိုးရပိုင် အဆောက်အအုံများကို ဝင်ရောက်တိုက်ခိုက်ခြင်းများ ပြုလုပ်ခဲ့သည်ဟု ပြည်နယ် အရာရှိက ပြောသည်။

ကန့်ဒက်မြို့သည် အာဖဂန်နစ္စတန်နှင့် အာရှအလယ်ပိုင်းသို့ ဆက်သွယ်ထားသည့် မဟာဗျူဟာမြောက်နေရာလည်းဖြစ်သည်။ ထို့ကြောင့် ယင်းနေရာ၌ တာလီဘန်များနှင့် အာဖဂန်လုံခြုံရေးတပ်ဖွဲ့ဝင်များကြား မကြာခဏဆိုသလို တိုက်ပွဲများ ဖြစ်ပေါ်လျက်ရှိသည်။

တာလီဘန်များက အမေရိကန်တပ်များ အာဖဂန်မြေပေါ်မှထွက်ခွာ သွားရေး အပေးအယူလုပ်ထားပြီး အပြန်အလှန်အားဖြင့် တာလီဘန်များဘက်မှလည်း အာဖဂန်မြေကို အကြမ်းဖက်သမားများတွက် ခိုလှုံရာနေရာအဖြစ် အသုံးမချရန် အမေရိကန်တို့မှ တောင်းဆိုထားသည်။

လက်ရှိတွင် တာလီဘန်များသည် အာဖဂန်နိုင်ငံတစ်လွှား အကြမ်းဖက်တိုက်ခိုက်မှုများပြုလုပ်လျက်ရှိရာ ယင်းသို့လုပ်ဆောင်ခြင်းသည် ဆွေးနွေးညှိနှိုင်းမှုကို ပိုမိုအားကောင်းလာစေရန် ကြိုးပမ်းမှုတစ်ရပ်ဟု ယူဆကြသည်။

အင်န်အိတ်ချ်ကေ

မက္ကဆီကို အရှေ့ပိုင်း စားသောက်ဆိုင်၌ တိုက်ခိုက်မှု သေဆုံးသူ ၃၀ အထိရှိလာ

မက္ကဆီကိုစီးတီး စက်တင်ဘာ ၁

မက္ကဆီကိုနိုင်ငံ အရှေ့ပိုင်း၌ ဩဂုတ် ၂၈ ရက်က စားသောက်ဆိုင်တစ်ဆိုင်တွင် တိုက်ခိုက်မှုဖြစ်ပွားခဲ့ရာ ယခုအခါ သေဆုံးသူအရေအတွက်မှာ ၃၀ အထိ ရှိလာပြီဟု ဒေသခံအာဏာပိုင်များက ဩဂုတ် ၃၁ ရက်တွင် ပြောကြားခဲ့သည်။

အသက် ၁၉ နှစ်အရွယ် အမျိုးသားတစ်ဦး ဆေးရုံတွင် ထပ်မံသေဆုံးခဲ့သည့်အတွက် သေဆုံးသူအရေအတွက် တိုးလာခြင်းဖြစ်သည်။ နောက်ထပ်သုံးဦးမှာလည်း ဆေးရုံပေါ်တွင် ကုသမှုခံယူဆဲဖြစ်ကြောင်း ဗီရာခရုဇ် ကျန်းမာရေးဝန်ကြီးဌာနမှ ပြော သည်။

ကာဘလို ဘလန်ကိုဟုအမည်ရသည့် ဘားတွင် သေနတ်သမားလေးဦးက မီးရှို့ခဲ့ပြီး ထွက်ပေါက်ကို ပိတ်ထားခဲ့သည်။ အဘယ်ကြောင့် မီးရှို့ခဲ့ခြင်းကိုမူ မသိရသေးပေ။ အဆိုပါတိုက်ခိုက်မှု၏ နောက်တွင် မူးယစ်ကုန်သည်များ ရှိ မရှိကို ရဲများက စုံစမ်းစစ်ဆေးနေကြသည်။

အဆိုပါ ဘားအတွင်း လက်နက်ရောင်းချခွင့်ကို စားသောက်ဆိုင် ပိုင်ရှင်က ခွင့်မပြုခဲ့သည့်အတွက် လက်တုံ့ပြန်သည့်အနေဖြင့် တိုက်ခိုက်မှု ပြုလုပ်ခဲ့သည်ဟု ကနဦးစုံစမ်းစစ်ဆေးမှုများအရ သိရကြောင်း ဗီရာခရုဇ် အုပ်ချုပ်ရေးမှူးက ပြောသည်။ **ဆင်ဟွာ**

ကိုင်ရိုမြို့ မြောက်ပိုင်းရှိ ၁၉ နှစ်ကြာ ပိတ်ထားသည့်ပြတိုက် ပြန်လည်ဖွင့်လှစ်

ကိုင်ရို စက်တင်ဘာ ၁

အီဂျစ်ရှေးဟောင်းပစ္စည်းဝန်ကြီးဌာနမှ ကိုင်ရိုမြို့မြောက်ပိုင်း ဂါဘီရာရှိ တန်တာ ပြတိုက်ကို ဩဂုတ် ၃၁ ရက်တွင် ပြန်လည်ဖွင့်လှစ်ခဲ့သည်ဟု သိရသည်။

၁၉နှစ်ကြာ ပိတ်ထားခဲ့ပြီးနောက် အဆိုပါပြတိုက်ကို ပြန်လည်ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်သည်။ အထပ်ငါးထပ်ရှိသည့် ပြတိုက်ကို ၂၀၀၀ ပြည့်နှစ်ကတည်းက ပိတ်ထားခဲ့ခြင်းဖြစ်ပြီး အဆိုပါပြတိုက်တွင် သမိုင်းမတိုင်မီ ဖာရိုခေတ်၊ ဂရိခေတ်တို့မှ ရှေးဟောင်းပစ္စည်းများ ပြသထားသည်။ တန်တာပြတိုက်သည် အီဂျစ်ရှိသက်တမ်းအရှည်ဆုံးသော ပြတိုက်များထဲမှ တစ်ခုဖြစ်ပြီး ၁၉၁၃ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

ယင်းပြတိုက်ကို ပြန်လည်ဖွင့်လှစ်ခြင်းမှာ နိုင်ငံတစ်ဝန်း ပိတ်ထားသည့် ပြတိုက်များကို ပြန်လည်ဖွင့်လှစ်ရန် စီစဉ်နေသည့် အစိုးရ၏ လုပ်ဆောင်မှုတစ်ရပ်လည်းဖြစ်သည်ဟု အီဂျစ်ရှေးဟောင်းပစ္စည်းဝန်ကြီးဌာန ဝန်ကြီး ခါလက်အယ်အန်နီးက ပြတိုက်ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားခဲ့သည်။

ယင်းပြတိုက်ကို ပြန်လည်ထိန်းသိမ်းရေးအတွက် အီဂျစ်ငွေ ၁၃ သန်း ကုန်ကျခဲ့ကြောင်း၊ ယခုအခါ ခရီးသွားများ၏ သွားရောက်လည်ပတ်ရာလမ်းကြောင်းတွင် ယင်းပြတိုက်ကိုလည်း ထည့်သွင်းရေးဆွဲထားကြောင်း သိရသည်။ ပထမထပ်သည် ပြတိုက်ဝင်ပေါက်ဖြစ်ပြီး ရှေးအီဂျစ်ဘုရင်၏ ရုပ်တုကို ပြသထားသည်။

ဒုတိယထပ်နှင့် တတိယထပ်တို့တွင် အဓိကဟောခန်းပါဝင်ပြီး ရှေးဟောင်းပစ္စည်းများ၊ ကျောက်နက်ဖြင့် ပြုလုပ်ထားသည့် ရှေးဘုရင်များ၏ ရုပ်တုများ၊ အီဂျစ်ရှေးနတ်ဘုရားများ၏ ရုပ်တုများ၊ ကြေးရုပ်တုများကို ပြသထားသည်။ ပြတိုက်ဖွင့်လှစ်နိုင်ရေးအတွက် ၂၀၁၇ ခုနှစ်မှ စတင်ပြင်ဆင်မှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဆင်ဟွာ

တန်တာပြတိုက်အတွင်း လေ့လာနေသူများကို တွေ့ရစဉ်။

ဟာရီကိန်းမုန်တိုင်း ဒိုရီန်း ဖလော်ရီဒါသို့ ချဉ်းကပ်လာသည့်အတွက် ပြင်ဆင်မှုများ ပြုလုပ်



မုန်တိုင်းကြောင့် ဒေသခံများ ဝယ်ယူမှုများ၍ စူပါမားကက်တွင် ကုန်ပစ္စည်းများ ပြတ်လုနီးနီး ဖြစ်နေသည်ကို တွေ့ရစဉ်။

ဖလော်ရီဒါ စက်တင်ဘာ ၁

ဟာရီကိန်းမုန်တိုင်း ဒိုရီန်းသည် စက်တင်ဘာ ၂ ရက်မှ ၃ ရက်အထိ အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါပြည်နယ်သို့ ဝင်ရောက်မည်ဟု ခန့်မှန်းထားသည်။ ပြင်းအားအဆင့် ၄ ရှိသော အဆိုပါမုန်တိုင်းသည် ဒုတိယအင်အားအပြင်းဆုံး အပျက်အစီးများသည့် မုန်တိုင်းဖြစ်မည်ဟု ခန့်မှန်းထားသည်။

အဆိုပါမုန်တိုင်းသည် စက်တင်ဘာ ၁ ရက်တွင် အဘာကိုကျွန်းအရှေ့ဘက် ၂၄၅ ကီလိုမီတာအကွာတွင် တည်ရှိပြီး အနောက်ဘက်သို့ ရွေ့လျားလာကာ အတ္တလန္တိတ်သမုဒ္ဒရာကို ဖြတ်ကျော်နေကြောင်း အမေရိကန်မိုးလေဝသဌာနက ပြောသည်။ အဆိုပါမုန်တိုင်းသည် တစ်နာရီလျှင်လေတိုက်နှုန်း ၂၄၀ ကီလိုဖြင့် ရွေ့လျားနေသည်။

ဖလော်ရီဒါရှိ အာဏာပိုင်များသည် အရေးပေါ်အခြေအနေအဖြစ် ကြေညာထားပြီး မုန်တိုင်းရုတ်တရက်ဖြစ်ပေါ်လာခြင်း၊ လေပြင်းများတိုက်ခတ်ခြင်းတို့ ဖြစ်ပေါ်လာနိုင်ကြောင်း သတိပေးထားသည်။ ဒေသခံများသည် လောင်စာဆီဝယ်ယူရန်၊ ပြတင်းပေါက်များကို ဖုံးအုပ်ထားရန်နှင့် နေရာရွှေ့ပြောင်းရန်တို့အတွက် အလုပ်ရှုပ်နေကြသည်။ ဖလော်ရီဒါသည် ဂျပန်ခရီးသွားများအတွက် အဓိကဆွဲဆောင်ရာ နေရာတစ်ခုလည်းဖြစ်သည်။ **အင်န်အိတ်ချ်ကေ**

ဒုတိယကမ္ဘာစစ်အတွင်း ဆုံးရှုံးမှုတွေကို ယခုအချိန်ထိ တွက်ချက်နေဆဲဖြစ်သည့် ပိုလန်

ခြူးစန္ဒီနွေး

အခုသီတင်းပတ်အကုန်မှာ ပြုလုပ်မယ့် ဒုတိယကမ္ဘာစစ် စတင်ဖြစ်ပွားခြင်း နှစ် ၈၀ မြောက် အထိမ်းအမှတ်အခမ်းအနားကို တက်ရောက်ဖို့အတွက် ကမ္ဘာ့ခေါင်းဆောင်တွေဟာ ပိုလန်နိုင်ငံ ဝါဆောမြို့ကို သွားရောက်ဖို့ ပြင်ဆင်ကြပါတယ်။ ပိုလန်နိုင်ငံဆိုတာကလည်း ဒုတိယကမ္ဘာစစ်ပွဲတုန်းက ဆုံးရှုံးနစ်နာမှု များခဲ့ရတဲ့နိုင်ငံလည်း ဖြစ်ပါတယ်။ ဒုတိယကမ္ဘာစစ်ပွဲကာလအတွင်း ပိုလန်နိုင်ငံရဲ့ဆုံးရှုံးနစ်နာခဲ့ရမှုတွေအတွက် ဂျာမနီဆီကနေ လျော်ကြေးထပ်မံတောင်းခံဖို့ တွက်ချက်နေပါတယ်။

ဒုတိယကမ္ဘာစစ်အတွင်း ဟစ်တလာ၏တပ်များ ပိုလန်နိုင်ငံအတွင်း ကျူးကျော်တိုက်ခိုက်စဉ်။

တရားမျှတမှုမရှိ

"ကျွန်တော်တို့ဟာ လူဦးရေ ခြောက်သန်းခန့် ဆုံးရှုံးခဲ့ရပါတယ်။ ဒီပမာဏဟာ စစ်လျော်ကြေးငွေတွေ အများကြီးရထားပြီးဖြစ်တဲ့ နိုင်ငံတွေနဲ့ယှဉ်ရင်တောင် ပိုများတဲ့ ပမာဏပါ။ ဒီတော့ တရားမျှတမှုဆိုတာ မရှိပါဘူး"လို့ ပိုလန်ဝန်ကြီးချုပ် ဖာတေယူချ် မော်ရာဝီစကီက ဂျာမနီမီဒီယာနဲ့ အင်တာဗျူးဖြေကြားတဲ့အခါ အခုလိုပဲ ပြောပြခဲ့ပါတယ်။ ပိုလန်ပါလီမန်ကော်မတီကတော့ လျော်ကြေးပမာဏကို ဆုံးဖြတ်တုန်းပါပဲ။ ဒါပေမယ့်လည်း ဒါဟာ ၁၉၄၇ ခုနှစ်တုန်းက ပိုလန်ကွန်မြူနစ်တွေ တွက်ချက်ခဲ့တဲ့ ပမာဏထက်တော့ ပိုများမှာပါ။ အဲဒီတုန်းက ပိုလန်နိုင်ငံရဲ့စစ်အတွင်းကာလ ဆုံးရှုံးနစ်နာမှုဟာ အမေရိကန်ဒေါ်လာ သန်း ၈၅၀ ခန့်ရှိတယ်လို့ တွက်ချက်ခဲ့ကြပါတယ်။ ဒုတိယကမ္ဘာစစ်ပွဲကာလမှာ ဂျာမနီတွေဟာ ပိုလန်ကျေးရွာတွေ အများကြီးကို ဖျက်ဆီးပစ်ခဲ့ပါတယ်။ "ဂျာမနီတွေဖျက်ဆီးခဲ့တဲ့ ကျေးရွာအရေအတွက်ကို သေချာဆုံးဖြတ်သွားမှာပါ။ ဒါကိုကြည့်ပြီးတော့မှ ဘယ်လောက်အထိတောင်းဆိုရမယ်ဆိုတာကို သိမှာပါ"လို့ ပိုလန်ဝန်ကြီးချုပ်က ပြောပါတယ်။

> **"၁၉၄၄ ခုနှစ်မှာ ပိုလန်မြေအောက်အဖွဲ့အစည်းဖြစ်တဲ့ ပြည်တွင်းတပ်ဖွဲ့ဟာ ဝါဆောမြို့ကိုသိမ်းပိုက်ထားတဲ့ ဂျာမနီတွေကို ဆန့်ကျင်ခဲ့ပါတယ်။ အဲဒီအုံကြွမှု မအောင်မြင်ဖြစ်ပြီးတဲ့နောက် ပိုလန်လူမျိုးတွေ အမြောက်အမြားအသတ်ခံရပါတယ်။ ပိုလန်မြို့တော်ကို ဖျက်ဆီးပစ်ဖို့လည်း ဟစ်တလာက အမိန့်ပေးခဲ့ပါတယ်။ အဲဒီ လှုပ်ရှားမှုမအောင်မြင်လို့ အသတ်ခံရတဲ့ ပိုလန်နိုင်ငံသားအရေအတွက်ဟာ ဂျပန်နိုင်ငံက ဟီရိုရှီးမားနဲ့ နာဂါဆာကီမြို့တို့မှာ အဏုမြူပုံးကျလို့ သေတဲ့ ပမာဏထက် ပိုများပါတယ်"**

စတင်ဖြစ်ပွား

၁၉၃၉ ခုနှစ် စက်တင်ဘာလ ၁ ရက်မှာတော့ ဂျာမနီဟာ ဝီလန်လို့ခေါ်တဲ့ ပိုလန်မြို့လေးကို ဗုံးကြဲခဲ့ပါတယ်။ အဲဒီမြို့လေးဟာ စစ်ရေးအရ ဘာမှ ထင်ရှားတာ မရှိပါဘူး။ ဒါကြောင့် အရပ်သားတွေကိုရည်ရွယ်ပြီး အကြမ်းဖက်ခဲ့တာပဲဖြစ်တယ်လို့ ကောက်ချက်ချခဲ့ကြပါတယ်။ အဲဒီလိုဗုံးကြဲတိုက်ခိုက်မှုကြောင့် လူတွေ ရာနဲ့ချီပြီး သေဆုံးကုန်တယ်။ အဆောက်အအုံတွေ မွမွကြေကုန်တယ်။ ပြီးတော့ ကျန်ရစ်ခဲ့တဲ့ လူတွေလည်း ထွက်ပြေးကြရတယ်။ ပိုလန်ဘက်ကလည်း တပ်မ ၄၅ ခုနဲ့ ပြန်လည်ခုခံခဲ့ပြီး လေကြောင်းကနေလည်း တိုက်ခိုက်ခဲ့ပါတယ်။ ဂျာမနီဘက်က ကျူးကျော်ပြီး နှစ်ရက်အကြာမှာတော့ ဗြိတိန်နဲ့ ပြင်သစ်တို့ဟာ ဂျာမနီကို စစ်ကြေညာခဲ့ပါတယ်။

ပိုလန်နိုင်ငံ၏ ဆုံးရှုံးနစ်နာမှု

၁၉၃၉ ခုနှစ်မှာ ပိုလန်ကို ဂျာမနီတွေ ဗုံးကြဲခဲ့တဲ့ပျက်စီးဆုံးရှုံးမှုနဲ့ ၁၉၄၅ ခုနှစ်မှာ ဂျာမနီနိုင်ငံ ဒရက်စ်ဒန်ကို ဗြိတိန်တို့ ဗုံးကြဲခဲ့လို့ ဖြစ်ပေါ်လာရတဲ့ဆုံးရှုံးမှုချင်းဟာ အတူတူပါပဲ။ လူဦးရေ ၂၅၀၀၀ အထိ သေဆုံးခဲ့ရပါတယ်။ ပိုလန်ကို ဂျာမနီတို့က ကျူးကျော်ခဲ့တာဟာ ရက်စက်မှုတွေရဲ့ရှေ့ပြေးနိမိတ်ပါပဲ။ ဂျာမနီတွေဟာ ပိုလန်လူမျိုး သန်းနဲ့ချီပြီး သတ်ဖြတ်ခဲ့ပါတယ်။ ခန့်မှန်းမှုတွေအရ စစ်အတွင်း ပိုလန်နိုင်ငံသား ၅ သန်းခန့် အသတ်ခံရပါတယ်။ ဒါဟာ လူဦးရေစုစုပေါင်းရဲ့ ၁၇ ရာခိုင်နှုန်းလည်း ဖြစ်ပါတယ်။ အဲဒီထဲမှာ ပိုလန်ဂျူး ၃ သန်းခန့်ဟာလည်း ဂျာမနီတို့ရဲ့သတ်ဖြတ်တာကို ခံခဲ့ရပါတယ်။ ၁၉၄၄ ခုနှစ်မှာ ပိုလန်မြေအောက်အဖွဲ့အစည်းဖြစ်တဲ့ ပြည်တွင်းတပ်ဖွဲ့ဟာ ဝါဆောမြို့ကိုသိမ်းပိုက်ထားတဲ့ ဂျာမနီတွေကို ဆန့်ကျင်ခဲ့ပါတယ်။ အဲဒီအုံကြွမှု မအောင်မြင်ဖြစ်ပြီးတဲ့နောက် ပိုလန်လူမျိုးတွေ အမြောက်အမြားအသတ်ခံရပါတယ်။ ပိုလန်မြို့တော်ကို ဖျက်ဆီးပစ်ဖို့လည်း ဟစ်တလာက အမိန့်ပေးခဲ့ပါတယ်။ အဲဒီ လှုပ်ရှားမှုမအောင်မြင်လို့ အသတ်ခံရတဲ့ ပိုလန်နိုင်ငံသားအရေအတွက်ဟာ ဂျပန်နိုင်ငံက ဟီရိုရှီးမားနဲ့ နာဂါဆာကီမြို့တို့မှာ အဏုမြူပုံးကျလို့သေတဲ့ ပမာဏထက် ပိုများပါတယ်။

လျော်ကြေးက နည်းပါးလွန်း

ဝါဆောမြို့ကနေ ဂျာမနီတွေကို ဆိုဗီယက်ပြည်ထောင်စု တပ်နီတွေက ဖယ်ရှားခဲ့ပြီးတဲ့နောက်မှာတော့ စတာလင်ဟာ ပိုလန် ကွန်မြူနစ်တွေကို မျက်နှာသာပေးခဲ့ပါတယ်။ ၁၉၈၉ မတိုင်ခင်အထိ ကွန်မြူနစ်တွေ နေရာရခဲ့ပါတယ်။ ချာချီ၊ ရုစဗဲ့နဲ့ စတာလင်တို့ဟာ ဂျာမနီကနေ ပိုလန်ကိုလျော်ကြေးပေးမှုဟာ ဆိုဗီယက်ကနေ တစ်ဆင့် ဖြစ်သင့်တယ်လို့ သဘောတူခဲ့ကြပါတယ်။ လက်ရှိ ပိုလန်အာဏာရပါတီမှ လွှတ်တော်ကိုယ်စားလှယ်ဖြစ်သူ အာကေးဒီးရပ်စ်မူလာချစ်ခ်ကတော့ ပါလီမန်ကော်မတီဟာ စစ်ပြီးဆုံးပြီးတဲ့နောက် ပိုလန်နိုင်ငံကိုပေးရမယ့် စစ်လျော်ကြေးကို ခန့်မှန်းတွက်ချက်မှုတွေ ပြုလုပ်နေတယ်လို့ ပြောပါတယ်။ "ကျွန်တော်တို့ ရရှိခဲ့တဲ့ စစ်လျော်ကြေးငွေဟာ ပမာဏအလွန်နည်းလွန်းပါတယ်။ ဒါဟာ လုံလောက်မှု မရှိပါဘူး"လို့ သူက ဆက်ပြောပါတယ်။ အခုအချိန်အထိ လျော်ကြေးအဖြစ် ၁ ယူရိုတောင် မရသေးတဲ့ ပိုလန်တွေအများကြီးပါပဲ။ သူတို့ဟာ ဒီကိစ္စအတွက် အတော်လေး စိတ်မကောင်းဖြစ်ရပါတယ်လို့ ပြောပါတယ်။ ဂျူးတွေကျတော့ လျော်ကြေးရပြီး ပိုလန်တွေကျတော့ မရတဲ့အတွက်လည်း ဒေါသထွက်ရတယ်လို့ သူက ဆက်ပြောပါတယ်။

ပါလီမန်မှာတင်ပြမယ်

၂၀၁၈ ခုနှစ်အတွင်းက ကောက်ယူခဲ့တဲ့ ဂျာမနီ-ပိုလန် သဘောထားစစ်တမ်းမှာတော့ ၄၆ ရာခိုင်နှုန်းသော ပိုလန်တွေဟာ စစ်လျော်ကြေးတောင်းခံမှုအတွက် ထောက်ခံကြပြီး ၇၆ ရာခိုင်နှုန်းသော ဂျာမနီတွေကတော့ ဒီအဆိုကို ကန့်ကွက်ကြပါတယ်။ မစ္စတာ အာကေးဒီးရပ်စ်ကတော့ သူတို့ရဲ့ကော်မရှင်ဟာ စစ်လျော်ကြေးကိစ္စနဲ့ပတ်သက်ပြီး အောက်တိုဘာလအတွင်းမှာ ပြုလုပ်မယ့် ပိုလန်ပါလီမန်မှာ တင်ပြသွားမယ်လို့ ပြောပါတယ်။ နောက်ထပ်ခြေလှမ်းအနေနဲ့ကတော့ ဒီကိစ္စကို ဂျာမနီနဲ့ ဆက်လက်ဆွေးနွေးသွားမယ်လို့ သူက ဆက်ပြောပါတယ်။

ဂျာမနီဘက်ကသဘောထား

ပိုလန်တွေဟာ အခုအချိန်အထိ လျော်ကြေးကိစ္စကို ဂျာမနီနဲ့ အတိအလင်း မပြောရသေးပါဘူး။ ဂျာမနီတွေကတော့ စစ်လျော်ကြေးပေးတဲ့ကိစ္စဟာ တရားဝင် အဆုံးသတ်သွားပြီပဲဖြစ်တယ်လို့ ပြောကြားခဲ့ပါတယ်။ ၁၉၅၃ ခုနှစ်မှာ ဆိုဗီယက်ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတနိုင်ငံနဲ့ အရှေ့ဂျာမနီတို့အကြား သဘောတူလက်မှတ်ရေးထိုးခဲ့ပါတယ်။ အဲဒါကတော့ ၁၉၅၄ ခုနှစ်ရောက်ရင် စစ်လျော်ကြေးပေးရတဲ့ကိစ္စကို အဆုံးသတ်မယ်ဆိုတဲ့ သဘောတူညီချက်ပါပဲ။ ဒါပေမယ့် မစ္စတာ အာကေးဒီးရပ်စ်ကတော့ ဒီသဘောတူညီချက်ဟာ ခိုင်မာမှုမရှိဘူးလို့ ပြောပါတယ်။ ဘာလို့လဲဆိုရင် အဲဒီတုန်းက ပိုလန်ဟာ လွတ်လပ်တဲ့နိုင်ငံတစ်ခု မဟုတ်သေးပါဘူး။ ပြီးတော့ အဲဒီတုန်းက ဝန်ကြီးချုပ်ကလည်း ဘိုလက်စလောဘီရွတ်ဖြစ်ပြီး ဆိုဗီယက် အေးဂျင့်တစ်ယောက်ပဲဖြစ်တယ်လို့ ပြောခဲ့ပါတယ်။ နောက်ပြီးတော့ ဒီကိစ္စအတွက် အစိုးရအထောက်အထားတွေလည်း မရှိဘူး။ ဒါကြောင့် ပိုလန်ဟာ လျော်ကြေးတောင်းပိုင်ခွင့်ရှိသေးတယ်လို့ သူက ဆက်ပြောပါတယ်။

ကစားကွက်လေလား

ပိုလန်-ဂျာမနီဆက်ဆံရေးဆိုင်ရာ ကျွမ်းကျင်သူတစ်ဦးဖြစ်တဲ့ ဒေါက်တာ အန်နီရာရှက်ကက်လာဒါကတော့ ပိုလန်ဟာ စစ်လျော်ကြေးကိစ္စအတွက် ဂျာမနီနဲ့ တကယ်ပဲ ပြောဆိုဆွေးနွေးကြမှာလားဆိုတာ သံသယဖြစ်မိတယ်လို့ ပြောပါတယ်။ ပိုလန်ဟာ စစ်လျော်ကြေးအတွက် တောင်းပိုင်ခွင့်ရှိတယ်ဆိုတာ ဂျာမနီက အသိအမှတ်ပြုထားပေးပြီးသားပါ။ ဒါပေမယ့် ဒါဟာအစိုးရက မဲလိုချင်လို့ ပြည်တွင်းမှာ ကစားတဲ့ ကစားကွက်တစ်ခုလားဆိုတာကိုလည်း သတိထားဖို့လိုတယ်လို့ သူက ဆက်ပြောပါတယ်။

ဆုံးရှုံးမှုတွေတွက်ချက်ဆဲ

စစ်လျော်ကြေးအတွက် ဆွေးနွေးတာဟာ အားလုံးအတွက် အရေးပါတဲ့ ကိစ္စတစ်ခုပါပဲ။ ဘာလို့လဲဆိုတော့ သတင်းသမားတွေဟာ ဒုတိယကမ္ဘာစစ်အကြောင်း ရေးကြတဲ့အခါ ဘယ်သူက ကျူးလွန်သူလဲ၊ ဘယ်သူက ခံရသူလဲဆိုတဲ့ အချက်အလက်တွေ မှန်ကန်ဖို့ အရေးကြီးပါတယ်လို့ ဒေါက်တာအန်နီရာရှက်ကက်လာဒါက ပြောပါတယ်။ နှစ်ကာလတွေ ကြာရှည်ခဲ့ပြီဖြစ်ပေမယ့် ပိုလန်ကတော့ ဒုတိယကမ္ဘာစစ်အတွင်းက ဆုံးရှုံးမှုတွေကို တွက်ချက်နေဆဲပါပဲ။ ။

ကိုးကား - ဘီဘီစီ

နိုင်ငံတကာသတင်းတိုများ

အမေရိကန်၏ အခွန်စည်းကြပ်မှုများကို တရုတ်ဘက်မှ လက်တုံ့ပြန်

ဝါရှင်တန် စက်တင်ဘာ ၁

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် အစိုးရအဖွဲ့သည် တရုတ်နိုင်ငံမှ ၁၁၀ ဘီလီယံတန်ကုန်ပစ္စည်းများကို အခွန် ၁၅ ရာခိုင်နှုန်း တိုးမြှင့်ရန် အကောင်အထည်ဖော်လျက်ရှိသည်။ ပစ္စည်းပေါင်း ၃၂၀၀ ကျော်ကို အခွန်စည်းကြပ်ခဲ့ပြီး အဆိုပါပစ္စည်းများတွင် နာရီများ၊ ပရိဘောဂပစ္စည်းများ၊ အယ်လ်ဒီစီတီဗွီများ ပါရှိသည်။ အမေရိကန်၏ အခွန်စည်းကြပ်မှုသည် တရုတ်သွင်းကုန်ပစ္စည်း ၇၀ ရာခိုင်နှုန်း နီးပါးခန့်ကို အခွန်စည်းကြပ်ခြင်းဖြစ်သည်။ တရုတ်နိုင်ငံဘက်မှလည်း အမေရိကန်ကို တန်ပြန်အခွန်စည်းကြပ်မှုများ ပြုလုပ်ခဲ့ရာ အမေရိကန်မှ ပဲပုပ်၊ ရေနံစိမ်းများ အပါအဝင် ပစ္စည်းပေါင်း ၁၇၀၀ ခန့်ကို အခွန်စည်းကြပ်မှု ပြုလုပ်ခဲ့ကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ

ဝန်ကြီးချုပ်ဂျွန်ဆင်၏ ဘရီးဇစ်အစီအစဉ်ကို ဗြိတိန်ပြည်သူများ ဆန္ဒပြ

လန်ဒန် စက်တင်ဘာ ၁

ဥရောပသမဂ္ဂမှ ဗြိတိန်မထွက်ခွာမီ အချိန်အတွင်း ဗြိတိန်ပါလီမန်ကို ဝန်ကြီးချုပ် ဂျွန်ဆင်က ပါလီမန်ကို ဆိုင်းငံ့ထားသည့်အတွက် ယင်းကိစ္စကို မကျေနပ်သည့် ပြည်သူများသည် ဗြိတိန်မြို့ကြီးများတွင် ဆန္ဒပြလျက်ရှိကြောင်း သိရသည်။ လန်ဒန်မြို့ ဒေါင်းနင်းလမ်းတွင် ထောင်ပေါင်းများစွာသော ဆန္ဒပြသူများသည် ခရာများ၊ ဒရမ်များတီးကာ ဝန်ကြီးချုပ်၏ အစီအစဉ်ကို ဆန့်ကျင်ကြောင်း ဆန္ဒပြခဲ့ကြသည်။

ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်ကို ဆန့်ကျင်သည့်နိုင်ငံရေးသမားများက ဘောရစ်ဂျွန်ဆင်၏ ဆုံးဖြတ်ချက်ကို တားဆီးရန် တရားရုံးအဆုံးအဖြတ်မရမီ ဆန္ဒပြပွဲများ ပေါ်ပေါက်လာခြင်းဖြစ်သည်။ စီးပွားရေးအရ သဘောတူညီချက်များမရဘဲ ဥရောပသမဂ္ဂမှ နုတ်ထွက်ခြင်းကို လွှတ်တော်အမတ်များက ကန့်ကွက်ကြသည်။ မစ္စတာ ဘောရစ်ဂျွန်ဆင်သည် ကွန်ဆာဗေးတစ်ပါတီခေါင်းဆောင်ရွေးကောက်ပွဲမှတစ်ဆင့် အနိုင်ရပြီးနောက် ဇူလိုင်လအတွင်း ဝန်ကြီးချုပ်ဖြစ်လာခဲ့သည်။

အေအက်ဖ်ပီ

တောင်ကြီးမြို့နယ် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ကွင်းဆင်းကြည့်ရှု

တောင်ကြီး စက်တင်ဘာ ၁

တောင်ကြီးမြို့နယ်အတွင်းရှိ ကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် မြို့ရှောင်လမ်း တိုးချဲ့မည့် နေရာများကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်နှင့် ပြည်နယ်ဝန်ကြီးများက ခရိုင်နှင့်မြို့နယ်အဆင့် တာဝန်ရှိသူများနှင့်အတူ ဩဂုတ် ၃၀ ရက်က ကွင်းဆင်းကြည့်ရှုခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်နေသော တောင်ကြီးမြို့နယ် နောင်လေ ကျေးရွာအုပ်စုမှ ကန်လောင်း-စခဲ လမ်းလုပ်ငန်း၊ တောင်ကြီး၊ ကျောက်တလုံးကြီး၊ နောင်ခဲ၊ ဆီဆိုင်၊ အေးသာယာ၊ ရွှေညောင်နှင့် ညောင်ရွှေမြို့နယ်တို့မှ ကျေးရွာ ၄၄ ရွာ ဓာတ်အားရရှိရေးအတွက် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေး စီမံကိန်းအရ ကမ္ဘာ့ဘဏ်ချေးငွေဖြင့် မူယားကျေးရွာ၌ ဆောင်ရွက်မည့် ၁၁ ကေဗွီအေ လျှပ်စစ်မီးလင်းရေးလုပ်ငန်း၊ ထီဟော်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရန်ပုံငွေဖြင့် ဆောက်လုပ်လျက်ရှိသော မူကြိုကျောင်းဆောင်၊ ပုံလောင်းကျေးရွာ၌ ဆောင်ရွက်နေသော စိမ့်စမ်းရေသွယ်ရေးနှင့် ရေပေးဝေရေးလုပ်ငန်း၊ ကောင်းနိန်းကျေးရွာ၌ ဌာနဆိုင်ရာနှင့် ပြည်သူများ ပူးပေါင်းဆောင်ရွက်သည့် ကတ္တရာလမ်းလုပ်ငန်း၊ သံတေကျေးရွာအုပ်စုရှိ တောင်နီ-တောင်လေးလုံး လမ်းလုပ်ငန်းနှင့် ကလောမြို့နယ် ဟဲဟိုးမြို့ရှိ လျှပ်စစ်ဓာတ်အားခွဲရုံများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကာ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများ ရှင်းလင်းတင်ပြ၍ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

မောင်မောင်သန်း(တောင်ကြီး)

ရေရရှိရေးလုပ်ငန်းတစ်ခုကို ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ် ကြည့်ရှုစစ်ဆေးနေစဉ်

လျှပ်စစ်ဓာတ်ငွေ့ပိုက်လိုင်းကြောင့် နစ်နာခဲ့သော မကွေးမြို့နယ်မှတောင်သူများအား နစ်နာကြေးပေး

မကွေး စက်တင်ဘာ ၁

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းက မကွေး ပင်မဓာတ်အားခွဲရုံဝင်းအတွင်း တည်ဆောက်မည့် ၆၆ မဂ္ဂါဝပ် ဓာတ်အားပေးစက်ရုံ စီမံကိန်းအတွက် လိုအပ်သော သဘာဝဓာတ်ငွေ့ပိုက်လိုင်း သွယ်တန်းရာတွင် ပိုက်လိုင်းဖြတ်သန်းရာ လမ်းကြောင်းတစ်လျှောက်မှ မြေပိုင်ရှင်များအတွက် ဒေသပေါက်ဈေးဖြင့် မြေယာနစ်နာကြေးများကို ဩဂုတ် ၂၉ ရက်က မကွေးမြို့ စုပေါင်းရုံးခန်းမ၌ ပေးအပ်ခဲ့သည်။

စက်ရုံအတွက် ပိုက်လိုင်း အရှည် ၁ ဒသမ ၆၅ မိုင်နှင့် အကျယ် ပေ ၅၀ ခန့်ရှိသော သဘာဝဓာတ်ငွေ့ပိုက်လိုင်းကို မကွေး သဘာဝဓာတ်ငွေ့ထိန်းဖြန့်စခန်းမှ မကွေး ပင်မဓာတ်အားခွဲရုံသို့ သွယ်တန်းတည်ဆောက်သွားမည်ဖြစ်ရာ တောင်သူ ၃၅ ဦး၏ ယာမြေ ၉ ဒသမ ၁၂ ဧကကို ဖြတ်သန်းရသဖြင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက တောင်သူများနှင့် ညှိနှိုင်းသဘောတူညီချက်အရ ယာတစ်ဧကလျှင် ကျပ်သိန်း ၁၃၀ နှုန်း နစ်နာကြေးပေးချေ၍ ဝန်ကြီးဌာနပိုင်မြေအဖြစ် ဝယ်ယူခြင်းဖြစ်ကြောင်း သိရသည်။

မြေယာနစ်နာကြေး ပေးအပ်ပွဲတွင် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက မိမိတို့နိုင်ငံအနေဖြင့် ဓာတ်အားမလုံလောက်သည့် ပြဿနာကို ကြုံတွေ့နေရကြောင်း၊ ထိုအခက်အခဲကို ဖြေရှင်းနိုင်ရန် နိုင်ငံတော်အနေဖြင့်လည်း အားသွန်ခွန်စိုက် လုပ်ဆောင်နေကြောင်း၊ လက်ရှိအချိန်တွင် မကွေးတိုင်းဒေသကြီးရှိ ဓာတ်အားပေးစက်ရုံ ငါးရုံမှ ၂၃၆ မဂ္ဂါဝပ်ခန့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်နေပြီး ယခု ထပ်မံတည်ဆောက်မည့် မကြီးကန် ဓာတ်ငွေ့အင်ဂျင်စက်ရုံမှ ၆၆ မဂ္ဂါဝပ် ထပ်မံရရှိမည်ဖြစ်ကြောင်း၊ ဆက်လက်၍လည်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန အနေဖြင့် မကွေးတိုင်းဒေသကြီးအတွင်း၌ စက်ရုံများ တည်ဆောက်ရန် ရှိသေးကြောင်း၊ တောင်သူများ တောင်းဆိုထားသော ပေ ၅၀ အကျယ်အတွင်း ဓာတ်ငွေ့ပိုက်လိုင်းနှင့်လွတ်ကင်းသည့် မြေနေရာကို ကျေးရွာကုန်ထုတ်လမ်းအဖြစ် အသုံးပြုမည့်ကိစ္စအတွက်လည်း ပိုက်လိုင်းကို ထိခိုက်မှုမဖြစ်လျှင် သက်ဆိုင်ရာ ဝန်ကြီးဌာနက အသုံးပြုခွင့်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။ ထို့နောက် ယာမြေ ၉ ဒသမ ၁၂ ဧကအတွက် ကျပ် ၁၁၈၅ သိန်းကျော်ကို ဝန်ကြီးချုပ်က တောင်သူ ၃၅ ဦးထံသို့ သက်ဆိုင်ရာ ဦးပိုင်တစ်ခုချင်းအလိုက် ခွဲဝေပေးအပ်ခဲ့သည်။

မကွေးတိုင်းဒေသကြီးအတွင်း လျှပ်စစ်နှင့်စွမ်းအင် ဝန်ကြီးဌာနက တည်ဆောက်ထားသည့် မုန်းချောင်းရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံ (၇၅ မဂ္ဂါဝပ်)၊ ကြီးအုံကြီးဝ ရေအားလျှပ်စစ်စက်ရုံ (၇၄ မဂ္ဂါဝပ်)၊ မြစ်သာ ရေအားလျှပ်စစ်စက်ရုံ (၄၀ မဂ္ဂါဝပ်)၊ မင်းဘူး ဆိုလာစက်ရုံ (၄၀ မဂ္ဂါဝပ်)နှင့် ကျွန်းချောင်း သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ (၅၄ မဂ္ဂါဝပ်)တို့ ရှိနေပြီး ကျွန်းချောင်းစက်ရုံမှာ ဓာတ်ငွေ့အခက်အခဲနှင့် စက်သက်တမ်း ကျနေသဖြင့် လက်ရှိအချိန်တွင် ၇ မဂ္ဂါဝပ်ခန့်သာ ထုတ်လုပ်နိုင်ကြောင်း တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ ပြောကြားချက်အရ သိရသည်။

သန်းနိုင်ဦး(ငဖဲ)

လျှော်ပေါ်ဘေးအန္တရာယ် ရှာဖွေကယ်ဆယ်ရေး သရုပ်ပြမှုကို ကချင်ပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှုအားပေး

မြစ်ကြီးနား စက်တင်ဘာ ၁

ကချင်ပြည်နယ်အတွင်း သဘာဝဘေးအန္တရာယ်တစ်ခုဖြစ်သော လျှော်ပေါ်ဘေး ကျရောက်ပါက ကယ်ဆယ်နိုင်ရေးအတွက် ပြည်နယ်မီးသတ်ဦးစီးဌာန၏ စီစဉ်မှုဖြင့် တပ်ခွဲအဆင့် ရှာဖွေကယ်ဆယ်ရေး လေ့ကျင့်သရုပ်ပြမှုကို မြစ်ကြီးနားမြို့ အထက(၅)ကျောင်းဝင်းအတွင်း ဩဂုတ် ၃၀ ရက်က ပြုလုပ်ခဲ့ရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့သည်။

သရုပ်ပြလေ့ကျင့်မှုနှင့် ပတ်သက်၍ ပြည်နယ်မီးသတ်ဦးစီးမှူး ဦးဇော်ဝင်းထွန်းနှင့် ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးဝန်ကြီး ဗိုလ်မှူးကြီးနေလင်းထွန်းတို့က ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များအား ရှင်းလင်းတင်ပြပြီး သရုပ်ပြမှုများကို ဆက်လက်ပြုလုပ်ခဲ့သည်။ လေ့ကျင့်ရာတွင် လျှော်လှုပ်ခတ်မှုကြောင့် အဆောက်အအုံပြိုကျပျက်စီးပြီး ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခြင်း၊ လူနာများအား ဦးစားပေးအဆင့်အလိုက် ဘေးကင်းဇုန်သို့ သယ်ယူရွှေ့ပြောင်းခြင်း၊ ခေတ်မီ ရှာဖွေကယ်ဆယ်ရေး စက်ကိရိယာများဖြင့် ပိတ်မိနေသူများအား ရှာဖွေဖော်ထုတ် ကယ်ဆယ်ခြင်းတို့ကို သရုပ်ပြခဲ့ကာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် အဖွဲ့က ကြည့်ရှုအားပေးခဲ့ကြသည်။

ကချင်ပြည်နယ်၌ ၂၀၁၈ ခုနှစ်က လျှော်အင်အားစား ကိုးကြိမ်အထိ လှုပ်ခတ်ခဲ့သလို ယခု ၂၀၁၉ ခုနှစ်တွင်လည်း ဩဂုတ် ၃ ရက်အထိ လျှော်အင်အားစား ၁၅ ကြိမ် လှုပ်ခတ်ခဲ့ကြောင်းနှင့် ပြည်နယ်မီးသတ်ဦးစီးဌာနအနေဖြင့် ပြည်နယ်အတွင်း သဘာဝဘေးအန္တရာယ်ကျရောက်မှု ဖြစ်စဉ်များတွင် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးနိုင်အောင် ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်လုပ်ကိုင်နေကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

မယ်စဲ့မြို့နယ်မှ ရွာနှစ်ရွာ မီးလင်းရေးလုပ်ငန်းကို ကယားပြည်နယ်ဝန်ကြီးချုပ် ဖွင့်လှစ်ပေး

မယ်စဲ့ စက်တင်ဘာ ၁

ကယားပြည်နယ် မယ်စဲ့မြို့နယ်မှ လျှပ်စစ်ဓာတ်အား မရရှိသေးသော ဟိုဂျစ်ကျေးရွာနှင့် လမ်းဆုံကျေးရွာတို့တွင် ဓာတ်အားရရှိရေးအတွက် ဓာတ်အားလိုင်းသွယ်တန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ပြီးစီးပြီဖြစ်၍ ဓာတ်အားစတင်ဖြန့်ဖြူးသည့် အခမ်းအနားကို ဩဂုတ် ၃၀ ရက်က ကျင်းပခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်စာရင်းစစ်ချုပ်နှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ဖွင့်လှစ်ပေးခဲသည်။

ဖွင့်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က ကယားပြည်နယ်အစိုးရအနေဖြင့် လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးရရှိရေး၊ ရေရရှိရေး စသည်တို့ကို အလေးထား ဆောင်ရွက်ပေးနေကြောင်း အမှာစကားပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ် လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ဝန်ကြီး ဦးခင်မောင်ဖြူနှင့် ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးမြတ်စိုးကျော်တို့က ၁၀၀ ကေဗွီအေ ထရန်စဖော်မာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ကာ ဓာတ်အားစတင်ရရှိသည့် အထိမ်းအမှတ် အလံကို ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာက ပြည်နယ်ဝန်ကြီးချုပ်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများထံ ပေးအပ်သည်။

ထို့နောက် မြန်မာဆိုင်နာဂျီ၊ ကြီးမားသောအလင်းရောင်၊ ရွှေရည်စန္ဒကူးကုမ္ပဏီတို့က ဟိုဂျစ်မူလတန်းလွန်ကျောင်းနှင့် လမ်းဆုံ အမကကျောင်းမှ ကျောင်းသား ကျောင်းသူ ၁၃၉ ဦးအတွက် ဗလာစာအုပ်၊ စာရေးကိရိယာ၊ ဘောလုံးနှင့် ခြင်းလုံးများ လှူဒါန်းပြီး ပြည်နယ်အစိုးရကလည်း ဟိုဂျစ်မူလတန်းကျောင်းသို့ ကျပ် ၁၀ သိန်း၊ လမ်းဆုံ အမကမှ ဆရာ ဆရာမများ နေအိမ်တွင် မီတာတပ်ဆင်ရန် ကျပ် ၁၅၀၀၀၀ နှင့် ကလေးများအား အာဟာရကျွေးရန် ကျပ်တစ်သိန်းကို ထောက်ပံ့ပေးအပ်ခဲ့သည်။ **ဝတ်ရည်(ပြန်/ဆက်)**

ငါးသိုင်းချောင်းမြို့၌ ပဲမျိုးစုံကဏ္ဍ ဖွံ့ဖြိုးရေးနှင့် ဈေးကွက်ဖော်ဆောင်နိုင်ရေး အလုပ်ရုံဆွေးနွေး

ငါးသိုင်းချောင်း စက်တင်ဘာ ၁

ဧရာဝတီတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနက ကြီးမှူးပြီး ရေကြည်မြို့နယ် ငါးသိုင်းချောင်းမြို့၌ ပဲမျိုးစုံကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဈေးကွက်ဖော်ဆောင်နိုင်ရေး အလုပ်ရုံဆွေးနွေးပွဲကို ငါးသိုင်းချောင်းမြို့ အမျိုးသားခန်းမ၌ ဩဂုတ် ၃၀ ရက်က ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာလှမြတ်သွေးနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမန်းဂျော်နီတို့က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှူး ဦးစိုးအောင်က အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်သည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဦးစိန်မောင်မြင့်က ဒေသနှင့်ကိုက်ညီသော ပဲများ စိုက်ပျိုးနိုင်ရေး ဆွေးနွေးကာ မြန်မာနိုင်ငံ ကုန်သွယ်မှုမြှင့်တင်ရေးအသင်းနှင့် မြန်မာနိုင်ငံ ပဲ၊ နှမ်း ကုန်သည်များအသင်းတို့မှ အသင်းဝင်များနှင့် စိုက်ပျိုးရေးပညာရှင်များက ဈေးကွက်ဖော်ဆောင်ရေးဆိုင်ရာများကို စကားဝိုင်းဆွေးနွေးခဲ့သည်။

ထို့နောက် ကုန်သွယ်မှုမြှင့်တင်ရေး အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ စိုက်ပျိုးရေးပညာရှင်များ၊ ကုန်သည်များနှင့် ဒေသခံ ပဲစိုက်တောင်သူများ ပါဝင်သော အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ပြုလုပ်ပြီး ဈေးကွက်ဝင်ပဲများ ရွေးချယ်စိုက်ပျိုးနိုင်ရေး၊ ဒေသနှင့်ကိုက်ညီသော စိုက်ပျိုးရေးနည်းလမ်းများကို ရွေးချယ်နိုင်ရေး၊ ဟန်ချက်ညီသော ကုန်သွယ်မှုဈေးကွက် ရရှိရေး၊ သွင်းအားစု၊ ချေးငွေနှင့် သီးနှံမျိုးကောင်းမျိုးသန့် ရရှိရေး၊ ဈေးကွက်သတင်းနှင့် ရလဒ်ကောင်းများ ရရှိရေး စသည့် ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြသည်။ ဆွေးနွေးပွဲသို့ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့ဝင်များ၊ စိုက်ပျိုးရေးပညာရှင်များ၊ ပဲ၊ နှမ်း ကုန်သည်များနှင့် တောင်သူများ စုစုပေါင်း အင်အား ၅၀၀ ခန့် တက်ရောက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

စိုးမင်းဦး(ပြန်/ဆက်)

သံတောင်ကြီးဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကရင်ပြည်နယ်ဝန်ကြီးချုပ် သွားရောက်ကြည့်ရှု

ဘားအံ စက်တင်ဘာ ၁

ကရင်ပြည်နယ် မြောက်ဖျားရှိ တောင်တန်းဒေသဖြစ်သော သံတောင်ကြီးမြို့နယ်အတွင်းမှ သံတောင်မြို့၊ ဘောဂလိမြို့နှင့် လိပ်သိုမြို့များတွင် ဆောင်ရွက်နေသော ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ဩဂုတ် ၃၀ ရက်က သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် သံတောင်မြို့ ပသိချောင်းခန်းမ၌ ပြုလုပ်သော ကိုယ်ဝန်ဆောင်များနှင့် အသက်(၂)နှစ်အောက် ကလေးငယ်များအား တတိယအကြိမ်နှင့် စတုတ္ထအကြိမ် ထောက်ပံ့ငွေပေးအပ်ပွဲသို့ တက်ရောက်ပြီး သံတောင်ကြီးမြို့နယ်အတွင်းမှ ကိုယ်ဝန်ဆောင်မိခင် ၂၀၉၃ ဦးနှင့် ကလေးငယ် ၂၃၈၉ ဦးအား ထောက်ပံ့ငွေ ကျပ်ကိုးသောင်းစီကို ပေးအပ်သည်။

ထို့နောက် သံတောင်ဒေသအတွင်း ငါးသယံဇာတ ပေါကြွယ်ဝစေရန်အတွက် ပြည်နယ်ဝန်ကြီးချုပ်သည် တောင်ငူ-သံတောင်-ဘောဂလိ လမ်းပေါ်ရှိ ပလက်ဝချောင်း(သောက်ရေခပ်ရေလှောင်တမံ) အတွင်းသို့ ငါးမြစ်ချင်းသားပေါက် အကောင်ရေ တစ်သိန်းခွဲကို မျိုးစိုက်ထည့်ခဲ့သည်။ ဆက်လက်၍ အဆိုပါလမ်းပေါ်၌ ရွှေစွမ်းအင်ကုမ္ပဏီလီမိတက်က တည်ဆောက်နေသော အရှည် ၇၉၇ ဒသမ ၈ ပေ၊ အကျယ် ၂၉ ဒသမ ၅ ပေနှင့် အမြင့် ၁၂၃ ပေရှိ နှစ်လမ်းသွား ပလက်ဝ ချောင်းကူးတံတား တည်ဆောက်နေသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကာ ရွှေစွမ်းအင်ကုမ္ပဏီမှ တာဝန်ရှိသူများက ဆောက်လုပ်ရေးလုပ်ငန်း အခြေအနေများကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်က တံတားကို ဒေသခံပြည်သူများ အမြန်ဆုံး အသုံးပြုနိုင်ရေးအတွက် ဆောင်ရွက်သွားစေလိုကြောင်း မှာကြားခဲ့သည်။

နေမျိုးလွင်(ပြန်/ဆက်)

ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က ကလေးငယ်တစ်ဦးအား ထောက်ပံ့ငွေ ပေးအပ်နေစဉ်

ဟိုတယ်၊ ခရီးလှည့်လည်ရေးနှင့် ဧည့်လမ်းညွှန်လိုင်စင်များ ခွင့်ပြုပေးခဲ့ ပြည်တွင်းမှ အလုပ်သမားပေါင်း ၂၆၉၁ ဦးတို့အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည်

ရန်ကုန် စက်တင်ဘာ ၁

ရန်ကုန်တိုင်းဒေသကြီး ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ၏ (၄/၂၀၁၉) အစည်းအဝေးကို တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ဩဂုတ် ၃၀ ရက်က ပြုလုပ်ခဲ့ပြီး ထိုအစည်းအဝေးတွင် ဟိုတယ်လုပ်ငန်းလိုင်စင် သုံးခုနှင့် တည်းခိုရိပ်သာလုပ်ငန်းလိုင်စင် နှစ်ခု (စုစုပေါင်း အခန်း ၁၃၃ ခန်း)၊ ဟိုတယ်တည်ဆောက်ခွင့် လေးလုံး၊ တည်းခိုရိပ်သာတည်ဆောက်ခွင့် တစ်လုံး၊ ခရီးလှည့်လည်ရေးလုပ်ငန်းလိုင်စင်(ပြည်တွင်း/ပြည်ဝင်) ၅၆ ခု၊ ခရီးလှည့်လည်ရေးလုပ်ငန်းလိုင်စင် (ပြည်ပ) ၁၉ ခုနှင့် ဧည့်လမ်းညွှန်လိုင်စင် ၃၀ တို့ကို တိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီအနေဖြင့် အတည်ပြုခွင့်ပြုပေးခဲ့ကြောင်း သိရသည်။

အစည်းအဝေးတွင် ခွင့်ပြုပေးခဲ့သော ဟိုတယ်နှင့် တည်းခိုရိပ်သာများအတွက် မတည်ငွေနှင့် ရင်းနှီးငွေပမာဏ စုစုပေါင်းမှာ ကျပ် ၂၆၆၇၄ သန်းဖြစ်ပြီး ပြည်တွင်းအလုပ်အကိုင် နေရာပေါင်း ၃၃၅ ခုကို ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

ကော်မတီအစည်းအဝေးအပြီးတွင် အစည်းအဝေးနှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကို ဆက်လက်ပြုလုပ်ခဲ့ပြီး အဆိုပါရှင်းလင်းပွဲတွင် ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီများဖွဲ့စည်းမှုနှင့်ပတ်သက်၍ တိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ တိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး နော်ပန်းသဥ္ဇာမျိုးက "ဒီတစ်ခါ ဖွဲ့စည်းတဲ့အဖွဲ့အစည်းမှာ အစိုးရကဏ္ဍက တာဝန်ရှိသူတွေချည်းပဲ မဟုတ်တော့ဘဲနဲ့ တကယ့်စီးပွားရေးလုပ်ငန်းတွေမှာ လုပ်ငန်းအတွေ့အကြုံတွေရှိပြီးသား တတ်သိပညာရှင်တွေကိုပါ ထည့်ဖွဲ့ထားတယ်။ နောက်ပြီး ခရီးသွားလုပ်ငန်းမှာလည်း တကယ့်လုပ်ငန်းအဖွဲ့အစည်းတွေကို ကိုယ်စားပြုထားတဲ့ ခရီးသွားလုပ်ငန်းဆိုင်ရာ တတ်သိပညာရှင်တွေကို ထည့်ဖွဲ့ထားတာဖြစ်ပါတယ်" ဟု ပြောသည်။

ရန်ကုန်တိုင်းဒေသကြီး ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီအနေဖြင့် အစည်းအဝေးအမှတ်စဉ် (၁/၂၀၁၉) မှ (၄/၂၀၁၉) အထိ ဟိုတယ်လုပ်ငန်းလိုင်စင် ၃၃ ခု၊ ဟိုတယ်ယာယီလုပ်ငန်းလိုင်စင်တစ်ခု၊ တည်းခိုရိပ်သာလုပ်ငန်းလိုင်စင် ရှစ်ခု၊ စုစုပေါင်း အခန်း ၂၁၃၆ ခန်း၊ ဟိုတယ်တည်ဆောက်ခွင့် ၁၈ လုံး၊ တည်းခိုရိပ်သာတည်ဆောက်ခွင့် သုံးလုံး၊ ခရီးလှည့်လည်ရေးလုပ်ငန်းလိုင်စင်(ပြည်တွင်း/ပြည်ဝင်) ၂၇၆ ခု၊ ခရီးလှည့်လည်ရေးလုပ်ငန်းလိုင်စင်(ပြည်ပ) ၁၂ ခုနှင့် ဧည့်လမ်းညွှန်လိုင်စင် ၂၁၈ ခုတို့ကို အတည်ပြု ခွင့်ပြုပေးခဲ့ပြီး အဆိုပါ ဟိုတယ်နှင့် တည်းခိုရိပ်သာလုပ်ငန်းများအတွက် မတည်ငွေနှင့် ရင်းနှီးငွေပမာဏ စုစုပေါင်းမှာ ကျပ် ၁၁၉ ဒသမ ၆ ဘီလီယံကျော်နှင့် အမေရိကန်ဒေါ်လာ ၂၃၈ ဒသမ ၂၉ သန်းဖြစ်ကြောင်း သိရသည်။

တိုင်းဒေသကြီးကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး နော်ပန်းသဥ္ဇာမျိုး မီဒီယာများနှင့် တွေ့ဆုံစဉ်။

ထို့အပြင် အစည်းအဝေးလေးကြိမ်မှ အတည်ပြုပေးခဲ့သည့် ခရီးသွားလုပ်ငန်းဆိုင်ရာ လုပ်ငန်းလိုင်စင်များရရှိကြသော လုပ်ငန်းများအနေဖြင့် ပြည်တွင်းမှ အလုပ်သမားပေါင်း ၂၆၉၁ ဦးတို့အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

ထင်ပေါ်ဝင်း (ကမာရွတ်)၊ ဓာတ်ပုံ- ထိန်လင်း

ချောင်းသာကမ်းခြေ၌ သန့်ရှင်းရေးလုပ်ငန်းများ နေ့စဉ်ဆောင်ရွက်နေ၍ ပြန်လည်သန့်ရှင်းလာ

ချောင်းသာ စက်တင်ဘာ ၁

ဧရာဝတီတိုင်းဒေသကြီး ချောင်းသာ ကမ်းခြေသည် ညစ်ပတ်လာသည်ဟု ယခုနောက်ပိုင်းတွင် ဝေဖန်ပြောကြားမှုများရှိလာခဲ့ရာ ယခုအခါတွင် ကမ်းခြေစည်းကမ်းထိန်းသိမ်းရေးအဖွဲ့က ကမ်းခြေသန့်ရှင်းရေးနှင့် သာယာလှပရေးလုပ်ငန်းများကို နေ့စဉ် နံနက်နှင့် ညနေတိုင်း ဆောင်ရွက်နေကြောင်း သိရသည်။

စနစ်တကျဖွဲ့စည်းထားသော ကမ်းခြေစည်းကမ်းထိန်းသိမ်းရေးအဖွဲ့နှင့် ကမ်းခြေသန့်ရှင်းသာယာလှပစေရန် လိုလားသူများ စုပေါင်း၍ နံနက်နှင့် ညနေတိုင်း သန့်ရှင်းရေးလုပ်ငန်းများ စုပေါင်းဆောင်ရွက်ခြင်းအပြင် မြို့တွင်းနှင့် မြို့ပြင်ရှိ စည်းကမ်းမဲ့ ကမ်းခြေဈေးသည်များကို ရှင်းလင်းခြင်း၊ လမ်းဘေးများတွင် စီးပွားဖြစ် ကျူးကျော်ဆိုင်ခန်းဖွင့်ထားမှုများကို ရှင်းလင်းခြင်းတို့ကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့အပြင် ချောင်းသာမြို့ဘက်စုံဖွံ့ဖြိုးရေးနှင့် မြို့အင်္ဂါရပ်နှင့်ညီစေရေးအတွက် မြို့အုပ်ချုပ်ရေးမှူး ဦးကျော်သူနှင့် ဌာနဆိုင်ရာများကလည်း ကမ်းခြေ စည်းကမ်းထိန်းသိမ်းရေးအဖွဲ့နှင့် ပူးပေါင်းကာ ချောင်းသာကမ်းခြေ ပြန်လည်သန့်ရှင်းလှပလာစေရန် အလေးထား ဆောင်ရွက်လာခြင်းကြောင့် ယခုအခါ ချောင်းသာကမ်းခြေသည် ယခင်ကကဲ့သို့ ပြန်လည်၍ သန့်ရှင်းသာယာ လှပလာပြီဖြစ်ကြောင်း သိရသည်။

ကိုကိုမောင် (ပြန်/ဆက်)

ပေါက်မြို့နယ် ငမို့လေးကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီး

ပေါက် စက်တင်ဘာ ၁

မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် ငမို့လေးကျေးရွာတွင် ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လူထုဗဟိုပြုစီမံကိန်း တတိယနှစ်စက်ဝန်း ထောက်ပံ့ရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ငမို့လေးကျေးရွာ၌ ယခင်က ကျေးရွာတွင်းလမ်းများမှာ မိုးရာသီတွင် ရွှံ့ဗွက်များထကာ သွားလာရေးခက်ခဲခဲ့ကြောင်း၊ ယခုအခါ လူထုဗဟိုပြုစီမံကိန်းမှ တတိယနှစ်စက်ဝန်းထောက်ပံ့ရန်ပုံငွေ ကျပ် ၉၉ သိန်း၊ ပြည်သူထည့်ဝင်ငွေ ကျပ် ၁၃ ဒသမ ၅၀၇ သိန်းဖြင့် ကျေးရွာတွင်းလမ်း အရှည် ၈၂၂ ပေ၊ အကျယ် ၁၈ ပေ၊ အမြင့် ခြောက်လက်မထု ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးသန့်က ပြောသည်။

သန်းလွင် (မကွေး)

အောက်တိုဘာ ၁ ရက်တွင်ကျရောက်မည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဖြူးအမြန်လမ်းရဲစခန်းမှ စခန်းမှူး ဒုရဲမှူး လှိုင်ဇော်ဦးနှင့် ရဲတပ်ဖွဲ့ဝင်များ စက်တင်ဘာ ၁ ရက် နံနက်ပိုင်းက ဖြူးမြို့ ပြည်သူ့ဆေးရုံကြီးတွင် ရေမြောင်းများတူးဖော်ခြင်း၊ ပေါင်းမြက်များရှင်းလင်းခြင်းတို့ကို စုပေါင်းဆောင်ရွက်ပေးကြစဉ်။

ကိုလွင် (ဆွာ)

ယနေ့ ဈေးကွက်ပေါက်ဈေးများ

၁-၉-၂၀၁၉

ရွှေ

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၁၂၅၉၀၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၁၁၈၄၉၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၁၂၅၉၀၀၀
မန္တလေး	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၁၁၈၄၉၀၀

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

စက်သုံးဆီ

စက်သုံးဆီ	လက်လီဈေး(ရန်ကုန်)	လက်လီဈေး(မန္တလေး)
ဒီဇယ်(တစ်လီတာ)	၈၄၀/၈၈၅ ကျပ်	၈၉၅/၉၀၅ ကျပ်
ပရီမီယံဒီဇယ်(တစ်လီတာ)	၈၅၀/၈၉၅ ကျပ်	၉၁၀/၉၂၀ ကျပ်
အောက်တိန်း ၉၂	၇၄၀/၇၈၅ ကျပ်	၈၁၅/၈၃၅ ကျပ်
အောက်တိန်း ၉၅	၈၃၀/၈၇၅ ကျပ်	၉၂၀/၉၃၅ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

နိုင်ငံတကာ ငွေကြေးများ

အမေရိကန်	တစ်ဒေါ်လာ	ကျပ် ၁၅၂၁ ・ ၇
ဥရောပ	တစ်ယူရို	ကျပ် ၁၆၈၀ ・ ၀
စင်ကာပူ	တစ်ဒေါ်လာ	ကျပ် ၁၀၉၆ ・ ၁
ဗြိတိန်	တစ်ပေါင်စတာလင်	ကျပ် ၁၈၅၂ ・ ၅
ဂျပန်	၁၀၀ ယန်း	ကျပ် ၁၄၂၉ ・ ၇
ဩစတြေးလျ	တစ်ဒေါ်လာ	ကျပ် ၁၀၂၂ ・ ၂
တရုတ်	တစ်ယွမ်	ကျပ် ၂၁၂ ・ ၉၀
အိန္ဒိယ	တစ်ရူပီး	ကျပ် ၂၁ ・ ၂၈၉
ကိုရီးယား	၁၀၀ ဝမ်	ကျပ် ၁၂၅ ・ ၉
မလေးရှား	တစ်ရင်းဂစ်	ကျပ် ၃၆၁ ・ ၀၂
ထိုင်း	တစ်ဘတ်	ကျပ် ၄၉ ・ ၇၃၇

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

စတော့အိတ်ချိန်း ဈေးကွက် (၉-၈-၂၀၁၉)

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အပိတ်ဈေး (ကျပ်)	ရှယ်ယာစောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၁၂၀၀၀	၁၂၀၀၀	၂၄၀၂	၂၈၈၂၄၀၀၀
MTSH	၄၁၀၀	၄၁၀၀	၁၁၁၄၇	၄၅၇၀၂၇၀၀
MCB	၈၄၀၀	၈၄၀၀	၀	
FPB	၂၅၅၀၀	၂၆၀၀၀	၃	၇၈၀၀၀
TMH	၃၀၅၀	၃၀၅၀	၆၁၅	၁၈၇၅၇၅၀

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

မြန်မာ့အလင်း

စာတည်းမှူးချုပ်	- အောင်နိုင်ဦး
စာတည်းမှူး	- စိုးစိုးနိုင်
သတင်းထောက်ချုပ်	- မြင့်ဆွေ
စာတည်းများ	- ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ
အကြီးတန်းသတင်းထောက်များ	- ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဗူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး
အငယ်တန်းသတင်းထောက်များ	- တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ်	- (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၀၁၈၊ **Fax** ၀၁-၅၄၆၂၂၀၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချီရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

ကျွန်တော်နဲ့ ပရိသတ်

ပါမောက္ခ၊ ဒေါက်တာ အောင်ထွန်းသက်

ကျွန်တော်က အခွင့်အရေးရတိုင်း ဟောပြောပွဲတွေ လုပ်ပေးတယ်။ ကိုယ်သိတာ၊ တတ်တာ၊ နားလည်တာကို မျှဝေပေးချင်တဲ့ စေတနာနဲ့အတူ အခုလို ဟောရ၊ ပြောရဖို့ ကျွန်တော်က စာတွေအများကြီး ဖတ်ရတယ်။ လေ့လာရတယ်။ ပြီးတော့ ဟောပြောတဲ့အခါ ပရိသတ်တွေ နားလည်နိုင်အောင် တင်ပြနိုင်ဖို့ ပြင်ဆင်ရတယ်။ အခုလိုလုပ်ရတဲ့အတွက် ကျွန်တော့်အတွက်လည်း အကျိုးအများကြီးရပါတယ်။ များများဟောရလေလေ၊ များများလေ့လာရလေလေ။ ပိုပြီးရတဲ့အကျိုးက ပရိသတ်တွေ နားလည်အောင် ပြင်ဆင်ရတဲ့အခွင့်အရေး။ ကိုယ်နားလည်သမျှကို သူများသဘောပေါက်အောင် ကြိုးစားအားထုတ်ရတယ်။ တီထွင်ရတယ်။ ဖန်တီးခွင့်ရတယ်။ ကျွန်တော်တို့ အခုလို လုပ်နေတာကို မပင်ပန်းဘူးလားလို့ မေးကြတယ်။

ဟောပြောပွဲအတွက် ကြိုတင်ပြင်ဆင်ခြင်း

ကျွန်တော့်စိတ်ထဲမှာ ပင်ပန်းတယ်လို့ မမြင်မိဘူး။ ကိုယ်စိတ်ဝင်စားတဲ့အလုပ် လုပ်နေရတာမို့ ပျော်နေမိတာ။ ဒါကြောင့်လည်း နေ့တိုင်း ကျွန်တော်က ဟောပြောချက်တွေကို ပြင်ဆင်နေတာ။ ကောင်းသထက် ကောင်းအောင်လည်း အချိန်ယူပြီးလုပ်ရတယ်။

တင်ပြဖို့ ကျွန်တော်က ကွန်ပျူတာသုံးပြီး Power Point Slide တွေ ပြင်ဆင်ရတယ်။ စိတ်ဝင်စားစရာဖြစ်အောင်၊ ထိရောက်အောင် လုပ်ရတာ။ အခုလို ဆောင်ရွက်နေရင်း ပန်းချီကားတစ်ချပ်ဆွဲနေသလို၊ ပန်းပုရုပ်တစ်ရုပ် ထုနေသလို ခံစားရတယ်။ စိတ်ထဲမှာလည်း ဘယ်တော့မှ အားမရဘူး။ ခဏခဏ ပြင်ရတယ်။ ပြင်ဆင်ခဲ့တာတွေ ဟောပြောတဲ့အခါ သုံးပြီး ကျေနပ်မိတယ်။ ပီတိဖြစ်မိတယ်။

အခုလိုပြင်ဆင်ပြီး ဟောပြောတဲ့အခါ ထိရောက်အောင် အလေ့အကျင့်လုပ်ရပြန်တယ်။ ကိုယ်သိတာ သူများနားလည်အောင် လုပ်ဖို့က လွယ်တဲ့ကိစ္စမဟုတ်ဘူး။ ဒါပေမယ့် ကျွန်တော်က ပါရမီပါလို့လား။ ပရိသတ်တွေကို မကြောက်ဘူး။ ရဲရဲဝံ့ဝံ့တင်ပြရဲတယ်။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုတည်ဆောက်တယ်။ အသံနေအသံအထားကို ဂရုစိုက်တယ်။

ဟောပြောပွဲ လုပ်တဲ့အခါ ကျွန်တော့်အတွက် အကျေနပ်ဆုံးက ပရိသတ်တွေဘက်က မေးခွန်းပြန်ထုတ်တဲ့အချက် ဖြစ်တယ်။ အခုလို မေးကြ၊ ဆွေးနွေးကြတဲ့ ယဉ်ကျေးမှုကို ကျွန်တော်က နှစ်သက်တယ်။ ဖန်တီးပေးချင်တယ်။ ပြောသမျှကို ခေါင်းညိတ်ပြီး ဘာမှပြန် မပြောတဲ့အကျင့်ကို ပြုပြင်ချင်တယ်။ ဒါကြောင့်လည်း ဟောပြောပွဲတိုင်းမှာ အချိန်ယူပြီး အမေးအဖြေကဏ္ဍကို အမြဲထည့်တယ်။ မေးတဲ့မေးခွန်းတိုင်းကို အပြည့်အဝ ဖြေချင်မှ ဖြေနိုင်မယ်ဆိုတာ နားလည်တယ်။ ဒါပေမယ့် ကိုယ့်အမြင်၊ ကိုယ့်အယူအဆကိုတော့ ကြိုးစားပြီး ဖြေခဲ့တယ်။

၁၀ ရက်အတွင်းပြုလုပ်ခဲ့တဲ့ ဟောပြောပွဲသုံးခု

ကျွန်တော် ၁၀ ရက်အတွင်း ဟောပြောပွဲ သုံးပွဲလုပ်ဖြစ်တယ်။ ပထမတစ်ခုက တောင်ကြီးတက္ကသိုလ်မှာ။ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးရဲ့ စီစဉ်ပေးမှုကြောင့် တောင်ကြီးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမမှာ ပွဲတစ်ပွဲ ကျင်းပခဲ့တယ်။ ရှမ်းပြည်နယ်နဲ့ ကယားပြည်နယ်မှာရှိတဲ့ တက္ကသိုလ်ကောလိပ်က ပါမောက္ခချုပ်တွေ၊ ဒုတိယပါမောက္ခချုပ်တွေ၊ ပါမောက္ခတွေနဲ့ ကျောင်းသူ ကျောင်းသားတွေ တက်ရောက်ကြတယ်။ ခန်းမဆောင်အပြည့်ပဲ။ ကျွန်တော်က အထက်တန်းပညာရေးမှာ လိုအပ်တဲ့ စီမံခန့်ခွဲမှုနဲ့ ဦးဆောင်မှုခေါင်းစဉ်နဲ့ ဟောပြောတင်ပြခဲ့တယ်။ အမေးအဖြေကဏ္ဍ ရောက်တဲ့အခါ ဆရာကြီးတွေ၊ ဆရာမတွေ ၊ ဆရာတွေက မေးခွန်းမေးကြတယ်။ ဆွေးနွေးကြတယ်။ အခုလိုမေးတဲ့အထဲ ကျွန်တော့်အတွက် စိတ်ဝင်စားစရာမေးခွန်းတစ်ခုကို ကြားခဲ့တယ်။ မေးတဲ့သူက ကျောင်းသား။ သူက အရဲစွန့်ပြီး မေးရှာတာ။ ကျွန်တော် ဟောပြောတာကို နားထောင်ပြီး အားတက်မိတယ်။ ဒါပေမယ့် အခုလို အားတက်တာက ခဏပဲခံပြီး နောက်တော့ အရင်လို ပြန်ပြန်ဖြစ်သွားတယ်။ ဒါကြောင့် အမြဲအားတက်ပြီးနေဖို့ အကြံပေးပါလို့ တောင်းခံလာတယ်။

ကိုယ့်ကြောင့် အားတက်ခဲ့တာကို ကျေနပ်ပေမယ့် ကိုယ်ကိုယ်တိုင်က အမြဲအခုလို အားပေးနိုင်မှာမဟုတ်ဘူး။ အမြဲအားတက်ပြီး နေထိုင်နိုင်ဖို့က အရေးကြီးတဲ့အရာ။ အမှန်တော့ ဒီမေးခွန်းကို ကျွန်တော်ကိုယ်တိုင် ကိုယ့်ကိုယ်ကိုယ် အမြဲ မေးပါတယ်။ လူသားတိုင်း ဒီပြဿနာကို ရင်ဆိုင်ရမှာသာ ဖြစ်တယ်။ ဒါကြောင့် မေးတဲ့လူငယ်ကို ကျွန်တော်က (Self - motivation)ဖြစ်တဲ့ ကိုယ့်ကိုယ်ကိုယ် အားပေးနိုင်မှုအကြောင်း ဖြေကြားခဲ့တယ်။ အားတက်မှု၊ လုပ်ချင်ကိုင်ချင်စိတ်က အပြင်နဲ့ မဆိုင်ဘဲ အတွင်းနဲ့သာ ပတ်သက်တာ။ ချီးကျူးမှု၊ ဝေဖန်မှုတွေဟာ အမှန်တော့ ယာယီတွေပါ။ ချီးကျူးခံရရင် ကျေနပ်ပြီး ဝေဖန်ခံရရင် စိတ်ညစ်တတ်တာက ကိုယ့်ဘဝကို အခြားသူတွေ လက်ထဲထည့်တာနဲ့ အတူတူပါ။ ဒါကြောင့် ကျွန်တော်က အကောင်းဆုံး လုပ်နိုင်ဖို့ပဲ စဉ်းစားတယ်။ ဒါက ကိုယ်တတ်နိုင်တဲ့အရာ။ တုံ့ပြန်မှုက ကိုယ်နဲ့မဆိုင်ဘူး။ ချီးကျူးမှုမှာ သာယာပြီး ဝေဖန်မှုမှာ စိတ်ညစ်မနေဖို့က အရေးကြီးတာ။

ဒီမေးခွန်းကို ကြားရပြီး ကျွန်တော်စိတ်မကောင်းဖြစ်မိတယ်။ တစ်ယောက်နဲ့ တစ်ယောက်၊ တစ်ဦးနဲ့ တစ်ဦး အမြဲအားပေးသင့်တယ်။ ဒါမှ စိတ်ဓာတ်မကျအောင် လုပ်ပေးနိုင်မှာ။ လူငယ်အချင်းချင်း၊ လုပ်ဖော်ကိုင်ဖက်အချင်းချင်း၊ မိသားစုအချင်းချင်း အားပေးနေကြဖို့ လိုတယ်။ ပင်ပန်းလှတဲ့ လောကကြီးမှာ တစ်ဦးနဲ့တစ်ဦး လေးစားပြီး၊ လက်ခံပြီး အားပေးအားမြှောက် ပြုသင့်တာ။

ခွန်အားတွေရသွားတာကို ကျေနပ်မိ

ဒုတိယဟောပြောပွဲက နိုင်ငံခြားရေးဝန်ကြီးဌာနမှာ ကျင်းပတဲ့ သင်တန်းတစ်ခုမှာ ကျွန်တော့်ကို စဉ်ဆက်မပြတ် ရည်မှန်းချက်အကြောင်း ဟောပြောဖို့ တာဝန်ပေးခဲ့တယ်။ စီးပွားရေးခေါင်းစဉ်။ အထူးသဖြင့် နိုင်ငံတွေရဲ့ဖွံ့ဖြိုးတိုးတက်မှုနဲ့ ပတ်သက်ပြီး အတွေးအခေါ်အယူအဆဖြစ်တယ်။ အခုလို တင်ပြရင်းနဲ့ ကျွန်တော်က ဆရာကြီး ပါမောက္ခ ဒေါက်တာဦးလှမြင့် အကြောင်း ပြောမိတယ်။ အမေးအဖြေအပိုင်းရောက်တော့ သင်တန်းသားတစ်ဦးက ဆရာကြီးဦးလှမြင့်လို ထင်ရှားတဲ့ မြန်မာ့စီးပွားရေးပညာရှင်အကြောင်းပြောပါလို့ တောင်းခံလာတယ်။ ဒါကြောင့် ကျွန်တော်က ကျွန်တော့် ဆရာ ပါမောက္ခ ဒေါက်တာမြင့်လေးအကြောင်း တင်ပြမိတယ်။ လူမျိုးခြားဖြစ်တာမို့ ရသင့်တဲ့ အခွင့်အရေး မရရှိခဲ့ရှာဘူး။ ကပြားဖြစ်ခြင်းက အပြစ်မဟုတ်ကြောင်း ကျွန်တော်က ပြောခဲ့တယ်။ လူတိုင်းမှာ သူ့အကြောင်းနဲ့ သူပါ။ တချို့ကိစ္စတွေက ကိုယ့်ရဲ့ရွေးချယ်မှုကြောင့် မဟုတ်ဘဲ အခြေအနေကြောင့် ပေါ်ပေါက်လာတဲ့အရာတွေ။ ဒါကြောင့် အခုလိုခွဲခြားဆက်ဆံမှုမဖြစ်သင့်ဘူးလို့ တင်ပြမိတယ်။

ကျွန်တော် သင်ခန်းစာအပြီးမှာ သင်တန်းသားတွေနဲ့ ဓာတ်ပုံရိုက်နေတုန်း သင်တန်းသူတစ်ဦးက ကျွန်တော့်ကို ကျေးဇူးတင်ကြောင်း လာပြောပါတယ်။ အခုလို ပြောတာ တစ်ကြိမ်တစ်ခါမျှ မကြားဖူးကြောင်းကိုလည်း ပြောခဲ့တယ်။ သူက ကပြားတစ်ဦး ဖြစ်တာမို့ အခက်အခဲတွေ ရင်ဆိုင်ခဲ့ရတာကို ပြောပြခဲ့တယ်။ ကျွန်တော့်စကားကြောင့် ခွန်အားရသွားတာကို ကျေနပ်မိပါတယ်။ ကျွန်တော့်အယူအဆကို လက်ခံကြမှာ မဟုတ်ပါဘူး။ ဝေဖန်ကြမှာ သေချာပါတယ်။ ကိစ္စမရှိပါဘူး။

နောက်ဆုံးဟောပြောပွဲက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှာ ကျင်းပခဲ့တဲ့ ဟောပြောပွဲမှာ။ ဟောပြောပွဲတစ်ခုလုပ်တဲ့အခါမှာ ကမကထလုပ်ပေးတဲ့ လုပ်ငန်းတွေ၊ ပုဂ္ဂိုလ်တွေက လိုအပ်တယ်။ ဒီအထဲမှာ မြန်မာမုန့်လုပ်ငန်းကို ဦးစီးဦးဆောင်လုပ်နေသူက ကျွန်တော့် ဟောပြောပွဲတွေ တက်ရောက်ခဲ့တယ်။ တစ်ချိန်က ကျွန်တော် အားပေးခဲ့လို့ အခုတော့ ကိုယ်ပိုင်လုပ်ငန်းလုပ်ပြီး အောင်မြင်နေကြောင်း ပြောပြပါတယ်။ သူပြောတာကြားရပြီး ကိုယ်က အမှတ်မထင် ပြောခဲ့ပေမယ့် ဘဝပြောင်းသွားတာကို ကြားသိရတော့ အံ့သြမိတယ်။ ကျေနပ်မိပါတယ်။

အပြန်အလှန် မျှဝေခြင်းသာဖြစ်

ဟောပြောပွဲတွေ လုပ်တာဟာ ကိုယ်က မျှဝေရုံမက ပရိသတ်တွေကတစ်ဆင့် ကိုယ့်ရဲ့အသိ၊ ကိုယ့်ရဲ့အမြင်တွေ တိုးပါတယ်။ ပရိသတ်တွေရဲ့ ဆွေးနွေးချက် မေးခွန်းတွေကြောင့် ကျွန်တော်မသိတာတွေ၊ မစဉ်းစားမိတာတွေ သိခွင့်ရပါတယ်။ ဒါကြောင့်လည်း ပရိသတ်တွေအားလုံးကို ကျေးဇူးတင်ပါတယ်။ အမှန်တော့ ဟောပြောခြင်းဟာ နှစ်လမ်းသွားပါ။ အပြန်အလှန် အသိအမြင်တွေ၊ အယူအဆတွေ မျှဝေကြခြင်းဖြစ်တယ်။ ကိုယ်ကပေးရုံမဟုတ်ဘဲ ကိုယ်က ပြန်ရခြင်းပါ။ ပြန်ရတဲ့အခါမှာလည်း ကိုယ်ပေးတာထက် ပိုပြီးရပါတယ်။

ဟောပြောပွဲနဲ့ ပတ်သက်ပြီး ခေတ်မီနည်းပညာတွေကြောင့် ကိုယ်တိုင်ကိုယ်ကျ တက်ရောက်လာသူတွေအတွက် သာမက လူမှုကွန်ရက်ကတစ်ဆင့် လူတိုင်းဆီရောက်အောင် ဖြန့်ဝေနိုင်တဲ့ အခွင့်အရေးရှိနေပါပြီ။ ဒီတိုးတက်မှုဟာ အလွန်ထူးခြားတဲ့ ပြောင်းလဲမှုတစ်ရပ်ပါ။ လေ့လာချင်သူတွေ၊ ပညာလိုသူတွေအတွက် အလွန်အဆင်ပြေလှပါတယ်။ ဟောပြောသူရဲ့ တာဝန်ဟာ ကြီးမားတာကိုလည်း သတိပြုရမယ်။ ပရိသတ်တွေကို လေးစားရမယ်။ တင်ပြချက်တွေ ပြည့်စုံအောင်လုပ်ရမယ်။ ဟောပြောပွဲဟာ ပညာရပ်တစ်ခုခုကို အခြေခံပြီး ဆောင်ရွက်ရမှာ။ ပရိသတ်တွေရဲ့လက်ခုပ်သံတွေနဲ့ မနစ်မျောနေသင့်ဘူး။ အတင်းတွေ၊ အဖျင်းတွေ၊ အစွန်းတရားတွေ ရှောင်ဖို့လိုတယ်။ အခုတော့ ဟောပြောပွဲ ယဉ်ကျေးမှု ပျံ့နှံ့နေတာ တွေ့ရတယ်။ အခုလိုဖြစ်တာကို ကြိုဆိုပါတယ်။ ဒါပေမယ့် ဟောပြောသူတွေရဲ့တာဝန်ကိုတော့ သတိထားစေချင်တယ်။ ဘာပဲဖြစ်ဖြစ် ကျွန်တော်ကတော့ ပရိသတ်တွေ ရှိသရွေ့ ဟောနေမှာပါ။ ကိုယ့်ကြောင့် ပရိသတ်တွေအတွက် အကျိုးရှိမယ်လို့ ယူဆနေသရွေ့ ဆက်လုပ်နေမှာသာ ဖြစ်ပါတယ်။ ။

> **"ချီးကျူးမှု၊ ဝေဖန်မှုတွေဟာ အမှန်တော့ ယာယီတွေပါ။ ချီးကျူးခံရရင် ကျေနပ်ပြီး ဝေဖန်ခံရရင် စိတ်ညစ်တတ်တာက ကိုယ့်ဘဝကို အခြားသူတွေ လက်ထဲထည့်တာနဲ့ အတူတူပါ"**

မန္တလေး၌ တရားဥပဒေစိုးမိုးရေး အခြေခံသင်တန်းဖွင့်လှစ်မည်

မန္တလေး စက်တင်ဘာ ၁

မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများနှင့် မူဝါဒများကို လေ့လာနိုင်ရန်၊ ဥပဒေရေးရာ အသိပညာများ တိုးတက်စေရန်အတွက် တရားဥပဒေစိုးမိုးရေးအခြေခံသင်တန်းကို ချမ်းမြသာစည်မြို့နယ်ရှိ တရားဥပဒေစိုးမိုးရေး စင်တာ(မန္တလေး) ၌ စက်တင်ဘာ ၅ ရက်တွင် ဖွင့်လှစ်မည်ဖြစ်သည်။

"မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလမှာ တရားဥပဒေစိုးမိုးရေးအခန်းကဏ္ဍက အလွန်အရေးကြီးပါတယ်။ သင်တန်းတက်ရောက်သူတွေ တရားဥပဒေစိုးမိုးရေး စည်းမျဉ်းတွေကို သိနားလည်စေဖို့၊ လက်တွေ့ဘဝမှာ ဥပဒေမူဘောင်စနစ်တွေ၊ ဥပဒေတွေနဲ့ မြန်မာနိုင်ငံရဲ့ တရားရေး လုပ်ထုံးလုပ်နည်းတွေ ဆောင်ရွက်ပုံကို သိရှိကျင့်သုံးနိုင်ဖို့၊ တရားရေးနဲ့ လူမှုရေးရာ အပြောင်းအလဲတွေ ချိတ်ဆက်လုပ်ဆောင်ရာမှာ အရေးပါတယ်။ ကျွမ်းကျင်မှု၊ မဟာဗျူဟာကျ အစီအစဉ်ရေးဆွဲမှုတွေကို တိုးတက်စေဖို့ ရည်ရွယ်ပါတယ်"ဟု တရားဥပဒေစိုးမိုးရေးစင်တာ (မန္တလေး) မန်နေဂျာ ဦးဟိန်းလတ်က ပြောသည်။

တရားဥပဒေစိုးမိုးရေး အခြေခံသင်တန်းသည် တရားဥပဒေစိုးမိုးရေးမူများကို မြန်မာနိုင်ငံ၏ ဥပဒေများ၊ ကျင့်ထုံးများဖြင့် ပေါင်းစပ်ရေးဆွဲထားသော မော်ဂျူး ၁၀ ခုကို ပူးပေါင်းပါဝင်မှု၊ အပြန် အလှန် လေ့လာသင်ကြားမှု နည်းစနစ်များဖြင့် သင်ကြားပို့ချမည်ဖြစ်ပြီး ခေါင်းစဉ်များတွင် မြန်မာနိုင်ငံရှိ ဥပဒေများ၏ ဆင်းသက်လာသောအရင်းအမြစ်များ၊ တရားစီရင်ရေးဆိုင်ရာ ကျင့်ဝတ်များ၊ အုပ်ချုပ်ရေးဆိုင်ရာဥပဒေ၊ ရာဇဝတ်မှုဆိုင်ရာဥပဒေ၊ တရားမဥပဒေ၊ ရပ်ရွာလူထုအတွင်း သင်တန်းအားမည်သို့စီစဉ်ရမည်၊ တရားဥပဒေရှေ့မှောက်တွင် တန်းတူညီမျှမှုရှိခြင်း စသည်တို့ ပါဝင်မည်ဟု သိရသည်။

"ပထမဆုံး သင်တန်းတက်တုန်းက ရာဇဝတ်ပိုင်းဆိုင်ရာကို အဓိကထားပြီးသင်တယ်။ တရားဥပဒေစိုးမိုးဖို့ ဘယ်လိုရှိလဲ၊ သရုပ်ပြတွေ၊ Game တွေ၊ အုပ်စုဖွဲ့ပုံဖွဲ့နည်းတွေ၊ ကိုယ်စားပြုတာတွေ စသဖြင့် အားလုံးပါဝင်လာအောင် လေ့ကျင့်ပေးတဲ့ နည်းနဲ့သင်တာ။ သင်ခန်းစာပြီးရင် သင်တန်းသားတွေ အသိပညာ ဘာရလဲဆိုပြီး ပြန်ဆန်းစစ်တယ်။ အဲဒီတုန်းက တရားဥပဒေစိုးမိုးရေးကော်မတီဥက္ကဋ္ဌ အခု နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်တိုင် သင်တန်းဆင်းလက်မှတ်ချီးမြှင့်ပါတယ်"ဟု ၂၀၁၅ ခုနှစ်တွင် သင်တန်းတက်ရောက်ခဲ့ဖူးသူ တရားလွှတ်တော်ရှေ့နေ ဦးအောင်ဝင်းသူက ပြောသည်။

သင်တန်းအား စက်တင်ဘာ ၅ ရက်တွင် စတင်၍ လေးပတ်ကြာ ဖွင့်လှစ်မည်ဖြစ်ပြီး နံနက် ၉ နာရီမှ ညနေ ၃ နာရီခွဲနာရီအထိ ပညာရပ်များကို မျှဝေဆွေးနွေးသွားမည်ဖြစ်သည်။

သင်တန်းလျှောက်လွှာများကို ဩဂုတ် ၃၀ ရက်အထိလက်ခံခဲ့ပြီး တရားလွှတ်တော်ရှေ့နေများ၊ ဥပဒေ ဆရာ ဆရာမများ၊ ဂျာနယ်လစ်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းနှင့် ရပ်ရွာအခြေပြုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အမျိုးသမီးရေး တက်ကြွလှုပ်ရှားသူများ၊ ရပ်ကွက်အတွင်းရှိ အမျိုးသမီးနှင့် ကလေးသူငယ်စောင့်ရှောက်ရေး အသင်းဝင်များစသည်ဖြင့် အလွှာအသီးသီးကို လက်ခံ၍ သင်တန်းသား သင်တန်းသူ ပါဝင်ဆွေးနွေးသူ ၂၅ ဦး သတ်မှတ်ထားသည်။

ယနေ့ကာလအထိ ရန်ကုန်၊ မန္တလေး၊ တောင်ကြီးနှင့် မြစ်ကြီးနားမြို့တို့တွင် တရားဥပဒေစိုးမိုးရေးစင်တာများမှ ဖွင့်လှစ်ပို့ချခဲ့သော တရားဥပဒေစိုးမိုးရေးနှင့် ပတ်သက်သော သင်တန်း (၁၁၆)ကြိမ်တွင် တရားလွှတ်တော်ရှေ့နေများ၊ ဌာနဆိုင်ရာ အရာရှိများနှင့် အရပ်ဘက်လူမှုရေးအဖွဲ့အစည်းများ စုစုပေါင်း ၁၅၅၀ ကျော် တက်ရောက်ခဲ့ပြီး ရပ်ရွာလူထုခေါင်းဆောင် ၃၀၁၅ ဦးကိုလည်း တရားဥပဒေစိုးမိုးရေးနှင့် ပတ်သက်သော သင်တန်းများ ပို့ချခဲ့ကြောင်း သိရသည်။

တင်မောင်
(မန်းကိုယ်ပွား)

၁၈ နှစ်အတွင်း သဖန်းဆိပ်ရေလှောင်တမံ ရေဝင်နည်းမှု စံချိန်တင်

ကျွန်းလှ စက်တင်ဘာ ၁

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်အတွင်းရှိ သဖန်းဆိပ်ရေလှောင်တမံသည် ၁၈ နှစ်အတွင်း ရေဝင်နည်းမှု စံချိန်တင်လျက်ရှိကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရွှေဘို) မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲမြတ်ထွန်းထံမှ သိရသည်။

သဖန်းဆိပ်ရေလှောင်တမံကို ၁၉၉၆ ခုနှစ်က စတင်တည်ဆောက်ခဲ့ပြီး ၂၀၀၁ ခုနှစ်တွင်ပြီးစီးခဲ့ကြောင်း၊ မူးမြစ်အထက်ပိုင်းကို ပိတ်ပြီးတည်ဆောက်ထားသော ရေလှောင်တမံဖြစ်ကာ မြန်မာနိုင်ငံတွင် အရှည်ဆုံး မြေသားတမံဖြစ်ကြောင်း၊ သဖန်းဆိပ်ရေလှောင်တမံရေပြင်သည် တောင်မြောက် ၂၂ မိုင်ခန့်ရှိပြီး အရှေ့အနောက်အကျယ်ဆုံးနေရာသည် ၁၂ မိုင်ခန့် ကျယ်၍ ရေလှောင်တမံတည်ဆောက်ရာတွင် ကျွန်းလှမြို့ အပါအဝင် ကျေးရွာပေါင်း ၇၃ ရွာကို ရေဝပ်ဧရိယာလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ကြောင်း၊ သဖန်းဆိပ်ရေလှောင်တမံ၏ ကန်ရေပြည့် ရေပြင်ကျယ်ဧရိယာမှာ ဧက ၁၀၆၂၀၀ ဖြစ်ပြီး ခရိုင် လေးခရိုင်ရှိ မြို့နယ် ၁၀မြို့နယ် ဆည်ရေသောက်ဧကမှာ ၄၉၁၆၇ ဧကဖြစ်ကြောင်း၊ ရေပြင်ကျယ်ဧရိယာမှာ ဧက ၃၀၀၀၀ ခန့်ရှိ၍ ယနေ့ရေလှောင်ပမာဏမှာ ဧကပေ ၅၁၈၀၀၀ ခန့်ဖြစ်ကာ ကန်ရေပြည့်ရေသိုလှောင်နိုင်သောပမာဏမှာ ဧကပေ ၂၈ သိန်းခန့်ဖြစ်ကြောင်း သိရသည်။

သဖန်းဆိပ်ရေလှောင်တမံအတွင်း ရေဝင်ရောက်မှုနည်းနေ၍ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဆည်ရေသောက်တောင်သူများအား ရေလေလွင့်မှုမရှိစေရေးနှင့် ရေကိုခြိုးခြံချွေတာစွာဖြင့် အကျိုးရှိအောင်သုံးစွဲနိုင်စေရန် ယခုနှစ် ဇွန်လကုန်မှစတင်၍ အသိပညာပေးမှုပြုလုပ်ခဲ့ပြီး ရေအလှည့်စနစ်ဖြင့် ပေးဝေလျက်ရှိသည်။ ရေမှတ်ကျဆင်းခြင်းမှာ ယခုနှစ်တစ်နှစ်သာမဟုတ်ဘဲ ၂၀၀၄ ခုနှစ်ကလည်း ယခုကဲ့သို့ ရေမှတ်ကျဆင်းမှုဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။ ၂၀၀၄ ခုနှစ် မေလကုန် အနိမ့်ဆုံးရေမှတ်မှာ ၄၉၈ ဒသမ ၆၅ ဖြစ်ပြီး ၂၀၁၉ ခုနှစ် ဩဂုတ် ၁၄ ရက် အနိမ့်ဆုံးရေမှတ်မှာ ၅၀၄ ဒသမ ၈၈ ဖြစ်သည်။ တမံအတွင်း ရေမှတ်ကျဆင်းခဲ့သော ၂၀၀၄ ခုနှစ်ကလည်း ယခုနှစ်ကဲ့သို့ ရေအောက်ကျေးရွာများ ပေါ်လာခဲ့ဖူးကြောင်း သိရသည်။

သဖန်းဆိပ်ရေလှောင်တမံအတွင်း လက်ရှိရေဝင်ရောက်မှုအခြေအနေကို တွေ့ရစဉ်။

ရေဝင်ရောက်မှုအနေဖြင့် နှစ်ပေါင်း ၁၈ နှစ်အတွင်း တမံအတွင်း တစ်နှစ်လုံးပျမ်းမျှ ဝင်ရေ ဧကပေ ၄၃ သိန်း ခန့်ရှိပြီး ဇန်နဝါရီလမှ ဩဂုတ်လအထိ (၁၈နှစ်အတွင်း) ၈ လအတွက် ပျမ်းမျှဝင်ရေ ဧကပေ ၂၂ သိန်းခန့်ရှိကြောင်း သိရသည်။ ၂၀၁၉ ခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လ ၃၀ ရက် အထိ စုစုပေါင်းဝင်ရေ ဧကပေ လေးသိန်း နှစ်သောင်းခန့်သာရှိသည်။

သဖန်းဆိပ်ရေလှောင်တမံ ရေဝင်နည်းမှုနှင့်ပတ်သက်၍ "ရာသီဥတုဖောက်ပြန်မှုကြောင့် အရင်နှစ်တွေထက် ရေဝင်နည်းနေပြီ။ တောင်သူတွေက ရေကို ခြိုးခြံချွေတာပါ။ အကျိုးရှိအောင်သုံးစွဲကြပါ။ ရေကို တန်ဖိုးထားပြီး အသုံးပြုကြပါ" ဟု ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရွှေဘို) မှ လက်ထောက်ညွှန်ကြားရေးမှူးက ပြောသည်။ **မိုးသောက် (ရွှေဘို)**

ညောင်လေးပင်မြို့နယ်၌ စပါးခင်းများနှင့် သဘာဝရေပြင်အတွင်း ငါးမျိုးစိုက်ထည့်

ညောင်လေးပင် စက်တင်ဘာ ၁

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက ယနေ့နံနက်ပိုင်းက ကျေးလက်ငါးရိက္ခာဖူလုံရန်နှင့် ရေရှည်စဉ်ဆက်မပြတ် ငါးရိက္ခာရရှိစေရန် အတွက် စပါးခင်းများနှင့် သဘာဝရေပြင်အတွင်း ငါးမျိုးစိုက်ထည့်ခြင်းများ ပြုလုပ်ခဲ့သည်။

စမ်းကလေးကျေးရွာအုပ်စု ကောင်ကွေ့ကျေးရွာထိပ်၌ မြို့နယ်အတွင်းရှိ စပါးခင်းများအတွင်း ကျေးလက်ငါးရိက္ခာဖူလုံရေးအတွက် တောင်သူများအား လယ်တစ်ဧကငါးကောင်ရေ ၅၀၀ နှုန်းဖြင့် ဧက ၃၀၀ အတွက် ငါးခုံးမကြီးငါးအမျိုးအစားကောင်ရေ ၁၅၀၀၀၀ ကို တာဝန်ရှိသူများက လွှဲပြောင်းပေးအပ်ခဲ့ကြသည်။ ထို့နောက် မုက္ခမူကျေးရွာ မုက္ခမူချောင်း၌ သဘာဝရေပြင်အတွင်း ငါးမျိုးစိုက်ထည့်ပွဲအခမ်းအနားကျင်းပ၍ ငါးမြစ်ချင်း ငါးအမျိုးအစား အကောင်ရေ ၃၅၀၀၀၀ ကို ရေရှည် စဉ်ဆက်မပြတ် ငါးရိက္ခာရရှိစေရန် သဘာဝရေပြင်အတွင်း ငါးမျိုးစိုက်ထည့်ခဲ့ကြသည်။

ငါးမျိုးစိုက်ထည့်ပေးရခြင်းသည် ငါးများနေထိုင်သည့် နေရာများ ပျောက်ဆုံးလာခြင်း၊ ရေထုညစ်ညမ်းခြင်းစသည့် အကြောင်းအရာများ၊ လူများ၏ မဆင်မခြင်ပြုမူမှုများ၊ အလွန်အကျွံငါးဖမ်းဆီးမှု၊ တရားမဝင် ဘက်ထရီရှော့တိုက်၊ အဆိပ်ချမိုင်းခွဲ စသည့် ငါးဖမ်းနည်းများကြောင့် ရေနေသယံဇာတများ ပျက်စီးလာခြင်းများဖြစ်ပေါ်ပြီး ရေနေသယံဇာတများ လျော့နည်းလာချိန်တွင် တိုးပွားလာသောလူဦးရေအတွက် ငါးရိက္ခာဖူလုံစေရန် သဘာဝရေပြင်များ၊ အင်းအိုင်ချောင်းမြောင်းများ၊ စပါးခင်းများမှ ငါးမျိုးထုတ်လုပ်နိုင်ရေးအတွက် ငါးမျိုးစိုက်ထည့်ပေးနေရခြင်းဖြစ်ကာ ပြည်သူများကလည်း ငါးသယံဇာတ ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းပေးကြပါရန်လည်း ငါးလုပ်ငန်းဦးစီးဌာနက တိုက်တွန်းထားကြောင်း သိရသည်။

နေလင်း(ညောင်လေးပင်)

ကနီမြို့နယ်၌ ကျေးရွာပေါင်း ၈၈ ရွာတွင် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်း ၁၃ မျိုးဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်မည်

ကနီ စက်တင်ဘာ ၁

စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့နယ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော လူထုဗဟိုပြု စီမံကိန်း ဒုတိယနှစ် စီမံကိန်းစက်ဝန်းလုပ်ငန်းများကို ကျေးရွာ ပေါင်း ၈၈ ရွာတွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လူထုဗဟိုပြု စီမံကိန်းရုံးမှ သိရသည်။

အဆိုပါလုပ်ငန်းများကို ကျေးရွာအုပ်စု ၃၄ အုပ်စုရှိ ကျေးရွာပေါင်း ၈၈ ရွာတွင် လုပ်ငန်း ၁၃ မျိုးဖြင့် မြို့နယ်စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးကော်မတီ အစည်းအဝေးမှ ခွင့်ပြုချက်ရရှိထားသော စီမံကိန်းကျေးရွာများက တင်ပြတောင်းခံထားသည့် လုပ်ငန်းပေါင်း ၉၁ ခုကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။

မြို့နယ်လူထုဗဟိုပြုစီမံကိန်းသည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သော စာသင်ကျောင်းဆောင်တည်ဆောက်ခြင်းလုပ်ငန်း သုံးခု၊ ကျောင်းခြံစည်းရိုးကာရံခြင်းလုပ်ငန်း နှစ်ခု၊ မူကြိုကျောင်းတည်ဆောက်ခြင်းလုပ်ငန်း တစ်ခု၊ ကျေးလက်ဆေးပေးခန်းတည်ဆောက်ခြင်းလုပ်ငန်း နှစ်ခု၊ ကျေးရွာတွင်း လျှပ်စစ်မီးကြိုး သွယ်တန်းခြင်း၊ ဓာတ်တိုင်တိုးချဲ့စိုက်ထူခြင်းလုပ်ငန်း လေးခု၊ အင်ဂျင်စက်ဖြင့် ကျေးရွာမီးလင်းရေးလုပ်ငန်း ၂၁ ခု၊ ကျေးရွာအတွင်း ရေပေးဝေရေးအတွက် ရေစင်တည်ဆောက်ခြင်းလုပ်ငန်း သုံးခုနှင့် ရေပိုက်လိုင်းတိုးချဲ့ခြင်း သုံးခု၊ ကျေးရွာဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်း ခြောက်ခု၊ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ၃၂ ခု၊ ဂျင်းမြေခင်းခြင်းလုပ်ငန်း ရှစ်ခု၊ ရေမြောင်းဖောက်လုပ်ခြင်းလုပ်ငန်း လေးခုနှင့် ရေကျော်တံတား နှစ်ခုတို့ကို အကောင်အထည်ဖော်ဆောင်ရွက် မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများဆောင်ရွက်နိုင်ရေးအတွက် စီမံကိန်းဝင်ကျေးရွာများမှ ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီဝင်များအား လုပ်ငန်းခွင်မစတင်မီ ဝယ်ယူရေး၊ ဘဏ္ဍာရေး၊ စောင့်ကြည့်ကြီးကြပ်ရေး၊ ဝေဖန်အကြံပြုတိုင်ကြားဖြေရှင်းရေး၊ ကျား၊ မရေးရာသင်တန်းများ ပံ့ပိုးပေးလျက်ရှိပြီး နည်းပညာပေးအစည်းအဝေးများပြုလုပ်၍ လုပ်ငန်းများ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သန်းဌေးအောင်(ကနီ)

စလင်းမြို့နယ်အတွင်းရှိ စလင်းရေလှောင်တမံနှင့် တက်တူရေလှောင်တမံတို့တွင် ငါးသားပေါက်အကောင်ရေ နှစ်သိန်းစိုက်ထည့်

စလင်း စက်တင်ဘာ ၁

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ရွှေတွင်းတူးကျေးရွာ အနီးရှိစလင်းရေလှောင်တမံနှင့် ဂွင်ကျင်းကျေးရွာအနီးရှိ တက်တူရေလှောင်တမံတို့တွင် ယမန်နေ့က သဘာဝငါးမျိုးပြုန်းတီးခြင်းမှ ကာကွယ်ရန် နှင့် ငါးသယံဇာတတိုးပွားစေရန် ရည်ရွယ်၍ ငါးသားပေါက်အကောင်ရေ နှစ်သိန်း စိုက်ထည့်ပေးခဲ့သည်။

အဆိုပါငါးမျိုးစိုက်ထည့်ပွဲသို့ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတာ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဝင်းမောင်၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးသက်ခိုင်၊ မင်းဘူးခရိုင် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ပါတီဥက္ကဋ္ဌ ဦးသိန်းအောင်၊ စလင်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဟိန်းဆက်၊ စလင်းမြို့နယ်ရဲမှူး ခင်မောင်ကြည်၊ ပွင့်ဖြူမြို့နယ်မှ ငါးလုပ်ငန်းဦးစီးမှူး ဦးစိုးထွန်းနှင့် ဒေသခံများစုပေါင်း၍ စလင်းရေလှောင်တမံတွင် ငါးမြစ်ချင်းအမျိုးအစား ငါးသားပေါက်အကောင်ရေ တစ်သိန်း ငါးသောင်းနှင့် တက်တူရေလှောင်တမံတွင် ငါးမြစ်ချင်းအမျိုးအစားငါးသားပေါက်ကောင်ရေ ငါးသောင်းကို ငါးမျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။ **စိုးမိုးသူ (စလင်း)**

စဉ့်ကိုင်မြို့နယ်၌ သဘာဝဘေးကြောင့် နွေသီးနှံပျက်စီးမှုဧကများအတွက် မျိုးစပါးများ ထောက်ပံ့ပေးအပ်

စဉ့်ကိုင် စက်တင်ဘာ ၁

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်၌ ၂၀၁၈ - ၂၀၁၉ ဇွန်လအတွင်းက မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် အချို့ကျေးရွာများတွင် နွေသီးနှံများ ပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်ခဲ့ရာ အဆိုပါတောင်သူများအတွက် တိုင်းဒေသကြီး အစိုးရအဖွဲ့မှ နွေသီးနှံများအစား မိုးစပါးမျိုးစေ့ ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် စဉ့်ကိုင်မြို့နယ်တွင် နွေနှမ်း ၇၆၈၈ ဧက၊ ပဲတီစိမ်း ၈၁၅ ဧက၊ ငရုတ် လေးဧက ပျက်စီးဆုံးရှုံးခဲ့ရာ အစားထိုးသီးနှံအဖြစ် မျိုးစပါးများကို တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ဝင်းဝင်းသန်း(စဉ့်ကိုင်)

မိတ္ထီလာမြို့နယ်မှ ဒေသခံတောင်သူများ ရေချိုကျေးရွာ မိုးနှောင်းချည်မျှင်ရှည်ဝါ အထူးဇုန် ဧက ၅၀ စိုက်ကွင်းသို့ လာရောက်လေ့လာ

မိတ္ထီလာ စက်တင်ဘာ ၁

မိတ္ထီလာမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများမှ ရေချိုကျေးရွာ မိုးနှောင်းချည်မျှင်ရှည်ဝါ အထူးဇုန် ဧက ၅၀ စိုက်ကွင်းသို့ ဩဂုတ်နောက်ဆုံးပတ်က လာရောက်လေ့လာခဲ့ကြသည်။

မိုးနှောင်းချည်မျှင်ရှည်ဝါ အထူးဇုန်ဧက ၅၀ စိုက်ကွင်းသို့ လာရောက်လေ့လာသည့် တောင်သူများအား စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ထွန်းမြင့် (စက်မှုသီးနှံ)က ဒေသခံတောင်သူများအနေဖြင့် ရွှေတောင်-၈ တစ်မျိုးတည်းသာ စိုက်ပျိုးခြင်းမပြုဘဲ အထွက်နှုန်းတိုးပြီး ပိုးမွှားရောဂါဒဏ်ခံနိုင်သည့် ရွှေတောင် -၁၀ နှင့် ငွေချည် -၁၁ ဝါမျိုးများကို ပြောင်းလဲစိုက်ပျိုးစေလိုကြောင်း၊ နိုင်ငံအတွင်းရှိ ပြည်သူများ အဝတ်အထည်ကို နိုင်ငံခြားမှ တင်သွင်းနေရခြင်းအား မိမိနိုင်ငံအတွင်းရှိ ဝါတိုးချဲ့စိုက်ပျိုးထုတ်လုပ်ခြင်းဖြင့် အထောက်အကူဖြစ်စေလိုကြောင်း၊ ဝါစိုက်ပျိုးသည့် တောင်သူများအနေဖြင့် လုပ်သားရှားပါးမှုကို အဆင်ပြေစေရန် စက်ဖြင့် ကောက်သိမ်းနည်းစနစ်အား တောင်သူများ သိရှိအောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် တောင်သူများ ဝါမျိုးကောင်းမျိုးသန့် စိုက်ပျိုးနိုင်စေရန်နှင့် လိုအပ်သည့် နည်းပညာများကို ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးစိုးသိန်းနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးမောင်မောင်ငြိမ်းတို့က တောင်သူများအား ဝါစတင်စိုက်ပျိုးချိန်မှ ဝါကောက်သိမ်းချိန်အထိ ဆောင်ရွက်ရမည့် အပင်ပြုစုထိန်းသိမ်းနည်းပညာများကို ရှင်းလင်းပြောကြားခဲ့သည်။

သိန်းမြင့်ကျော်(မိတ္ထီလာ)

အသက်မွေးဝမ်းကျောင်းအထောက်အကူပြု စက်ချုပ်သင်တန်းဆင်းပွဲကျင်းပ

မော်လမြိုင်ကျွန်း စက်တင်ဘာ ၁

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်တွင် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းဆင်းပွဲကို ဩဂုတ်လနောက်ဆုံးပတ်က မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။

အဆိုပါသင်တန်းဆင်းပွဲတွင် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးနေဝင်းက ကျေးလက်နေပြည်သူများ အသက်မွေး ဝမ်းကျောင်းပြုရန်အတွက် ရည်ရွယ်ပြီး အခြေခံစက်ချုပ်သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးရခြင်းဖြစ်ကြောင်း၊ သင်တန်းသူများကလည်း သင်တန်းမှရရှိသော အတတ်ပညာများကို စဉ်ဆက်မပြတ် လေ့လာသင်ယူပြီး မိမိဘဝတိုးတက်ရာ၊ တိုးတက်ကြောင်းအတွက် လက်တွေ့နယ်ပယ်တွင် အကောင်အထည်ဖော်ဆောင်ရွက်ကာ မိသားစုစီးပွားရေးကို ထောက်ပံ့ပေးနိုင်အောင် ကြိုးစားသွားကြရန် ပြောကြားသည်။ ထို့နောက် သင်တန်းထူးချွန်ဆုနှင့် သင်တန်းဆင်းလက်မှတ်များကို မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိ သူများက ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

အောင်အောင် (ပြန်/ဆက်)

ငါန်းဇွန်မြို့ မြသိန်းတန်ကျောင်းတိုက်၌ နှစ်ပေါင်းနှစ်ရာကျော်ရှိ အာရုံခံကျောင်းတိုက်အား ရှေးမူမပျက်ထိန်းသိမ်းပေးစေလို

ငါန်းဇွန် စက်တင်ဘာ ၁
မန္တလေးတိုင်းဒေသကြီး ငါးဇွန်မြို့ အမှတ် (၁) ရပ်ကွက် မြသိန်းတန်ကျောင်းတိုက်၌ နှစ်ပေါင်း နှစ်ရာကျော်က ရွှေများနှင့် နံရံဆေးရေးပန်းချီများရှိသော အာရုံခံကျောင်းတိုက်အား ရှေးမူမပျက် ထိန်းသိမ်းပြုပြင်ပေးရန် လိုလားနေ ကြောင်း ဒေသခံများထံမှ သိရသည်။

"ကျွန်တော်တို့ ရပ်ကွက်မှာ ဘုန်းတော်ကြီးကျောင်း ၁၅ ကျောင်းရှိပြီး မြသိန်းတန်ကျောင်းတိုက်ထဲမှာ ကျောင်းသစ် အရှေ့တိုက်၊ အနောက်တိုက်ဆိုတာရှိကာ အဲဒီထဲက ကျောင်းသစ်အရှေ့တိုက်မှာ ရွှေတွေချထားတာရှိပြီး အာရုံခံကျောင်းတိုက်မှာလည်း ပျက်စီးယိုယွင်းနေလို့ ရှေးမူမပျက်ပြုပြင်ပေးစေချင်ပါတယ်" ဟု ငါန်းဇွန်မြို့ အမှတ် (၁) ရပ်ကွက် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမျိုးဝင်းက ပြောသည်။

မြသိန်းတန်ကျောင်းတိုက်ရှိ အာရုံခံကျောင်းတိုက်မှာ လွန်ခဲ့သော နှစ် ၁၀၀ကျော်ကရှိခဲ့ပြီး မြသိန်းတန်ကျောင်းတိုက်အတွင်း ရွှေအစစ်များနှင့် အချို့ပျက်လုနီးပါးဖြစ်နေသော ရှေးဟောင်းနံရံဆေးရေးပန်းချီများ ရှိကြောင်း၊ ရှေးယခင်က အာရုံခံကျောင်းတိုက်အတွင်း ပုတီးစိတ်ခြင်း၊ သီလခံယူခြင်းများ ဆောင်ရွက်လေ့ရှိခဲ့ပြီး မသမာသူအချို့မှ ကျောင်းတိုက်အတွင်းရှိ ရွှေများကို ပွတ်တိုက် ခွာယူမှုများရှိကြောင်း ဒေသခံတစ်ဦးဖြစ်သူ ဦးမောင်ဆန်းကိုက ပြောသည်။

မြသိန်းတန်ကျောင်းတိုက်ကြီးကို ကုန်းဘောင်ခေတ်နှောင်းပိုင်း ရတနာပုံခေတ် မင်းတုန်းမင်းလက်ထက်တွင် စတင်တည်ထားကိုးကွယ်ခဲ့ပြီး ကိုလိုနီခေတ်တွင် တစ်ကြိမ်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီခေတ်တွင် တစ်ကြိမ် ပြန်လည်ပြုပြင်မွမ်းမံခဲ့ကြောင်း မြသိန်းတန်ကျောင်းတိုက်ကမ္ပည်းမော်ကွန်းကျောက်စာများအရ သိရသည်။

ယခုအချိန်တွင် မြသိန်းတန်ကျောင်းတိုက်ရှိ အာရုံခံကျောင်းတိုက်အတွင်း ရွှေအစစ်များမှာ ကွာကျမှုများရှိနေခြင်း၊ ရှေးနံရံဆေးပန်းချီများ အချို့ပျက်လုနီးပါးရှိနေခြင်း၊ ရွှေအစစ်များရှိနေခြင်း၊ ရှေးဟောင်းအမွေအနှစ် ပန်းချီလက်ရာများရှိနေခြင်းတို့ကြောင့် မသမာသူများရန်မှ ကာကွယ်နိုင်ရန်နှင့်သဘာဝဘေးအန္တရာယ်မှ ကာကွယ်နိုင်ရန်အပြင် ရှေးဟောင်းအမွေအနှစ်များ မပျောက်ပျက်စေရန် ရှေးမူမပျက် ပြုပြင်ထိန်းသိမ်းပေးရန် ဒေသခံများက ဆန္ဒရှိကြောင်း သိရသည်။

"ဒီကျောင်းတိုက်ထဲက ရွှေအစစ်တွေပါ။ အရင်တုန်းက သမဝါယမက ဆန်တွေထားခဲ့တယ်။ အတော်လေး ပျက်စီးနေပါပြီ။ အပေါ်ကလည်း ပျက်စီးနေပြီး ရွှေတွေကလည်း တဖြည်းဖြည်း ကွာကျနေပါတယ်။ တာဝန်ရှိသူတွေက ရှေးဟောင်းအမွေအနှစ်တွေ ပြုပြင်ထိန်းသိမ်းစေချင်ပါတယ်။ အပေါ်ကလည်း မိုးတွေယိုနေလို့ ဦးပဉ္ဇင်းလည်း တတ်နိုင်သလောက် ဆောင်ရွက်နေပေမယ့် ကြာရင်ပြိုပျက်သွားနိုင်ပါတယ်။ ဘေးနံရံအုတ်တွေကလည်း ကွာကျနေတာလေ။ တာဝန်ရှိသူတွေ လာရောက်ပြင်ပေးရင်တော့ ရှေးဟောင်းပစ္စည်းတွေ ထိန်းသိမ်းရာကျတာပေါ့။ ဦးပဉ္ဇင်းကလည်း အဲဒီလိုပဲဖြစ်စေချင်တယ်။ ဟိုအရင် ဦးပဉ္ဇင်းတို့ မရောက်သေးခင်က ရွှေတွေအပြည့်လို့ သိရတယ်" ဟု အာရုံခံကျောင်းတိုက်အတွင်း သီတင်းသုံးစောင့်ရှောက်နေသည့် ဦးပဉ္ဇင်းက မိန့်ကြားသည်။

ဘိုဘို (မလှိုင်)

ငါန်းဇွန်မြို့ မြသိန်းတန်ကျောင်းတိုက်အတွင်းရှိ အာရုံခံကျောင်းတိုက်ကို တွေ့ရစဉ်။

ရှင်ဥပဂုတ္တ မီးမျှောပူဇော်ပွဲနှင့် လှေပြိုင်ပွဲ ကျောက်ကြီးမြို့၌ စည်ကားစွာ ကျင်းပမည်

ကျောက်ကြီး စက်တင်ဘာ ၁
ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့၌ (၁၃၁)ကြိမ်မြောက် ရှင်ဥပဂုတ္တ မီးမျှောပူဇော်ပွဲနှင့် မြန်မာ့ရိုးရာ လှေလှော်ပြိုင်ပွဲကို စက်တင်ဘာ ၆ ရက်မှစ၍ ကိုးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။

ရှင်ဥပဂုတ္တ မီးမျှောပူဇော်ပွဲနှင့် လှေလှော်ပြိုင်ပွဲကို မြို့နယ်သံဃာဝန်ဆောင် ဥက္ကဋ္ဌဆရာတော်၏ သြဝါဒနှင့်အညီ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သူက ဦးဆောင်စီစဉ်၍ ပွဲတော်ကျင်းပရေး ကော်မတီ ခုနစ်ခု ဖွဲ့စည်းပြီး စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း၊ အဆိုပါပွဲတော်သည် ကျောက်ကြီးမြို့နယ်၏ အစဉ်အလာကြီးမားသော ဘာသာရေးပွဲတော်ကြီး ဖြစ်သည့်အပြင် မြန်မာ့ရိုးရာ လှေလှော်ပြိုင်ပွဲကြီးကိုလည်း နယ်ခံပြည်သူများက များစွာ စိတ်ဝင်စားကြကြောင်း သိရသည်။

မြန်မာ့ရိုးရာ လှေပြိုင်ပွဲကြီးတွင် လှေအသင်း ၁၀၀ ကျော် ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး မြို့လယ်ချောင်းထဲ၌လည်း အမျိုးသား (၅)တက်နှင့် အမျိုးသမီး(၇)တက် လှေလှော်ပြိုင်ပွဲများ ကျင်းပမည်ဖြစ်ကြောင်း၊ ထို့အပြင် အမျိုးသား ချောတိုင်တက်ပွဲ၊ အမျိုးသမီးတက်ခုတ်ယိမ်းပြိုင်ပွဲများနှင့်အတူ မြို့နယ်အားကစားကွင်း၌ ကျေးရွာအုပ်စုများ၏ ဘောလုံးပြိုင်ပွဲကို ကျင်းပကာ အသင်းပေါင်း ၂၈ သင်း ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

ပွဲတော်ရက်များအတွင်း ညပိုင်းတွင် ရှင်ဥပဂုတ္တမထေရ်အား မီးမျှောပူဇော်ကြပြီး ဖျော်ဖြေရေးအစီအစဉ်များအနေဖြင့် အငြိမ့်နှင့် ဇာတ်ပွဲများလည်း ပါဝင်မည်ဖြစ်ကြောင်း ပွဲတော်ကျင်းပရေးကော်မတီ တာဝန်ရှိသူများထံမှ သိရသည်။

ကိုသားကြီး(ကျောက်ကြီး)

မိတ္ထီလာဖောင်တော်ဦးဘုရားပွဲ လှေပြိုင်ပွဲတွင် ပြိုင်ပွဲဝင်မည့်လှေအသစ်ဖြင့် လှေ့ကျင့်

မိတ္ထီလာ စက်တင်ဘာ ၁
မိတ္ထီလာမြို့ ၁၃၆ ကြိမ်မြောက် ဖောင်တော်ဦးဗုဒ္ဓပူဇနိယ ဘုရားပွဲတော်တွင် ထည့်သွင်းကျင်းပမည့် လှေပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် လှေအသင်းများ ယခုနှစ်တွင် စတင်အသုံးပြုမည့် ဖိုက်ဘာလောင်းလှေအသစ်များဖြင့် လှော်ခတ်လေ့ကျင့်လျက်ရှိသည်။

"ဒီနှစ်က ဖောင်တော်ဦးဘုရားပွဲ လှေပြိုင်ပွဲမှာ သစ်သားလောင်းလှေတွေအစား ဖိုက်ဘာလောင်းလှေအသစ်တွေနဲ့ စတင်ယှဉ်ပြိုင်ရမှာဆိုတော့ ပြိုင်ပွဲဝင်လှေအသစ်တွေနဲ့ လှော်သားကျအောင် ကြိုတင်လေ့ကျင့်နေကြတာပါ။ ဒီနေ့နဲ့ဆို ပြိုင်ပွဲဝင်လှေအသင်းတွေ လှေအသစ်တွေနဲ့ လှော်ခတ်လေ့ကျင့်တာ နှစ်ရက်မြောက်နေ့ဖြစ်ပါတယ်။ လှေအသစ်တွေက ဖိုက်ဘာလှေတွေဖြစ်လို့ သစ်သားလှေတွေထက်စာရင် ပေါ့ပေါ့ပါးပါးနဲ့ လှော်ခတ်ရတာသက်သာပေမယ့် စတင်လှော်ခတ်ရမှာဖြစ်လို့ အသားကျနေအောင်တော့ လေ့ကျင့်လှော်ခတ်ဖို့ လိုပါတယ်" ဟု ယခင်နှစ်က အကြီးတန်းလှေပြိုင်ပွဲတွင် ပထမဆုရရှိခဲ့သည့် အုတ်နဲ့ဘုတ်ကျေးရွာ ပြိုင်ပွဲဝင်အသင်းမှ အသင်းသားတစ်ဦးက ပြောသည်။

ပြိုင်ပွဲဝင်မည့်လှေအသင်းသားများ ဖိုက်ဘာလှေသစ်များဖြင့် လှေကျင့်နေကြစဉ်။

မိတ္ထီလာမြို့ဖောင်တော်ဦးဘုရားပွဲတော်ကို စက်တင်ဘာ ၆ ရက်မှ ၁၅ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး လှေပြိုင်ပွဲအား အကြီးတန်း၊ အငယ်တန်းပြိုင်ပွဲများအဖြစ် စက်တင်ဘာ ၉ ရက်မှ ၁၃ ရက် (တော်သလင်းလပြည့်နေ့)အထိ ၅ ရက်တိုင်တိုင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ချမ်းသာ (မိတ္ထီလာ)

အမြို့မြို့အနယ်နယ်၌ ပြည်သူ့စကားဝိုင်းများကျင်းပ

ကျိုက်လတ်

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ် ဘုံလုံချောင်းကျေးရွာ ရာသက်ပန်ငွေပဒေသာပင်တိုက်ကျောင်း၌ သြဂုတ် ၃၁ ရက်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ပြည်သူ့စကားဝိုင်းကို ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူးရုံးမှ ဒုတိယဦးစီးမှူး ဦးသီဟ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမင်းသိန်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးလှမြင့်၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်မြင့်ထွန်း၊ မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနဦးစီးမှူး ဒေါ်ခင်သီတာဟန်၊ မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန ဒုတိယဦးစီးမှူး ဦးရဲဇော်အောင်တို့က ပါဝင် ဆွေးနွေးသည်။ ထို့နောက် တက်ရောက်လာကြသော ပြည်သူများက သိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြရာ သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

စစ်ကိုင်း

စစ်ကိုင်းမြို့နယ် နတ်ခရိုင်ကျေးရွာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲ အခမ်းအနားကို သြဂုတ် ၃၁ ရက်က အဆိုပါကျေးရွာ ဓမ္မကာရီ ကျောင်းတိုက်အတွင်းရှိ ဓမ္မာရုံ၌ ကျင်းပသည်။**(အောက်ပုံ)**

အခမ်းအနားတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်စုမြတ်ထက်၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုနှင့် စာရင်းအင်းဦးစီးဌာန၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်ကျေးလက်လမ်းဦးစီးဌာနတို့က မိမိတို့ဌာနမှ လုပ်ကိုင်ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ဆွေးနွေးကြပြီး တက်ရောက်လာကြသည့်ကျေးရွာ ပြည်သူများက ကျေးလက်လမ်း၊ ကျေးလက်ရေရရှိရေး၊ ကျေးလက်မီးလင်းရေးနှင့် ကျေးရွာဆေးပေးခန်း ဆောက်လုပ်သွားမည့် အခြေအနေများကို မေးမြန်းဆွေးနွေးကြရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့် သက်ဆိုင်ရာဌာန ဆိုင်ရာများက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ခရိုင် (ပြန်/ဆက်)

တန့်ယန်း

ရှမ်းပြည်နယ်မြောက်ပိုင်း တန့်ယန်းမြို့တွင် "လူငယ်နှင့်အားကစား" ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို သြဂုတ် ၃၁ ရက်က အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီထွေး၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဆန်စိန်၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအောင်ဇော်ဦး၊ မြို့နယ်ပညာရေးမှူး ဒေါ်ဝါးနေမူး၊ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှူး ဦးလှမျိုးမြင့်တို့က အားကစားအဆင့်အတန်းတိုးတက်မြင့်မားလာရေးနှင့် လူငယ်ထုအတွင်း အားကစားသမားကောင်းများ ပေါ်ထွန်းလာစေရေးအကြောင်းတို့ကို ဦးဆောင်ဆွေးနွေးကြသည်။

တက်ရောက်လာသော အခြေခံပညာအထက်တန်း၊ အလယ်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူများနှင့်စိတ်ပါဝင်စားသူ ခြောက်ဦးတို့က သိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူတို့က ပြန်လည်ရှင်းလင်းခဲ့ကြောင်း သိရသည်။

မင်းလွင်ဦး (ပြန်/ဆက်)

ပုသိမ်

လူငယ်နှင့်စာရိတ္တခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ပုသိမ်မြို့အမှတ်(၁)အခြေခံပညာအလယ်တန်းကျောင်း အထက.(ခွဲ)မြို့မကျောင်းပညာ မဏ္ဍုခန်းမ၌ သြဂုတ် ၃၁ ရက်က စတင်ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးမင်းထက်က အဆိုပါစကားဝိုင်းတွင် လူငယ်များ၏ ကိုယ်ကျင့်တရား ကောင်းမွန်ရေး၊ စိတ်ပိုင်းဆိုင်ရာ ခံယူမှုမြင့်မားရေး၊ ကိုယ်ချင်းစာတရားလက်ကိုင် ထားရှိနိုင်ရေး၊ ကိုယ်ကျင့်တရားကောင်းမွန်ခြင်း၏ ဆောင်ရန်ရှောင်ရန်များကို ဆွေးနွေးခဲ့မှုအပေါ် ကျောင်းသား ကျောင်းသူများ နှစ်သက်သဘောကျခဲ့ကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)

ပြောင်းလဲသင့်ချိန်မှာ ပြောင်းလဲကြပါစို့

သူရဖြိုး

သီဟိုဠ်မှ ဉာဏ်ကြီးရှင်သည်
အာယုဝဍ္ဎန ဆေးညွှန်းစာကို
ဇလွန်ဈေးဘေး ဗာဒံပင်ထက်
အဓိဋ္ဌာန်လျက် ဂဃနဏ ဖတ်ခဲ့သည်။

အထက်ပါစာကြောင်းမှာ ယခုတလောတွင် ဖေ့စ်ဘုတ် လူမှုကွန်ရက်ပေါ်၌ အတွေ့ရများနေသော စာတစ်ကြောင်းဖြစ်သည်။ ထိုစာကြောင်းကို မြန်မာ ကွန်ပျူတာ ပညာရှင်တစ်ဦးဖြစ်သူ ကိုမောင်ဆန်းက လွန်ခဲ့သည့် ၁၀ နှစ်ခန့်ကပင် စဉ်းစား ဖန်တီးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ အင်္ဂလိပ်စာတွင်ရှိသော အက္ခရာ A မှ Z အထိ ပါသည့် The quick brown fox jumps over the lazy dog ဟူသည့် စာကြောင်းကဲ့သို့ အထက်ပါ စာကြောင်းမှာလည်း မြန်မာအက္ခရာအားလုံးပါသည့် စာကြောင်းဖြစ်သည်။ အက္ခရာ ၃၃ လုံးစလုံး ပါသည့်အပြင် အခြေခံ မြန်မာစာ သရများဖြစ်သော ပင့်၊ ရစ်၊ ဆွဲ၊ ထိုး စသည်တို့လည်း ပါဝင်သည်။

အောက်တိုဘာ ၁ ရက်မှစ၍ မြန်မာတစ်နိုင်ငံလုံးတွင် ယူနီကုဒ်ကို ပြောင်းလဲ၍ အသုံးပြုကြတော့မည်ဖြစ်ရာ ယခုအချိန်အထိ ဇော်ဂျီကို သုံးစွဲနေကြပြီး ယူနီကုဒ် လက်ကွက်ကို မရိုက်တတ်သေးသူများက ယူနီကုဒ်ကို စမ်း၍ရိုက်ကြသည့်အခါ အက္ခရာအားလုံးကို အစုံအလင် စမ်းရိုက်နိုင်သော ထိုစာကြောင်းကို ယခုရက်ပိုင်းတွင် ဖေ့စ်ဘုတ်ပေါ်၌ အတွေ့ရများလာခြင်းဖြစ်သည်။

ယူနီကုဒ်ဆိုသည်မှာ

ကမ္ဘာပေါ်ရှိ နိုင်ငံပေါင်းစုံမှ ဘာသာစကားပေါင်းစုံကို ကွန်ပျူတာပေါ်တွင်ဖြစ်စေ၊ မိုဘိုင်းကိရိယာများပေါ်တွင်ဖြစ်စေ၊ ပရိုဂရမ်များတွင်ဖြစ်စေ စာအဖြစ်ရေးသည့်အခါ ကွန်ပျူတာနှင့် မိုဘိုင်းကိရိယာများ၏စနစ်က ထိုစာလုံးများကို နားလည်စေရန် အတွက် စာလုံးတစ်လုံးချင်းစီကို ကုဒ်နံပါတ်များ သတ်မှတ်ထားပေးသောစနစ်ကို ယူနီကုဒ်ဟု ခေါ်ခြင်းဖြစ်သည်။ မျက်မြင်တွင် ကွန်ပျူတာနှင့် မိုဘိုင်းဖုန်းများသည် အက္ခရာစာလုံးများကို အသုံးပြုနေသော်လည်း ယေဘုယျအားဖြင့် ကွန်ပျူတာ စနစ်များသည် ကိန်းဂဏန်းများကိုသာ နားလည်သည်ဟု ဆိုနိုင်သည်။ ဥပမာ အင်္ဂလိပ်အက္ခရာစာလုံး A ကို ကွန်ပျူတာက ကုဒ်နံပါတ်အနေဖြင့် U 0041 ဟုသာ နားလည်သည်။ မျက်မြင်တွင် A ကို A ဟု မှတ်သည်ဟုသာ မြင်ရသော်လည်း ကွန်ပျူတာစနစ်က A ၏ ကုဒ်နံပါတ်ကိုသာ မှတ်ထားခြင်းဖြစ်သည်။

ထို့ကြောင့် ဘာသာစကားပေါင်းစုံမှ စာလုံးပေါင်းများစွာကို ကွန်ပျူတာများတွင် မှတ်သားသိမ်းဆည်းသည့်အခါတွင်လည်း ကွန်ပျူတာက နားလည်စေရန် ထို ဘာသာစကားပေါင်းစုံမှ စာလုံးတစ်လုံးချင်းစီကို မတူညီသော ကုဒ်နံပါတ်များ တစ်ခုစီ သတ်မှတ်ပေးရန် လိုအပ်လာသည်။ ထိုသို့ သတ်မှတ်ခြင်းကို ISO စံဖြင့် Unicode Consortium ဟူသည့် အဖွဲ့အစည်းကြီးက ပြုလုပ်သည်။

မြန်မာနိုင်ငံအတွက်ဆိုလျှင် မြန်မာစာအတွက်သာမက မွန်၊ ကရင်၊ ကယား၊ ရှမ်းနှင့် ပလောင် ဘာသာစကားများအတွက်ပါ Codepoint များ ရရှိထားသလို ပါဠိနှင့် သက္ကတအတွက် Codepoint များလည်း ရရှိထားပြီးဖြစ်သည်။ ယူနီကုဒ် စနစ်တွင် မြန်မာအက္ခရာ တစ်လုံးချင်းစီနှင့် တိုင်းရင်းသားစာ စာလုံးများအတွက် Codepoint များကို U 1000 မှ U 109F အတွင်း သီးခြားသတ်မှတ်ပေးထားသည်။ ထို့အပြင် U AA60 မှ U AA7F အထိလည်းကောင်း၊ U A9E0 မှ U A9FE အထိလည်းကောင်း ထပ်တိုးအက္ခရာစာရင်းဖြင့် Codepoint များ ထပ်တိုးပေး ထားသည်။

ပြည်ထောင်စုဖောင့်ဆိုသည်မှာ

ယူနီကုဒ်ဆိုသည်မှာ ဖောင့်(Font) တစ်ခုမဟုတ်ဘဲ စနစ်တစ်ခု၊ စံသတ်မှတ်ချက် တစ်ခုသာဖြစ်ပြီး ထိုစနစ်အတိုင်း၊ စံသတ်မှတ်ချက်အတိုင်း လိုက်နာထားသော မည်သည့်ဖောင့်ကိုမဆို ယူနီကုဒ်ဖောင့်ဟု သတ်မှတ်နိုင်သည်။ ပြည်ထောင်စုဖောင့် သည် ယူနီကုဒ်စံနှုန်းများကို အပြည့်အဝ လိုက်နာထားသော ဖောင့်ဖြစ်သည်။ ယူနီကုဒ်ကို ပြောင်းလဲအသုံးပြုကြတော့မည်ဆိုသည့်အခါ လူသိများသောဖောင့်မှာ လည်း ပြည်ထောင်စုဖောင့်ပင် ဖြစ်သည်။

မြန်မာနိုင်ငံတွင် ပြည်ထောင်စုဖောင့် မတိုင်မီကပင် ယူနီကုဒ်စနစ်၊ ယူနီကုဒ် စံနှုန်းကို လိုက်နာထားသောဖောင့်များ ရှိခဲ့ကာ လူသိအများဆုံးမှာ Myanmar 2 နှင့် Myanmar 3 တို့ဖြစ်သည်။ Myanmar 3 သည် ယူနီကုဒ်စံနှုန်းများနှင့် အပြည့်အဝကိုက်ညီသော်လည်း အားနည်းချက်အချို့ရှိခဲ့ပြီး ပြည်ထောင်စုဖောင့်မှာ Myanmar 3 ကို အဆင့်မြှင့်ကာ ထိုအားနည်းချက်အားလုံးကို ဖယ်ရှား၍ အဆင်ပြေချောမွေ့စွာ အသုံးပြုနိုင်သော ဖောင့်အမျိုးအစား ဖြစ်လာခဲ့သည်။ Myanmar 4 ဟု မခေါ်ဘဲ ပြည်ထောင်စုဟု ပြောင်းလဲခေါ်ဝေါ်ခြင်းဖြစ်သည်။ ပြည်ထောင်စုဖောင့်တွင် Myanmar 3 တွင် မပါဝင်သေးသည့် တိုင်းရင်းသား ဘာသာစကားများလည်း ပါဝင်လာသည်။

ဘာကြောင့် ပြောင်းရမည်လဲ

မြန်မာနိုင်ငံ၌ အွန်လိုင်းပေါ်တွင်သုံးသော မြန်မာစာအဖြစ် ဆယ်စုနှစ်တစ်ခု ကျော် ကြာသည့်တိုင်အောင် ဇော်ဂျီဟုခေါ်သော Font ကို အသုံးပြုခဲ့ကြသလို လက်ရှိအချိန်အထိလည်း ဇော်ဂျီသည် လူသုံးများနေဆဲ ဖောင့်တစ်ခုဖြစ်သည်။ မြန်မာနိုင်ငံတွင် ယူနီကုဒ်စံနှုန်းကို လိုက်နာသောဖောင့်များ မပေါ်ခင်က အင်တာနက်ပေါ်တွင် မြန်မာစာကို အသုံးပြုနိုင်ရန် ဇော်ဂျီဖောင့်ကို ဖန်တီးခဲ့ကြပြီး လတ်တလောလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်၍ တွင်ကျယ်စွာ အသုံးပြုခဲ့ကြသည်။

ဇော်ဂျီသည် အင်တာနက်ဘရောက်ဇာများက Support လုပ်ခြင်း၊ ယခင်က လူသုံးများသော GTalk တွင် သုံးနိုင်ခြင်း၊ စာစီစာရိုက်လုပ်ငန်းတွင် သုံးသည့် ဝင်းလက်ကွက်များနှင့် ဆင်တူပြီး လွယ်ကူစွာ အသုံးပြုနိုင်ခြင်း စသည့် အားသာ ချက်များရှိသလို အားနည်းချက်များလည်း ရှိနေသည်။ အဓိက အားနည်းချက်မှာ လိုအပ်သော မြန်မာအက္ခရာ စာလုံးများအတွက် ရရှိထားပြီးသော ယူနီကုဒ် Codepoint များပေါ်မှ အသုံးနည်းသေးသည့် တိုင်းရင်းသားဘာသာစကားများ၏ Codepoint များကို ရယူထားခြင်းဖြစ်သည်။ ဥပမာ - မြန်မာစာထဲမှ (ု)သည် မည်သည့်အချိန်တွင်မဆို တစ်မျိုးတည်းသာ ဖြစ်ရမည်ဖြစ်သော်လည်း ဇော်ဂျီတွင် (ု)နှင့် (ု) နှစ်မျိုးဖြစ်နေသည့်အပြင် လုံးကြီးတင်ရန် အထက်ဖွင့်၊ ဝဆွဲထည့်ရန် အောက်ဖွင့် စသည်ဖြင့် (ု)တစ်လုံးတည်းအတွက် ပုံစံခြောက်မျိုးခန့် ရှိနေသည့် အခါ Codepoint များ ပို၍ လိုလာသည်။ ထို codepoint များကို တိုင်းရင်းသား စာများအတွက် ရရှိထားသော codepoint များထဲမှ ယူသုံးထားသည့်အခါ နောက်ပိုင်းတွင် တိုင်းရင်းသားစာများကို ဖန်တီးရန် အခက်အခဲဖြစ်လာတော့သည်။

ထို့အပြင် စာရိုက်ချိန်တွင် အမြင်အတိုင်းရိုက်သည့်ပုံစံကို အားပေးသောကြောင့် အမှားကို မသိနိုင်ခြင်းမှာလည်း ဇော်ဂျီ၏ အားနည်းချက်တစ်ခုဖြစ်သည်။ ဥပမာ ‘ကို’ဟူသောစာလုံးကို ရိုက်ပါက (က+ိ+ု)ဟု ရိုက်သည်ဖြစ်စေ၊ (က+ု+ိ)ဟု ရိုက်သည်ဖြစ်စေ မျက်မြင်တွင် တစ်ပုံစံတည်း ပြသောကြောင့် အမှားကို မသိနိုင်တော့ခြင်းဖြစ်သည်။ ထို့ကြောင့် ကွန်ပျူတာ၏ ရှာဖွေရေးစနစ်များဖြင့် ပြန်ရှာသည့် အခါတွင်ဖြစ်စေ၊ အက္ခရာစဉ်ရာတွင်ဖြစ်စေ အမှန်မရတော့သည့် အားနည်းချက် လည်း ရှိလာသည်။



ပြည်ထောင်စုဖောင့်၏ အားသာချက်များ

ပြည်ထောင်စုဖောင့်သည် ယူနီကုတ် စံသတ်မှတ်ချက်များကို အပြည့်အဝ လိုက်နာထားသောကြောင့် ဇော်ဂျီတွင် ကြုံတွေ့ရသည့် အားနည်းချက်များ လုံးဝ မရှိတော့ဘဲ အဆင်ပြေသွားစေသည်။ ထို့အပြင် ယူနီကုဒ်စံနှုန်းကို Google က လည်း ထောက်ပံ့ပေးနေခြင်းကြောင့် Google ၏ လုပ်ဆောင်ချက်အမျိုးမျိုးကို အသုံးပြုနိုင်မည်ဖြစ်ကာ ရေရှည်တွင် ကွန်ပျူတာသုံး မြန်မာစာစနစ် တိုးတက်ရေး အတွက်လည်း ပြည်ထောင်စုဖောင့်က ရာနှုန်းပြည့် ထောက်ပံ့ပေးနိုင်မည်ဖြစ်သည်။ သို့ရာတွင် စတင် ပြောင်းလဲအသုံးပြုချိန်တွင်မူ အဆင်မပြေမှုအချို့ ရှိနိုင်သည်။

အဓိကအချက်မှာ ဇော်ဂျီလက်ကွက်ကို အသားကျနေသူများအဖို့ လက်ကွက်ပုံစံ အပြောင်းအလဲ အနည်းငယ် ရှိနေခြင်းနှင့် အွန်လိုင်းတွင်သုံးသည့်အခါ ကိုယ်က ယူနီကုဒ်သုံးသော်လည်း အခြားသူများက ဇော်ဂျီကိုသာ ဆက်သုံးနေသည့်အခါ တစ်ယောက်၏စာကို တစ်ယောက်က ဖတ်မရခြင်းများ ဖြစ်နိုင်သည်။ ယခင်ကပင် ဇော်ဂျီမှ ယူနီကုဒ်သို့ ပြောင်းသုံးရန် ကွန်ပျူတာပညာရှင်များ၏ တိုက်တွန်းချက်များ ရှိခဲ့သော်လည်း ကိုယ်ရေးသောစာကို သူများဖတ်မရခြင်းက ယူနီကုဒ် ပြောင်းသုံး လိုသူများအတွက် အဓိက ပြဿနာတစ်ခု ဖြစ်နေခဲ့ရာ ယခု အောက်တိုဘာ ၁ ရက် တွင်မူ တစ်နိုင်ငံလုံး ယူနီကုဒ်ပြောင်းရန် နိုင်ငံတော်အစိုးရက ဦးဆောင်လိုက်ခြင်းဖြင့် ထိုပြဿနာကို ပြေလည်စေမည့် အဖြေတစ်ခု ဖြစ်လာနိုင်သည်။

ယူနီကုဒ်သုံးရာတွင် နောက်ထပ် အဆင်မပြေမှုတစ်ခုမှာ ယခုနောက်ပိုင်းတွင် အင်တာနက်ကို အသုံးပြုသူအများစုသည် ကွန်ပျူတာဖြင့်သုံးသည့်အစား ဖုန်းများ ဖြင့် အသုံးများလာသည့်အခါ ကွန်ပျူတာကဲ့သို့ Window ဗားရှင်းအနည်းငယ်သာ ရှိသည်မဟုတ်ဘဲ ဖုန်းအမျိုးအစားမျိုးစုံ၊ ဖုန်းမော်ဒယ်မျိုးစုံ ဖြစ်နေခြင်းဖြစ်သည်။ ယခုနောက်ပိုင်းထွက်သော ဖုန်းအများစုတွင် ယူနီကုဒ်ကို Built-in အနေဖြင့်ပင် ထည့်သွင်းပေးထားသဖြင့် ပြဿနာမရှိသော်လည်း ယခင်ထွက်ခဲ့သည့် မော်ဒယ်နိမ့် ဖုန်းအချို့မှာ မြန်မာစာ မပါဝင်သဖြင့် ဇော်ဂျီဖောင့် အသုံးပြုနိုင်အောင် ပြုပြင် ထားခြင်း၊ အချို့ဖုန်းများမှာ စဝင်လာကတည်း ယူနီကုဒ်အစား ဇော်ဂျီသာ ပါဝင်နေ ခြင်း စသည့် အခြေအနေများရှိရာ ထိုသို့ ဖုန်းအမျိုးအစားနှင့် ဖုန်းမော်ဒယ်များအပေါ် မူတည်၍ ယူနီကုဒ်ကို စတင်ပြောင်းလဲ သုံးစွဲရာတွင် နည်းပညာနှင့် အကျွမ်းတဝင် ရှိသူများအဖို့ပင် အဆင်မပြေမှုအနည်းငယ် ရှိနေနိုင်သည်။

ထို့အပြင် ဖေ့စ်ဘုတ်အပါအဝင် ဝက်ဘ်ဆိုက်အချို့သည် ယူနီကုဒ်မှ ဇော်ဂျီ၊ ဇော်ဂျီမှ ယူနီကုဒ် အလိုအလျောက် အပြန်အလှန်ပြောင်းလဲခြင်း(Auto Convert)ကို လုပ်ပေးထားရာ လက်ရှိအချိန်တွင် ဇော်ဂျီသုံးနေသူများသည် ဖေ့စ်ဘုတ်ပေါ်မှ ယူနီကုဒ်ဖြင့်ရေးထားသော စာများကို ဖတ်နိုင်ကြသည်။ ထို့ကြောင့် ယူနီကုဒ်ကို ပြောင်းလဲသည့်အတွက် ထူးခြားသည့်အားသာချက်မရှိဟု အချို့က ယူဆနိုင်သည်။ ထို့အပြင် လူသုံးများသော မိုဘိုင်းအက်ပလီကေးရှင်းအချို့မှာ ဇော်ဂျီကို ထောက်ပံ့ နေဆဲဖြစ်၍ ထိုအက်ပလီကေးရှင်းများတွင် ယူနီကုဒ်ဖြင့် အမှန်မမြင်ရသည့် အဆင် မပြေမှု ရှိနိုင်သည်။ ဥပမာ - Joox သည် လက်ရှိအချိန်အထိ ဇော်ဂျီဖောင့်ကိုသာ ထောက်ပံ့ပေးနေရာ ယူနီကုဒ်သို့ ပြောင်းလဲလိုက်ပါက Joox ထဲမှ သီချင်းစာသား များကို အမှန်အတိုင်း မမြင်ရတော့ပေ။

ယူနီကုဒ် ပြောင်းတော့မည်ဆိုလျှင်

ယူနီကုဒ် သို့မဟုတ် ပြည်ထောင်စုဖောင့်ကို စပြောင်းတော့မည်ဆိုလျှင် အဓိက အနေဖြင့် လုပ်ရမည့်အချက်နှစ်ခုမှာ ယူနီကုဒ်နှင့်ဖတ်ရန်နှင့် ယူနီကုဒ်ဖြင့် ရေးရန် ဖြစ်သည်။ ထို့ကြောင့် ကွန်ပျူတာများ၊ ဖုန်းများတွင် ယူနီကုဒ်ကို ဖတ်နိုင်မည့် ယူနီကုဒ်ဖောင့် ရှိရမည်ဖြစ်ပြီး ရေးရန်အတွက်လည်း ယူနီကုဒ်လက်ကွက်တစ်ခုခု ရှိရမည်ဖြစ်သည်။ ထို့အပြင် ယူနီကုဒ်လက်ကွက်ကို ဖုန်းတွင် သွင်းပြီးသည့်တိုင် လက်ကွက်များ၊ ရိုက်နည်းများကို မသိသေးလျှင် ရိုက်နည်းအတွက် လမ်းညွှန်တစ်ခု လိုအပ်မည်ဖြစ်သည်။ ထိုအချက်နှစ်ချက်မှာ ယူနီကုဒ်ကို ယခု စတင်အသုံးပြုရန် အတွက်ဖြစ်ပြီး ယခင်က ဖုန်းထဲတွင် ဇော်ဂျီဖြင့် ရေးသားထားသော မှတ်စုများ၊ Contacts များ၊ သီချင်းနာမည်များကို ဇော်ဂျီမှ ယူနီကုဒ်သို့ ပြန်ပြောင်းလိုပါက Converter တစ်ခုခုကိုလည်း လိုအပ်မည်ဖြစ်သည်။

ယူနီကုဒ်ဖောင့်ကို စတင်အသုံးပြုမည့်သူများ ကြုံတွေ့ရနိုင်သည့် အမျိုးမျိုးသော အဆင်မပြေမှုများအတွက် လိုအပ်သော ဖြေရှင်းချက်များကို နည်းပညာ ကျွမ်းကျင် သူများက အွန်လိုင်းမှ ထောက်ပံ့ပေးလျက်ရှိရာ တစ်နေရာတည်းတွင် လိုအပ်သမျှ အစုံအလင်ရနိုင်သော ဝက်ဘ်ဆိုက်မှာ Unicode Today ဝက်ဘ်ဆိုက်ဖြစ်သည်။ ယခင် ဝက်ဘ်ဆိုက်လိပ်စာမှာ www.unicode.today ဖြစ်ပြီး လက်ရှိလိပ်စာမှာ http://unicodetoday.wpengine.com ဖြစ်ကာ ထိုဝက်ဘ်ဆိုက်တွင် လိုအပ် သော ပြည်ထောင်စုဖောင့်၊ ကီးဘုတ်များ၊ လက်ကွက်ရိုက်နည်းများနှင့် ကွန်ဗက်တာ များကိုသာမက မိမိဖုန်းကို ယူနီကုဒ်ပြောင်းထားပြီးနောက် ဇော်ဂျီဖြင့်ဝင်လာသော မက်ဆေ့အသစ်များကို အလိုအလျောက် ယူနီကုဒ်သို့ ပြောင်းပေးမည့် အက်ပလီ ကေးရှင်းများကိုပါ ဒေါင်းလုပ်ရယူနိုင်သည်။

ဖေ့စ်ဘုတ်ပေါ်တွင်မူ Myanmar Unicode Area Group သည် ယူနီကုဒ်ကို စတင်အသုံးပြုလိုသူများ သိရှိလိုသမျှ မေးခွန်းများကို အကောင်းဆုံး ဖြေကြားပေး၊ အကြံဉာဏ်ပေးနေသော Group တစ်ခုဖြစ်ရာ ထို Group ကိုရှာ၍ ဝင်ထားပြီး ယူနီကုဒ်နှင့်ပတ်သက်သည့် သိကောင်းစရာများကို ဖတ်ရှုနိုင်သလို သိလိုသမျှကို လည်း မေးမြန်းနိုင်၊ အကူအညီတောင်းနိုင်မည်ဖြစ်သည်။ ထို့အပြင် Let’s use MM Unicode Group သည်လည်း ယူနီကုဒ်ကို ပြောင်းသုံးမည့်သူများအတွက် အကူအညီများပေးနေသည့် Group တစ်ခုဖြစ်သည်။

ပြောင်းလဲအသုံးပြုကြပါစို့

မြန်မာနိုင်ငံတွင် နှစ်ပေါင်းများစွာ အသုံးပြုခဲ့သော ဇော်ဂျီဖောင့်ကြောင့် လူငယ် များစွာသည် ကွန်ပျူတာနှင့် မိုဘိုင်းနည်းပညာများ၊ အခြားဗဟုသုတ စာပေများကို အင်တာနက်ပေါ်တွင် မြန်မာဘာသာဖြင့် အလွယ်တကူ ဖတ်ရှုလေ့လာနိုင်ခဲ့ကြသည်။ ထို့ကြောင့် ဇော်ဂျီသည် မြန်မာလူမျိုး အင်တာနက်အသုံးပြုသူများအပေါ် အတိုင်း အတာတစ်ခုအထိ အကျိုးကျေးဇူးပြုခဲ့သော ဖောင့်တစ်ခုလည်း ဖြစ်ခဲ့သည်။

သို့ရာတွင် အားနည်းချက်များရှိနေသော ဇော်ဂျီဖောင့်ကို ရေရှည် ဆက်လက် အသုံးပြုမည့်အစား ယူနီကုဒ်စံနှုန်းများကို လိုက်နာသည့် ဖောင့်များကို ပြောင်းလဲ အသုံးပြုကြခြင်းဖြင့် တိုင်းရင်းသား ဘာသာစကားများကိုပါ အသုံးပြုလာနိုင်ခြင်း၊ နောက်ဆုံးထွက် ကွန်ပျူတာနှင့် မိုဘိုင်းဖုန်းများ၏ စက်လည်ပတ်မှုစနစ်များတွင် Built-in မြန်မာစာ ပါဝင်လာခြင်း၊ Google နှင့် ဝီကီ အပါအဝင် ဝက်ဘ်ဆိုက်များကို မြန်မာစာဖြင့် အသုံးပြုနိုင်လာခြင်း၊ Google ၏ ဝန်ဆောင်မှုများဖြစ်သော Google Translate နှင့် Map တို့ကို ပိုမိုကောင်းမွန်စွာ အသုံးပြုနိုင်လာပြီး နောက်ပိုင်းတွင် မြန်မာစာမှ နိုင်ငံတကာဘာသာများသို့ ကွန်ပျူတာက ဘာသာပြန်ပေးနိုင်သည်အထိ အဆင့်မြင့်လာနိုင်ခြင်း၊ လက်ရေးနှင့် အသံစနစ်များဖြင့် စာရိုက်လာနိုင်ခြင်း စသည့် အားသာချက်များ၊ အကျိုးကျေးဇူးများကို အများအပြား ရရှိစေမည်ဖြစ်သောကြောင့် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုနှင့်အတူ ပြည်သူအားလုံးက ယူနီကုဒ်ကို ပြောင်းလဲ ရန် စိတ်ဝင်စားမှု အမြင့်ဆုံး ရှိနေချိန်တွင် နိုင်ငံတော်အစိုးရက သတ်မှတ်ထားသည့် အောက်တိုဘာ ၁ ရက်မှစ၍ ယူနီကုဒ်ကို အားလုံး ပြောင်းလဲအသုံးပြုကြပါရန် တိုက်တွန်းလိုက်ရပါသည်။ ။

ပြည်တွင်းအခွန်များဦးစီးဌာန

အောင်ဘာလေသိန်းဆုဌာနခွဲ

(၇) ကြိမ်မြောက် ကျပ်၁၀၀၀တန်ထီပေါက်စဉ် ၂၀၁၉ ခုနှစ်၊ စက်တင်ဘာ လ (၁) ရက်နေ့ *အခမဲ့ထုတ်ဝေသည်*

အထူးဆုကြီး ကျပ်သိန်း (၁၅၀၀၀) ဆု

ဆ - ၁၉၃၉၉၇

အထူးဆုကြီး ကျပ်သိန်း (၁၀၀၀၀) ဆု

ဏ - ၉၂၄၈၄၆

ဆုကြီးတစ်ဆုချင်း ကျပ်သိန်း(၅၀၀၀)ဆုများ

မ - ၂၅၉၅၆၀ ဆ - ၄၀၀၉၈၂

ဆုကြီးတစ်ဆုချင်း ကျပ်သိန်း(၂၀၀၀)ဆုများ

န - ၂၃၅၂၆၈
ဈ - ၆၄၀၅၈၇
ယ - ၉၇၇၉၆၄
ဈ - ၉၉၉၆၉၆

ဆုကြီးတစ်ဆုချင်း ကျပ်သိန်း(၁၀၀၀)ဆုများ

ဘ - ၁၄၅၃၁၆	ဗ - ၆၆၈၆၂၀
ထ - ၁၆၁၄၇၆	ဝ - ၇၂၅၉၁၄
ဓ - ၄၁၁၇၅၇	ဒ - ၉၇၇၅၅၂
ပ - ၅၅၂၉၄၂	

ဆုကြီးတစ်ဆုချင်း ကျပ်သိန်း(၅၀၀)ဆုများ

င - ၁၀၅၀၆၆	ဓ - ၅၈၃၃၆၇
ဏ - ၁၁၈၀၉၉	ည - ၆၅၉၀၇၈
ခ - ၃၀၀၃၉၉	ပ - ၆၆၃၈၂၀
ဖ - ၃၅၄၃၄၆	က - ၇၅၁၄၈၃
လ - ၄၀၉၃၆၄	ရှ - ၉၅၂၁၀၅
ည - ၄၃၃၆၁၅	မ - ၉၅၉၆၀၈
ဋ - ၅၂၂၁၉၅	န - ၉၈၅၉၈၀

ဆုတစ်ဆုချင်း ကျပ်သိန်း(၂၀၀)ဆုများ

အ - ၁၉၀၀၂၁	ကခ - ၄၀၂၃၄၉	အ - ၇၁၃၈၁၅
ဂ - ၃၁၃၂၃၆	န - ၄၉၀၆၀၄	ဝ - ၈၀၆၃၀၉
ပ - ၃၂၄၂၃၃	ဒ - ၅၈၁၄၅၄	လ - ၈၁၈၃၅၄
က - ၃၂၉၁၂၅	ဓ - ၅၈၃၁၄၅	ဟ - ၈၂၅၂၇၈
ကဂ - ၃၇၂၄၅၈	ဏ - ၆၄၃၁၁၉	စ - ၉၆၁၈၀၃
သ - ၃၈၄၄၉၄	ဂ - ၆၇၀၂၃၀	ကဂ - ၉၉၈၃၃၁

ဆုတစ်ဆုချင်း ကျပ်သိန်း(၁၀၀)ဆုများ

ဆ - ၁၁၇၅၉၄	ဏ - ၂၇၈၉၈၅	န - ၅၁၉၈၅၉
ဏ - ၁၃၁၈၉၉	ဒ - ၃၈၄၇၄၄	န - ၅၄၉၂၅၈
ရ - ၁၄၉၈၁၂	ရ - ၄၄၂၉၉၀	ည - ၅၅၉၆၀၃
ဂ - ၁၅၂၇၀၂	ကယ - ၄၄၃၇၂၂	ကယ - ၆၁၂၂၇၆
ရှ - ၁၅၅၃၈၆	န - ၄၅၀၉၆၀	ရ - ၆၉၇၀၇၃
ယ - ၂၁၇၇၃၀	ကက - ၄၆၃၆၂၅	တ - ၈၀၉၆၀၅
ဒ - ၂၃၆၄၈၂	ကယ - ၄၉၂၅၈၀	ပ - ၉၀၉၄၅၂
မ - ၂၅၅၆၁၃	ဝ - ၄၉၃၇၉၂	ဍ - ၉၁၆၆၃၁

ဆုတစ်ဆုချင်း ကျပ်သိန်း(၅၀)ဆုများ

ဆ - ၁၀၆၆၃၅	ဘ - ၃၄၄၅၀၅	ဋ - ၅၅၀၄၄၄	ဓ - ၆၀၂၄၆၃	ဆ - ၇၆၆၄၄၄	ဒ - ၉၄၀၁၅၀
ဓ - ၁၅၂၀၆၃	ဟ - ၃၅၆၄၁၇	ကခ - ၅၅၂၆၄၈	ဋ - ၆၁၂၂၉၇	ဆ - ၇၈၂၀၅၆	
မ - ၂၈၂၅၈၇	ဋ - ၄၁၆၄၀၂	မ - ၅၆၈၄၄၈	က - ၆၂၈၁၁၆	ရ - ၈၅၁၂၇၅	
ရှ - ၃၂၀၄၁၅	တ - ၄၂၆၅၈၅	တ - ၅၈၀၁၇၄	ဆ - ၆၅၃၈၀၄	ပ - ၈၅၇၇၃၆	
င - ၃၂၂၃၈၈	လ - ၄၃၂၁၂၉	အ - ၅၉၄၈၀၃	ဆ - ၇၀၆၃၂၅	မ - ၉၂၀၆၃၁	

ဆုတစ်ဆုချင်း ကျပ်သိန်း(၂၀)ဆုများ

ဝ - ၁၃၈၆၇၁	ထ - ၃၅၀၆၆၀	ဒ - ၄၃၂၇၇၉	ဋ - ၅၄၀၃၉၅	ထ - ၇၂၃၈၂၂	ကခ - ၉၂၀၅၇၅
ပ - ၁၄၂၀၀၀	ဗ - ၃၇၇၆၉၄	ဈ - ၄၃၈၆၁၀	ဟ - ၅၇၃၂၇၈	ဌ - ၇၃၄၃၁၈	အ - ၉၅၉၄၅၄
ဆ - ၂၉၄၄၂၁	ဓ - ၄၁၅၄၈၈	င - ၄၉၁၀၅၁	တ - ၅၉၈၃၄၀	ဏ - ၈၁၄၄၁၈	အ - ၉၈၂၆၀၀
န - ၃၁၄၁၀၁	ည - ၄၁၈၇၇၅	ဈ - ၅၀၀၆၄၇	ဗ - ၆၀၃၇၅၈	ဌ - ၈၃၃၃၀၇	
ဝ - ၃၄၄၆၄၇	တ - ၄၂၀၁၄၃	ဏ - ၅၀၁၇၁၂	န - ၆၂၅၈၉၁	ထ - ၈၅၁၈၉၀	

ဆုတစ်ဆုချင်း ကျပ်(၁၀)သိန်းဆုများ

ယ - ၁၃၁၂၆၄	ဎ - ၃၄၉၄၉၈	ဆ - ၅၄၄၁၃၃	ရ - ၇၁၈၀၉၅	ည - ၈၉၆၅၀၉
န - ၂၁၉၁၁၉	ခ - ၃၈၀၄၇၁	ဈ - ၆၀၀၀၉၆	ဆ - ၇၃၁၄၄၇	အ - ၉၀၀၉၅၆
ဗ - ၂၃၇၁၅၆	ရ - ၄၄၆၃၆၂	စ - ၆၂၅၈၈၄	ကယ - ၇၃၇၅၈၂	ဍ - ၉၀၄၉၇၃
ဒ - ၃၀၁၃၄၂	အ - ၄၆၆၂၈၂	ဍ - ၆၃၃၅၄၈	ဇ - ၈၁၉၄၆၄	ထ - ၉၆၃၈၄၄
သ - ၃၁၂၃၅၆	ဓ - ၄၇၇၄၂၂	ဆ - ၆၄၀၄၆၈	င - ၈၂၇၁၄၉	
စ - ၃၂၇၉၆၁	ကယ - ၅၀၅၉၆၇	ဒ - ၆၅၈၂၉၂	ဒ - ၈၆၀၂၆၀	
ကက - ၃၃၈၉၄၄	ဓ - ၅၃၃၉၁၄	န - ၆၈၃၀၆၀	ယ - ၈၉၀၉၂၅	

ဝေဝေဆာဆာပဒေသာ ဆုမဲစနစ်

ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ

စ - ၁၆၈၂၂	ဒ - ၃၈၂၀၀	သ - ၇၁၂၇၅
ယ - ၂၅၉၇၆	ကက - ၅၀၅၂၉	ယ - ၇၇၆၁၀
ပ - ၂၈၃၁၁	ဟ - ၅၂၇၀၈	င - ၇၈၇၇၆
ဍ - ၃၂၃၇၉	ဝ - ၆၁၄၆၅	ဓ - ၇၉၈၂၄
ပ - ၃၅၄၄၇	ဝ - ၇၀၂၃၁	လ - ၉၁၀၅၈

အက္ခရာနှင့် ဂဏန်း(၅)လုံး အစဉ်လိုက်တူ – ကျပ်(၃)သိန်း

ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ

က - ၁၉၂၂	ယ - ၄၇၃၁	ကခ - ၅၆၁၂
ဎ - ၂၄၉၉	င - ၄၈၅၃	သ - ၆၃၂၁
သ - ၂၉၂၆	လ - ၅၀၁၅	ဌ - ၇၅၉၉
ဝ - ၃၂၁၂	စ - ၅၀၈၅	ကက - ၇၇၃၄
ကခ - ၄၆၅၇	ကဂ - ၅၂၉၇	အ - ၈၃၅၉

အက္ခရာနှင့် ဂဏန်း(၄)လုံး အစဉ်လိုက်တူ – ကျပ်(၂)သိန်း

ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ

င - ၁၀၇	ဏ - ၄၅၃	ပ - ၇၂၈
ယ - ၂၀၃	ဓ - ၄၅၄	ဗ - ၈၅၃
ဘ - ၂၁၉	ထ - ၅၀၉	တ - ၈၈၀
ပ - ၃၇၃	ဇ - ၅၂၆	င - ၉၂၂
ဂ - ၄၀၁	ဘ - ၆၃၇	ဈ - ၉၃၆
ဎ - ၄၃၉	စ - ၇၁၂	ကက - ၉၅၈

အက္ခရာနှင့် ဂဏန်း(၃)လုံး အစဉ်လိုက်တူ – ကျပ်(၁)သိန်း

ဝေဝေဆာဆာပဒေသာ ကျပ်(၅)သောင်းဆုများ

ဋ - ၁၄	ဆ - ၄၅	ကခ - ၇၃
ပ - ၂၃	န - ၄၆	ဇ - ၇၄
အ - ၃၆	ကယ - ၅၆	ပ - ၈၃
ဌ - ၃၇	ဟ - ၅၇	ဎ - ၉၁
ဎ - ၃၇	လ - ၆၇	ဈ - ၉၂
ဓ - ၃၇	ရ - ၇၂	ကက - ၉၆
ဍ - ၄၀		

အက္ခရာနှင့် ဂဏန်း(၂)လုံး အစဉ်လိုက်တူ – ကျပ်(၅)သောင်း

ဘဏ္ဍာသိမ်း ရငွေကျပ်သိန်း(၂၅၀၀)မှ ချီးမြှင့်သော ဆုမဲများ

ဆုတစ်ဆုချင်း ကျပ်(၁၀)သိန်းဆုများ

ဋ - ၅၁၈၃၁၈ ဆ - ၇၃၀၅၃၇ ကက - ၈၁၅၂၇၈ ဋ - ၉၈၈၄၁၆

ဝေဝေဆာဆာပဒေသာ ဆုမဲစနစ်

ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ

ဗ - ၆၉၉၂၀ မ - ၉၄၂၀၅

အက္ခရာနှင့် ဂဏန်း(၅)လုံး အစဉ်လိုက်တူ – ကျပ်(၃)သိန်း

ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ

ဌ - ၂၄၅၇
ဋ - ၉၇၉၆

အက္ခရာနှင့် ဂဏန်း(၄)လုံး အစဉ်လိုက်တူ – ကျပ်(၂)သိန်း

ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ

ဍ - ၅၇၀
ကက - ၈၃၆

အက္ခရာနှင့် ဂဏန်း(၃)လုံး အစဉ်လိုက်တူ – ကျပ်(၁)သိန်း

၁။ ၂၀၁၉ခုနှစ် စက်တင်ဘာလ (၁) ရက်နေ့တွင် ကျင်းပသည့် အောင်ဘာလေသိန်းဆုဖွင့်ပွဲတွင် (၇) ကြိမ်မြောက် ကျပ်(၁၀၀၀)တန်အတွက် ဆုမဲ (၂၁၂၀၃၁) ဆု ဖွင့်လှစ်ပေးခဲ့ပါသည်။

၂။ ၂၀၁၉ခုနှစ် အောက်တိုဘာလ (၁)ရက်နေ့တွင် ကျင်းပမည့် (၈) ကြိမ်မြောက် ကျပ်(၁၀၀၀)တန်အောင်ဘာလေ ထီလက်မှတ်များကို (က)အက္ခရာမှ (အ) အက္ခရာထိ အက္ခရာ (၃၃)လုံး၊ (ကက)အက္ခရာမှ (ကစ) အက္ခရာထိ အက္ခရာ (၆)လုံး၊ စုစုပေါင်း အက္ခရာ (၃၉)လုံး ခွဲဝေရောင်းချပေးသွားမည် ဖြစ်ပါသည်။

၃။ (၇)ကြိမ်မြောက် ကျပ်(၁၀၀၀)တန် ဆုမဲများအနက် ကျပ် (၁၀)သိန်းနှင့်အထက် ဆုမဲများအား ထီဆုငွေ ထုတ်ပေးခြင်းကို (၂ . ၉ . ၂၀၁၉) ရက်နေ့မှစတင်၍ ဆောင်ရွက်ပေးမည်ဖြစ်ပြီး ကျန်ဆုမဲများအား ထီဆုငွေ ထုတ်ပေးခြင်းကို (၁၁ . ၉ . ၂၀၁၉) ရက်နေ့မှစ၍ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းနှင့်ဆုငွေများကို ကိုယ်တိုင်ဖြစ်စေ၊ တရားဝင်ကိုယ်စားလှယ်လွှဲစာဖြင့်ဖြစ်စေ၊ နိုင်ငံသားစိစစ်ရေးကတ်မူရင်း/မိတ္တူ၊ အိမ်ထောင်စုစာရင်း မူရင်း/မိတ္တူ၊ (၆)လအတွင်း ရိုက်ကူးထားသည့် လိုင်စင်ဓာတ်ပုံ (၃)ပုံ တင်ပြရန်လိုအပ်ပါသည်။

အောင်ဘာလေသိန်းဆုဌာနခွဲ

အောင်ဘာလေသိန်းထီပေါက်စဉ်အား www.ird.gov.mm တွင် ကြည့်ရှုထုတ်ယူနိုင်ပါသည်။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ဆ)၊ လူနေရပ်ကွက်အမှတ်(ဆ)၊ မြေကွက်အမှတ်၁၇၇(က)၊ မြေအကျယ်အလျား(၂၀)ပေ× အနံ(၆၀)ပေရှိ နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အိမ်အမှတ် ၁၇၇(က)၊ သုနန္ဒာ(၁၄)လမ်း၊ (ဆ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်ဟုခေါ်တွင်သော အဆောက်အအုံနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက် ဒေါ်ညွန့်ညွန့် ၁၂/ဥကမ(နိုင်)၀၁၄၅၁၆ထံမှ အရောင်းအဝယ်စာချုပ်စာတမ်း အဆက်အစပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်သင်းသင်းကြူ ၁၂/ဥကမ(နိုင်)၁၁၂၅၁၉ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ချမ်းနမ် ၁၂/ဗဟန(နိုင်)၁၅၄၀၂၈က ဝယ်ယူရန်အတွက် စရန်ငွေအချို့ပေးချေထားပြီးဖြစ်၍ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကန့်ကွက်မည့်သူကိုယ်တိုင် စာရွက်စာတမ်းအထောက်အထား(မူရင်း)နှင့်အတူ ကျွန်ုပ်ထံသို့ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်မြင့်သန်း(LL.B) (စဉ်-၃၀၇၇/၈၅) တရားလွှတ်တော်ရှေ့နေ

ဒေါ်ဂရေစီအေးမြင့်(LL.B) (စဉ်-၁၃၆၈၇/၁၇) တရားလွှတ်တော်ရှေ့နေ

အမှတ်(၉၁၈/က)၊ အင်း၀(၈)လမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့

အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏အမှုသည်ဖြစ်သူ ဒေါက်တာစမ်းရေအေး ၈/မထန(နိုင်)၀၇၉၆၃၁၊ အခန်း(၂)၊ တိုက် (၂)၊ ဆေးတက္ကသိုလ်(၁)၊ ဝန်ထမ်းအိမ်ရာ၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးသည် ဦးဝဏ္ဏဆွေ ၁/မကန(နိုင်)၀၀၈၇၁၂ မြစ်ကြီးနားမြို့ အပေါ်၌ တရားလိုပြုလုပ်၍ ရန်ကုန်တိုင်းဒေသကြီး၊ အနောက်ပိုင်းခရိုင်တရားရုံးတော်၌ ၂၀၁၈ခုနှစ် တရားမကြီးမှုအမှတ် ၄၄၆ဖြင့် လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှု စွဲဆိုခဲ့ရာ ၂၄-၆-၂၀၁၉ရက်တွင် ရုံးတော်မှ ကျွန်ုပ်အမှုသည် တရားလို ဒေါက်တာစမ်းရေအေးအား အနိုင်ဒီကရီချမှတ်ပေးခဲ့ပြီးဖြစ်ပါသည်။ သို့ပါ၍ ကျွန်ုပ်အမှုသည်ဖြစ်သူ ဒေါက်တာစမ်းရေအေးနှင့် ဦးဝဏ္ဏဆွေတို့မှာ အကြင်လင်မယားအဖြစ်မှ ဥပဒေနှင့်အညီ ကွာရှင်း ပြတ်စဲပြီးဖြစ်ပါ၍ ဦးဝဏ္ဏဆွေနှင့် လူမှုရေးအရလည်းကောင်း၊ စီးပွားရေးအရလည်းကောင်း၊ အခြားမည်သည့်ကိစ္စအရပ်ရပ်တို့တွင်လည်းကောင်း လုံးဝသက်ဆိုင်ခြင်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်အေးမွန်သန့် LL.B,D.B.L
တရားလွှတ်တော်ရှေ့နေ
အမှတ် ၉/၁၁၊ အခန်း ၃၀၆၊ ၃လွှာ၊ ၃၆လမ်း(လမ်းတို)၊
ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့
ဖုန်း-၄၂၃၇၀၉၁၄၂
(ဒေါက်တာစမ်းရေအေး၏ရှေ့နေ)

ငြင်းချက်ထုတ်ရန်သမ္မန်စာ
တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀
မြောက်ဦးမြို့နယ်တရားရုံးတော်၌
၂၀၁၉ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၂

ဒေါ်အနုချေ နှင့် ဦးအောင်ထွန်းသာ
တရားလို တရားပြိုင်

မြောက်ဦးမြို့နယ်၊ လောင်းကြက်ကျေးရွာနေ (ဘ) ဦးစံရွှေဦး၏သား ဦးအောင်ထွန်းသာ (ယခုနေရပ်လိပ်စာမသိ)သိစေ ရမည်။

သင့်အပေါ်၌ တရားလိုဖြစ်သူ ဒေါ်အနုချေက လင်မယားကွာရှင်းပြတ်စဲပြီး ပစ္စည်းခွဲဝေပေးစေလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၉ခုနှစ်၊ စက်တင်ဘာ ၂၀ရက် (၁၃၈၁ခုနှစ်၊ တော်သလင်းလပြည့် ကျော် ၇ရက်)မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ်သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်ကတင်သွင်းရမည်။

၂၀၁၉ခုနှစ်၊ ဩဂုတ် ၃၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(မောင်မောင်သိန်း)
မြို့နယ်တရားသူကြီး
မြောက်ဦးမြို့နယ်တရားရုံး

အများသိစေရန်ကြေညာခြင်း

ပဲခူးခရိုင်၊ ညောင်လေးပင်မြို့၊ မြို့မ(၄)ရပ်ကွက်၊ မြေတိုင်းရပ်ကွက် (ရပ်-၇)၊ ကျွန်းကလေးပိုင်း၊ ဦးပိုင်အမှတ် (၃၆ᵏ)၊ မြေဧရိယာ ဝဒသမ၁၁၅၅ဧကခန့်ရှိသောမြေကို ဒေါ်လှလှဝင်းမှ အမည်ပြောင်း မြေငှားဂရန် လျှောက်ထားလာပါသည်။

ထိုသို့လျှောက်ထားလာပါ၍ အထက်ပါမြေကွက်အား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ညောင်လေးပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်မှတင်သွင်းသည့် ကန့်ကွက်လွှာများကို လက်ခံစဉ်းစားမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ညောင်လေးပင်မြို့

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၁၉)၊မြေကွက်အမှတ်(၆၉/က)၊မြေကွက်တည်နေရာ(၆၉/က)၊နတ်မောက်(၁)လမ်း၊(၆)ရပ်ကွက်၊ရွှေပြည်သာ၊ဦးခေါ်နိုင်ရွှေ(ခ)ဦးတင်ရွှေ(HLG-ဗ၂၃၂၃၀)အမည်ပေါက်၊နှစ်(၆၀)မြေအားအမည်ပေါက်-ဦးခေါ်နိုင်ရွှေ(ခ)ဦးတင်ရွှေ(HLG-၀၂၃၂၃၀)ထံမှအမွေဆက်ခံပိုင်ဆိုင်ကြောင်းကြော်ငြာစာချုပ်အမှတ်-၁၃၄၁/၁၈(၁၇-၅-၂၀၁၈)ဖြင့်ပိုင်ဆိုင်လာသူတန်ဆူဟာ(ခ)ဒေါ်ထွေးစိန်(၁၂/လမန(နိုင်)၁၁၉၉၅၂)မှဦးခေါ်နိုင်ရွှေ(ခ)ဦးတင်ရွှေအမည်ပေါက်ဂရန်မူရင်းပျောက်ဆုံးကြောင်းရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်ရဲစခန်းထောက်ခံချက်၊တရားရုံးကျမ်းကျိန်လွှာ၊ကိုယ်တိုင်ကတိဝန်ခံချက်တို့တင်ပြ၍ဂရန်မိတ္တူလျှောက်ထားလာခြင်းအားဌာနလုပ်ထုံးလုပ်နည်းနှင့်အညီဆောင်ရွက်ပြီးကန့်ကွက်မှုမရှိပါသဖြင့်ဂရန်မိတ္တူထုတ်ပေးသွားမည်ဖြစ်ပြီးမြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှအမှုတွဲအမှတ်-၉၉၁/ခမတ-ရွှေဂရန်၆/၁၂(၉၄-၉၅)(၂၉-၂-၁၉၉၆)ဖြင့်ထုတ်ပေးခဲ့သောမူလဂရန်စာအုပ်အားပယ်ဖျက်သွားမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)၊ မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဦးဝေဖြိုးဟန် PH Global Co.,Ltd၊ အမှတ်-၁၀၆၊ ရန်ကုန်-အင်းစိန်လမ်း၊ (၃)ရပ်ကွက် မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့(ယခုနေရပ်လိပ်စာမသိ)သိစေရန် ကြေညာချက်

PH Global Co.,Ltd သည် မရမ်းကုန်းမြို့နယ်၊ ဦးထွန်းငြိမ်းလမ်းရှိ လုပ်ငန်းခွင်တွင် Ceiling လုပ်ငန်းများကိုဝန်ခံကတိပြုသည့်အတိုင်း သတ်မှတ်ရက်အတွင်း ပြီးစီးအောင်ဆောင်ရွက်နိုင်ခြင်းမရှိသည့်အပြင် လုပ်ငန်းခွင်သို့လည်း လာရောက်လုပ်ကိုင်ခြင်းမရှိသောကြောင့် ၂၀၁၉ခုနှစ် ဇူလိုင်လနှင့် ဩဂုတ်လတို့တွင် ကုမ္ပဏီသို့အသိပေးအကြောင်းကြားစာများပေးပို့ခဲ့သော်လည်း လိပ်စာရှင်ပြောင်းရွှေ့သွားကြောင်း မှတ်ချက်ဖြင့် အတည်မဖြစ်ခဲ့ပါ။ သို့ဖြစ်ပါ၍ PH Global Co.,Ltd ဖြင့် Ceiling လုပ်ငန်းအတွက်ထုတ်ယူထားသော ငွေများနှင့်ပတ်သက်၍ လုပ်ငန်းခွင်ရုံးသို့ ယနေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက်စာရင်းရှင်းလင်းပါရန် အသိပေးအပ်ပါသည်။ ပျက်ကွက်ပါက တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမိုးကျော်ဦး(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၆၅၈၈)
အမှတ်(၅၅)၊အခန်း(၅)၊ဒုတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း -၀၉-၅၁၄၉၆၃၆

အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ရှင်စောပုရပ်ကွက်၊ စမ်းချောင်းလမ်း၊ အမှတ် ၁၀၄၊ Sanchaung Garden Residence (Level-4) အခန်းအမှတ် M-422၊ တိုက်ခန်းနှင့်ရန်ကုန်မြို့၊ ဗိုလ်ချုပ်အောင်ဆန်းဈေးရှိ ဆိုင်အမှတ်-၂၀၉တွင် ခင်းကျင်းရောင်းချလျက်ရှိသောအထည်မျိုးစုံနှင့် ဖိနပ်မျိုးစုံ ပစ္စည်းများမှာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဝင့်ဝါဝါမောင်နှင့် ခင်ပွန်းဖြစ်သူ ဦးကျော်ဝင်းစိုးတို့ နှစ်ဦးပိုင်ဆိုင်သော ပစ္စည်းများဖြစ်ပြီး၊ အဆိုပါပစ္စည်းများအား ဒေါ်ဝင့်ဝါဝါမောင်မှ ခွင့်ပြုချက်မရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကမျှ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်း၊ ရောင်းချခြင်း တစ်နည်းနည်း ဖြင့်စီမံခန့်ခွဲခြင်း မပြုလုပ် ရန်နှင့် ဒေါ်ဝင့်ဝါဝါမောင်ခွင့်ပြုချက်မရှိဘဲ ဆောင်ရွက်ပါက ဥပဒေနှင့်အညီ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ-
ဒေါ်ဝင့်ဝါဝါမောင်

လွှဲအပ်ညွှန်ကြားချက်များအရ-
ဦးမျိုးညွန့် LL.B(ဖျာပုံ)
တရားလွှတ်တော်ရှေ့နေ
(စဉ်-၈၇၂၆/၂၄-၁-၂၀၁၃)
အမှတ်-၄၂(၅)လွှာ၊ ၁၃၇လမ်း၊
မအူကုန်းရပ်ကွက်၊ တာမွေမြို့နယ်၊
ဖုန်း-၀၉-၄၅၀၀၁၂၇၀၆၊ ၀၉-၇၈၈၂၀၄၁၂၁

ဦးစံထွန်း ၁၂/ဗဟန(နိုင်)၀၀၈၇၀၂နှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြဝတီမင်းကြီး(၁)လမ်း၊ (၅၁)ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ ဒဂုံပရိယတ္တိစာသင်တိုက်၏ ပဓာနနာယကဆရာတော် အရှင်ကုဒ္ဒိပါလ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ယခင် ဒဂုံပရိယတ္တိစာသင်တိုက်၏ ဆရာတော်ဦးဇဋိလမှ မင်္ဂလာဒုံမြို့နယ်၊ ရွှေနံ့သာကျေးရွာအုပ်စု၊ မြေတိုင်းရပ်ကွက်အမှတ်(၅၃၃)၊ မြေကွက်အမှတ် (၄၆/၄၈)ရှိ လယ်မြေဧရိယာ ၂ဒသမ ၆၈၆ဧကကို သာသနာ့မြေအဖြစ် အခြားနည်းအသုံးပြုခွင့်ဖြစ်သော ပုံစံ(၁၅)မြေချပါမစ်ရရှိအောင် ဆောင်ရွက်ပေးရန် အတွက်သာ ၂၀၁၄ခုနှစ်တွင် ဦးစံထွန်းအား အထူးကိုယ်စားလှယ်လွှဲစာ လွှဲအပ်ထားခြင်းသာဖြစ်ပြီး ယခုဆရာတော်မှ ပျံလွန်တော်မူသွားပြီဖြစ်၍ ထိုအထူးကိုယ်စားလှယ်လွှဲစာအား ဆက်လက်အသုံးပြုခွင့်မရှိကြောင်း ဦးစံထွန်းအား သိစေအပ်ပါသည်။ဦးစံထွန်းမှ ခွင့်ပြုမိန့်ပုံစံ(၁၅)ကို ဆရာတော်အားအသိမပေးဘဲ ထုတ်ယူသွားကြောင်းသိရှိရပြီး ထိုပုံစံ(၁၅)ခွင့်ပြုမိန့်အား ယနေ့ထက်တိုင် အရှင်ကုဒ္ဒိပါလအား လာရောက်ပေးအပ်ခြင်းမရှိပါသဖြင့် ဆရာတော်အနေဖြင့် သာသနာပြုလုပ်ငန်းများဆောင်ရွက်ရန် ကြန့်ကြာနေပါသည်။ ဆရာတော်ဘက်မှ အကြိမ်ကြိမ်ဆက်သွယ်၍ တောင်းခံခဲ့သော်လည်း လာရောက်ပေးအပ်ခြင်းမရှိ၍ ယခုကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ဆရာတော်ထံ လာရောက်အပ်နှံပေးပါရန်နှင့် မအပ်နှံပါက ဦးစံထွန်းအား တည်ဆဲဥပဒေတစ်ရပ်ရပ်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးစံထွန်း ၁၂/ဗဟန(နိုင်)၀၀၈၇၀၂နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်အေးအေးမင်း(LL.B)
အထက်တန်းရှေ့နေ(စဉ်-၂၆၈၉၂)
အမှတ်(၄/၁၆၄)၊ သန္တာ(၁၂)လမ်း၊ မြောက်ဥက္ကလာပမြို့နယ်
ဖုန်း ၀၉-၇၉၉၅၃၃၈၈၆

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၄)၊ နယ်မြေ(၆)၊ အကွက်အမှတ် (၄၄/စစ်တပ်ကုန်း)၊ ဦးပိုင်(၅၅/က)၊ ဧရိယာ ၀ဒသမ ၀၈၀ ဧကရှိမြေအား ဦးကျော်စိုးမိုး(ခ)ထွန်းရွှေ ၁၃/လရန(နိုင်)၀၀၂၄၆၆ မှ မြို့မြေခွန်ပြေစာ၊ (၁၀၅)၊(၁၀၆)နှင့် ၁၆-၈-၁၉ရက် အခွန်သွင်းချလန်တို့ဖြင့် ပူးတွဲလျက် မြေငှားဂရန် အသစ်လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိက ရက်(၃၀)အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၅)၊နယ်မြေ(၁၃)၊ အကွက်အမှတ် (မန်အိုင်အရှေ့တိုးချဲ့)၊ ဦးပိုင် (၁၇၄)၊ ဧရိယာ ၀ဒသမ၁၁၀ဧကရှိ မြေဂရန် အမှုတွဲအမှတ်၊ ၆၂၈-၅/၂၀၁၇-၂၀၁၈(စီ) ဒေါ်ရောက်လူ အမည်ပေါက်မြေဖြစ်ပြီး ၆-၁၂-၂၀၁၈ရက်တွင် မရန်ကြာစူးသို့ အထူးကိုယ်စားလှယ်လွှဲအပ်ချက်အရ ၁၂-၃-၂၀၁၉ ရက် အရောင်းအဝယ်စာချုပ်အမှတ် (၃၇၈I/၂၀၁၉)ဖြင့် ဦးစီရွှေကျောက် ၁၃/ကကန(နိုင်)၀၀၃၅၆၄သို့လွှဲပြောင်းရောင်းချပြီးဖြစ်၍ အမည်ပြောင်း လျှောက်ထားမည် ဖြစ်ရာ ကန့်ကွက်လိုသူများရှိက ၁၅ရက်အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁)၊နယ်မြေ(၇)၊ အကွက်အမှတ် (ထင်းရှူးမြိုင်တိုးချဲ့)၊ ဦးပိုင်(၁၄၉)၊ ဧရိယာ ၀ဒသမ ၀၉၆ဧကရှိ မြေဂရန် အမှုတွဲအမှတ်၊ ၄၂၀-၅/၁၇-၁၈(စီ) ဦးစိုးနိုင် အမည်ပေါက် မြေဖြစ်ပြီး ၂၂-၁၁-၂၀၁၇ ရက်တွင် ဒေါ်ခင်ခင်မျိုးစံသို့ အထူးကိုယ်စားလှယ်လွှဲအပ်ချက်အရ ၂၃-၆-၂၀၁၈ရက် အရောင်းအဝယ်စာချုပ် အမှတ် ၂၉၁I/၂၀၁၉ဖြင့် ဦးစိုးနိုင်မိုး ၁၃/သပန(နိုင်)၀၀၅၄၀၀နှင့် ဒေါ်နန်းဆိုင်ဟိန်း(ခ)ယဉ်ယဉ်မြတ် ၁၃/နဆန(နိုင်)၀၃၃၇၇၆တို့အား မြေကွက်၏ တောင်ဘက်ခြမ်း မြေဧရိယာဝဒသမ၀၄၈ ဧကအား ခွဲခြမ်းရောင်းချပြီးဖြစ်၍ ဦးပိုင်ခွဲစိတ်ခွင့် လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိက ၁၅ရက်အတွင်း ခရိုင်အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့

ပျောက်ဆုံးကြောင်း

အဏ္ဏဝါထွန်း ကုမ္ပဏီလီမိတက် ပိုင် M.V KEUM YOUNG ရေယာဉ် အမှတ် 7061(A)၏ ရေယာဉ်မှတ်ပုံတင် လက်မှတ်ပျောက်ဆုံးသွားပါ၍ တွေ့ရှိက အကြောင်းကြားပေးပါရန်။

ခင်ဇော်၊ ဖုန်း-၀၉-၅၁၃၉၃၆၈

မိဘအမည်မှန်

ကျိုက်လတ်မြို့နယ်၊ အထက (ဖောင်ရိုးချောင်း) တက္ကသိုလ်ဝင် တန်းမှ မမေခလာ၏ မိဘအမည် မှန်မှာ ဦးထွန်းမြင့် ၁၄/ကလန (နိုင်) ၀၂၄၀၄၉ နှင့် ဒေါ်နုနုဝင်း ၁၄/ကလန(နိုင်)၀၂၃၉၅၈ တို့ ဖြစ်ပါကြောင်း။

ဦးထွန်းမြင့်-ဒေါ်နုနုဝင်း

အမည်မှန်နှင့် ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ တကောတနုတ် အထကတက္ကသိုလ်ဝင်တန်းမှ နော်အယ့်ခုရှီး၏ အမည်မှန်မှာ နော်အက်ခုရှီးဖြစ်ပြီး ၎င်း၏ဖခင်အမည်မှန်မှာ ဦးမောင်ငြိမ်း ၃/လဘန(နိုင်) ၀၆၇၆၄၀ ဖြစ်ပါကြောင်း။

အမည်မှန်

ဦးမျိုးကြည်(ခ)ဦးမျိုးအောင် ၁၂/အစန(နိုင်) ၀၆၄၀၆၀၏သား ရန်ကုန်မြို့၊ အမှတ်(၁၈)လှိုင်သာယာ နဝမတန်း(A)မှ မောင်ဗိုလ်ဗိုလ်အောင်၏အမည်မှန်မှာ မောင်ဘိုဘိုအောင် ဖြစ်ပါကြောင်း။

တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ အထက(၁) တက္ကသိုလ်ဝင်တန်းမှ မနန်းယုကျင်း၏ ဖခင်ဦးတကွဲနှင့် ခွန်မောင်ကွဲ ၁၃/တကန(နိုင်) ၁၅၁၃၇ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

အမည်ပြောင်း

ဦးစိုးမြင့်ဝေ ၁၂/ဒဂန(နိုင်) ၀၀၂၀၉၂၏သမီး ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့နယ်၊ ရွှေဝတီကိုယ်ပိုင် အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မအေးမြတ်ဆုဝေ ၇/သဝတ(နိုင်)၁၅၈၂၉၈ အား မအေးမြတ်ဆုမွန်ဟု ပြောင်းလဲခေါ်ပါရန်။

ပြင်ဆင်ချက်

(၇)ကြိမ်မြောက်ထီအောင်မိုးဆက် ထီပေါက်စဉ်တွင် (ကျပ်သိန်း၁၀၀ဆု) န ၁၅၂၇၀၂ ကို ဂ ၁၅၂၇၀၂ ဟု ဖြည့်စွက်ဖတ်ရှုပေးပါရန်။

ဖခင်အမည်မှန်

ရမည်းသင်းမြို့နယ်၊ ဟိန်းကိုယ်ပိုင် အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်း (E)မှ မနော်အေးသီတာသိမ့်၏ဖခင် ဦးကျော်ဝင်း၏ အမည်မှန်မှာ ဦးစောကျော်ဝင်း ၉/ပမန(နိုင်) ၁၂၁၉၃၂ ဖြစ်ပါကြောင်း။

ဦးစောကျော်ဝင်း

မအူပင်မြို့နယ်အသင်း(ရန်ကုန်)
(၁၉)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်ပူဇော်ပွဲ

ရန်ကုန်မြို့တွင် သီတင်းသုံးနေထိုင်တော်မူသော မအူပင်နွယ်ဖွားဆရာတော်ကြီး (၁၅)ပါးအား ဝါဆိုသင်္ကန်းဆက်ကပ်ပူဇော် ပွဲအခမ်းအနားကို ၈-၉-၂၀၁၉ ရက် (တနင်္ဂနွေနေ့)နံနက် ၉နာရီတွင် ရွှေတိဂုံ ဘုရား မြောက်ဘက်မုခ်အနီး ကျေးလက်ဦးစီး ဌာနဓမ္မာရုံတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် မအူပင်မြို့နယ်သူမြို့နယ်သားများအားလုံးဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့(မအူပင်မြို့နယ်အသင်း-ရန်ကုန်)

တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့၊ (ဂ)ရပ်ကွက်၊ ပန်းစပါယ်လမ်း၊ အမှတ်(၂/၂)နေ ဦးမြဝင်း၏သမီး ဒေါ်ကျင်ကျင်မွေး(ခ)ဒေါ်ကြည်ကြည်မွေး ၁၂/ခရန(နိုင်)၀၀၂၂၁၇ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ပျောက်ဆုံးကြောင်း

ကျွန်တော်များ သစ်လွင်သော ကမ်းရိုးတန်းသဘာဝ အရင်းအမြစ်များ ကုမ္ပဏီလီမိတက်(New Delta Resources Co.,Ltd) မှ (၁၇-၇-၂၀၁၂)မှ(၂၅-၈-၂၀၁၄)အထိ ခွင့်ပြုချက် ရရှိထားသော ထုတ်ကုန်သွင်းကုန်မှတ်ပုံတင်လက်မှတ် အမှတ်(28387) ပျောက်ဆုံးသွားကြောင်း။

ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊လပွတ္တာခရိုင်၊ လပွတ္တာမြို့ အထက(၁) တက္ကသိုလ်ဝင်တန်းမှ မောင်မင်းခန့်ကို၏ ဖခင်အမည်မှန်မှာ ဦးမိုးကျော်သူ ၁၄/လပတ(နိုင်)၂၀၆၉၅၄ ဖြစ်ပါကြောင်း။

ဦးမိုးကျော်သူ

မွေးသက္ကရာဇ်အမှန်

သဃ်္ဃန်းကျွန်းမြို့နယ်၊ အမက (၈) မူလွန် တတိယတန်း(B)မှ ဦးဝင်းထွန်းနှင့် ဒေါ်ဖြူဖြူဝင်းတို့၏သား မောင်စံလင်းနိုင်၏ မွေးသက္ကရာဇ်အမှန်မှာ (၇-၁၀-၂၀၁၁)ဖြစ်ပါကြောင်း။

မွေးသက္ကရာဇ်အမှန်

ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့နယ်၊ ညောင်ပင်ကွင်းကျေးရွာနေ ဦးတင်ထွန်း ၁၂/ခရန(နိုင်)၀၇၀၃၉၄၏ သမီးမဆုပန်လွင် ၁၂/ခရန(နိုင်) ၁၅၂၆၄၀၏ မွေးသက္ကရာဇ်အမှန်မှာ (၄-၁၂-၂၀၀၁)ရက် ဖြစ်ပါကြောင်း။

အမည်ပြောင်း

နောင်ချိုမြို့နယ်၊ အထက(၂) တက္ကသိုလ်ဝင်တန်းမှ ဦးသိန်းဝင်း ၈/တကက(နိုင်) ၀၂၉၉၆၉ ၏သမီး မခမ်းဆုဇံအား မခမ်းစုစံဟု ပြောင်းလဲခေါ်ပါရန်။

မခမ်းစုစံ

မိဘအမည်မှန်

ခင်ဦးမြို့နယ်၊ သံဘိုကျေးရွာ အလက အဌမတန်းမှ မဖြိုးသဉ္ဇာလွင်နှင့် ဆဌမတန်း(သင်ရိုးဟောင်း)မှ မဖြိုးသဉ္ဇာထွေးတို့၏ မိဘအမည်မှန်မှာ ဦးဝင်း ၅/ခဥန(နိုင်) ၀၆၅၂၃၁ နှင့် ဒေါ်တင်နီလာဝင်း ၅/ခဥန(နိုင်) ၁၀၂၄၀၅ ဖြစ်ပါကြောင်း။

မိဘအမည်မှန်

ခင်ဦးမြို့နယ်၊ သံဘိုကျေးရွာ အလက အဌမတန်းမှ မောင်ပိုင်စိုးနှင့် Grade-6 မှ မောင်ပိုင်ဖြိုးတို့၏ မိဘအမည်မှန်မှာ ဦးအောင်စိုးလွင် ၅/ခဥန(နိုင်)၀၈၁၁၃၉ နှင့် ဒေါ်ဇင်မာ ၅/ခဥန(နိုင်)၁၁၇၉၈၉ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

မင်္ဂလာဒုံမြို့နယ်၊ အလက(၁၁) အဌမတန်းမှ မရွှေရည်ဝင်းနှင့် မရွှေရည်တိုးတို့၏ဖခင် ဦးဟူစိန်(ခ)ဦးစိန်ဝင်း၏ အမည်မှန်မှာ ဦးဟူစိန်၉/မမန(နိုင်)၀၇၇၆၉၀ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

မိတ္ထီလာမြို့၊ ငွေသဇင်ကိုယ်ပိုင် အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မမေစံပယ်ဖူး၏ ဖခင်အမည်မှန်မှာ ဦးဇာဏီထွန်း ၉/မထလ(နိုင်) ၁၈၅၃၄၂ ဖြစ်ပါကြောင်း။

ဦးဇာဏီထွန်း

ဖခင်အမည်မှန်

ခင်ဦးမြို့နယ်၊ သံဘိုကျေးရွာ အလက အဌမတန်းမှ မသက်မွန်နှင့် စတုတ္ထတန်းမှ မသက်မွန်ဖြိုးတို့၏ ဖခင်အမည်မှန်မှာ ဦးတင်အောင် ၅/ခဥန(နိုင်)၁၀၂၂၅၆ ဖြစ်ပါကြောင်း။

ဦးတင်အောင်

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၀)ရပ်ကွက်၊ ထွန်းသီရိ ၃လမ်း၊ အမှတ် ၅၃၉၊ အကျယ်အဝန်း (၄၅ပေ× ပေ၆၀) ၀ဒသမ ၀၆၂ဧကရှိ (၁) ဒေါ်ရီရီသန်း ၁၂/ဗဟန(နိုင်)၀၆၉၈၁၅၊ (၂) ဒေါ်မြသန္တာထွေး ၁၂/ဗဟန(နိုင်)၀၀၃၃၁၆၊ (၃)ဒေါ်အမာ ၁၂/ဗဟန(နိုင်)၀၆၉၄၁၈ တို့ အမည်ပေါက် နှစ် ၆၀ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အထက်ပါအမည်ပေါက်သူများထံမှ ကျွန်မ ဒေါ်အေးအေးသန်း ၁၂/တမန(နိုင်)၀၉၆၉၂၇ က ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်မထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်အေးအေးသန်း၊ ၁၂/တမန(နိုင်)၀၉၆၉၂၇
ဖုန်း-၀၉-၇၈၁၄၆၈၈၆၄

ဖခင်အမည်မှန်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်နေ မွန်သာချစ်(ခ)မလဲ့လဲ့ဝင်း (ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ စီးပွား-စီမံ)၏ ဖခင်အမည်မှန်မှာ မိုဟာမက်အီဘရာဟင်(ခ)ဦးဝင်းနိုင်ဖြစ်ပါကြောင်း။

မိုဟာမက်အီဘရာဟင်(ခ)
ဦးဝင်းနိုင်

အများသိစေရန်ကြေညာခြင်း

ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့၊ အမှတ် ၃၇၅၊ မြို့မသီရိလမ်း၊ ကံပိုင်ရပ်ကွက်နေ ဒေါ်မေဇင်ဖြိုးချစ် ၁၁/တကန(နိုင်)၀၇၆၉၇၅၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးအပ်ပါသည်။

ဒေါ်မေဇင်ဖြိုးချစ် သည် Online စာမျက်နှာပေါ်တွင် Facebook Account May Zin Phyo Chit အမည်ဖြင့် စုမဲစုခြင်း၊ မဲရောင်း၊ မဲဝယ်များအား ဝယ်ယူလုပ်ကိုင်ခဲ့ရာတွင် ဒေါ်မေဇင်ဖြိုးချစ်၏ မိတ်ဆွေများလည်း ပါဝင်ခဲ့သည်ဟု လွှဲ အပ်ညွှန်ကြားချက်အရ သိရှိရပါသည်။ ထိုကဲ့သို့ မဲရောင်း၊ မဲဝယ်လုပ်ကိုင်ခဲ့ရာတွင် တချို့စုကြေးသမားများမှမပေးဆပ်သလို ဆုမဲသမားအချို့မှလည်း ထွက်ပြေးတိမ်းရှောင်ခြင်းများကြောင့် ဒေါ်မေဇင်ဖြိုးချစ်တွင် များစွာနစ်နာဆုံးရှုံးခဲ့ရပါသည်။

ယခုအခါတွင် ထိုဆုံးရှုံးသွားသောငွေကြေးများအား ပြန်လည်ဖြေရှင်း ဆောင်ရွက်ပေးမှုကြောင့် ကျွန်ုပ်၏မိတ်ဆွေနှင့်တွဲဖက်လုပ်ကိုင်သူအချို့သည် အကျိုးအမြတ်ခံစားဖူးသူ များစွာရှိ နေခဲ့ပါသည်။ ကျွန်ုပ်၏ မိတ်ဆွေသည် ရစရာရှိသူများထံမှလည်း ဥပဒေနှင့်အညီတောင်းခံသွားမည်ဖြစ်သလို ပေးဆပ်ရန်ရှိသူအားလုံးကိုလည်း ၃၀ရာခိုင်နှုန်းဖြင့် ဖြေရှင်းပေးသွားမည်ဖြစ်သောကြောင့် ဤကြော်ငြာပါသည့်(၁)လအတွင်း ကျွန်ုပ်ထံသို့ စာရင်းဇယားသက်သေအထောက်အထားနှင့်တကွ ဆက်သွယ်ပေးပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။

ဒေါ်မေဇင်ဖြိုးချစ်မှ တရားဝင်ကြေညာထားသည့်အတွက် သက်ဆိုင်သူများမှ ငွေကြေး အတင်းအကျပ်တောင်းခံခြင်းများနှင့် အတင်းအကျပ်လာရောက်ပြောဆိုခြင်းများ မပြုလုပ်ကြပါရန်နှင့် ဒေါ်မေဇင်ဖြိုးချစ်လုပ်ဆောင်သောကိစ္စအဝဝသည် ၎င်းနှင့်သာသက်ဆိုင်ပါသောကြောင့် သူ၏မိသားစုဝင်များနှင့်တကွ ဆွေမျိုးသားချင်းများအား စိတ်အနှောင့်အယှက်ပေးခြင်းများ၊ ဟန်ဆောင် စာချုပ်ချုပ်ဆိုရေးသားခြင်းများနှင့် လူမှုကွန်ရက်တွင် Post တင်ရေးသားခြင်းများ မပြုလုပ်ကြပါရန်နှင့် အကယ်၍ ပြုလုပ်ခဲ့မည်ဆိုလျှင် တည်ဆဲဥပဒေအရ တရားစွဲဆိုသွား မည်ဖြစ်ကြောင်းနှင့် စာရင်းဇယားတိုက်ဆိုင် စစ်ဆေးသွားပြီး ပေးဆပ်ရန်ငွေများနှင့် ပတ်သက်၍ ၁-၁၂-၂၀၁၉ရက်မှ စပြီး ၁-၅-၂၀၂၀ ရက်ကာလအတွင်း ဖြေရှင်းသွားမည်ဖြစ်ပါသောကြောင့် စောင့်စားပေးပါရန်နှင့် အကယ် ၍ သက်ဆိုင်သူများမှ ဥပဒေမဲ့ ပြောဆိုခြင်းများပြုလုပ်ခဲ့မည်ဆိုပါက ကျွန်ုပ်၏မိတ်ဆွေမှ တည်ဆဲဥပဒေနှင့်အညီ တရားစွဲဆိုရင်ဆိုင်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်မေဇင်ဖြိုးချစ်၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်နွေးနွေးငြိမ့်(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၅၄၅)
အမှတ် ၄၅၃၊ ၃လမ်း၊ (၈/က)ရပ်ကွက်၊
သံတွဲမြို့၊
ဖုန်း-၀၉-၂၅၀၂၃၈၃၆၁

ကလေးနာမည်ပေး ဆရာကြီး
ရာဇာဇော်ဝင်း
(LL.B.)(WIPO,DL-101Switzerland)
ကလေးနာမည်ပေးကင်ပွန်းတပ်အိမ်ရောင်းထွက်ဖို့ထီပေါက်မပေါက်
01-399426,01-394727,09-73009994,09-5152521
လူကြီးလိုရာမေး၊ကိုယ်စန်ဆောင်ရက်ရွေး တိုက်အမှတ်(၉)ဒုထပ်၊ဧဂုလမ်းမင်္ဂလာတောင်ညွန့်၊ရန်ကုန်မြို့

မိခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ ဖဒိုမြို့ (အထက) တက္ကသိုလ်ဝင်တန်း(F)မှ စောသောသီထူး၏ မိခင်အမည်မှန်မှာ နော်ထူးထူးဖော ၃/သတန(နိုင်)၀၀၇၀၃၈ ဖြစ်ပါသည်။

နော်ထူးထူးဖော

ပြောင်းလဲခေါ်ဆိုပါရန်

မန္တလေးတိုင်းဒေသကြီး၊ နွားထိုးကြီးမြို့၊ အထက နွားထိုးကြီး တက္ကသိုလ်ဝင်တန်း (I)မှ မအေးမာဌေးအား မအေးအေးမာ ၉/နထက(နိုင်)၂၀၄၁၇၀ ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မအေးအေးမာ

ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်၊ အရှေ့စည်းရွာ အထက(ခွဲ) တက္ကသိုလ်ဝင်တန်းမှ မောင်ထက်နိုင်စိုးနှင့် ဆဋ္ဌမတန်းမှ မဇင်သူငြိမ်းတို့၏ ဖခင်အမည်မှန်မှာ ဦးဝင်းဌေး ၅/ကလထ(နိုင်)၁၅၂၁၂၉ ဖြစ်ပါကြောင်း။

ဦးဝင်းဌေး

ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ နွားထိုးကြီးမြို့၊ အထက နွားထိုးကြီး တက္ကသိုလ်ဝင်တန်း (I)မှ မအိမြတ်သိမ့်နှင့် တောင်မြို့ အမက စတုတ္ထတန်းမှ မသိမ့်သိမ့်သူတို့၏ ဖခင်အမည်မှန်မှာ ဦးလှိုင် ၉/နထက(နိုင်)၀၀၃၈၄၂ ဖြစ်ပါကြောင်း။

ဦးလှိုင်

ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ် ထောက်ကြန့်ရွာ အထက(ခွဲ) တက္ကသိုလ်ဝင်တန်းမှ မနွေဦးဝေ၏ ဖခင်အမည်မှန်မှာ ဦးဇော်စန်း ၅/ကလထ(နိုင်)၁၈၇၀၀၀ ဖြစ်ပါကြောင်း။

ဦးဇော်စန်း

ဖခင်အမည်မှန်

လက်ပံတန်းမြို့နယ်၊ အထက ခမုံဆိပ် အဋ္ဌမတန်း(A)မှ မောင်အောင်ဖြိုးဝေ၏ ဖခင်အမည်မှန်မှာ ဦးကုလား ၇/လပတ(နိုင်)၁၀၇၀၇၀ ဖြစ်ပါသည်။

တစ်ဦးတည်းဖြစ်ကြောင်း

ဦးငွန်ဆွမ်း၏သမီး ကလေးမြို့နယ် ဆည်တောရွာ အလကမှ (လယ်-၃)ဆရာမ ဒေါ်ငွန်အီယံမော်(ခ)ဒေါ်ငွန်အီအိုင်းမိုး(ခ)ဒေါ်ငွန်အီယန်းမွိုင်း ၅/ကလထ(နိုင်)၀၃၆၇၆၆မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

လက်ပံတန်းမြို့နယ်၊ အထက ခမုံဆိပ် G-6(A)(စနစ်သစ်)မှ မောင်နန်းထိုက်အောင်၏ ဖခင်အမည်မှန်မှာ ဦးကုလား ၇/လပတ(နိုင်)၁၀၇၀၇၀ ဖြစ်ပါသည်။

ဖခင်အမည်မှန်

ချောင်းဆုံမြို့နယ်၊ အထက(မုရစ်ကလေး)၊ တက္ကသိုလ်ဝင်တန်းမှ မအိသဲဖြူ၏ ဖခင်အမည်မှန်မှာ ဦးစိုးကျော် ဖြစ်ပါကြောင်း။

ဦးစိုးကျော်

တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးအဝေးသင်တက္ကသိုလ်(ကျိုင်းတုံဌာနခွဲ)၊ စီးပွားရေးပညာအထူးပြု၊ ၄စီး-၈ (၀၂၃) ဖြင့် တက်ရောက်အောင်မြင်ခဲ့သော မအားဗျာ၏ဖခင် ဦးလီမွန်နှင့်ဦးလီးမွန် ၁၃/ကတန(နိုင်)၀၇၆၅၂၄ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးလီမွန်(ခ)ဦးလီးမွန်

မိဘအမည်မှန်

ပေါင်မြို့နယ်၊ အထက-သဲကုန်း၊ နဝမတန်းမှ မအေးမြင့်သွယ်၏မိဘအမည်မှန်မှာ ဦးဝင်း ၁၀/ပမန(နိုင်)၁၄၉၃၃၇ နှင့် ဒေါ်အုံးမြင့် ၁၀/ပမန(နိုင်)၀၄၄၆၅၄ ဖြစ်ပါကြောင်း။

ဦးဝင်း-ဒေါ်အုံးမြင့်

တစ်ဦးတည်းဖြစ်ပါကြောင်း

ကျိုင်းတုံမြို့နယ်၊ ပင်းတောက်ရွာ၊ အလက(ပင်းတောက်)တွင် မူလတန်းပြ တာဝန်ထမ်းဆောင်နေသော ဒေါ်မဲရစ်အောင်နှင့် ဒေါ်မဲရီအန် ၁၃/ကတန(နိုင်) ၀၇၉၈၀၅ မှာ တစ်ဦးတည်းဖြစ်ပါကြောင်းနှင့် ၎င်း၏မွေးသက္ကရာဇ်အမှန်မှာ ၁၇-၅-၁၉၈၀ ဖြစ်ပြီး ၎င်း၏ဖခင် ဦးကျာအီး၏ ဖခင်အမည်မှန်မှာ ဦးလောကျေး ဖြစ်ပါကြောင်း။

မိခင်အမည်မှန်

ပေါင်မြို့နယ်၊ အထက-သဲကုန်း၊ ဆဋ္ဌမတန်း(ဟောင်း)မှ မဆွေဇင်စိုး၏ မိခင်အမည်မှန်မှာ ဒေါ်တင်မာချို ၁၀/ပမန(နိုင်)၁၁၉၃၂၂ ဖြစ်ပါကြောင်း။

ဒေါ်တင်မာချို

ပျောက်ဆုံးကြောင်း

ကျွန်မ အီအဲ ၁၃/မဖန(နိုင်)၀၂၄၁၇၃၏ Pass Port No (မမှတ်မိ)သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၃၆၀၇၆၆၅၁

မိခင်အမည်မှန်

ပေါင်မြို့နယ်၊ အထက-သဲကုန်း၊ အဋ္ဌမတန်းမှ မောင်ဇေယျာလင်း၏ မိခင်အမည်မှန်မှာ ဒေါ်နှင်းလှ ၁၀/ပမန(နိုင်)၀၄၅၄၀၂ ဖြစ်ပါကြောင်း။

ဒေါ်နှင်းလှ

ပျောက်ဆုံးကြောင်း

ကျွန်မ အီနန်း ၁၃/မဖန(နိုင်)၀၃၃၈၀၈၏ Pass port No(မမှတ်မိ)သည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၉၇၂၁၇၀၄၉

ဖခင်အမည်မှန်

သံဖြူဇရပ်မြို့နယ်၊ အထက(ကျိုက္ခမီ) တက္ကသိုလ်ဝင်တန်းမှ မယဉ်ယဉ်အေးနှင့် နဝမတန်းမှ မမေရီစေးတို့၏ ဖခင်အမည်မှန်မှာ စောလားဆေး ၁၄/ဖပန(နိုင်)၀၉၅၀၈၇ ဖြစ်ပါကြောင်း။

စောလားဆေး

အမည်မှန်

ဦးအားဖို့၏သမီး၊ ကျိုင်းတုံမြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း(ခ)မှ မမေသဲဂါ၏ အမည်မှန်မှာ မမီသဲကာ ၁၃/ကတန(နိုင်)၂၀၁၁၀၆ ဖြစ်ပါကြောင်း။

မမီသဲကာ

အသိပေးကြေညာခြင်း

5E/1922, BB/3553 ယာဉ်နှင့် ယာဉ်မှတ်ပုံတင်စာအုပ်သည် ကျွန်တော် ဦးအောင်မျိုးမင်း ၁၂/ကမတ(နိုင်)၀၄၉၄၇၈၏ လက်ဝယ်ပိုင်ဆိုင်မှုဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဦးအောင်မျိုးမင်း

ကွာရှင်းပြတ်စဲကြောင်း

ကျွန်မ ဒေါ်တင်တင်ထွေး ၁၂/ရကန(နိုင်)၀၀၂၉၈၅ နှင့် ဦးသန်းဇော် ၁၂/ကဝန(နိုင်)၀၃၃၀၀၉ တို့သည် သဘောထားချင်း မတိုက်ဆိုင်ကြတော့ပါသဖြင့် မြောက်ဥက္ကလာပမြို့နယ်တရားရုံး၊ ဒုတိယမြို့နယ်တရားသူကြီး(၂)ရှေ့မှောက်တွင် Reg: ၁၉၉/၁၉ (၁၃-၈-၂၀၁၉)ရက်တွင် နှစ်ဦးသဘောတူတရားဝင်ကွာရှင်းပြတ်စဲပြီးဖြစ်၍ နောက်နောင်ကိစ္စအဝဝတို့၌ မိမိကိစ္စမိမိတာဝန်သာဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်တင်တင်ထွေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန
ပဲခူးတက္ကသိုလ်(အဝေးသင်သင်တန်း)
ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၁၈ပညာသင်နှစ်အတွက် ၂၀၁၈ခုနှစ် အောက်တိုဘာလနှင့်နိုဝင်ဘာလများတွင် ကျင်းပခဲ့သော ရန်ကုန်အဝေးသင်တက္ကသိုလ်(ပဲခူးဌာနခွဲ)၏ စတုတ္ထနှစ်ဝိဇ္ဇာ/သိပ္ပံ(ဘွဲ့)၊ ပဉ္စမနှစ်ဥပဒေပညာ (ဘွဲ့)စာမေးပွဲကို ဖြေဆိုအောင်မြင်ခဲ့ကြသည့် ပဲခူးဌာနခွဲမှ ကျောင်းသား၊ ကျောင်းသူများသည် (၁၇၃)ကြိမ်မြောက် ဘွဲ့နှင်းသဘင် တက်ရောက်ရန်(သို့မဟုတ်) အဝေးရောက်ဘွဲ့ယူရန်လျှောက်ထားနိုင် ကြပါသည်။

၂။ လျှောက်လွှာပုံစံကို (၂×၁½)လက်မအရွယ် ခြောက်လအတွင်းရိုက်ထားသည့် ဓာတ်ပုံ(၃) ပုံနှင့်မှတ်ပုံတင်မိတ္တူ(၁)စုံ ပူးတွဲ၍ ၂-၉-၂၀၁၉ရက်မှ ၃၀-၉-၂၀၁၉ ရက်ထိ နောက်ဆုံးထား၍ လျှောက်ထားရပါမည်။

၃။ ဘွဲ့နှင်းသဘင်လျှောက်ထားလိုသူ ပုဂ္ဂိုလ်များသည် ဘွဲ့နှင်းသဘင်ကြေး ၁၅၀၀၀/-(ကျပ်တစ်သောင်းငါးထောင်တိတိ)အဝေးရောက်ဘွဲ့ယူလိုသူ ပုဂ္ဂိုလ်များသည်ဘွဲ့နှင်းသဘင်ကြေး ၁၀၀၀၀/-(ကျပ်တစ်သောင်းတိတိ)ကို ပေးသွင်းရပါမည်။

၄။ ဘွဲ့နှင်းသဘင်လျှောက်လွှာပုံစံများကို ပဲခူးတက္ကသိုလ်(အဝေးသင်ဌာန)တွင် အခမဲ့ရယူနိုင်ပါသည်။

၅။ လျှောက်လွှာပုံစံများကို ပြည့်စုံစွာဖြည့်စွက်၍ ပေးသွင်းရန်ကျန်ရှိသော အခကြေးငွေများကို ကျေလည်အောင်ပေးဆောင်ပြီးကြောင်း ထောက်ခံချက်ရယူ၍ သတ်မှတ်ဘွဲ့ကြေးများကို ပေးသွင်းလျှောက်ထားရပါမည်။

၆။ ၂၀၁၈ ပညာသင်နှစ်အတိုင်မီ ပညာသင်နှစ်များမှ ဝိဇ္ဇာ/သိပ္ပံ၊ ဥပဒေပညာ(ဘွဲ့)စာမေးပွဲကို အောင်မြင်သူများသည် အဝေးရောက်ဘွဲ့အတွက်သာ လျှောက်ထားနိုင်ပါသည်။

၇။ ၂၀၁၈ပညာသင်နှစ် အောင်မြင်သူများမှ ဘွဲ့နှင်းသဘင်အခမ်းအနားသို့ အမှန်တကယ်ဘွဲ့တက်ရောက်ယူနိုင်ခြင်းမရှိသူများသည် အဝေးရောက်ဘွဲ့ကိုသာ လျှောက်ထားကြရန်ဖြစ်ပါသည်။

၈။ တက်ရောက်ဘွဲ့လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ရန်ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို အဝေးရောက်ဘွဲ့လက်မှတ်များထုတ်ပေးပြီးသည့်အချိန်မှသာ ထုတ်ပေးမည်ဖြစ်ပါသည်။

၉။ ဘွဲ့နှင်းသဘင်ကျင်းပမည့်ရက်ကို ထပ်မံကြေညာမည်ဖြစ်ပါသည်။

(စိန်လွင်)
ဌာနမှူး
အဝေးသင်ဌာန
ပဲခူးတက္ကသိုလ်

ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ် အထက ခရမ်း တက္ကသိုလ်ဝင်တန်းမှ မောင်လင်းလင်းဦး၏ ဖခင်အမည်မှန်မှာ ဦးကျော်စွာဝင်း ၇/သနပ(နိုင်)၀၈၅၂၀၃ ဖြစ်ပါကြောင်း။

ဦးကျော်စွာဝင်း

တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ အုတ်ဖို(၃)ရပ်ကွက်၊ ဂန္ဓမာလမ်းနေ ဦးမောင်မောင်ညွန့်နှင့် ဦးသန်းညွန့် ၁၂/ကမန(နိုင်)၀၄၇၈၁၇ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏အမှုသည် ပြင်ဦးလွင်မြို့နယ်၊ အနီးစခန်း၊ စည်သာရပ်၊ ရပ်ကွက်ကြီး (၁၆)နေ (ဘ)ဦးစိုးပိုင်၏သမီး ဒေါ်စိုးစိုးခင်သန်းထိုက် ၉/မရမ(နိုင်)၀၈၃၈၂၈၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏အမှုသည် ဒေါ်စိုးစိုးခင်သန်းထိုက်သည် ပြင်ဦးလွင်မြို့နယ်၊ အနီးစခန်း၊ စည်သာရပ်၊ ရပ်ကွက်ကြီး(၁၆)ရှိ ပြင်ဦးလွင်မှ မန္တလေးသွားကားလမ်း ညာဘက်ဘေးရှိ ပေ (၃၀×၂၀၀) ခန့် အကျယ်အဝန်းရှိ အိမ်ဝိုင်းနှင့်ပတ်သက်၍ အကျိုးခံစားခွင့်အရပ်ရပ်တို့အား အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းချခြင်း၊ လွှဲပြောင်းပေးကမ်းခြင်း၊ ပေါင်နှံခြင်း၊ အခြားနည်းစီမံခန့်ခွဲထားခြင်းမရှိဘဲ ဒေါ်စိုးစိုးခင်သန်းထိုက်တစ်ဦးတည်း အရှုပ်အရှင်းကင်းစွာဖြင့် ပိုင်ဆိုင်လက်ရှိထားရှိကြောင်းနှင့် အဆိုပါအိမ်ဝိုင်းအား ဒေါ်စိုးစိုးခင်သန်းထိုက်မသိရှိဘဲ ၎င်း၏ခွင့်ပြုချက်တစ်စုံတစ်ရာမရှိဘဲ စီမံခန့်ခွဲမှုတစ်စုံတစ်ရာ ပြုလုပ်ခဲ့ပါက ဥပဒေနှင့်အညီ တရားစွဲဆိုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသန်းဇော်ထွန်း
B.Sc (Zool), H.G.P, Cust:Law Dist.
အထက်တန်းရှေ့နေ (စဉ်-၁၇၈၀၃/၈၉)
(၂/၉၃၅)၊ နန်းတော်ဟောင်းလမ်း၊ တောင်ငူမြို့

ဒေါ်မချိုထွေး (LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၈၄၄/၁၉)
(၂၂/၁၁၆)၊ ရေခဲ (၃)လမ်း၊ တောင်ငူမြို့

အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏အမှုသည် မိတ္ထီလာမြို့၊ မိတ္ထီလာ-ကျောက်ပန်းတောင်းသွားကားလမ်းဘေး၊ မြို့ဝင်ဂိတ်အနီး အောင်ဆန်းမြို့သစ်၊ (၂)ရပ်ကွက်နေ (ဘ)ဦးကြီးရုံ၏သမီး ဒေါ်မြင့်မြင့် ၉/မရမ(နိုင်)၀၂၆၈၇၉၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏အမှုသည် ဒေါ်မြင့်မြင့်သည် မိတ္ထီလာမြို့၊ မိတ္ထီလာ-ကျောက်ပန်းတောင်းသွားကားလမ်းဘေး၊ မြို့ဝင်ဂိတ်အနီး အောင်ဆန်းမြို့သစ်၊ (၂)ရပ်ကွက်တွင် ဖွင့်လှစ်ထားရှိသော မြင့်မိုရ်အဆင့်မြင့်အအေးခန်းတည်းခိုခန်းအား ဖွင့်လှစ်ထားရှိပြီး၊ အဆိုပါတည်းခိုခန်းတည်ရှိသော တိုက်အဆောက်အအုံအား အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းချခြင်း၊ လွှဲပြောင်းပေးကမ်းခြင်း၊ ပေါင်နှံခြင်း၊ အခြားနည်းစီမံခန့်ခွဲထားခြင်း မရှိဘဲ ဒေါ်မြင့်မြင့်တစ်ဦးတည်း အရှုပ်အရှင်းကင်းစွာဖြင့် လက်ရှိပိုင်ဆိုင်ထားရှိကြောင်းနှင့် အဆိုပါတိုက်အဆောက်အအုံအား ဒေါ်မြင့်မြင့်မသိရှိဘဲ၊ ၎င်း၏ခွင့်ပြုချက်မရရှိဘဲ စီမံခန့်ခွဲမှုတစ်စုံတစ်ရာပြုလုပ်ခဲ့ပါက ဥပဒေနှင့်အညီ တရားစွဲဆိုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသန်းဇော်ထွန်း
B.Sc (Zool), H.G.P, Cust:Law Dist.
အထက်တန်းရှေ့နေ (စဉ်-၁၇၈၀၃/၈၉)
(၂/၉၃၅)၊ နန်းတော်ဟောင်းလမ်း၊ တောင်ငူမြို့

ဒေါ်မချိုထွေး (LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၈၄၄/၁၉)
(၂၂/၁၁၆)၊ ရေခဲ (၃)လမ်း၊ တောင်ငူမြို့

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၁၃၂၊မြေကွက်အမှတ်-၅၂၁၊မြေကွက်တည်နေရာအမှတ်-၅၂၁၊(၁၃၂)ရပ်ကွက်၊ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ဒေါ်သန်းကြင်အမည်ပေါက်ပါမစ်မြေအားအမည်ပေါက်ဒေါ်သန်းကြင်(၁၂/သဃက(နိုင်)၀၆၂၃၀၂)မှပါမစ်ပျောက်ဆုံးကြောင်းရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ရဲစခန်းထောက်ခံချက်၊ကိုယ်တိုင်ကတိဝန်ခံချက်နှင့်မြေချပါမစ်မူရင်းမှာမိမိသိမ်းဆည်းထားရာမှအထားအသိုမှားယွင်းကာပျောက်ဆုံးသွားကြောင်း၊အဆိုပါမြေကွက်နှင့်မြေချပါမစ်မူရင်းအားအခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှလွှဲပြောင်းရောင်းချထားခြင်း၊ပေါင်နှံထားခြင်း၊ပေးကမ်းထားခြင်း၊ခွန်လွှတ်ထားခြင်း၊လျှုဒါန်းထားခြင်း၊အာမခံအဖြစ်တင်သွင်းထားခြင်းတို့လုံးဝမရှိပါကြောင်း၊အရှုပ်အရှင်းပြဿနာတစ်စုံတစ်ရာပေါ်ပေါက်လာပါကတာဝန်ယူဖြေရှင်းမည်ဖြစ်ကြောင်းဝန်ခံကတိပြုကျမ်းကျိန်လွှာတို့တင်ပြ၍ပါမစ်ပျောက်ဖြင့်ဂရန်သစ်လျှောက်ထားခြင်းအားကွင်းဆင်းစစ်ဆေးရာ(၁၀'×၁၆')သွပ်ကာသွပ်မိုးအဆောက်အဦတစ်လုံးရှိပြီးလျှောက်ထားသူကိုယ်တိုင်နေထိုင်ပါသည်။သို့ပါ၍ဒေါ်သန်းကြင်မှပါမစ်ပျောက်ဖြင့်ဂရန်သစ်လျှောက်ထားလာခြင်းအားတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)၊ မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့၊
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ညောင်နှစ်ပင်စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှုအထူးဇုန်အတွင်းရှိ မြေကွက်လက်ဝယ်ပိုင်ဆိုင်သော လုပ်ငန်းရှင်များအား သတိပေးနှိုးဆော်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ (မှော်ဘီ/လှည်းကူး)မြို့နယ်၊ ညောင်နှစ်ပင်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်စက်မှုလုပ်ငန်းအထူးဇုန်(၁/၂/၃)အတွင်းရှိ လုပ်ငန်းရှင်များ မြေကွက်လုပ်ကိုင်ခွင့်ရရှိထားသူများ သိရှိစေရန် အသိပေးနှိုးဆော်တိုက်တွန်းအပ်ပါသည်။

ညောင်နှစ်ပင်အထူးဇုန်များဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ ၁၅-၉-၂၀၁၉ရက် နောက်ဆုံးထား၍ ညောင်နှစ်ပင်အထူး ဇုန်(၁/၂/၃)၏ သက်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီအသီးသီးသို့ ဆက်သွယ်ကြပါရန် အသိပေးနှိုးဆော်အကြောင်းကြားပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ဆက်သွယ်ခြင်းမရှိပါက မြေကွက်ခွင့်ပြုထားမှုအပေါ် စည်းကမ်းသတ်မှတ်ချက် လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြန်လည်သုံးသပ်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ညောင်နှစ်ပင်အထူးဇုန်(၁/၂/၃)
စီမံခန့်ခွဲရေးကော်မတီ
မှော်ဘီ၊ လှည်းကူးမြို့နယ်

ဝန်ထမ်းအမြန်အလိုရှိသည်။
(ပြည်တွင်း၌သာခန့်ရန်)

"**သုခကမ္ဘာ**" **ဆေးရုံ** တွင် တာဝန်ထမ်းဆောင်ရန် အောက်ပါဝန်ထမ်းများ အမြန်အလိုရှိသည်။

၁။ **Medical Officer** ကျား/မ (၅)ဦး
M.B.B.S ဘွဲ့ရ၊ ဆ/မ လက်မှတ်ရှိပြီး (Posting) မဝင်သူ။

၂။ **အုပ်ချုပ်ရေးအရာရှိ** ကျား (၁)ဦး
ဘွဲ့ရ၊ အုပ်ချုပ်မှုလုပ်ငန်း လုပ်သက်(၅)နှစ်နှင့်အထက်ရှိသူ။

၃။ **O.T Nurse/Staff Nurse** ကျား/မ (၁၀)ဦး
B.N.Sc(သို့) သူနာပြုဒီပလိုမာအောင်မြင်ပြီး လုပ်ငန်းအတွေ့အကြုံရှိသူ။

၄။ **Cashier** မ (၃)ဦး
ဘွဲ့ရ၊ Computer တတ်ကျွမ်း၍ နေ့/ညမရွေး တာဝန်ထမ်းဆောင်နိုင်သူ။

၅။ **Receptionist** မ (၃)ဦး
ဘွဲ့ရ၊ ရုပ်ရည်သန့်ပြန့်သူ၊ အသက်(၃၀)နှစ်ထက် မကြီးသူ။

၆။ **လုံခြုံရေး** ကျား (၃)ဦး
နေ့/ညမရွေး တာဝန်ထမ်းဆောင်နိုင်သူ အသက် (၅၀) နှစ်အောက်ရှိသူ။

လျှောက်ထားလိုသူများသည် ဓါတ်ပုံ၊ မှတ်ပုံတင်၊ ဘွဲ့လက်မှတ်၊ အလုပ်သမားမှတ်ပုံတင်၊ ရပ်ကွက်/ရဲစခန်းထောက်ခံချက်များနှင့်အတူ တစ်ပတ်အတွင်း လူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ပါသည်။

သုခကမ္ဘာဆေးရုံ
အမှတ်-၆၁၅(အီး)၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
☎: ၅၀၀၁၀၀၊ ၅၀၄၅၄၅၊ ၅၂၆၃၂၉၊ ၅၀၅၂၀၀၊ ၅၃၆၅၀၀။

ဖခင်အမည်မှန်

ဟသ်ာတခရိုင် ဇလွန်မြို့နယ် ပျဉ်းမတုန်းမြို့ အထက တက္ကသိုလ်ဝင်တန်း(B)မှ မောင်ဝင်းခန့်ကို၏ ဖခင်အမည်မှန်မှာ ဦးသိန်းဆန်း ၁၃/ရစန(နိုင်)၀၆၇၉၀၄ ဖြစ်ပါကြောင်း။

ဦးသိန်းဆန်း

ဖခင်အမည်မှန်

လားရှိုးမြို့၊ ရပ်ကွက်(၃)၊ နယ်မြေ(၅)၊ ကြာဖြူလမ်းမှ မဝေဝေဦး ၁၃/လရန(နိုင်)၁၆၆၁၇၈၏ ဖခင်အမည်မှန်မှာ ဦးအုချောက်ချင် ၁၃/ကခန(နိုင်)၀၁၃၄၉၀ ဖြစ်ပါသည်။

အမည်မှန်

လားရှိုးမြို့၊ အထက(၄)၊ တက္ကသိုလ်ဝင်တန်း(င)မှ မအေးဟင်း ကဝ-၂၈၃၇/၁၁၏ အမည်မှန်မှာ အိမ်ထောင်စုနှင့် မှတ်ပုံတင်မှုရင်းများအရ မအေးဟိန်း ၁၃/လရန(နိုင်)၂၁၂၈၃၄ ဖြစ်ပါသည်။

အမည်မှန်

လားရှိုးမြို့၊ အထက(၄)၊ တက္ကသိုလ်ဝင်တန်းမှ အေးစိန်ညွန့်၏ အမည်မှန်မှာ နန်းအေးညွန့် ၁၃/လရန(နိုင်)၂၀၆၃၇၁ ဖြစ်ပါသည်။

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5D/8610 Toyota Crown JZS-177, Saloon ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မြင့်သန်း ၁၂/လမန(နိုင်)၀၄၂၀၇၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

စာအုပ်စာပေ
လှူမိတ်ဆွေ

ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို တစ်ဦးတည်းမူပိုင်ဖြစ်ကြောင်း အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင် (၂) ရပ်ကွက်၊ သိပ္ပံလမ်း၊ ၆၃ x ၆၄ လမ်းကြား၊ ဦးပိုင် (၅ယ/၄၁)၊ အကွက် (မ-၂) တွင် ဖွင့်လှစ်တည်ထောင်ထားသော BEST OIL COMPANY LIMITED သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အမှတ် (၄/၂၄၀၃၀/၂၀၁၉) ဖြင့် (၁၅-၈-၂၀၁၉) ရက်နေ့တွင် ကုမ္ပဏီ၏မူပိုင်အမှတ်တံဆိပ်အဖြစ် မှတ်ပုံတင်သွင်းခဲ့ပြီးဖြစ်ပါသည်။

BEST OIL COMPANY

(၄/၂၄၀၃၀/၂၀၁၉)

အထက်တွင်ဖော်ပြထားသည့် ကုန်အမှတ်တံဆိပ်အမှတ်အသားကို အသုံးပြု၍ မှတ်ပုံတင်သွင်းကြေညာသူ BEST OIL COMPANY LIMITED မှ လုပ်ကိုင်သော စီးပွားရေးလုပ်ငန်းများအားလုံးနှင့်တကွ နိုင်ငံတကာကုန်စည် အုပ်စု (၄) နှင့် အုပ်စု (၃၉) စသည်တို့နှင့်သက်ဆိုင်သောကုန်ပစ္စည်းအမျိုးမျိုး၊ ကုမ္ပဏီနှင့် သက်ဆိုင်သော စာရွက်စာတမ်းများ၊ လက်ကမ်းကြော်ငြာများ၊ ဆိုင်းဘုတ်၊ တံဆိပ်၊ မဂ္ဂဇင်း၊ ငွေရပြေစာဖြတ်ပိုင်း၊ ဘလောက်၊ ဗီနိုင်း၊ ကြော်ငြာတံဆိပ်တုံး၊ လျှပ်စစ်နီယွန်မီးရောင်စုံ၊ LED ရောင်စုံအမျိုးမျိုး၊ Letter Head, Internet Email & Website တံဆိပ်တုံးအစရှိသည့် စီးပွားရေးလုပ်ငန်းများအားလုံး၊ ဓါတ်ဆီ၊ ဒီဇယ်ဆီ၊ အင်ဂျင်ဝိုင်အမျိုးမျိုး၊ ရေနံနှင့်စက်သုံးဆီအမျိုးမျိုး ရောင်းဝယ်ရေး၊ သိုလှောင်ဖြန့်ဖြူးရေးနှင့်သက်ဆိုင်သော လုပ်ငန်းများအားလုံးတို့တွင် အရွယ်အစားအမျိုးမျိုး၊ ပုံစံအမျိုးမျိုး၊ ဒီဇိုင်းအမျိုးမျိုးဖြင့် ကပ်နိုပ်၍၊ ရိုက်နိုပ်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝှမ်းလုံးတွင် ထုတ်လုပ်ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါကုန်အမှတ်တံဆိပ်အမည်အမှတ်အသား၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ အစိတ်အပိုင်းကိုဖြစ်စေ၊ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ဆင်တူယိုးမှားတုပပြုလုပ်၍သော်လည်းကောင်း၊ ထင်ယောင်ထင်မှားပြုလုပ်၍သော်လည်းကောင်း၊ အတုအပပြုလုပ်၍ ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ မှာယူတင်သွင်းခြင်း၊ လက်ဝယ်ထားရှိခြင်းမပြုလုပ်ကြပါရန်နှင့် အကယ်၍ ပြုလုပ်ပါက တရားဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမင်းမင်းထွန်း (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၆၀၃)
အမှတ်(၂၈၇)၊ လမ်း(၄၀)၊ ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။ ဖုန်း ၀၉၄၂၁၀၂၅၃၈၄

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါ လုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည် -

စဉ်	တင်ဒါအမှတ်	လုပ်ငန်းအမျိုးအမည်
၁	၂၁၈/မမ/CE	ရန်ကုန်-မန္တလေးရထားလမ်း အဆင့်မြှင့်တင်ရေးစီမံကိန်း၊ လေးထောင့်ကန်ယာယီဘူတာ ဆောက်လုပ်ခြင်းလုပ်ငန်း (သန့်စင်ခန်း (၁)လုံး၊ ရေရရှိရေး အပါအဝင်)နှင့် ဒါးပိန်ယာယီဘူတာ ဆောက်လုပ်ခြင်းလုပ်ငန်း(သန့်စင်ခန်း (၁)လုံး၊ ရေရရှိရေး အပါအဝင်)
၂	၂၁၉/မမ/CE	ရန်ကုန်-မန္တလေးရထားလမ်း အဆင့်မြှင့်တင်ရေးစီမံကိန်း၊ ဘုရားသုံးဆူယာယီ ဘူတာဆောက်လုပ်ခြင်းလုပ်ငန်း(သန့်စင်ခန်း (၁)လုံး၊ ရေရရှိရေး အပါအဝင်)နှင့် တာဝယာယီဘူတာ ဆောက်လုပ်ခြင်းလုပ်ငန်း (သန့်စင်ခန်း (၁)လုံး ရေရရှိရေး အပါအဝင်)

တင်ဒါပိတ်မည့် နေ့/အချိန် - (၃၀.၉.၂၀၁၉) (တနင်္လာနေ့)၊(၁၄:၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၃၀.၈.၂၀၁၉)ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့မေးမြန်းနိုင်ပါသည်။

ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း 294352, 291994

အလုပ်ကြော်ငြာ
စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း(National Electrification Project)

ကမ္ဘာ့ဘဏ်၏ထောက်ပံ့ငွေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း(နေပြည်တော်)တွင် တာဝန်ထမ်းဆောင်ရန် အောက်ဖော်ပြပါရာထူးများအတွက် စီမံကိန်းအကြံပေးဝန်ထမ်း ငှားရမ်းလိုပါသည်-

(၁) National MIS / Data Base Assistant Ref:(C2 -TA 39) (၁၂)လ (၁)ဦး

လျှောက်ထားလိုသူများအနေဖြင့် ကိုယ်ရေးအချက်အလက်တွင် လုပ်ငန်းအတွေ့အကြုံအသေးစိတ်၊ မိမိလျှောက်ထားလိုသောရာထူးနှင့် Reference နံပါတ်ကို တိကျစွာဖော်ပြ၍ အောက်ဖော်ပြပါလိပ်စာသို့ ၁၆-၉-၂၀၁၉ရက်နောက်ဆုံးထား၍ အီးမေးလ်ဖြင့်ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေပေးပို့လျှောက်ထားနိုင်ပါသည်။

စီမံကိန်းလုပ်ငန်းတာဝန်အကြောင်း၊ လိုအပ်သောအရည်အချင်းများ အသေးစိတ်ပါဝင်သော (Terms of Reference -TOR)ကို အောက်ဖော်ပြပါ အီးမေးလ်သို့ ဆက်သွယ်၍လည်းကောင်း၊ (www.drd.gov.mm)တွင် ဝင်ရောက်၍လည်းကောင်း ရယူနိုင်ပါသည်။

လိပ်မူရန် -

ဦးကျော်စွာအောင်(ညွှန်ကြားရေးမှူး)
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
ရုံးအမှတ် (၃၆)၊ နေပြည်တော်။

ဆက်သွယ်ရန်ဖုန်း -၀၆၇၃-၄၁၈၆၃၅၊ ၄၁၈၆၃၆၊
E-mail: neppmo.drd@gmail.com,drdnep.procurement@gmail.com

အမည်မှန်
နေပြည်တော် တပ်ကုန်းမြို့ အောင်သရဖူ ကိုယ်ပိုင်အထက်တန်းကျောင်း နဝမတန်း(A)မှ(ဘ) ဦးအောင်ဆန်းလွင် ၉/တကန(နိုင်)၁၅၃၈၄၀၏သားဖြစ်သူ မောင်ပတ္တမြားရန်နိုင်၏ အမည်မှန်မှာ မောင်ရန်နိုင် ဖြစ်ပါသည်။

ဖခင်အမည်မှန်
ပခုက္ကူမြို့၊ အထက(၂) တက္ကသိုလ်ဝင်တန်းမှ မစံပယ်ဖြူ၏ ဖခင် ဦးရွှေကို၏ အမည်မှန်မှာ ဦးမောင်ကိုကို ၈/ပခက(နိုင်)၀၁၀၄၀၁ ဖြစ်ပါကြောင်း။ **ဦးမောင်ကိုကို**

အမည်မှန်နှင့်ဖခင်အမည်မှန်
ပခုက္ကူမြို့နယ်၊ အထက(မြစ်ခြေ)ကျောင်း တက္ကသိုလ်ဝင်တန်း(D)မှ မောင်ဟေမာန်ဦး၏ အမည်မှန်မှာ မောင်ဟေမာန်ထွန်း ဖြစ်ပါကြောင်းနှင့် ဖခင်ဦးကျော်ထွန်း၏ အမည်မှန်မှာ ဦးစိန်ကျော်ထွန်း ၈/ပခက(နိုင်)၁၇၉၆၁၂ ဖြစ်ပါကြောင်း။ **မောင်ဟေမာန်ထွန်း၊ ဦးစိန်ကျော်ထွန်း**

ဖြန့်ဖြူးသူပြောင်းလဲခြင်း အသိပေးကြေညာခြင်း

ပြည်ပထုတ်လုပ်သူ UPL Limited .ကုမ္ပဏီမှ မြန်မာနိုင်ငံပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့တွင် မှတ်ပုံတင်ထားသော အောက်ဖော်ပြပါ ပိုးသတ်ဆေးကို ပြည်တွင်းမူလ ဖြန့်ဖြူးသည့် Agro Power Co.,Ltd ကုမ္ပဏီမှ Myanmar Arysta LifeScience Co.,Ltd ကုမ္ပဏီသို့ ဖြန့်ဖြူးသူပြောင်းလဲ၍ တင်သွင်းဖြန့်ဖြူး ရောင်းချသွားမည်ဖြစ်ပါသည်။

စဉ်	ကုန်သွယ်မှုအမည်	အဆိပ်ရှိပစ္စည်းအမျိုးအစား	မှတ်ပုံတင်အမျိုးအစား	မှတ်ပုံတင်အမှတ်
၁	Fego 14.5SC	Indoxacard 14.5%SC	Full	F 2017-1308

သို့ဖြစ်ပါ၍ အဆိုပါဖြန့်ဖြူးသူ ပြောင်းလဲခြင်းကို ကန့်ကွက်လိုပါက တွဲဖက်အတွင်းရေးမှူး၊ မြန်မာနိုင်ငံပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ အနောက်ကြို့ကုန်း၊ အင်းစိန်မြို့နယ်သို့ ဤကြော်ငြာပါသည့်ရက်မှစ၍ နှစ်ပတ်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

Myanmar Arysta LifeScience Co.,Ltd အမှတ်(၉၅)၊ ပဒုမ္မာလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့

ရောင်းရန်

လူနာခုတင်တွင် -

(၁) ခြေရင်းပိုင်းအားနှိမ့်ချ၍ရပြီး ခေါင်းရင်းပိုင်းအားမြှင့်တင်ကာထိုင်သကဲ့သို့ လုပ်ရသဖြင့် ထိုင်ပြီးထမင်းစား၍ရသည်။
(၂) ထမင်းစားရန်စားပွဲပါသည်။
(၃) မွေ့ရာမှာ အဆက်အပိုင်းဖြင့် ပြုလုပ်ထားသည်။
(၄) ခုတင်အား ဘယ်/ညာစောင်း၍ရသဖြင့် လူနာအား ဘယ်/ညာစောင်းရန် လွယ်ကူသည်။
(၅) ဘယ်/ညာဘေးအကာပါသည်။ ခေါက်သိမ်း၍ရသည်။
(၆) ကုလားထိုင်ကဲ့သို့ ထိုင်၍ရသည်။ ဘီး(၆)လုံးဖြင့် Wheel Chair ကဲ့သို့ တွန်းသွား၍ရသည်။
(၇) ထိုင်၍ အညစ်အကြေးစွန့်၍ရသည်။
(၈) အညစ်အကြေးစွန့်ရန် အိုးပါသည်။
(၉) ခေါင်းလျှော်၍ရသည်။ ခေါင်းလျှော်ရန် Plastic ခွက်ပါသည်။
(၁၀) Dripset ချိတ်ရန် တိုင်ပါသည်။

Phone No. 09-5171508, 09-441152518, 09-978167053

နိုင်ငံခြားရေးဝန်ကြီးဌာန
အခြေခံသံတမန်ရေးရာကျွမ်းကျင်မှုသင်တန်း
(Certificate Course in Basic Diplomatic Skills)
သင်တန်းအမှတ်စဉ်(၄၃)အတွက် သင်တန်းသားခေါ်ယူခြင်း

၁။ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အငြိမ်းစားသံအမတ်ကြီးများ၊ ဝါရင့်သံအမတ်ကြီးများ၊တက္ကသိုလ်များမှ ပါမောက္ခဆရာ/ဆရာမကြီးများနှင့် ကျွမ်းကျင်သူပညာရှင်များကိုယ်တိုင် သင်ကြားပို့ချမည့် အခြေခံသံတမန်ရေးရာကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၄၃)ကို ၂၀၁၉ခုနှစ်၊ စက်တင်ဘာလကုန်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပါ၍ နိုင်ငံတကာရေးရာနှင့် သံတမန်ရေးရာကိစ္စရပ်များတွင် စိတ်ပါဝင်စားသူများ စာရင်းသွင်းတက်ရောက်နိုင်ပါသည်။ သင်တန်းတွင် သံတမန်ရေးရာသဘောတရားများကို သိရှိနားလည်စေရန် Diplomacy နှင့်ပတ်သက်သော ဘာသာရပ်များ၊ အပြည်ပြည်ဆိုင်ရာ ညီလာခံနှင့် အစည်းအဝေးကျင်းပခြင်း (International Conferencing)၊ စေ့စပ်ညှိနှိုင်းပြောဆိုမှုနည်းလမ်းများ (Negotiation Techniques)၊အပြည်ပြည်ဆိုင်ရာ ဥပဒေဘာသာရပ်များ (International Law)၊ စီးပွားရေးဘာသာရပ်များ (Economics) အပါအဝင်သံတမန်ရေးရာ (Protocol)နှင့် သက်ဆိုင်သည့် အခြေခံဘာသာရပ်များကို သင်ကြားပို့ချပေးမည်ဖြစ်ပါသည်-

(က)	**တက်ရောက်နိုင်သူများ**	-	တက္ကသိုလ်တစ်ခုခုမှဘွဲ့ရပြီးသူများ
(ခ)	**သင်တန်းကာလ**	-	ရက်သတ္တပတ်(၁၂)ပတ်
(ဂ)	**သင်တန်းချိန်များ**	-	အပတ်စဉ်တနင်္လာနေ့မှ သောကြာနေ့အထိ (နံနက်ပိုင်းတန်းခွဲ ၇း၀၀နာရီမှ ၉း၀၀နာရီထိ) (ညနေပိုင်းတန်းခွဲ ၁၇း၀၀နာရီမှ ၁၉း၀၀နာရီထိ)
(ဃ)	**သင်တန်းနေရာ**	-	အမှတ်(၃၆)၊ ဝန်ဇင်းမင်းရာဇာ ခန်းမဆောင်၊ ပြည်လမ်း၊နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရန်ကုန်မြို့
(င)	**လျှောက်လွှာရောင်း/လက်ခံမည့်ရက်နှင့်အချိန်**	-	၄-၉-၂၀၁၉ရက်မှ ၁၀-၉-၂၀၁၉ရက်ထိ (ရုံးဖွင့်ရက်များ၊ ရုံးချိန်အတွင်း ၁၀း၀၀နာရီမှ ၁၆း၀၀နာရီထိ) (**မှတ်ချက်**။ လျှောက်လွှာစောင်ရေကန့်သတ်ထားပါသဖြင့် ဦးရာလူစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်။)
(စ)	**လက်ခံမည့်နေရာ**	-	မဟာဗျူဟာလေ့လာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန၊နိုင်ငံခြားရေးဝန်ကြီးဌာန၊ စကားဝါလမ်း၊ ရန်ကုန်မြို့၊ (ပဲခူးကလပ်မှတ်တိုင်)
(ဆ)	**လျှောက်လွှာတင်သွင်းရာတွင်**	-	ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၁)ပုံ၊ ရပ်ကွက်နှင့်ရဲစခန်းထောက်ခံစာ(၆လအတွင်း)၊ ဘွဲ့လက်မှတ်(မူရင်း၊ မိတ္တူ)၊ နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း၊ မိတ္တူ)၊ အစိုးရဝန်ထမ်းဖြစ်ပါက သင်တန်းတက်ရောက်ခွင့်ပြုကြောင်း ဌာနဆိုင်ရာ ထောက်ခံချက်(မူရင်း)

၂။ နံနက်ပိုင်းတန်းခွဲတွင် သင်တန်းသား(၉၀)ဦးနှင့် ညနေပိုင်းတန်းခွဲတွင်သင်တန်းသား(၉၀)ဦး၊ စုစုပေါင်း သင်တန်းသားဦးရေ (၁၈၀)ဦးသာ လူတွေ့စစ်ဆေး၍ရွေးချယ်လက်ခံသွားမည်ဖြစ်ပါသည်။
၃။ သင်တန်းနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဖုန်း-၂၂၁၅၃၇၊ ၂၂၁၅၃၁၊ ၂၂၂၀၂၈

မဟာဗျူဟာလေ့လာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန
နိုင်ငံခြားရေးဝန်ကြီးဌာန၊ရန်ကုန်မြို့

ရေယာဉ်ပိုင်ရှင်အမည်ပြောင်းလဲခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသော ငါးဂျပန်-၁ အမည်ရှိ ကော့သောင်းခရိုင်၊ ငါးဖမ်းရေယာဉ် (ရေယာဉ်မှတ်ပုံတင်အမှတ် FKD/0137/09) ရေယာဉ်၏ တန်ချိန် ၃၉ဒသမ၇၆အား ဂရန်အမည်ပေါက်ပိုင်ရှင်ဖြစ်သော ဦးတင်စိုး ၆/သရခ(နိုင်)၀၅၅၄၈၆အမည်မှ ဦးကျော်သက် ၆/ကသန(နိုင်)၀၅၄၃၀၄ အမည်သို့ ပြောင်းလဲပေးပါရန် ဤဌာနသို့ လျှောက်ထားလာပါသည်။ ၎င်းပိုင်ရှင်အမည်ပြောင်းလဲရန်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဒုတိယညွှန်ကြားရေးမှူး၊ ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ မြိတ်မြို့သို့လိပ်မူ၍ ရက်ပေါင်း ၃၀အတွင်း ပိုင်ဆိုင်မှုအထောက်အထားများနှင့်တကွ မည်သူမဆိုလာရောက် ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ထက်ကျော်လွန်ပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ လျှောက်ထားသူအမည်သို့ ပြောင်းလဲပေးမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

ရေယာဉ်ပိုင်ရှင်အမည်ပြောင်းလဲခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသော သီရိအောင်-၁ အမည်ရှိ ကော့သောင်းခရိုင်၊ ငါးဖမ်းရေယာဉ် (ရေယာဉ်မှတ်ပုံတင်အမှတ် FKD/0004/10) ရေယာဉ်၏ တန်ချိန် ၄၉ဒသမ၂၈အား ဂရန်အမည်ပေါက်ပိုင်ရှင်ဖြစ်သော ဦးမင်းကိုကို ၆/ကသန(နိုင်)၀၆၄၁၈၅အမည်မှ ဒေါ်နီနီဝင်း ၆/ကသန(နိုင်)၀၃၂၄၅၇ အမည်သို့ ပြောင်းလဲပေးပါရန် ဤဌာနသို့ လျှောက်ထားလာပါသည်။ ၎င်းပိုင်ရှင်အမည်ပြောင်းလဲရန်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဒုတိယညွှန်ကြားရေးမှူး၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ မြိတ်မြို့သို့လိပ်မူ၍ ရက်ပေါင်း ၃၀အတွင်း ပိုင်ဆိုင်မှုအထောက်အထားများနှင့်တကွ မည်သူမဆိုလာရောက် ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ထက်ကျော်လွန်ပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ လျှောက်ထားသူအမည်သို့ ပြောင်းလဲပေးမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

မြို့မြေခွန်လာရောက်ထမ်းဆောင်ရန်ကြော်ငြာခြင်း

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့(အမှတ်-၁ ရပ်ကွက်၊ အမှတ်-၂/ရပ်ကွက်၊ အမှတ်- ၃ ရပ်ကွက်၊ အမှတ်-၄ရပ်ကွက်၊ အမှတ်-၅ရပ်ကွက်၊ အမှတ်-၆ရပ်ကွက်၊ အမှတ်-၇ရပ်ကွက်၊ အမှတ်-၁၂ရပ်ကွက်)နှင့်ရွှေညောင်မြို့(မင်္ဂလာရပ်ကွက်)များအတွင်း ၂၀၁၈-၂၀၁၉ခု ဘဏ္ဍာရေးနှစ်တွင် မြို့မြေခွန်ထမ်းဆောင်ရန် ကျန်ရှိသည့်မြေငှားဂရန် အမည်ပေါက် ပိုင်ဆိုင်ထားသူတို့သည် ၁၈၈၉ခုနှစ် အထက်မြန်မာပြည်မြေနှင့်အခွန်တော်စည်းမျဉ်း ဥပဒေအခန်း(၄) ပုဒ်မ ၃၇(၁) (ခ) အရ မြေခွန်စည်းကြပ်ခြင်းအပေါ် လာရောက်ထမ်းဆောင်ခြင်းမရှိဘဲ ပျက်ကွက်လျက်ရှိသည်ကို စိစစ်တွေ့ရှိရပါသည်။ သို့ပါ၍ မြေခွန်လာရောက်ထမ်းဆောင်ခြင်းမရှိသည့် ပုဂ္ဂိုလ်များအနေဖြင့် ကြော်ငြာစာထုတ်ဆင့်သည့်ရက်မှစ၍ ရက်ပေါင်း(၃၀)အတွင်း သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွင် လာရောက်ထမ်းဆောင်ရန်နှင့် သတ်မှတ်ရက်အတွင်း လာရောက်ထမ်းဆောင်ခြင်းမရှိပါက တည်ဆဲဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
တောင်ကြီးမြို့

ဆက်သွယ်ရန်ဖုန်းနံပါတ်များ-၀၈၁-၂၁၂၁၀၅၁၊ ၀၈၁-၂၁၂၁၆၉၁
(တောင်ကြီးမြို့နယ်ရုံး)
-၀၈၁-၂၀၈၅၉၁(အေးသာယာမြို့ရုံး)
-၀၈၁-၄၅၀၂၃(ရွှေညောင်မြို့ရုံး)

ကန့်ကွက်နိုင်ကြောင်း

ပဲခူးမြို့၊ ဗိုင်းကနိုင်တောင်ပိုင်းရပ်ကွက်နေ ဦးဝင်းကြည် ၇/ပခန(နိုင်)၀၄၁၈၄၄၃ အမည်ဖြင့် ကွင်းအမှတ်(၁၈)၊ပဲခူးမြစ်ရပ်ကွင်း၊မြေကွက်အမှတ်(၁ဆ) ဧရိယာ(၀.၃၄၄)ဧကရှိမြစ်ချောင်းအရ အောက်မြေအတွင်းအုတ်လုပ်ငန်းလုပ်ကိုင်ရန် အုတ်ထုတ်လုပ်ခွင့် ခွင့်ပြုမိန့် မူရင်းပျောက်ဆုံးသွားပါသဖြင့် ပြန်လည်လျှောက်ထားမည်ဖြစ်သောကြောင့် ကန့်ကွက်လိုပါက ကြော်ငြာပါပြီး(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းအသိပေးကြော်ငြာအပ်ပါသည်။

ဦးဝင်းကြည်
နိုင်မာလမ်း၊ဗိုင်းကနိုင်တောင်ပိုင်းရပ်ကွက်၊ပဲခူးမြို့

အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊တည်ဆောက်ရေးအဖွဲ့(၁)မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်ခွင့်ပြုရန်ပုံငွေများဖြင့် တာဝန်ယူဆောင်ရွက်လျက်ရှိသော ချင်းပြည်နယ်၊ မင်းတပ်ခရိုင်မတူပီ-ပလက်ဝလမ်းပေါ်ရှိ ကုလားတန်မြစ်ကူးတံတား(ပလက်ဝ)တည်ဆောက်ရေးလုပ်ငန်းတွင် အသုံးပြုရန်အတွက် လိုအပ်သော လုပ်ငန်းခွင်သုံးပစ္စည်းများအား မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါစနစ် လုပ်ငန်းခွင်အရောက်ဈေးနှုန်းမြန်မာငွေ(ကျပ်)ဖြင့် ငှားရမ်းခြင်း၊ ဝယ်ယူခြင်း၊ သယ်ယူလိုပါသဖြင့် တင်ဒါပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

၂။ တင်ဒါပေးသွင်းသည့်ပစ္စည်းများသည် ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန၊ အရည်အသွေးထိန်းသိမ်းရေးဌာနခွဲ၊ သုဝဏ္ဏတွင် အရည်အသွေးစစ်ဆေးပြီး စစ်ဆေးတွေ့ရှိချက်ထောက်ခံစာမူရင်း(သို့)မိတ္တူကို ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး တည်ဆောက်ရေးအဖွဲ့(၁)ထံတွင် ၃၀-၉-၂၀၁၉ ရက် နောက်ဆုံးထားတင်ပြရပါမည်။

၃။	**တင်ဒါလျှောက်လွှာပုံစံ စတင်ရောင်းချမည့်ရက်**	-	၂-၉-၂၀၁၉ရက်(တနင်္လာနေ့)
	တင်ဒါလျှောက်လွှာပုံစံ ပိတ်မည့်နောက်ဆုံးရက်/အချိန်	-	၃၀-၉-၂၀၁၉ရက်(တနင်္လာနေ့) ညနေ ၃း၀၀နာရီ
	တင်ဒါဖွင့်မည့်ရက်/အချိန်/နေရာ	-	၂-၁၀-၂၀၁၉ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀နာရီ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ချင်းပြည်နယ်၊ ဟားခါးမြို့

၄။ တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တည်ဆောက်ရေးအဖွဲ့(၁)၊ ပလက်ဝတံတားတည်ဆောက်ရေးစီမံကိန်းနှင့် ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ချင်းပြည်နယ်၊ ဟားခါးတို့တွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

တင်ဒါကော်မတီ
တည်ဆောက်ရေးအဖွဲ့(၁)ပလက်ဝ
(ပလက်ဝ ဖုန်း-၀၉-၄၂၇၇၅၀၈၉၉၊ ၀၉-၂၆၁၄၁၄၃၁၇၊ ၀၉-၄၂၀၀၈၈၄၆၈၊ ၀၉-၂၅၉၀၃၅၄၈၆)(ဟားခါး ဖုန်း-၀၉-၉၇၂၃၄၅၂၁၉)

ငွေချက်ထုတ်ရန်ဆင့်စာ
(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
မန္တလေးခရိုင်တရားရုံးတော်
၂၀၁၉ခုနှစ် တရားမကြီးမှုအမှတ်-၂၃၉

ဒေါ်စိန်ရီ(၎င်း၏အထွေထွေ ကိုယ်စားလှယ်လွှဲစာရသူဒေါ်မာလာဆွေ) **နှင့်** ဒေါ်ဝင်းဝင်းဆွေ

တရားလို **တရားပြိုင်**

ဒေါ်ဝင်းဝင်းဆွေ၊ ကျူးစာရင်းအိမ်အမှတ်(ဒ-၀၁၇၆)၊ ဦးပိုင်အမှတ် (၅+၆) အကွက်အမှတ် (H-၂၅၃)၊ (ဈ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ-၈အရ မြေကွက်အတွင်း ကျူးကျော်ဆောက်လုပ်ထားသော အဆောက်အအုံအား ဖျက်သိမ်းကာ ကျူးကျော်မှုအား နှင်ထုတ်ဖယ်ရှားပြီး မြေကွက်အားလက်ရောက်ပြန်လည်ပေးအပ်စေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၉ ခုနှစ် စက်တင်ဘာ ၁၆ ရက် (၁၃၈၁ ခုနှစ် တော်သလင်းလပြည့်ကျော် ၃ရက်) မွန်းမတည့်မီ ၉း၃၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငွေချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သော စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၉ ခုနှစ် ဩဂုတ် ၂၇ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်အေးအေးလင်း)
ဒုတိယခရိုင်တရားသူကြီး(၉)
မန္တလေးခရိုင်တရားရုံး

ဂျူလီယာ (JULIA)
စက်ချုပ်သင်တန်းအမှတ်စဉ် (၃၂)
သင်တန်းသားများ ခေါ်ယူခြင်း (ဖုန်း-၀၉-၅၀၅၈၇၆၇)
စက်ချုပ်အထူး အမြန်သင်တန်း(၁-လပြတ်)

မြန်မာအမျိုးသမီးတိုင်း လက်မှုပညာတတ်မြောက်စေရန် လက်မှုပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုလုပ်နိုင်ရန်၊ မြန်မာအမျိုးသမီးများ၏ လူနေမှုဘဝအဆင့်အတန်း တိုးတက်မြင့်မားလာစေရန်ဟူသော ရည်ရွယ်ချက် သုံးရပ်ကို အခြေခံ၍စက်ချုပ်ပညာကို အခြေခံစက်နင်းမှအစပြု၍ အခြေခံကျကျ တိုင်းနည်း၊ တွက်နည်း၊ ညှပ်နည်း၊ ချုပ်နည်းများ၊ ထမီ၊ ချိတ်ထမီ၊ သုံးလွှာ၊ လေးလွှာ၊ တည့်စကပ်၊ ဘောင်းဘီနှင့် အင်္ကျီဒီဇိုင်းအမျိုးမျိုး၊ ရှပ်အင်္ကျီ၊ ကုတ်အင်္ကျီ၊ လက်ပုံစံအမျိုးမျိုးနှင့် ဂါဝန်အပါအဝင် စုစုပေါင်း အမျိုး ၂၀ ကျော်ကို အချိန်တိုတိုအတွင်း ဆိုင်ဖွင့်စားနိုင်သည်အထိ အာမခံဖြင့် ဆရာမကိုယ်တိုင်ကြီးကြပ်၍ သင်ကြားပို့ချလျက်ရှိပါသည်။ ပညာအရည်အချင်း၊ အသက်အရွယ် အကန့်အသတ်မရှိ စက်ချုပ်ပညာကို စိတ်ဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ပါသည်။

တန်ခွဲ (AA) -	တနင်္လာမှ သောကြာ	- နံနက် ၁၀း၀၀နာရီမှ ၁၂း၀၀နာရီ	}	တစ်ပတ် (၅)ရက် (၁)လပြတ်
တန်းခွဲ (BB) -	တနင်္လာမှ သောကြာ	- ညနေ ၃း၀၀နာရီမှ ၅း၀၀နာရီ		
တန်းခွဲ (A) -	တနင်္လာ၊ အင်္ဂါ	- ညနေ ၄း၀၀နာရီမှ ၆း၀၀နာရီ	}	တစ်ပတ် (၂)ရက် (၃)လ ပြတ်
တန်းခွဲ (B) -	ဗုဒ္ဓဟူး၊ ကြာသပတေး	- နံနက် ၇း၀၀နာရီမှ ၉း၀၀နာရီ		

၉-၉-၂၀၁၉ရက်တွင် စတင်ဖွင့်လှစ်မည်။ သင်တန်းဆင်းလက်မှတ်ချီးမြှင့်မည်။

သင်တန်းတက်ရောက်လိုပါက လိုင်စင်ဓာတ်ပုံ (၃)ပုံ၊ သင်တန်းကြေး (ခုနစ်သောင်းကျပ်တိတိ)နှင့် ၉-၉-၂၀၁၉ရက် နောက်ဆုံးထား၍ နံနက် ၈း၀၀နာရီမှ ည ၈း၀၀နာရီထိ ပိတ်ရက်မရှိ လာရောက်အပ်နှံနိုင်ပါသည်။ တစ်ဦးလျှင် စက်တစ်လုံးနှုန်းဖြင့် အခြေခိုင်အောင် သင်ကြားပို့ချလျက်ရှိပါသည်။

ဆက်သွယ်ရန်လိပ်စာ-အမှတ် ၇၈၊ (၄-လွှာ) (ဘယ်)၊ (၃၇)လမ်း။ အောက်လမ်း၊ ရွှေဘဏ်အနောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၅၈၇၆၇ (ပန်းဆိုးတန်းလမ်း မှတ်တိုင်တွင်ဆင်းပါ။)

(၁၆)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် ဝါဆိုဦးသက်ကြီးပူဇော်ပွဲ

ရန်ကုန်တက္ကသိုလ် သတ္တဗေဒကျောင်းသား/ကျောင်းသူဟောင်းများမှ နှစ်စဉ်ကျင်းပပြုလုပ်သော (၁၆)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် ဝါဆိုဦးသက်ကြီးပူဇော်ပွဲကို ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ သတ္တဗေဒမိသားစုဝင်များအနေဖြင့် အောက်ပါအတိုင်း ကြွရောက်ကုသိုလ်ယူပါဝင်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၈-၉-၂၀၁၉ရက်(တနင်္ဂနွေနေ့)
အချိန် - နံနက် ၉နာရီမှ ၁၁နာရီ
နေရာ - ရွှေမန်းကျောင်းတိုက်၊ အာဇာနည်လမ်း၊ ဗဟန်း၊ ရန်ကုန်မြို့

ရောင်းချရန်ကြော်ငြာစာ

(တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
မန္တလေးခရိုင်တရားရုံးတော်
၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ်-၂၇၃နှင့်ဆက်နွယ်သည့်
၂၀၁၉ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၂၀၇

မန်နေဂျာ နှင့် ၁။ ဦးစိုးခိုင်
မြန်မာ့စီးပွားရေးဘဏ်(၁) ၂။ ဒေါ်ညွန့်ရီ
မန္တလေးမြို့
(၎င်းဘဏ်၏ကိုယ်စား၊ ဘဏ်ခွဲမန်နေဂျာ
ဦးမျိုးထက်အောင်)
ဒီကရီအနိုင်ရသူ **တရားရှုံးများ**

မန္တလေးခရိုင်တရားရုံးတော်၊ တရားမကြီးမှုအမှတ်-၂၇၃/၂၀၁၈ အမှုတွင် အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင်ဖော်ပြထားသော ပစ္စည်းကို ၂၀၁၉ခုနှစ် အောက်တိုဘာ ၉ ရက်၊ နံနက် ၁၀ နာရီတွင် ၎င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း၊ လေလံဆွဲဝယ်ယူနိုင်ကြောင်းကြေညာလိုက်သည်။

ပစ္စည်းစာရင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ အကွက်အမှတ် ၅၁၄/၁၊ ဦးပိုင်အမှတ် (၆၁-အေ)၊ ဧရိယာ ၀.၁၁၃မ၀၅၂၈ကေရှိ ဂရန်မြေနှင့်ယင်းမြေကွက်ပေါ်ရှိအိမ်(၁) (၃၆×၃၆) (၁၂×၆)ပေရှိ နှစ်ထပ်အာရ်စီပတ်ကားတိုက်နှင့်အိမ် (၂) (၁၂×၉)ပေရှိတစ်ထပ် Steel Structure တိုက်အဆောက်အအုံ။

လေလံကြမ်းခင်းဈေး ကျပ်သိန်း ၆၀၀၀
ရောင်းချမည့်ရက်-၉-၁၀-၂၀၁၉
ရောင်းချရန်စည်းကမ်းများ

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း၊ တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။ တရားရှုံး၏ အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည့်အကြောင်း လေလံဆွဲဝယ်မည့်သူတို့အား အထူးသတိပြုရန် နှိုးဆော်လိုက်သည်။
၂။ လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ ဈေးနှုန်းအမြင့်ဆုံး ဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။
၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သောပစ္စည်းအတွက် လေလံဆွဲဝယ်သူက ငွေကျပ် ၁၀၀လျှင် ၂၅ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့် တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ ပေးသွင်းခြင်းမပြုလျှင် တစ်ဖန် ပြန်လည်လေလံတင်ရောင်းချလိမ့်မည်။
၅။ လေလံဆွဲဝယ်သူများသည် ရောင်းချသည့်အရာရှိက သတ်မှတ်ထားသည့်စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။
၆။ လေလံဆွဲဝယ်ယူရရှိသူသည် ၂၅ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်ရက်ကိုပယ်၍ ၁၅ ရက်မြောက်နေ့ ရုံးဆင်းချိန်မတိုင်မီ ပေးဆောင်ရမည်။ ၁၅ ရက်မြောက်နေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်ရက်တွင် အပြေအကျေပေးသွင်းရမည်။
၇။ လေလံကျန်ငွေများကို အထက်ပါရက်များတွင် ပေးဆောင်ရန်ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန် လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၁၉ခုနှစ် ဩဂုတ် ၂၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာထုတ်ပေးလိုက်သည်။

(သန်းသန်းဆင့်)
ဒုတိယခရိုင်တရားသူကြီး(၂)
မန္တလေးခရိုင်တရားရုံး

ဦးစွမ်းထက်စိုး(ဘ)ဦးကျော်သိန်းဌေး ၁၂/ဗဟန(နိုင်)၀၉၃၀၀၀ မန်နေဂျင်းဒါရိုက်တာ (Road Master ကုမ္ပဏီ)၊အမှတ်(၁၀၆၈)၊ ရေတမာလမ်း၊ ရွှေကြာပင်ရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်၊ B-5 ရွှေမန်းတောင်အိမ်ရာ၊အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့နှင့် အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ လမ်း ၆၀×၂၈လမ်းထောင့်နေ ဒေါ်ခင်စောအေး ၁၃/ကလန(နိုင်)၀၀၈၁၈၈၏ လွှဲအပ်ညွှန်ကြားချက်အရ ဦးစွမ်းထက်စိုးနှင့် အများသိစေရန်ကြေညာလိုက်ပါသည်။

ကျွန်ုပ်တို့၏အမှုသည်ထံ ဦးစွမ်းထက်စိုးမှ အကူအညီတောင်းခံ၍ မိတ်ဆွေအရင်းအချာများဖြစ်ခြင်းအပေါ်ထောက်ထားကာ ၇-၈-၂၀၁၈ရက်တွင် ငွေကျပ်(၄၀၀၀၀၀၀၀ိ/-)(ကျပ်သိန်းလေးရာတိတိ)ကို အသိသက်သေများရှေ့မှောက်ပေးအပ်ခဲ့ကြောင်းနှင့် ရယူထားသော ငွေများကို ၁-၉-၂၀၁၈ရက်တွင် နောက်ဆုံးထား၍ ပြန်လည်ပေးအပ်မည်ဖြစ်ကြောင်းကတိပြုကာ ယုံကြည်အပ်နှံခြင်းကတိစာချုပ်တွင် လက်မှတ်ထိုး၍ ပေးအပ်ထားကြောင်းသိရှိရပါသည်။

သို့သော် ဦးစွမ်းထက်စိုးသည် ကတိပြုထားသည့်ရက်နောက်ပိုင်း ယနေ့အချိန်ထိရယူထားသောငွေများကို ကျွန်ုပ်တို့၏အမှုသည်ထံ ပြန်လည်ပေးအပ်ခြင်းမရှိသေးကြောင်းသိရှိရပါသည်။

သို့ဖြစ်ပါ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ဦးစွမ်းထက်စိုးရယူထားသော ငွေများကိုပြန်လည်ပေးအပ်ရန် အကြောင်းကြားပါသည်။ လိုက်နာဆောင်ရွက်ပေးခြင်းမရှိပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးစွမ်းထက်စိုးနှင့် အများသိစေရန်ကြေညာလိုက်ပါသည်။

လွှဲအပ်ညွှန်ကြားသူ-
ဒေါ်ခင်စောအေး
၁၃/ကလန(နိုင်)၀၀၈၁၈၈

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးကိုကိုအောင်(H.G.P,LL.B)
အထက်တန်းရှေ့နေ(စဉ်-၂၁၆၈၅)
ဦးဝင်းအေး(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၄၅၂)
အမှတ်(၇၁၇)၊ ၈၁×၄၄လမ်းထောင့်၊
မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့
ဖုန်း-၀၉-၉၇၇၉၈၄၀၀၀၊ ၀၉-၄၀၂၅၈၂၈၅၉

ငြင်းချက်ထုတ်ရန်ဆင့်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
မန္တလေးခရိုင်တရားရုံးတော်
၂၀၁၉ခုနှစ် တရားမကြီးမှုအမှတ်-၂၄၇

ဒေါ်စိန်ရီ(၎င်း၏အထွေထွေ နှင့် ၁။ ဦးမင်းမင်း
ကိုယ်စားလှယ်လွှဲစာရသူ ၂။ ဒေါ်နုလှိုင်
ဒေါ်မာလာဆွေ)
တရားလို **တရားပြိုင်များ**

ဦးမင်းမင်း၊ဒေါ်နုလှိုင်၊ ကျူးစာရင်းအိမ်အမှတ် (ဒ-၀၁၆၈)၊ဦးပိုင်အမှတ်(၅+၆)၊အကွက်အမှတ်(H-၂၅၃)၊(ဈ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ-၈ အရ မြေကွက်အတွင်း ကျူးကျော်ဆောက်လုပ်ထားသော အဆောက်အအုံအားဖျက်သိမ်းကာကျူးကျော်မှုအား နှင်ထုတ်ဖယ်ရှားပြီး မြေကွက်အားလက်ရောက်ပြန်လည်ပေးအပ်စေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူကိုယ်စားလှယ်နှင့်ဖြစ်စေ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၁၉ခုနှစ် စက်တင်ဘာလ ၁၆ရက် (၁၃၈၁ခုနှစ် တော်သလင်းလပြည့်ကျော် ၃ရက်)မွန်းမတည့်မီ(၉း၃၀) နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သော စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၉ခုနှစ် မေလ ၂၇ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်အေးအေးလင်း)
ဒုတိယခရိုင်တရားသူကြီး(၉)
မန္တလေးခရိုင်တရားရုံး

ငြင်းချက်ထုတ်ရန်ဆင့်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
မန္တလေးခရိုင်တရားရုံးတော်
၂၀၁၉ ခုနှစ် တရားမကြီးမှုအမှတ်-၂၃၇

ဒေါ်စိန်ရီ(၎င်း၏အထွေထွေ နှင့် ဦးအောင်မင်း
ကိုယ်စားလှယ်လွှဲစာရသူ
ဒေါ်မာလာဆွေ)
တရားလို **တရားပြိုင်**

ဦးအောင်မင်း၊ ကျူးစာရင်း၊ အိမ်အမှတ်(ဒ-၀၁၈၀)၊ ဦးပိုင်အမှတ်(၅+၆)၊ အကွက်အမှတ်(H-၂၅၃)၊ (ဈ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ-၈အရ မြေကွက်အတွင်း ကျူးကျော်ဆောက်လုပ်ထားသော အဆောက်အအုံအား ဖျက်သိမ်းကာကျူးကျော်မှုအား နှင်ထုတ်ဖယ်ရှားပြီး မြေကွက်အား လက်ရောက်ပြန်လည်ပေးအပ်စေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၉ ခုနှစ် စက်တင်ဘာ ၁၆ ရက် (၁၃၈၁ ခုနှစ် တော်သလင်းလပြည့်ကျော် ၃ရက်) မွန်းမတည့်မီ ၉း၃၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သော စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၉ ခုနှစ် ဩဂုတ် ၂၇ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်အေးအေးလင်း)
ဒုတိယခရိုင်တရားသူကြီး(၉)
မန္တလေးခရိုင်တရားရုံး

ငြင်းချက်ထုတ်ရန်ဆင့်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
မန္တလေးခရိုင်တရားရုံးတော်
၂၀၁၉ခုနှစ် တရားမကြီးမှုအမှတ်-၂၄၂

ဒေါ်စိန်ရီ(၎င်း၏အထွေထွေ နှင့် ကိုရဲကြီး
ကိုယ်စားလှယ်လွှဲစာရသူ
ဒေါ်မာလာဆွေ)
တရားလို **တရားပြိုင်**

ကိုရဲကြီး၊ ကျူးစာရင်းအိမ်အမှတ်(ဒ-၀၁၇၄)၊ ဦးပိုင်အမှတ်(၅+၆)၊ အကွက်အမှတ် (H-၂၅၃)၊ (ဈ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ-၈အရ မြေကွက်အတွင်း ကျူးကျော်ဆောက်လုပ်ထားသော အဆောက်အအုံအား ဖျက်သိမ်းကာ ကျူးကျော်မှုအား နှင်ထုတ်ဖယ်ရှားပြီး မြေကွက်အားလက်ရောက်ပြန်လည်ပေးအပ်စေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၉ ခုနှစ် စက်တင်ဘာ ၁၆ ရက် (၁၃၈၁ ခုနှစ် တော်သလင်းလပြည့်ကျော် ၃ရက်) မွန်းမတည့်မီ ၉း၃၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါသည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင်ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သော စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၉ ခုနှစ် ဩဂုတ် ၂၇ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်အေးအေးလင်း)
ဒုတိယခရိုင်တရားသူကြီး(၉)
မန္တလေးခရိုင်တရားရုံး

ဖခင်အမည်မှန်

ကန့်ဘလူမြို့ မြင့်မိုရ်ကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မောင်ဖြိုးဝင်းဦး၏ ဖခင်အမည်မှန်မှာ ဦးတင်မောင်ဝင်း ၅/ကဘလ(နိုင်)၁၆၀၇၂၀ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

တန့်ဆည်မြို့နယ်၊ သစ္စေးကုန်း အထက(ခွဲ) တက္ကသိုလ်ဝင်တန်းမှ မတင်မာညွန့်၏ ဖခင်အမည်မှန်မှာ ဦးဝင်းပို ၅/တဆန(နိုင်)၁၀၈၉၆၇ ဖြစ်ပါကြောင်း။

အမည်ပြောင်း

ဦးညွန့်တင် ၅/တဆန(နိုင်)၀၅၇၁၄၇ ၏သမီး တန့်ဆည်မြို့နယ်၊ ဝက်တိုး အလက ဆဋ္ဌမတန်းမှ မသော်တာယမင်းသက်ဝေစိုးအား မသက်ဝေစိုးဟု ပြောင်းလဲခေါ်ပါရန်။

ဖခင်အမည်မှန်

မုံရွာမြို့၊ အထက(၅) တက္ကသိုလ်ဝင်တန်း(C)မှ မောင်ဝေယံမိုး၏ ဖခင်အမည်မှန်မှာ ဦးနေလင်းထက် ၅/မရန(နိုင်)၁၄၃၄၉၅ ဖြစ်ပါကြောင်း။

မိခင်အမည်မှန်

ချောင်းဦးမြို့ အထက တက္ကသိုလ်ဝင်တန်း(D) မှ မမိုးသန္တာအောင်၏ မိခင်အမည်မှန်မှာ ဒေါ်ရီရီချို ၅/ခဥတ(နိုင်)၀၃၉၂၆၉ ဖြစ်ပါကြောင်း။

မိခင်အမည်မှန်

ချောင်းဦးမြို့၊ အထက တက္ကသိုလ်ဝင်တန်း(E)မှ မမြတ်သင်္ဂီကျော်၏ မိခင်အမည်မှန်မှာ ဒေါ်နုနုသန်း ၅/ခဥတ(နိုင်)၀၄၂၁၉၈ ဖြစ်ပါကြောင်း။

မိခင်အမည်မှန်

ချောင်းဦးမြို့၊ အထက တက္ကသိုလ်ဝင်တန်း(A)မှ မောင်သက်ဖြိုးဇော်၏ မိခင်အမည်မှန်မှာ ဒေါ်ခိုင်မော်ဝင်း ၅/ခဥတ(နိုင်)၀၅၈၂၁၁ ဖြစ်ပါကြောင်း။

မိခင်အမည်မှန်

ချောင်းဦးမြို့ အထက တက္ကသိုလ်ဝင်တန်း(D) မှ မဇင်မာခိုင်၏ မိခင်အမည်မှန်မှာ ဒေါ်မိုးမြင့် ၅/ခဥတ(နိုင်)၀၃၉၄၂၇ ဖြစ်ပါကြောင်း။

မိဘအမည်မှန်

ချောင်းဦးမြို့၊ အထက တက္ကသိုလ်ဝင်တန်း(D) မှ မခိုင်မာမြင့်၏ မိဘအမည်မှန်မှာ ဦးမော်မော်နိုင် ၅/ခဥတ(နိုင်)၀၅၂၆၅၉နှင့် ဒေါ်တင်မြိုင်အေး ၅/ခဥတ(နိုင်)၀၃၉၅၉၆ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

ချောင်းဦးမြို့၊ အထက တက္ကသိုလ်ဝင်တန်း(G) မှ မဇင်မာခိုင်၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်ဝင်း ၅/ခဥတ(နိုင်)၀၃၉၂၅၁ ဖြစ်ပါကြောင်း။

ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးဘကျော် ၈/ဂဂန(နိုင်)၀၆၂၆၀၈ ၏ နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းသို့ အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၆၀၆၈၇၈၂

ဖခင်အမည်မှန်

မင်းဘူး(စကု)မြို့နယ်၊ အထက (စကု) တက္ကသိုလ်ဝင်တန်းမှ မမေသက်မွန်၏ ဖခင်အမည်မှန်မှာ ဦးမျိုး ၈/မဘန(နိုင်)၀၇၅၈၈၉ ဖြစ်ပါကြောင်း။ **ဦးမျိုး**

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2J/3123 ယာဉ်လက်ဝယ်ရှိသူ ဦးဆူရင်ဒါဆင် ၁/မကန(ဧည့်)၀၀၀၈၉၃က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။
ကညန၊ ပြည်နယ်ရုံး(မြစ်ကြီးနား)

တစ်ဦးတည်းဖြစ်ပါကြောင်း

ဒီပဲယင်းမြို့၊ အခြေခံပညာအထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မောင်အောင်ဇော်ဦး၏ ဖခင်အမည်မှာ ဦးကိုလင်း ၅/မရန(နိုင်)၁၆၆၀၀၉ နှင့် ဦးလင်းသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

ဒီပဲယင်းမြို့၊ အခြေခံပညာအထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မစုမြတ်ဝေ၏ ဖခင်အမည်မှန်မှာ ဦးတင်ထူး ၅/ဒပယ(နိုင်)၀၁၁၃၀၆ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

ဒီပဲယင်းမြို့၊ ဆုံကုန်းအခြေခံပညာအထက်တန်းကျောင်း(ခွဲ) တက္ကသိုလ်ဝင်တန်းမှ မသန်းခိုင်၏ ဖခင်အမည်မှန်မှာ ဦးညိုဝင်း ၅/ဒပယ(နိုင်)၀၄၀၁၀၈ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

ဒီပဲယင်းမြို့၊ ဆုပန်းမြိုင် ကိုယ်ပိုင်အထက်တန်းဆင့်သင်ကျောင်း တက္ကသိုလ်ဝင်တန်းမှ မောင်ဇော်ပိုင်၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်မြင့် ၅/ဒပယ(နိုင်)၀၇၈၁၂၈ ဖြစ်ပါကြောင်း။

တစ်ဦးတည်းဖြစ်ပါကြောင်း

ဒီပဲယင်းမြို့၊ အခြေခံပညာအထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်း(C)မှ မအိမ့်သဒ္ဒါအောင်၏ ဖခင်အမည်မှာ ဦးမောင်မောင်မြင့် ၅/ဒပယ(နိုင်)၀၀၀၅၂၅ နှင့် ဦးမြင့်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

ပင်လုံမြို့၊ အထက(၂)၊ တက္ကသိုလ်ဝင်တန်း(ခ)မှ မောင်မင်းထက်အောင်၏ ဖခင်အမည်မှန်မှာ ဦးမင်းလှိုင် ၁၃/ညရန(နိုင်)၀၈၅၀၉၁ ဖြစ်ပါကြောင်း။ **ဦးမင်းလှိုင်**

ဖခင်အမည်မှန်

ပင်းတယမြို့၊ အထက (၁) တက္ကသိုလ်ဝင်တန်း(C)မှ မောင်ရဲထက်အောင်၏ ဖခင်အမည်မှန်မှာ ဦးထွန်းရွှေ ၁၃/ပတယ(နိုင်)၀၃၃၀၃၅ ဖြစ်ပါကြောင်း။ **ဦးထွန်းရွှေ**

ဖခင်အမည်မှန်

ပင်းတယမြို့၊ အထက (၁)၊ တက္ကသိုလ်ဝင်တန်း(C) မှ မခိုင်မော်ဝင်း၏ ဖခင်အမည်မှန်မှာ ဦးဝင်းနိုင် ၁၃/ ပတယ(နိုင်)၀၃၃၀၆၁ ဖြစ်ပါကြောင်း။ **ဦးဝင်းနိုင်**

ဖခင်အမည်မှန်

ပင်းတယမြို့၊ အထက (၁)၊ တက္ကသိုလ်ဝင်တန်း(ဂ)မှ မအိအိလှိုင်၏ ဖခင်အမည်မှန်မှာ ဦးဖိုးကျော် ၁၃/ပတယ(နိုင်)၀၃၅၅၂၇ ဖြစ်ပါကြောင်း။ **ဦးဖိုးကျော်**

ဖခင်အမည်မှန်

ပင်းတယမြို့၊ အထက (၁)၊ တက္ကသိုလ်ဝင်တန်း(ဂ)မှ မခင်လေးနွယ်၏ ဖခင်အမည်မှန်မှာ ဦးလှ ၁၃/ပတယ(နိုင်)၀၁၆၅၅၃ ဖြစ်ပါကြောင်း။ **ဦးလှ**

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်အောင်သူနိုင် ၈/တတက(နိုင်)၁၇၀၇၀၃၏ နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၄၇၆၂၀၅၁**

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်သက်အောင် ၈/ပဖန(နိုင်)၁၂၀၅၁၄၏ နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၄၇၆၂၀၅၁

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၆၃ယ/၄၉၅၁၄၊ ဇင်းနစ်-110 ယာဉ်လက်ဝယ်ရှိသူ Hla Taw Thar Co.,Ltd. မှ (ကမ-၃) ပျောက်မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန်။
ကညန၊ ခရိုင်ရုံး(မင်းဘူး)

ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊နွားထိုးကြီးမြို့နယ်၊ အထကနွားထိုးကြီး တက္ကသိုလ်ဝင်တန်း(B)မှ မချစ်ဖူးငုံ၏ဖခင်အမည်မှန်မှာ ဦးဟံဝင်း ၉/နထက(နိုင်)၀၈၆၅၇၇ဖြစ်ပါကြောင်း။

ဦးဟံဝင်း

ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊နွားထိုးကြီးမြို့နယ်၊ အထကနွားထိုးကြီး တက္ကသိုလ်ဝင်တန်း(H)မှ မောင်ထွန်းသကြန်၏ ဖခင်အမည်မှန်မှာ ဦးဟန်ထွန်း ၉/နထက(နိုင်)၀၉၇၃၀၀ ဖြစ်ပါကြောင်း။

ဦးဟန်ထွန်း

ဖခင်အမည်မှန်

ကသာမြို့၊ အထက(၂)၊ တက္ကသိုလ်ဝင်တန်း(C) မှ မောင်ခန့်သူဇော်၏ ဖခင်အမည်မှန်မှာ ဦးနေအောင် ၅/ကသန(နိုင်)၀၅၉၅၁၅ ဖြစ်ပါကြောင်း။

ဦးနေအောင်

ဖခင်အမည်မှန်

ကသာမြို့၊ အထက(၂)၊ တက္ကသိုလ်ဝင်တန်း(A) မှ မောင်စည်သူကျော်၏ ဖခင်အမည်မှန်မှာ ဦးအောင်ကျော်နိုင် ၅/ကသန(နိုင်) ၀၁၁၄၂၄ ဖြစ်ပါကြောင်း။

ဦးအောင်ကျော်နိုင်

မိခင်အမည်မှန်

ခင်ဦးမြို့နယ်၊ လမင်းထက်ကိုယ်ပိုင် အထက်တန်းကျောင်း နဝမတန်း(B)မှ မခိုင်ဇာဝေနှင့် သံဘိုကျေးရွာ အလက အဋ္ဌမတန်းမှ မောင်ကျော်ထက်အောင်တို့၏ မိခင်အမည်မှန်မှာ ဒေါ်အမာ ၅/ခဥန (နိုင်)၀၅၈၃၄၃ ဖြစ်ပါကြောင်း။ **ဒေါ်အမာ**

မိခင်အမည်မှန်

ခင်ဦးမြို့၊ သံဘိုကျေးရွာ အလက အဋ္ဌမတန်းမှ မဇွန်မြတ်နိုးနှင့် Grade 6မှ မလင်းလဲ့အောင်တို့၏ မိခင်အမည်မှန်မှာ ဒေါ်ခင်သက် ၅/ခဥန(နိုင်)၀၆၅၂၈၆ ဖြစ်ပါကြောင်း။

ဒေါ်ခင်သက်

ဖခင်အမည်မှန်

ခင်ဦးမြို့၊ ငါးတင်းကြီးကျေးရွာ အလက အဋ္ဌမတန်းမှ မောင်ချစ်ဖြိုးဇော်၏ဖခင်အမည်မှန်မှာ ဦးခင်မောင်ဦး ၅/ခဥန(နိုင်)၀၀၇၇၃၁ ဖြစ်ပါကြောင်း။

ဦးခင်မောင်ဦး

နိုင်ငံတကာသတင်းဂျာနယ်

အမှတ်စဉ် - ၁၂၂၆

ပင်လယ်ရေကြောင်းနယ်ပယ်မှာ မရှိမဖြစ်အရေးပါလာမယ့် အနာဂတ်ဖရီးဂိတ်စစ်သင်္ဘောများ

အမေရိကန်ပီတ်ဆိုမှုတစ်ခုက တရုတ်စူပါကွန်ပျူတာလုပ်ငန်းဗဟိုချက်ကို ထိခိုက်ခဲ့သလား

အာရှ-ပစိဖိတ်ဒေသတွင်းနိုင်ငံများရဲ့ ရေငုပ်သင်္ဘောအစီအစဉ်များ

တောမီးများ ဆိုးဆိုးရွားရွားလောင်ကျွမ်းနေသော အမေဇုန် မိုးသစ်တောကြီး

တောင်ကိုရီးယားက အငြင်းပွားကျွန်းစုဒ္ဒ စစ်ရေးလေ့ကျင့်မှုပြုလုပ်

အီရန်ဝယ်ယူလိုသော ရုရှား၊ တရုတ် တိုက်လေယာဉ်များ

တနင်္လာနေ့တိုင်းထွက်ပြီ

နယ်တပတ်ပရိသတ်များ၊ ကိုယ်စားလှယ်ကြီးများမှတစ်ဆင့် ရောင်းဈေး ကျပ် ၃၀၀/-

ကြော်ငြာနှင့် ဖြန့်ချိရေး - အမှတ် (၇၇)၊ ၅၂ လမ်း၊ ကြေးမုံသတင်းစာတိုက်၊ ပုဇွန်တောင်မြို့နယ်။ ဖုန်း - ၀၁-၃၉၇၃၃၀၊ ၀၁-၂၉၂၈၃၀

Gmail - internationaljournalmm@gmail.com

ABC

အရည်အသွေးမြင့် သက်သက်လွတ် ပဲငံပြာရည် အချို၊အငန်

ဝါတွင်းသက်သတ်လွတ် ဟင်းလျာများအတွက်!

- ABC ပဲငံပြာရည်ကို ပဲဝိစစ် ကနေထုတ်လုပ်ထားတဲ့အတွက် Protein ဓာတ်မြင့်မားစွာပါဝင်ပါသည်၊

- သဘာဝအနှံသီးမှ ချက်လုပ်ထားသောအကြားကို အသုံးပြုထားသည့်အတွက် အရသာထူးခြားကောင်းမွန်ပြီး အရောင်လှပါသည်။

အောင်သရဖူ

အိမ်ပြောင်း၊ အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း

လူကြီးမင်းတို့၏ အိမ်ပစ္စည်းများ ပြောင်းရွှေ့ခြင်းအတွက် အလုပ်သမား နှင့် ကားစီစဉ်ပေးသည်၊

အမှတ်-၁၈၃၊ မြေယာမုံအိမ်ရာ၊ လေးထောင့်ကန်လမ်း၊

09254009334, 09254009335, 09254009336

ဒဂုံမြို့သစ်

အရှေ့ပိုင်း၊ မြောက်ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်း မြေကွက်များအထူး ဈေးကောင်းပေးဝယ်သည်။

09-5089354

09-5180139

အကောင်းကြိုက်သူများအတွက်

သန့်

စပါယ်ရှယ်ပေါ်ဆန်းမွှေး၊ပဲဆီမွှေး

ရွှေဘိုပေါ်ဆန်းမွှေး၊ ပုသိမ်ပေါ်ဆန်းမွှေး၊ ဈာပုံပေါ်ဆန်းမွှေး၊ ရှမ်းဆန်၊ ဘာစမတီ၊ ရောမင်း၊ မဂျမ်းဒေါ်၊ မွှေးတလုံးပေါ်ကြူ၊ ဇီယာရှယ် ဆန်မျိုးစုံ ရွေးချယ်သန့်စင်ပြီး(ခပ်ချက်)ဆန်များကို အိမ်အရောက်ပို့ပေးပါသည်။

ယနေ့မှာကြားလျှင် ယနေ့အရောက်ပို့ ဝန်ဆောင်မှုဖြစ်ပါသည်။

(ဝိတ်ရက်မရှိပါ။) ဆန်သားနှင့်ထမင်းအား နှစ်သက်မှုမရှိပါက တစ်ပတ်အတွင်း ပြန်လည်လဲလှယ်ပေးပါမည်။

ဘုရင့်နောင်ပွဲရုံမျက်နှာစာတန်း၊ ဘုရင့်နောင်လမ်းမကြီး။

ဖုန်း-09-73249922, 09-443249933, 01-3681209, 01-3681504

ညောင်ဦးမြို့ မြေကွက်ရောင်းမည်

မြို့တွင်း မိန်းလမ်းမပေါ်မေးတင် ပေ(၃၇×၆၀)

တည်းခိုခန်း၊ စားသောက်ဆိုင်ဖွင့်ရန် နေရာကောင်း

ဆက်သွယ်ရန် ဖုန်း-၀၉-၉၅၁၁၈၈၈၁၁

ဖခင်အမည်မှန်

တန့်ဆည်မြို့၊ အထက(၂)၊ တက္ကသိုလ်ဝင်တန်းမှ မောင်ဝေထက်အောင်၏ ဖခင်အမည်မှန်မှာ ဦးမိုးလွင် ၅/တဆန (နိုင်)၀၈၄၅၂၄ ဖြစ်ပါသည်။

အမည်မှန်

အရာတော်မြို့နယ်၊ ဝါးတန်းအုပ်စု၊ ကံစွယ်ကျေးရွာနေ ဦးဆွေမြင့်၏ဇနီး အမည်မှန်မှာ ဒေါ်ခိုင်ခိုင်မာ ၅/အရတ (နိုင်)၀၈၉၉၅၃ ဖြစ်ပါကြောင်း။

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6D/6655 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8G/3094 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)

ဖခင်အမည်မှန်

တန့်ဆည်မြို့၊ မြတ်ထူးချွန် ကိုယ်ပိုင်အထက်တန်းဆင့်သင်ကျောင်း တက္ကသိုလ်ဝင်တန်းမှ မောင်အောင်ခိုင်မင်း၏ဖခင်အမည်မှန်မှာ ဦးကျော်ဝင်း ၅/တဆန (နိုင်)၁၄၅၉၅၅ ဖြစ်ပါသည်။

ဖခင်အမည်မှန်

ရေဦးမြို့ အထက(၁) တက္ကသိုလ်ဝင်တန်း(D)မှ မသဲဖြူဇင်နှင့် နှောကုန်းကျေးရွာ အထက(ခွဲ) သတ္တမတန်းမှ မရွှေဇင်ဝင်းတို့၏ ဖခင်အမည်မှန်မှာ ဦးအောင်စိုးဝင်း ၅/ရဥန(နိုင်)၀၅၅၁၉၂ ဖြစ်ပါကြောင်း။

မွေးသက္ကရာဇ်အမှန်

မော်လိုက်မြို့နယ်၊ ဖာတင်းအုပ်စု၊ ထန်းတောကျေးရွာနေ ဦးအောင်တင်၏ သမီး မအေးမြတ်နွယ်၏ မွေးသက္ကရာဇ် အမှန်မှာ ၂၅-၉-၁၉၉၄ ဖြစ်ပါကြောင်း။

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6U/3565 KIWISIKY T/W ယာဉ်လက်ဝယ်ရှိသူ ဦးလှမင်း ၅/ဆလက (နိုင်)၀၆၁၉၃၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန (မုံရွာ)

ဖျံ-၅-ကောင် အမှတ်တံဆိပ်

ကြော်ငြာခွင့်ပြုချက်အမှတ် တဆဝက(တနယ်ဇင်း) ၂၁၄/၀၆၁၈

GENEVA GOLD STAR FOR QUALITY

ဆီးချို-သွေးချိုကျဆေးနှင့် သွေးတိုးကျဆေးကို

ရန်ကုန်မြို့ မန္တလေးနှင့် တောင်ကြီးမြို့ရှိ မြန်မာဆေးအရောင်းဆိုင်ကြီးများမှ တဆင့် တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပါပြီ။

ပင်ရင်း - ဒေါက်တာစိုးမြင့်အောင်(ဝါးခယ်မ)

Ph.D (Alternative Medicines)

LONDON QUALITY CROWN QC 100

ဖျံ-၅-ကောင် တိုင်းရင်းဆေးခန်း။ အမှတ်-၁၃၉(မြေညီထပ်)၊ ၄၂ လမ်း။ ပိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- 01- 838 0175 / 392 594

အမည်မှန်

သဲကုန်းမြို့နယ်၊ ပုတီးကုန်း အထက တက္ကသိုလ်ဝင်တန်းမှ မရွှေရည်ထွန်း (ဘ) ဦးမျိုးမင်းထွန်း ၇/သကန(နိုင်)၀၉၁၇၀၀၏ အမည်မှန်မှာ မရွှေရည်ဖြိုး ဖြစ်ပါသည်။

အမည်မှန်

ပင်းတယမြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်းမှ မောင်မင်းထွဋ်၏ အမည်မှန်မှာ မောင်နေမင်းထွဋ်ဖြစ်ပါကြောင်းနှင့် မိဘအမည်မှန်မှာ ဦးအောင်မောင်-ဒေါ်တင်ရီ ဖြစ်ပါကြောင်း။

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၃ယ/၁၅၄၁၅ Zongshen 110,M/C ယာဉ်လက်ဝယ်ရှိသူ ဦးစန်းလင်း ၈/မမန(နိုင်)၀၀၉၄၂၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ပခုက္ကူ)**

ဖခင်အမည်မှန်

ပင်းတယမြို့၊ တက်နေထွန်းဘော်ဒါဆောင်၊ တက္ကသိုလ်ဝင်တန်းမှ မောင်ချစ်မင်းခိုင်၏ ဖခင်အမည်မှန်မှာ ဦးတင်မြင့် ၁၃/ရစန(နိုင်)၀၄၉၉၀၅ ဖြစ်ပါကြောင်း။

ဦးတင်မြင့်

သွေးသည် အသက်

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့နယ်၊ သာစည်ကျေးရွာ၊ အကွက်အမှတ်နှင့်အမည်(၃၆၁၊ သာစီရွာမ)၊ ဦးပိုင်အမှတ် ၁၀၅/၂၊ ၁၀၆၊ ၁၀၇/၂၊ ၁၀၈၊ ၁၀၉၊ ၁၁၀၊ ၁၁၁၊ ၁၁၃၊ ၁၁၄၊ ဧရိယာ ၅ဒသမ၃၃ဧကရှိမြေအား ဦးဇော်တိကမှ အောင်ချမ်းသာတိုက်သစ်ကျောင်းတိုက်အမည်ဖြင့် အခွန်လွတ်သာသနာ့မြေ လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့်အခွန်စည်းမျဉ်းဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ အခွန်လွတ်သာသနာ့မြေ ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ကော်လီတွေ့ာ်အရာရှိ
မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ အလုံရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် ၃၂၇၊ အလုံတောင်၊ ဦးပိုင်အမှတ် (မုံရွာ-ယာကြီးကားလမ်း-၈)၊ ဧရိယာ ၀ဒသမ၀၅၅ဧကရှိမြေအား ဦးသန်းရွှေ အမည်ဖြင့် မြေငှားစာချုပ်(အမည်ပြောင်း)လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်းဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(အမည်ပြောင်း)ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ကော်လီတွေ့ာ်အရာရှိ
မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ သံလွင်လမ်း၊ အမှတ် (၁၃၇)တွင်တည်ရှိသော TRINITY-JAS COMPANY LIMITED ၏လွှဲအပ်ညွှန်ကြားချက်အရ ဒါရိုက်တာ ဦးသီဟခိုင်မှ အောက်ပါအတိုင်း အသိပေး ကြေညာအပ်ပါသည်။

ON MY GAME

အထက်ဖော်ပြပါ မိမိတို့ကုမ္ပဏီ၏ မူပိုင်တံဆိပ်အမည်နှင့် စာတန်းအမှတ်အသားကို အသုံးပြု၍ အားကစားအဝတ်အစားများကို ဖြန့်ဖြူးရောင်းချနိုင်ရန်အတွက် စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့် နေ့ရက်မှ (၁၅)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းများဖြင့် လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းများ မရှိပါက ယင်းကိစ္စရပ်ကို ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်မည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသီဟခိုင်
၁၂/ကမရ(နိုင်)၀၅၂၈၃၂
အမှတ်(၁၃၇)၊ သန်လွင်လမ်း၊ ကမာရွတ်မြို့နယ်။
095027875

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ချောက်မြို့နယ်၊ ဝွေးပင်အုပ်စု၊ သနီးပင်(မြောက်)ကျေးရွာနေ ဒေါ်မြသီ ၈/ခမန(နိုင်)၀၉၀၁၈၂၏သား မောင်ကျော်ရန် ၈/ခမန(နိုင်)၂၂၄၆၄၃သည် မိခင်၏ ဆိုဆုံးမမှုကို မနာခံပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်၍ ပြဿနာတစ်စုံတစ်ရာမှ ဖြေရှင်းပေးမည်မဟုတ်ပါကြောင်း။

ဒေါ်မြသီ ၈/ခမန(နိုင်)၀၉၀၁၈၂

ဇနီးအဖြစ်မှမသက်ဆိုင်တော့ကြောင်း

ကျွန်တော် ဦးခင်မောင်ရွှေ (KMYT-057237)နှင့် ဒေါ်ချောစုထွေး ၁၂/တမန(နိုင်)၁၂၅၉၅၅ တို့သည် ၁၅-၅-၂၀၁၂ရက်မှအစပြု၍ အကြင်လင်မယားအဖြစ်ပေါင်းသင်းခဲ့သည်မှာ သမီးတစ်ယောက်၊ သားတစ်ယောက် ထွန်းကားခဲ့ပါသည်။ သို့ပါသော်လည်း ၂၅-၈-၂၀၁၉ ရက်တွင် ကျွန်တော်၏ ဇနီးဖြစ်သူ ဒေါ်ချောစုထွေးသည် ကျွန်တော်မသိရပါဘဲနှင့် ၎င်း၏သဘောဆန္ဒအလျောက် တန်ဖိုးကြီးပစ္စည်းများနှင့် အရေးကြီးစာရွက်စာတမ်းများ ယူဆောင်ရုံမက သမီးနှင့်သားကိုပါခေါ်ဆောင်ကာ နေအိမ်မှဆင်းသွားခဲ့ပါသည်။ သို့ပါ၍ ဒေါ်ချောစုထွေးနှင့်ပတ်သက်သမျှမည်သည့်ကိစ္စကိုမဆို ကျွန်တော်မှ တာဝန်ယူဖြေရှင်းခြင်းမပြုလုပ်တော့ကြောင်းနှင့် မည်သည့်အကြောင်းနှင့်မျှ မပတ်သက်တော့ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးခင်မောင်ရွှေ
KMYT-057237

အမှတ်-၁၆၊ အောင်သုခလမ်း၊ ဗိုလ်ရေအိုးစင်ကွက်သစ်ရပ်ကွက်၊ တာမွေမြို့နယ်

ရောင်းချရန်ကြော်ငြာစာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်
၂၀၁၇ ခုနှစ် ဇာရီမှုအမှတ်-၅

ကမ္ဘာ့ရတနာဘဏ်လီမိတက် (၂၆လမ်းဘဏ်ခွဲ) (၎င်း၏ကိုယ်စားဦးအေးမင်း၊ ချေးငွေဌာနခွဲ-တာဝန်ခံ) — နှင့် — ၁။ ဦးရန်မျိုးအောင် ၂။ ဦးစောမြမင်း

ဒီကရီအနိုင်ရသူ — **တရားရှုံးများ**

မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်၊ တရားမကြီးမှုအမှတ်-၃၁/၂၀၁၆၊ အပေါင်ဒီကရီ ရလိုမှုတွင် အနိုင်ဒီကရီကိုအတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင်ဖော်ပြထားသောပစ္စည်းကို ၂၀၁၉ခုနှစ် အောက်တိုဘာ ၇ရက် (၁၃၈၁ခုနှစ် သီတင်းကျွတ်လဆန်း ၉ရက် တနင်္လာနေ့) နံနက် ၁၀နာရီတွင် ၎င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ လေလံဆွဲဝယ်ယူလိုသူ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့်ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

ရောင်းချမည့်ပစ္စည်းစာရင်း

(က) မြင်းခြံမြို့၊ အမှတ်(၁၉)ရပ်ကွက်၊ အကွက်အမှတ် ၅၄၊ ရွာစည်ရပ်၊ ဦးပိုင်အမှတ်(၂၁-က)၊ ဧရိယာ ဝဒသမ၆၃၂ကေရိဂရန်မြေကွက်နှင့် ယင်းမြေပေါ်ရှိ တည်းခိုခန်းနှင့်စားသောက်ဆိုင် အဆောက်အအုံ(၂)လုံး။

လေလံကြမ်းခင်းဈေး ကျပ်သိန်း ၆၀၀၀(ကျပ်သိန်းခြောက်ထောင်)

(ခ) မြင်းခြံမြို့၊ အမှတ်(၁၉)ရပ်ကွက်၊ အကွက်အမှတ်(၅၄)၊ ရွာစည်ရပ်၊ ဦးပိုင်အမှတ်(၂၁-ခ)၊ ဧရိယာ ဝဒသမ၅၀၈ ဧကေရိဂရန်မြေကွက်နှင့်ယင်းမြေပေါ်ရှိအာရ်စီ(၁)ထပ်၊ ဘန်ဂလို(၄) လုံးနှင့်အာရ်စီ(၁)ထပ်အောက်အအုံကြီး(၁)လုံး။

လေလံကြမ်းခင်းဈေးကျပ်သိန်း ၃၂၀၀(ကျပ်သိန်းသုံးထောင့်နှစ်ရာ)

လေလံတင်ရောင်းချမည့်စည်းကမ်းများ

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကွင်းကျန်ခြင်း၊ တစ်ခုခုပေါ်ပေါက် ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။ တရားရှုံး၏အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည့်အကြောင်း လေလံဆွဲဝယ်မည့်သူတို့အား အထူးသတိပြုရန် နှိုးဆော်လိုက်သည်။

၂။ လေလံတင်ရောင်းချသည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံး ဝယ်သူအား လေလံဆွဲဝယ်သူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သောပစ္စည်းအတွက် လေလံဆွဲ ဝယ်ယူသူက ငွေကျပ် ၁၀၀လျှင် ၂၅ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့် တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်လည်လေလံတင်ရောင်းချလိမ့်မည်။

၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသည့်အရာရှိက သတ်မှတ်ထားသည့်စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။

၆။ လေလံဆွဲဝယ်ယူရရှိသူသည် ၂၅ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်ရက်ကိုပယ်၍ ၁၅ ရက်မြောက်နေ့ ရုံးဆင်းချိန်မတိုင်မီ ပေးဆောင်ရမည်။ ၁၅ ရက်မြောက်သည့်နေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်ရက်တွင် အပြေအကျေပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကို အထက်ပါများရက်တွင် ပေးဆောင်ရန်ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန် လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ်သိမ်းဆည်းခြင်းခံရမည်။

၂၀၁၉ခုနှစ် ဩဂုတ် ၂၂ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာထုတ်ပေးလိုက်သည်။

အမိန့်အရ-

(မိမိသန်း)
ဒုတိယညွှန်ကြားရေးမှူး
မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်

ဖခင်အမည်မှန်

သဲကုန်းမြို့နယ်၊ အထက ပုတီးကုန်း နဝမတန်းမှ မခိုင်ဇင်မိုး၏ ဖခင်အမည်မှန်မှာ ဦးတင်အောင်မိုး ၇/သကန(နိုင်)၀၁၆၂၀၄ ဖြစ်ပါသည်။ **ဦးတင်အောင်မိုး**

ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အထက(၉)၊ တက္ကသိုလ်ဝင်တန်း(A_1)မှ မောင်ကျောဇက်၏ ဖခင်အမည်မှန် မှာ ဦးနော်အောင် ၁/မကန(နိုင်)၀၉၈၄၅၅ ဖြစ်ပါသည်။

အမည်မှန်

မြစ်ကြီးနားမြို့၊ အထက(၄)၊ တက္ကသိုလ်ဝင်တန်း (A_1)မှ (ဘ) ဦးနေလင်းဦး၏သမီး မပန်းအိအိဖြိုး၏ အမည်မှန်မှာ မပန်းအိဖြိုး ၁/မကန(နိုင်)၂၅၈၆၈၆ ဖြစ်ပါသည်။

အမည်မှန်

မြစ်ကြီးနားမြို့၊ လေ့ကျင့်ရေး အလယ်တန်းကျောင်း သတ္တမတန်း (B)မှ မောင်အင်ဂျဲန် ခွန်းအောင်မြင့်၏ အမည်မှန်မှာ မောင်အင်ဂျဲန်ခွန်းအောင် ဖြစ်ပါသည်။

အမည်မှန်

လှိုင်ကော်မြို့၊ မထောခူကျေးရွာ အုပ်စု၊ သတ္တပလူကျေးရွာနေ ဦးဦးရယ်၏အမည်မှန်မှာ ဦးဝီရယ် ၂/လကန(နိုင်)၀၃၀၆၀၄ ဖြစ်ပါကြောင်း။ **ဦးဝီရယ်**

မိဘအမည်မှန်

လွိုင်ကော်မြို့၊ အောင်ချွန်ကိုယ်ပိုင် အထက်တန်းကျောင်း၊ တက္ကသိုလ်ဝင်တန်း (B)မှ မကလဲရင်း၏ မိဘအမည်မှန်မှာ ဦးဟဲနရီ ၂/ဒမဆ(နိုင်)၀၂၃၀၂၄၊ ဒေါ်အဲလစ်စဘက် ၂/ဒမဆ(နိုင်) ၀၄၀၄၀၇ ဖြစ်ပါကြောင်း။
ဦးဟဲနရီ-ဒေါ်အဲလစ်စဘက်

အမည်မှန်

လွိုင်ကော်မြို့၊ အောင်ချွန်ကိုယ်ပိုင် အထက်တန်းကျောင်း (ဘ)ဦးအောင်သန်းမြင့်၏သား မောင်စိန်မင်းအောင်၏ အမည်မှန်မှာ မောင်ဇင်မင်းအောင် ၂/လကန(နိုင်)၁၁၄၄၀၄ဖြစ်ပြီး မိခင်အမည်မှန်မှာ ဒေါ်ဂျူစတီးနာ ၁၃/ဖခန(နိုင်) ၀၄၉၁၇၈ ဖြစ်ပါကြောင်း။

ရောင်းချရန်ကြော်ငြာစာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး တရားရုံးတော်
၂၀၁၈ ခုနှစ် ဇာရီမှုအမှတ်-၁၄၅

ဦးဆွေဦး — နှင့် — ဦးသန်းမြင့်

ဒီကရီအနိုင်ရသူ — **တရားရှုံး**

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး တရားရုံးတော်၊ တရားမကြီးမှုအမှတ် ၂/၂၀၁၇အမှုတွင် အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင်ဖော်ပြထားသောပစ္စည်းကို ၂၀၁၉ ခုနှစ် အောက်တိုဘာ ၂၃ရက်၊ နံနက် ၁၀နာရီတွင် ၎င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့်ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

ပစ္စည်းစာရင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၅၀)ရပ်ကွက်၊ ကုမုဒ္ဒြာလမ်း၊ အမှတ် ၁၉၂ဟုခေါ်တွင်သော နှစ် ၆၀ ဂရန်မြေကွက်နှင့် မြေကွက်ပေါ်ရှိ တစ်ထပ်၊ ပျဉ်ခင်း၊ အုတ်/သစ်ကာ၊ သွပ်မိုး၊ လူနေအိမ်ဟောင်း။

ကြမ်းခင်းဈေးကျပ်သိန်း ၄၀၀

လေလံရောင်းချမည့်စည်းကမ်းချက်များ

၁။ ပစ္စည်းစာရင်းတွင်ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။ တရားရှုံး၏အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည့်အကြောင်း လေလံဆွဲဝယ်မည့်သူတို့အား အထူးသတိပြုရန်နှိုးဆော်လိုက်သည်။

၂။ လေလံတင်ရောင်းချသည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံးဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သောပစ္စည်းအတွက် လေလံဆွဲဝယ်ယူသူက ငွေကျပ် ၁၀၀လျှင် ၂၅ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့် တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ ပေးသွင်းခြင်းမပြုလျှင် တစ်ဖန် ပြန်လည်လေလံတင်ရောင်းချလိမ့်မည်။

၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသည့်အရာရှိက သတ်မှတ်ထားသည့်စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။

၆။ လေလံဆွဲဝယ်ယူရရှိသူသည် ၂၅ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်ရက်ကိုပယ်၍ ၁၅ရက်မြောက်နေ့ ရုံးဆင်းချိန်မတိုင်မီ ပေးဆောင်ရမည်။ ၁၅ ရက်မြောက်နေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့် ရက်တွင် အပြေအကျေပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များတွင် ပေးဆောင်ရန်ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန်လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့်လေလံငွေများကို ဘဏ္ဍာအဖြစ်သိမ်းဆည်းခြင်းခံရမည်။

၂၀၁၉ ခုနှစ် ဩဂုတ် ၂၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာထုတ်ပေးလိုက်သည်။

(ဝင်းခင်မိုးဆင့်)
ဒုတိယခရိုင်တရားသူကြီး (၃)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

တစ်ဦးတည်းဖြစ်ပါကြောင်း

မုံရွာစီးပွားရေးတက္ကသိုလ်၊ ဒုတိယနှစ်မှ မအေးချမ်းမြင့်နှင့် တောင်ကြီးမြို့၊ အထက(၆)၊ အဋ္ဌမတန်းမှ မောင်ထူးသီဟတို့၏ဖခင် စိုက်ပျိုးရေးဦးစီးဌာန၊ လင်းခေးခရိုင်ဦးစီးမှူး (လက်ထောက်ညွှန်ကြားရေးမှူး) ဦးစမြင့်သိန်းနှင့် ဦးမြင့်သိန်း ၁၄/ပသန(နိုင်)၀၃၂၁၃၃မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6E/7830 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း) သန်လျင်မြို့**

ငြင်းချက်ထုတ်ရန်ဆင့်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
မန္တလေးခရိုင်တရားရုံးတော်
၂၀၁၈ခုနှစ် တရားမကြီးမှုအမှတ်-၇၆၆

ဦးမြင့်စိန် — နှင့် — ၁။ဦးမင်းခိုင် ၂။ဒေါ်စုခိုင်ဌေး

တရားလို — **တရားပြိုင်များ**

၁။ဦးမင်းခိုင်၊ အမှတ်(၁၃၈)၊ ၇၅လမ်း၊ ၃၂×၃၃လမ်းကြား၊ မောရဂီဝါရပ်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့၊ အမှတ်(၁၇၆)၊ ၆၂လမ်း၊ ၂၁×၂၂လမ်းကြား၊ ရွှေတစ်ခေတ်ပိုးထည်ဆိုင်၊ အနိုပ်တော်ရပ်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့ (ယခုနေရပ်လိပ်စာမသိ)နေသူ သိစေရမည်။

သင့်အပေါ်၌ တရားလိုက ငွေကျပ်သိန်း(၄၀၀)နှင့်နစ်နာကြေးငွေကျပ်သိန်း(၁၅၀)ရလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူကိုယ်စားလှယ်နှင့်ဖြစ်စေ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၁၉ခုနှစ် စက်တင်ဘာ ၁၀ရက်(၁၃၈၁ခုနှစ် တော်သလင်းလဆန်း ၁၂ရက်)မွန်းမတည့်မီ ၉း၃၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၉ခုနှစ် ဩဂုတ် ၃၀ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဒေါ်မာလာ)
တွဲဖက်ခရိုင်တရားသူကြီး(၁)
မန္တလေးခရိုင်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
သံဖြူဇရပ်မြို့နယ်တရားရုံး
၂၀၁၉ ခုနှစ် တရားမကြီးမှုအမှတ်-၁၉

ဒေါ်မစိန် — နှင့် — ဒေါ်အေးမွန်

တရားလို — **တရားပြိုင်**

သံဖြူဇရပ်မြို့နယ်၊ အနင်းကျေးရွာ အလယ်ပိုင်း၊ မြို့မ (၂၃၆)နေ တရားပြိုင် ဒေါ်အေးမွန် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်မစိန်က ချေးငွေကျပ် -၅၄၀၀၀၀၀/-ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၉ ခုနှစ် စက်တင်ဘာ ၁၀ရက် (၁၃၈၁ ခုနှစ် တော်သလင်းလဆန်း ၁၂ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့်အမှုနှင့် သက်ဆိုင်သည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၉ ခုနှစ် ဩဂုတ် ၂၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်နှင်းမြတ်)
မြို့နယ်တရားသူကြီး
သံဖြူဇရပ်မြို့နယ်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ပြည်မြို့နယ်တရားရုံးတော်၌
၂၀၁၉ ခုနှစ် တရားမကြီးမှုအမှတ်-၁၂၃

ဦးစိန်ဝင်းအောင် — နှင့် — ၁။ဦးမာဒင် ၂။ဒေါ်ထွေး

တရားလို — **တရားပြိုင်များ**

ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့၊ ရွှေတစ်ချောင်းလမ်း၊ ရွာဘဲရပ်ကွက်၊ Horizon အနီးနေသူ တရားပြိုင် ဦးမာဒင်နှင့်ဒေါ်ထွေး (ယခုနေရပ်လိပ်စာမသိသူ)များ သိစေရမည်။

